

အောင်နှင်းဆွေ
လေယာဟုန်စီးသိုင်းသမား
( ပထမတွဲ )

ပထမအကြိမ်
၁၉၉၂၊ ဇွန်လ

စာမူခွင့်ပြုအမှတ် (၅၂၁/၉၁)(၉)
မျက်နှာဖုံးခွင့်ပြုအမှတ် (၁၁၀/၉၂)(၂)

တန်ဖိုး — ကျပ်လေးဆယ်တိတိ
အုပ်ရေ — ၅၀၀ အုပ်
မျက်နှာဖုံးပန်းချီ — တင်ထွန်းကျော်
ကာလာခွဲ — ဦးသန်းအောင်

မျက်နှာဖုံးရိုက် — ဦးမောင်လှိုင်(မြဲ ၀၃၈၅၄)
လှိုင် အော့ဖ်ဆက်
၁၃၄၊ လမ်း ၄၀၊ ရန်ကုန်မြို့။

ပုံနှိပ်သူ — ဦးစိန်ဝင်း (မြဲ ၀၁၃၈၆)
ဝင်းမျိုးပုံနှိပ်တိုက်
အမှတ် ၉၆၊ ၉၅ လမ်း၊
ရန်ကုန်မြို့။

ထုတ်ဝေသူ — ဦးစိန်လေး(မြဲ ၀၈၇၈)
ဆုန်းထွန်းစာပေ
၆၇၉၊ သန္တာ ၁၄ လမ်း၊ ၁-ရပ်ကွက်
မြောက်ဥက္ကလာပ၊ ရန်ကုန်မြို့။

# အောင်နှင်းရွေ

'လေတုန်စီး သိုင်းသမား'

နှစ်အုပ်တွဲ သိုင်းစာစဉ်

(ပထမပိုင်း)

[သိုင်းဘာသာပြန် အသစ်စက်စက်]

ထူးဆန်းသော ဝိညာဉ်ကိုယ်ဖော ပညာရှင်ကြီး။

'လုံး' ကိုမွေးဖွားစဉ်က အလွန်ထူးဆန်းသော ပုဂ္ဂိုလ်တစ်ဦးသည် အိမ်သို့ရောက်ရှိလာပြီးလျှင် 'လုံး' ၏ ဖခင်ကြီး လျူစီ့ဖုန်းကို လုံးနှင့်ပတ်သက်ပြီး အောက်ပါအတိုင်း ပြောဆိုခဲ့လေသည်။

'ညီလေးလျူရဲ့သားဟာ အင်မတန် ထူးခြားတဲ့ သားတစ်ယောက်ပါ၊ သူဟာ တစ်နေ့မှာ ပြိုင်ဘက်ကင်း သိုင်းသမားတစ်ယောက် ဖြစ်လာလိမ့်မယ်၊ ဒါဖြေမယ့် သူ့ကို သိုင်းသမားတွေက သိုင်းသမားလို့ မမြင်ဘဲ စာပေသမားတစ်ယောက်လို့ထင်ပြီး ဘာသိဘာသာ နေကြလိမ့်မယ်၊ အဲ....ပြီးရင် သူ့အသက် (၁၀) နှစ်ပြည့်ရင် ကျုပ်ဆီရောက်လာပြီး ကျုပ်ပညာကို သင်ယူလိမ့်မယ်'

ဟု ပြောရာ လျှုစို့ ဖုန်းသည် ထိုထူးဆန်းသော ပုဂ္ဂိုလ်ကြီးကို ကြည့်ကာ ကအံ့တသြဖြစ်၍ သွားလေ၏။

အလွန်ထူးဆန်းသော ထိုပုဂ္ဂိုလ်ကြီးမှာ အဝါရောင်ဝတ်စုံကို ဝတ်ဆင်ထားပြီး လျှင် သူ့အရပ်လောက်ရှိသော တောင်ဝှေးတစ်ချောင်းကို ဆောင်ထားပေ၏။

ထိုပုဂ္ဂိုလ်၏ အသက်အရွယ်မှာ အလွန် ခန့်မှန်းရခက်သော သဘောရှိပြီးလျှင် မျက်ခုံးမွေးထူထူ နှာ တန် ပေါ် ပေါ် နှင့် အသားအရောင်မှာ ရွှေရောင်ကဲ့သို့ ဝင်းဝါစိုပြည်လျက် ရှိပေ၏။

'နေပါဦး၊ နောင်ကြီးက ဘယ်သူလဲ၊ ကျုပ်ဖြစ်ဖို့ ခင်ဗျားကို မသိပါလား၊ ကျုပ်ရဲ့မျိုးဆက်ကို ခင်ဗျား သိနေတာဟာ အလွန်ထူးဆန်းတဲ့ကိစ္စ တစ်ရပ်ပဲဗျ'

ဟူ၍ လျှုစို့ ဖုန်းက ပြောရာ ထိုလူထူးလူဆန်း ပုဂ္ဂိုလ်ကြီးက 'အဟက်' ဟူ၍ ရယ်မောလိုက်ပြီးလျှင်....။

'ကျုပ်က နတ်တောင်ဝှေးရှင် သိုင်းသမားကြီးတစ်ယောက်ပဲ၊ အားလုံးကို သိနေတဲ့သဘောက နတ်မျက်စိပိုင်ရှင် ဖြစ်နေလို့ပေါ့ဗျာ၊ ဟား....ဟား....ဟား'

ဟူ၍ ရယ်မောလိုက်ပေ၏။

နတ်တောင်ဝှေးရှင် သိုင်းသမားကြီး ရယ်မောလိုက်သောအခါ ရက်သားမျှသာရှိသေးသော 'လုံး' ဟူသောကလေးငယ်သည် မျက်စိမဖွင့်ဘဲ ပြုံးနေသည်ကို တွေ့မြင်လိုက်ရပေ၏။



'တွေ့လားလျှု မင်းကလေးက ငါ့ကိုပြုံးပြနေတယ်၊ သိပ်လျင်မြန်တာ ငါ့ကိုသိနေသလိုပဲ၊ ဒီအလေးရဲ့နာမည်ကို ညီရဲ့ ဖြစ်မှာ လိုပေးမယ်လို့ စဉ်းစားထားသလဲ'

ဟူ၍ မေးလိုက်ရာ လျှုစို့ ဖုန်းက နတ်တောင်ဝှေးရှင် သိုင်းသမားကြီးကို မျက်မှောင်တစ်ချက် ကြုတ်ကြည့်ပြီး....။

၅

'လုံး'

ဟူ၍ ပြောလိုက်ရာ လူထူးလူဆန်းကြီးသည် အလွန်အမင်း သဘောကျသွားဟန်ဖြင့် အားရကျယ်လောင်စွာ ရယ်မောလိုက်ပေ၏။

'ဟား....ဟား....ဟား'

ဤသို့ ရယ်မောလိုက်ပြီးနောက် ၎င်းကပင်....။

'ကောင်းတယ်....ကောင်းတယ်၊ သိပ်ကောင်းတဲ့ နာမည်ပဲ၊ လုံးဆိုတာ နဂါးလို့ အဓိပ္ပာယ်ရတယ်၊ လျှုလုံး....လျှုလုံး အဟား....ဟား....ဟား၊ နဂါးလေးလျှုလုံး၊ သိပ်ကိုငါကြိုက်သွားပြီ ညီလေးရာ၊ ကိုင်းကိုင်း ငါပြန်မယ်၊ အဲဒီတော့ဆယ်နှစ်ကြာမှ မင်းသားနဲ့ ငါပြန်ဆုံမယ်၊ အဲဒီတော့မှပဲ ငါ သူ့ကို ပညာတွေ အများကြီး သင်ပေးလိုက်မယ်၊ စာပေနဲ့အတီးအမှုတ် ဂီတပညာတွေလဲ ငါသင်ပေးလိုက်ပါ့မယ်၊ စိတ်ချ....စိတ်ချ၊ ငါ့ညီလျှုကတော့ တစ်နေ့မှာ ကံဆိုးမိုးမှောင်ကျပြီး မင်းသား အရွယ်မရောက်မီသေမယ့်လူဆိုတာ ခုကတည်းက ကုသိုလ်တွေ အများကြီးဝယ်ပြီး အေးအေးလူလူ နေသွားဦးပေါ့ကွာ'

ဟု ခေါ် ပြောဆိုကာ ရုတ်တရက် အိမ်ပေါ်မှ ဆင်းသွား ကိုကြည့်ကာ

လျှုစိုဖုန်းသည် မိမိအားမကောင်းသော နိမိတ်ကို ဖတ်ကြား ပြောဆိုသွားသဖြင့် မကျေမနပ်ဖြစ်ကာ သူ့နောက်သို့ လိုက်လေ၏။

လျှုစိုဖုန်း အိမ်အောက်သို့ရောက်သော် ထိုထူးဆန်းသော ပုဂ္ဂိုလ်ကြီးမှာ ထူးဆန်းစွာ ပျောက်ကွယ်သွားလေ၏။

'တောက်'

ဟူ၍ တက်ခေါက်ခတ်လိုက်ပြီး မြေလျှိုးမိုးပျံသွားသလို မြန်လိုက်တဲ့လူကြီး ဟူ၍ ပြစ်တင် ညည်းညူလိုက်မိလေ၏။

ထို့နောက် မကျေမနပ်နှင့် အိမ်ပေါ်သို့ပြန်တက်သွားလျှင် လျှုစိုဖုန်း၏ ဇနီးက....။

'အစ်ကို....အဲဒီလူကြီးက တယ်ပြီးထူးဆန်းပါလား၊ လူအစစ်မှ ဟုတ်ရဲ့လား' ဟူ၍ မေးလေ၏။

'လူတော့ လူပဲ၊ ဒါပေမယ့် ထူးဆန်းတဲ့လူလို့ ပြောလို့ရလိမ့်မယ်ထင်တယ်၊ ချက်ချင်းကို အိမ်ပေါ်ကဆင်းပြီး ပျောက်သွားတယ်ဆိုတော့ အဲဒီလူဟာ 'ဝိဇ္ဇာဉ်ကိုယ်ဖော့' သိုင်းသမားတစ်ယောက်များ ဖြစ်နေမလား မသိဘူး'

ဟူ၍ လျှုစိုဖုန်းက ပြောလေသည်။

'ဝိဇ္ဇာဉ်ကိုယ်ဖော့ပညာဆိုတာ တကယ်ကော ရှိရဲ့လား'

ဟူ၍ ဇနီးသည်က မေးသောအခါ လျှုက...။



'ရှိတော့ မရှိပါဘူး၊ ဒါပေမယ့် သိပ်တော်ပြီး သိပ်လျင်မြန်တဲ့ ကိုယ်ဖော့ပညာရှင်တွေကို တင်စားခေါ်တာမျိုး ဖြစ်မှာပေါ့'

ဟူ၍ ပြောလေ၏။

လျှုစိုဖုန်းတို့ စကားပြောနေကြစဉ်၌ ဝါးခနဲ ငိုသံတစ်ကို ကြားလိုက်ရပေသည်။

'လုံး' ၏ ရုတ်တရက်ငိုလိုက်သော အသံဖြစ်ပေသည်။

◆◆ ◆◆ ◆◆

## ကံကြမ္မာအလှည့်အပြောင်း

လုံး၏အသက် (၃) နှစ်ပြည့်မြောက်သောအချိန်၌ ကြေကွဲဝမ်းနည်းဖွယ် ကောင်းသော ပြဿနာတစ်ရပ်နှင့် ကြုံဆုံရလေ၏။

ဖြစ်ပုံမှာ ဤသို့ ဖြစ်ပေ၏။

တစ်ညသ၌ ဆိုးသွမ်းမိုက်မဲလှသော သိုင်းသမားတစ်စုသည် လျူစို့ဖုန်း၏ နေအိမ်သို့ ရောက်ရှိလာကြပြီးလျှင် ရက်စက်ယုတ်မာသော တိုက်ခိုက်မှုဖြင့် လျူစို့ဖုန်းကို တိုက် ခိုက် ကြ လေသည်။

လျူစို့ဖုန်းမှာ သိုင်းပညာ အခြေခံမကောင်းသော်လည်း သတ္တိကောင်းသူတစ်ယောက် ဖြစ်ပေ၏။

ဆိုးသွမ်းမိုက်ရိုင်းကြသော သိုင်းသမားတစ်စုတို့မှာ ဝတ်စုံနက်များကို ဝတ်ဆင်ကာ မျက်နှာဖုံးများကို စွပ်ဖုံးထားကြသေသည်။



လျူစို့ဖုန်းသည် အစွမ်းရှိသလောက် တိုက်ခိုက်ရင်း တစ်ကြိမ်မှာ ရန်သူတစ်ယောက်၏ ဓားချက်မိ၍ လဲကျသွားလေ၏။

လျူစို့ဖုန်းသည် ဓားချက်ထိပြီး လဲကျသွားသောအခါကျမှ လွန်ခဲ့သော သုံးနှစ်ခန့်က အိမ်သို့ရောက်လာခဲ့ဖူးသော လူထူးလူဆန်းကြီး၏ ရှေ့ပြေးနိမိတ်စကားကို ပြန်အမှတ်ရလေ၏။

ထိုသို့ အမှတ်ရပြီးနောက်မှာပင် လျူစို့ဖုန်းသည် ထိုဓားဒဏ်ရာဖြင့်ပင် သေဆုံးသွားလေ၏။

မျက်နှာဖုံးစွပ် လူဆိုးများသည် လျူစို့ဖုန်း သေဆုံးသွားသည်နှင့် လျူ၏မယားကို ဖမ်းခေါ်သွားလေ၏။

လျူ၏မယားသည် အတင်းရုန်းကန်သော်လည်း အားချင်းမမျှ၍ အလျှော့ပေးလိုက်ရပေ၏။ ထိုအချိန်တွင် လုံး ကြောက်အားလန့်အားဖြင့် ဝါးခနဲ ငိုချလိုက်ပေ၏။

မိခင်သည် သားကို ချစ်သောစိတ်ဖြင့် လုံး ပြေး မည်မျှ အော်ရာ လူမမယ်သားလေး လျူလုံးသည် ကြောက်အား လန့်အားဖြင့် ထွက်ပြေးလေ၏။

မျက်နှာဖုံးစွပ် လူဆိုးများသည် လုံးကို စိတ်မဝင်စားဘဲ လျူ၏မယားကိုသာ စိတ်ဝင်စားသဖြင့် အရခေါ်ကာ ထွက်ခွာသွားကြလေ၏။

လုံးသည် ကြောက်အားလန့်အားဖြင့် ဝေးဝေးသို့ မပြေးဘဲ မှောင်ရိပ်တစ်နေရာ၌ ခိုကာ သူတို့ကို ချောင်းကြည့် နေပေ သည်။

ထိုအချိန်တွင် ခေါင်းဆောင်ဟု ထင်ရသော မျက်နှာဖုံးစွပ်ထားသော လူတစ်ယောက်က လုံး၏ မိခင်ကို ဖက်ခေါ်သွားပြီး....။

'မင်းကို ငါချစ်လို့ မင်းလင်ကို သတ်လိုက်ရတာပါ။ ငါဟာ မင်းအချစ်ကို အမြဲတမ်းတာ၊ မျှော်လင့်နေတဲ့ အရိပ်တစ်ထောင် ဂိုဏ်းချုပ်ကြီးရဲ့ တပည့်ရင်း 'ဝမ်ယင်' လေ မင်းသိမှပါတယ်။ ဟဲ...ဟဲ...ဟဲ'

ဟူသော အသံကို လုံး ကောင်းစွာ ကျက်မှတ် မိခဲ့လေ၏။ လုံး ၏ မိခင်မှာ ရှန်းရင်း ကန်ရင်း ငိုရှိုက်ရင်း ပါသွားလေ၏။

ထိုညက လုံးသည် ကြေကွဲ ဝမ်းနည်းစွာဖြင့် ငိုကြွေးရင်း မြေကြီးပေါ်၌ပင် အိပ်ပျော်၍ သွားပေတော့သတည်း။

လှ
ဝမ်းနည်းဖွ
လေ၏။

◆◆ ◆◆ ◆◆

ခြစသံနှင့် နဂါး

◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆

လုံးသည် တစ်ညလုံး ငိုရှိုက်ရင်း အိပ်ပျော်သွားရာ မည်မျှကြာသွားသည်ပင် မသိ၊ အသံဗလံများကြား၍ ဖြတ်ခနဲ နိုးထလာသောအခါ လူတစ်ချို့သည် သူ့အား ဝိုင်း၍ ကြည့်နေကြပေ၏။

ထိုလူတို့မှာ မိမိမသိသော လူတချို့နှင့် မိမိသိသော လူတချို့ တို့ ပါကြလေသည်။

'ဟိုတ်...မင်း လုံး မဟုတ်လား'

ဟူ၍ လူတစ်ယောက်က မေးလေသည်။

ထိုလူကို လုံး ကောင်းစွာသိပေ၏။ သူ့အမည်မှာ အစားပုပ်ကြီး ယီကျင့် ဖြစ်ပေ၏။

လွှင် ၈၁ ၈၀
မှတ် ၁၅/၁၃၇၊ ... ...

'ဦးလေးကျင့်'

လုံးသည် ဦးလေးကျင့်ဟု ခေါ်ပြီး အင့်ခနဲ ရှိုက်၍ ငိုလိုက်လေ၏။

'ဟုတ်တယ် ငါ ယီကျင့်ပဲ၊ မင်း ဒီမှာ ဘာလာလုပ်နေတာလဲ'

'ကျွန်တော့် အဖေကို လူတွေ သတ်သွားပြီ၊ အမေ့ကိုလဲ သူတို့ ဖမ်းသွားကြပြီ'

ဟု၍ လုံးက ဖြေ၍ ငိုလေ၏။

'ဟင်....မင်းအဖေကို လူတွေ သတ်သွားပြီး မင်း အမေကို ဖမ်းသွားတယ်၊ ဟုတ်လား'

'ဟုတ်တယ်၊ ဦးလေးကျင့်'

လုံးက ထိုသို့ပြောလိုက်သောအခါ ယီကျင့်နှင့် သူ့ အဖော် သုံးလေးယောက်တို့သည် လုံးတို့အိမ်ဘက်ဆီသို့ ပြေးသွား ကြလေ၏။

လူတချို့လည်း လိုက်သွားကြလေသည်။

ခဏကြာသောအခါ ယီကျင့်သည် လျူစို့ဖုန်း၏ အလောင်းကိုမ၍ အပြင်သို့ ထုတ်ယူလာလေ၏။

လုံးသည် လျူစို့ဖုန်း၏အလောင်းကို မြင်ရပြန်သောအခါ စိတ်မထိန်းနိုင်ပဲ ငိုလေ၏။

'ဟိတ်ကောင်လေး၊ မင်း အဖေကို ဘယ်သူ သတ် သွားတာလဲ'



ဟု၍ ယီကျင့်က မေးရာ လုံးက....။

'မသိဘူး၊ လူသတ်သမား တွေက မျက်နှာဖုံး စွပ်ထား ကြတယ်'

ဟု၍ ဖြေလေ၏။

ယီကျင့်နှင့် အပေါင်းအစုတို့က အချင်းချင်း တိုင်ပင်ကြ ပြီးနောက် လျူစို့ဖုန်းကို မြေ၌ မြှုပ်နှံသင်္ဂြိုဟ်ရန် တစ်နေရာသို့ ခေါ်ဆောင်သွားကြသည်ကို မြင်ရလျှင် လုံးလည်း ၎င်းတို့နှင့်အတူ ငိုယို၍ လိုက်ပါသွားလေ၏။

၎င်းတို့ ခေါ်ဆောင်သွားသော နေရာမှာ သင်္ချိုင်းတစ်ခု ဖြစ်ပေသည်။

ယီကျင့်နှင့် အပေါင်းအစုတို့က လျူစို့ဖုန်းကို အခေါင်းထဲတွင် ထည့်၍ မြေ၌ မြှုပ်နှံလိုက်ကြလေ၏။

လုံးသည် ဖခင်ကြီး လျူစို့ဖုန်းကို ကန်တော့ပြီး အတန်ကြာ ရပ်တန့်နေပြီးနောက် သင်္ချိုင်းမှ ထွက်ခွာသွားရာ မည်သူတစ်ဦး တစ်ယောက်မျှ မသိမမြင်လိုက်ကြပေ။

လုံးသည် သင်္ချိုင်းမြေနှင့် အတော်ဝေးဝေးသို့ ထွက်ပြေး လာခဲ့ရာ သူ မည်မျှကြာအောင် ပြေးနေမှန်းပင် မသိပေ။ သူကို တစ်စုံတစ်ယောက်က ဝင်တိုက်လိုက်မှ သူသည် အပြေးရပ်ကာ ဝုန်းခနဲလဲ ပြိုကျသွားလေ၏။

'အား'

သူတိုက်မိသော အရာသည် လူတစ်ယောက် ဖြစ်သော်လည်း ထိုလူမှာ ယိမ်းယိုင်သွားခြင်း မရှိပေ။

မြေခွဲ စိုက်ထားသော ကျောက်တိုင်ပမာ တုတ်တုတ်မျှပင် လှုပ်မသွားဘဲ လုံးသာ လွင့်စဉ်သွားရာ တစ်လံခန့် အဝေးသို့ ရောက်လေ၏။

လုံးက ကြောက်အား လန့်အားဖြင့်....။

'အား'

ဟု အော်လိုက်ရာ၊ အတိုက်ခံရသူ ပုဂ္ဂိုလ်ကြီးက....။

'ချွေးပေါက်လေးက ဆင်ပြောင်ကြီးကိုဝင်တိုက်တော့ အဝေးကြီးကို လွင့်သွားမှာပေါ့ကွ'

ဟူ၍ပြောပြီး သဘောကျစွာဖြင့် ရယ်ပြန်လေ၏။

လုံးသည် လဲကျနေရာမှ ဝုန်းခနဲထလိုက်ပြီး....။

'ဘဘက ကျွန်တော့်ကိုတိုက်တာလား၊ ကျွန်တော်က ဝင်တိုက်တာလား'

ဟူ၍ လုံးက ပြန်မေးလေ၏။

ထိုလူကြီးမှာ အသက်လေးဆယ်အရွယ်မျှသာရှိပြီး ဝတ်စုံပြာကို ဝတ်ဆင်ထားလေ၏။ ထိုလူ၏နောက်ကျော၌ စလွယ်သိုင်းထားသောဓားတစ်ချောင်းကို တွေ့ရပေသည်။ ဓားရိုးမှာ ဓားအိမ်အတွင်းမှပြူ၍ထွက်ပေါ်နေလေ၏။

'မင်းကငါ့ကိုဝင်တိုက်တာပါကွ၊ နေဦးပါဦး၊ မင်းကို ငါက ဝင်တိုက်တယ်ဆိုရင် ငါ့ကို မင်းက ဘာ လုပ်မှာလဲ'

ဟူ၍ ထိုလူကြီးကမေးလိုက်ရာ လုံးက....။

'ဘဘသာ ကျွန်တော့်ကို ဝင်တိုက်တယ်ဆိုရင် ခုလောက်ရဝေးတဲ့နေရာထက်ပိုဝေးတဲ့နေရာကို ကျွန်တော်ရောက်သွားလိမ့်မယ်လို့ထင်လို့ပါ'



ဟူ၍ ပြောလိုက်လေ၏။

လူကြီးသည် လုံး၏စကားကိုလွန်စွာသဘောကျသွားကာ....။

'မင်းပြောတာမှန်တယ်၊ ငါကသာမင်းကိုဝင်တိုက်လိုက်ရင် မင်း သချိုင်းကိုရောက်သွားလိမ့်မယ်'

ဟူ၍ထိုလူကြီးက ပြောလေ၏။

လုံးသည် စိတ်မကောင်းစွာဖြင့် ထိုလူကြီးကိုကြည့်ကာ မျက်ရည်များ စီးကျလာလေ၏။

'ဟိတ်ကောင်လေး၊ မင်းက ဘာလို့ငိုနေတာလဲ၊ တိုက်မိတဲ့အတွက် နာလို့ငိုတာလား'

ဟူ၍ ထိုလူကြီးက မေးလေ၏။

'မဟုတ်ပါဘူးဘဘရယ်၊ ကျွန်တော် ခုလေးတင်ပဲ သချိုင်းက ပြေးလာတဲ့အတွက် ဝမ်းနည်းပြီးငိုမိတာပါ'

ဟူ၍ လုံးကပြန်ပြောလိုက်ရာ ထိုလူကြီးမှာ လွန်စွာအံ့သြ၍သွားပြီးလျှင်....။

'မင်းက ဘာကိစ္စ သချိုင်းက ပြေးလာတာလဲ'

ဟူ၍ မေးလေ၏။

'ကျွန်တော့်အဖေသေလို့ သချိုင်းမှာ သွားမြှုပ်တာပါ၊ ကျွန်တော့်မှာ အဖေလဲမရှိတော့ဘူး၊ အမေလဲ မရှိတော့ဘူး ဘဘရယ်'

ဟူ၍ပြောပြီး လုံးသည် တရှုံ့ရှုံ့ဖြင့် ငို၍နေလေတော့၏။

လူကြီးသည် လုံးကိုသနား၍သွားသော ပေါက်စီတစ်လုံးကို ကျွေးလေ၏။

လုံးသည် ပေါက်စီကို အငမ်းမရ စားလေ၏။ ထို့နောက် လူကြီးက ပေါက်စီတစ်လုံး ထပ်ပေးပြန်၏။ လုံးသည် ထပ်စားပြန်၏။

ဤသို့ဖြင့် လူကြီးပေးကျွေးသော ပေါက်စီသုံးလုံး ကုန်သောအခါ လူကြီးက....။

'မင်း တော်တော်ဆာနေတယ်လား'

ဟူ၍ မေးလေ၏။

'ဟုတ်ကဲ့ဘဘ၊ ကျွန်တော် ဒီမနက် ဘာမှမစားရသေးဘူး၊ အလကားရတဲ့ရေတောင် မသောက်ရသေးဘူး'

ဟူ၍ လုံးက ရိုးသားပွင့်လင်းစွာ ဖြေလေ၏။

'မင်းကြည့်ရတာ ဒီနေ့ ဓနုလည်စာတောင် စားမယ့်ပုံပဲ၊ ညစာဆိုတာ ဝေးပါသေးတယ်၊ နောက်တစ်နေ့စာက အဲဒီထက် ဝေးဦးမယ်၊ မင်း အခု ဘယ်သွားမလို့လဲ၊ ငါ့ကိုပြောစမ်း'

ဟူ၍ ထိုလူကမေးလိုက်ရာ လုံးက....။

'ကျွန်တော် ဘယ်သွားရမှန်းမသိဘူး'

ဟူ၍ဖြေလေ၏။

'အေး၊ ငါတွင်သားပဲ၊ နေပါဦး၊ မင်းနာမည် ဘယ်လိုခေါ်လဲ'

'လုံးလို့ခေါ်ပါတယ်'

'မျိုးဆက်က...'

'လူမျိုးပါ ဘဘ၊ ကျွန်တော် လူမျိုးလုံးပါ'



'ဟား....ဟား....ဟား....ဟား.... ကြိုက်ပြီ၊ကြိုက်ပြီ'

ထိုလူကြီးက သဘောကျစွာ ရယ်လေ၏။ လုံးက ထိုလူကြီးကို အံ့ဩစွာ ကြည့်နေလေ၏။

'လုံးဆိုတာ နဂါးလေးပဲကွ'

'ဟုတ်ကဲ့ ဘဘ'

'နဂါးဆိုတာ အင်မတန်သတ္တိကောင်းတဲ့သတ္တဝါပဲ၊ လုံးရော သတ္တိကောင်းလား'

ဟူ၍ ထိုလူကြီးကမေးလိုက်ရာ လုံးက....။

'မသိဘူး'

ဟူ၍ ဖြေလေ၏။

'မင်းက ဘယ်ခက်တဲ့ ကောင်လေးပဲ၊ သတ္တိရှိတယ်လို့ဖြေရတယ်ကွ'

ဟူ၍ ထိုလူကြီးက ပြောပြီး....။

'ငါ့နာမည်က ရှူး၊ ရှူးဆိုတာ ခြင်္သေ့ကွ၊ မျိုးဆက်က ကောင်း၊ ကောင်းရှူး၊ ကောင်းရှူး.... ဟား....ဟား....ဟား'

ဟု ရယ်၍....။

'ခြင်္သေ့လဲ သတ္တိကောင်းတာပဲကွ'

ဟူ၍ ပြောလေ၏။

လုံးသည် ကောင်းရှူးဆိုသော ပုဂ္ဂိုလ် ကြီးကို စိုက်ကြည့်နေလေ၏။

ကောင်းရှူးက... ။

'မင်းကို ငါအိမ်ခေါ်သွားမယ်'

ဟု ပြောလေ၏။

'ကျွန်တော့်ကို ဘာဘာ ဘာလုပ်ပေးမလဲ'

ဟု လုံးက မေးသောအခါ ကောင်းရှူးက....။

'မင်းက ဘာဖြစ်ချင်လို့လဲ'

ဟု ပြန်မေးလေ၏။

'ကျွန်တော်ဖြစ်ချင်တာတွေ အများကြီးပဲဘာဘာ'

'မင်းဖြစ်ချင်တာတွေအများကြီးထဲက တစ်ခုလောက် ထုတ်ပြစမ်း'

ဟု ကောင်းရှူးကမေး၏။

'သိုင်းတတ်ချင်တယ်'

ဟု လုံးကပြောလေ၏။

ကောင်းရှူးသည် မျက်မှောင်ကြုတ်၍ လုံးကို စိုက်၍ကြည့်လေ၏။

ပြီးမှ ။

'မင်းတတ်ချင်တဲ့ သိုင်းကို ငါသင်ပေးမယ်'

ဟု ကောင်းရှူးကဆို၏။

ပြီးနောက်....။

'သိုင်းပြီးတော့ ဘာတတ်ချင်သေးလဲ'

ဟု ကောင်းရှူးက မေးပြန်၏။

'စာလဲတတ်ချင်လဲ'

ဟု လျူလုံးက ပြော၏။

'စာလဲ ငါသင်ပေးမယ်ကွာ'

ဟု ပြောပြန်၏။

ပြီးနောက်....။



'နောက် မင်းဘာတတ်ချင်သေးလဲ'

ဟု လုံးကို မေးပြန်၏။

ထိုအခါ လျူလုံးမှာ အဖြေရှာမရတော့ဘဲ ကောင်းရှူးကို စိုက်၍ကြည့်နေလေ၏။

'ဟား....ဟား....ဟား....မင်း မပြောတတ်တော့ဘူး မဟုတ်လား၊ လောကကြီးမှာ သင်စရာတွေ သိစရာတွေ အများကြီး ရှိတယ်ကွ၊ မင်းကြီးလာတော့ သိလာလိမ့်မယ်၊ ကဲ....ကဲ....မင်း ငါ့နောက်လိုက်ခဲ့တော့'

ဟုဆို၍ ကောင်းရှူးက လုံး၏လက်ကိုဆွဲကိုင်ကာ တစ်နေရာသို့ ခေါ်သွားလေ၏။

◆◆ ◆◆ ◆◆

သေွးရွှေ့ပြောင်းပညာရပ်ဆိုသည်မှာ

အိမ်တစ်အိမ်သို့ရောက်လာကြလေ၏။ ထိုအိမ်ကြီးမှာ ကြီးကျယ်ခမ်းနားလှခြင်းမရှိသော်လည်း အသင့်အတင့်ကောင်းမွန်သော အိမ်တစ်ဆောင်ကား ဖြစ်လေ၏။

လုံးနှင့်ကောင်းရှူးတို့ ထိုအိမ်ရှေ့သို့ ရောက်ရှိ လာသောအခါ....။

'အား ဖလာပြီ'

ဟု အော်၍ပြေးထွက်လာသော အမျိုးသမီးငယ်တစ်ယောက်ကို တွေ့ရလေ၏။



ထိုကလေးမမှာ လုံးထက်ကြီးပေ၏။

'ဒါ ငါ့သမီးပဲ၊ သိုင်းတတ်တယ်၊ မင်းကို အခြေခံအထိ သင်ပေးလိမ့်မယ်'

ဟု ကောင်းရှူးက ပြောလေ၏။

ကလေးမလေးသည် လုံးကိုတွေ့သည်နှင့် ခြေအစုံ တန့်ခနဲ ရပ်ကာ လုံးကို ခြေဆုံး ခေါင်းဆုံး အကဲခတ်၍ စိုက်ကြည့်နေလေ၏။

ကောင်းရှူးက....။

'သမီးနာမည်က ကောင်းရိုထွားလို့ ခေါ်တယ်၊ အသက်ဆယ်နှစ်ပြည့်ပြီ၊ မင်းကောအသက်ဘယ်လောက်ရှိပြီလဲ'

ဟု လုံးကိုလှည့်၍မေးလေ၏။

'ကျွန်တော့် အသက် (၃)နှစ်ပြည့်ပြီ'

ဟု လုံးဖြေ၏။

'မင်း တော်တော်စကားတတ်တဲ့ကောင်ပဲ၊ ကြိုးစားရင်မင်း စာပေသမားကောင်းကောင်းဖြစ်နိုင်တယ်'

ဟု ကောင်းရှူးက လုံးကိုအကဲခတ်၍ ပြောလေ၏။

ထိုအခါလုံးက....။

'သိုင်းသမားကောင်းကော မဖြစ်နိုင်ဘူးလား'

ဟု ပြန်မေး၏။

'သိပ်ဖြစ်နိုင်တာပေါ့'

ဟု ကောင်းရှုးကပြော၏။

လုံးသည် ကောင်းရှုး၏ နောက်ဆုံး ဖြေသော စကားကို လွန်စွာသဘောကျ၍သွားလေ၏။

ထို့နောက် ကောင်းရှုးက သမီးလေး 'ထွား'နှင့် 'လုံး'ကို မိတ်ဆက်ပေးပြီးလျှင်. သုံးယောက်သား အိမ်ကြီး အတွင်းသို့ ဝင်လိုက်ကြလေ၏။

◆◆ ◆◆ ◆◆

ကောင်းရှုး၏ ညှော်ခန်းသည် ကြီးကျယ် ခမ်းနားလှခြင်း မရှိသော်လည်း အသင့်အတင့် ကောင်းမွန်သော ညှော်ခန်း တစ်ခန်းဖြစ်ပေ၏။

ညှော်ခန်း၌ ထိုင်ကြပြီးနောက် ကောင်းရှုးက....။

'မင်း ဘာစားချင်သေးလဲ'



ဟု လုံးကို မေး၏။

လုံးက....။

'ပေါက်စီသုံးလုံး ဗိုက်ထဲမှာ မကုန်သေးဘူး၊ ကုန်တော့မှ ထပ်စားမယ်'

ဟု ဖြေ၏။

ကောင်းထွားက လုံးကို ကြည့်ပြီး ပြုံးလေ၏။

ပြုံးရင်းမှ....။

'မောင်လေးက အားနာလို့လား'

ဟု မေး၏။

'မဆာလို့ပါ မမ'

ဟု လုံးက ပြန်ဖြေ၏။

'ဆာရင် ပြောနော် မောင်လေး'

'ဟုတ်ကဲ့ မမ'

'မောင်လေး ဒီမှာ နေမယ် မဟုတ်လား၊ မမတို့ အိမ်မှာ မောင်လေးမရှိဘူး၊ မေမေလဲမရှိတော့ဘူး၊ ဖေဖေက မောင်လေးကို ဘယ်က ခေါ်လာတာလဲ'

ဟု မေးလေ၏။

'လမ်းပေါ်က'

ဟု လုံးက တိုတိုတုတ်တုတ် ဖြေလေ၏။

'သမီးလဲ မင်းလိုပဲ စကားသိပ်တတ်တယ်' ဟု ကောင်းဆူး ကပြော၏။ ထို့နောက် ကောင်းရှူးက လုံးကို ဆက်မေးလေ၏။

'မင်းအဖေ ဘာလို့သေတာလဲ'

ဟု မေးရာ....။

လုံးက ဖြစ်ကြောင်းကုန်စင်ကို အကုန်ပြောပြလေ၏။

'ဟာ....တော်တော် မဘာရေးတဲ့ကောင်တွေပဲ'

ကောင်းရှူးဒေါသထွက်လေ၏။

'မင်းကို သိုင်းတတ်အောင် ငါကိုယ်တိုင် သင်ပေးမယ်၊ ဒီကောင်တွေ မတရားတာကို ငါလည်း မကြိုက်ဘူး'

ကောင်းထွားမှာ စိတ်မကောင်းဟန်ဖြင့် မျက်ရည်များ ဝဲနေလေ၏။

လျှုလုံးသည် အံကို ကြိတ်ထားရာ ပါးစပ် အတွင်း၌ တကျစ်ကျစ်မြည်၍နေလေ၏။

မည်မျှ ကြာအောင် အံကြိတ်နေမိသည်မသိ။ မျက်နှာပြင် တစ်ခုလုံး နီရဲ၍သွားလေရာမှ တဖြည်းဖြည်း ဖျော့တော့ အား နည်း၍သွားကာ နောက်ဆုံးမျက်နှာတစ်ခုလုံး ဖြူဖက် ဖြူရော် ဖြစ်၍ သွားလေ၏။

'ဟိတ်၊ ဟိတ်၊ ကလေး ကလေး၊ ဒေါသကြီးနဲ့ ဒေါသ မကြီးနဲ့'



ဟု ကောင်းရှူးက လုံး၏ကိုယ်ကို လှုပ်ခါ၍ သတိပေးမှ လုံး သတိပြန်ဝင်လာ၏။ ဒေါသခိုးပြင်းစိတ်များပြေကာ မျက်နှာပြန်ရဲလာသည်။

'မင်းဟာ အရွယ်နဲ့မလိုက်အောင် ဒေါသကြီးတဲ့ကောင်လေးပဲ အေးလေ မင်းက တကယ် ခံစားခဲ့ရတယ် ဆိုတော့ နာနာကျည်းကျည်း ဒေါသဖြစ်မိမှာပေါ့' ကိုင်း....ကိုင်း....လုံး မင်း အနားယူတော့၊ မမနဲ့သွားဆော့ကြ'

ကောင်းရှူးက လုံး စိတ်ပြောင်း သွားအောင် ပရိယာယ် ဆင်၍ အာရုံ ပြောင်းပေးလိုက်လေ၏။

'မောင်လေး လာ'

ကောင်းထွားက လုံး၏လက်ကိုဆွဲကာ ထစ်နေရာသို့ ခေါ် ဆောင်၍ သွားလေ၏။

❖ ❖ ❖

'မောင်လေးနာမည်က လုံးဆိုတော့ နဂါးမြွေလူးသိုင်းကွက် သုံးကွက်ကို မမ သင်ပေးမယ်'

ဟု ထွားက ပြောရာ လုံးသည် နဂါးမြွေလူးသိုင်းသုံးကွက်ကို သင်ရတော့မည်ဆိုသဖြင့် အလွန် ဝမ်းမြောက် ဝမ်းသာ ဖြစ်၍ သွားလေ၏။

'မမ တတ်သလောက် အကုန်သင်ပေးရမယ်နော်'
'သင်ပေးမှာပေါ့ မောင်လေးရဲ့'
ကောင်းထွားသည် အလွန် စေတနာကောင်းသူ ဖြစ်လေ၏။ နဂါးမြေလူးသိုင်းကွက် သုံးကွက်ကို လုံးအား သင်ပေးလိုက်ရာ ဉာဏ်ရည်ထက်မြက်ကောင်းမွန်သော လုံးသည် ချက်ခြင်းပင် တတ်မြောက်၍သွားလေ၏။

'မောင်လေးက သိပ်ဉာဏ်ကောင်းတာပဲ'

'ဆက်သင်ပေးဦးလေ မမ'

'မောင်လေး သိပ်ပင်ပန်းနေဦးမယ်'

'ရပါတယ်၊ ကျွန်တော် မမောသေးပါဘူး'

'ကောင်းထွားသည် လုံးကို ကြည့်၍သဘောကျစွာရယ်မောလိုက်လေ၏။

'မမ ဘာသို့ရယ်တာလဲ'

'မောင်လေးက ပညာလောဘ သိပ်ကြီးတာပဲ၊ မောင်လေးကို ဆက်သင်ပေးရင် တတ်ခဲ့ပြီးသားတွေ ပြန်မေ့သွားမှာပေါ့'

'မမေ့ပါဘူး၊ ကျွန်တော် ကောင်းကောင်း မှတ်မိပါတယ်၊ မယုံရင် မမဆက်သင်၊ နောက်သင်တာရော၊ အရင်သင်တာရော ပြန်ပြမယ်လေ။



'လုံး'
'မမ'
'လုံး ဘာဖြစ်လို့ လောဘကြီးနေတာလဲ'
'လူယုတ်မာ သိုင်းသမားတွေကို မောင်လေး လိုက်ရှင်းချင်လို့'

'ဟား....ဟား....ဟား'

'ကောင်းဟွားသည် လုံး၏စကားကြောင့် သဘောကျစွာ ရယ်မောလိုက်လေ၏။

'မောင်လေးက ခုမှ ဒီလောက်လေးပဲ ရှိသေးတာ လူယုတ်မာသိုင်းသမားလူကြီးတွေကို ယှဉ်လို့ ဖြစ်ပါ့မလား'

'ပညာတတ်ရင် ယှဉ်လို့ရတာပေါ့'

လုံးသည် လျှို့ဝှက်ဖုန်းကို သတ်ခဲ့သော လူကြီးတွေကို ပြန်သတိရပြီး ဒေါသဖြင့် အနားရှိ သစ်ပင်ကို တအားထိုးဇစ်လိုက်ရာ 'ဝုန်း' ဟု မြည်၍သွားပြီးလျှင် သစ်ပင်ကြီးမှာ လှုပ်ခါ၍ သွားသဖြင့် ကောင်းထွား လန့်သွားလေ၏။

'ဟယ်'

ကောင်းထွားသည် အိမ်ထဲသို့ ပြေးဝင်သွားပြီး ကောင်းရှူးကို ခေါ်လာခဲ့လေ၏။

'အဖေ....အဖေ ဟိုမှာကြည့်ပါဦး'

အထိတ်တလန့်ဖြင့် ကောင်းထွားက လက်ညှိုးထိုးပြရာ လျှို လုံးကို တွေ့ရပေ၏။

'ဟာ....ဒီကောင်လေး သေတော့မယ်'

ကောင်းရှူးပြေး၍ လုံး၏လက်ကို ဆွဲဆောင်းဆိုက်လေ၏။ လုံး၏မျက်နှာမှာ လူမမာတစ်ယောက်လို ဖြူဖတ်ဖြူရော် ဖြစ်၍ နေလေ၏။

သစ်ပင်မှ သစ်ခေါက်များသည် လုံး၏ ထိုးနှက်ချက်ကြောင့် ကွာကျကာ ထိုတစ်ဝိုက်၌ ပြောင်ချော၍နေလေ၏။

လုံး၏ လက်သီးကိုမှာ သွေးဆောင်ကဲ့သို့ နီတွတ်လျက်ရှိပေ၏။

'လုံး....လုံး၊ သတိထား'

ကောင်းရှူးက လုံး၏ကိုယ်ကိုလှုပ်၍ သတိပေးသည်၊ လက်ကိုလည်း ကြည့်၏။

'မင်းလက်တွေ သွေးလိုရဲနေပါလား၊ သွေးလဲမထွက်ဘူး၊ တစ်ကိုယ်လုံးကသွေးတွေ မင်းလက်နှစ်ဖက်ထဲ ရောက်သွားပြီ ဟာ....မင်း....မင်း'

ကောင်းရှူးသည် လုံးကိုကြည့်ပြီး အထိတ်တလန့်ဖြစ်သွားလေ၏။



လုံးမှာ 'သွေးရွှေ့ပြောင်း' အတတ်ပညာ တတ်ထားကြောင်း သိလိုက်ရသောအခါ ကောင်းဆူး တုန်လှုပ်အံ့ဩခြင်း ဖြစ်ရ၏။ အဘယ့်ကြောင့်ဆိုသော်....။

'သွေးရွှေ့ပြောင်း' သိုင်းပညာရပ်ဆိုသည်မှာ အလွန်မလွယ်သော ပညာရပ်တစ်ခု ဖြစ်သောကြောင့်တည်း။

သိုင်းပညာရှင် တော်တော်များများ ထို'သွေးရွှေ့ပြောင်း' ပညာကို မတတ်ကြပေ။ ကောင်းရှူးလည်း ထိုပညာ ပေ။

'လုံး' တတ်ကျွမ်းနေခြင်းနှင့်ပတ်သက်၍ ကောင်းရှူး မလှည့်နိုင်အောင် ဖြစ်ရပေ၏။

'လုံး မင်း သွေးရွှေ့ပြောင်း ပညာတွေကို ဘယ်လိုလုပ်ပြီး တတ်ကျွမ်းနေတာလဲ'

လုံး ဒေါသ ပြေသွားသောအခါ ကောင်းရှူးက မေးလေ၏။

'မသိဘူး'

ဟု လုံးက ေ လေ၏။

'မင်းဟာ တော ဘော်ထူးဆန်းတဲ့ ကောင်လေးတစ်ယောက်ပဲ၊ မင်းဟာ သိုင်းပညာပဲတတ်ဖို့ လိုတော့တယ်၊ တစ်နေ့မှာ မင်းဟာ သိုင်းသမားကောင်း တစ်ယောက်နဲ့ ပြိုင်ဘက်ကင်း အတွင်းအားရှင်တစ်ယောက် ဖြစ်လာမှာ သေချာတယ်'

ဟု ကောင်းရှူးက ပြော၏။

ထိုအခါ လုံးက....။

'စာပေသမားကော မဖြစ်နိုင်ဘူးလား ဘဘ' ဟု မေးရာ ကျောင်းရှုးက....။

'စာပေသမားလဲ ဖြစ်နိုင်တယ်'

ဟု ဖြေလေ၏။

လုံးသည် အလွန်ကျေနပ်၍ သွားလေတော့၏။

❖❖ ❖❖ ❖❖

လွင်စာပေ

ရှသေ့မကြီး ကူအုံ

❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖

ကျောင်းရှုးဂေဟာသည် ဆိုခဲ့ပြီးသည့်အတိုင်း အလွန်ကြီးကျယ်ခန်းနားသော အိမ်ကြီးတစ်ဆောင် မဟုတ်ပေ။ ကျောင်းရှုးဂေဟာသို့ လုံး ရောက်ရှိနေထိုင်ခဲ့ပြီး နှစ်....နှစ်အကြာတွင် လုံး၏အသက်မှာ (၅) နှစ်ပြည့်လာခဲ့၏။

နှစ်နှစ်အတွင်း လုံး၏သိုင်းပညာမှာ အံ့သြလောက်အောင် တြောက်ခမန်းလိလိ ဖြစ်လာခဲ့လေ၏။

လုံး၌ ထူးခြားချက်များရှိပေသည်။

ယင်းထူးခြားချက်များမှာ....။

လုံး၏လက်မောင်းနှစ်ဘက်စလုံး၌ လက်ဖျံရိုး တစ်ချောင်းတည်းသာရှိနေခြင်းပင်ဖြစ်လေ၏။

နောက်တစ်ခုထူးခြားချက်မှာ စာပေပညာဖြစ်၏။ တစ်ထွာပြလျှင် တစ်လံလောက်မြင်တတ်သော ဉာဏ်ရည်ဉာဏ်သွေးပင် ဖြစ်လေ၏။

ငါးနှစ်သားအရွယ်လုံးသည် ကဗျာ၊ ဂါထာများကို ရွတ်ဖတ်သီကုံးနိုင်ခဲ့ခြင်းပင်ဖြစ်လေ၏။ ယင်းတို့မှာ လုံး၏ ထူးခြားအံ့ဩဖွယ်ကောင်းသောပါရမီများပင်ဖြစ်ပေတော့၏။

'လုံး...မင်းဟာ သိပ်ထူးခြားတဲ့ ကောင်လေးတစ်ယောက်ပဲ၊ မင်းရရှိထားတဲ့ပညာတွေဟာ ငါတို့မှာရှိတဲ့ပညာတွေ အကုန်ပဲ၊ တို့ မင်းကို ထပ်ပြီး ပညာမပေးနိုင်တော့ဘူး၊ ပညာမပေးချင်လို့ ပြောနေတာမဟုတ်ဘူး၊ တို့ရှိတဲ့ပညာတွေ ကုန်သွားလို့ပြောနေတာ လုံး။ အဲဒီတော့ မင်း ရသေ့မကြီးကုအာဆီသွားပြီး ပညာဆက်သင်ပေတော့'

ဟု ကောင်းရှူးကပြောသောအခါ လုံးက....။

'ရသေ့မကြီး ကုအာက ဘယ်မှာနေတာလဲ'

ဟု ပြန်မေး၏။

'ဖိဆွေ့ မြစ်ကမ်းတောင်မှာ နေတယ်၊ မင်း အဲဒီကိုသွား၊ ငါ စာရေးပေးလိုက်မယ်'

ဟု ကောင်းရှူးကပြော၏။

ထိုအခါ လုံးသည် ဝမ်းမြောက်ဝမ်းသာဖြင့်....။



'ရသေ့မကြီး ကုအာက သိုင်းပညာရော စာပေပညာရော တတ်လား'

ဟုမေး၏။

'နှစ်ခုလုံး တတ်တယ်'

ဟု ကောင်းရှူးကဖြေ၏။

'ဒါဆို ကျွန်တော် အခုပဲသွားချင်တယ်'

ဟုလုံးကပြောလိုက်ရာ ကောင်းထွားက....။

'မောင်လေးက မမတို့ကို ပစ်သွားတော့မလား'

ဟု ဝမ်းနည်းသံဖြင့် မေးလေ၏။

'ကျွန်တော်ပညာသွားသင်တာပါ၊ မမကို ကျွန်တော် ဘယ်မေ့နိုင်ပါ့မလဲ၊ မမက ကျွန်တော့်ဆရာ၊ ဘဘလဲကျွန်တော့်ဆရာပဲ၊ ဒီကျေးဇူးတွေကို ကျွန်တော် တစ်သက်လုံးမမေ့ဘူး'

ဟု လုံးကပြောပြီး ဆက်ပြောပြန်လေ၏။

'တစ်နှစ်တစ်ခေါက်မှန်မှန် မမတို့ဆီ ကျွန်တော် လာခဲ့မှာပေါ့၊ အရွယ်ရောက်လို့ ပညာလဲစုံတော့ ဘဘရော မမရော ကျွန်တော်လုပ်ကျွေးမှာပေါ့'

ဟု တက်ကြွစွာပြောဆိုလေ၏။

လုံး၏စကားကို ကြားလိုက်ရသော အခါ ကောင်းရှူးနှင့် ကောင်းထွားတို့သည် အလွန် ကျေနပ်ပီတိဖြစ်ရလေ၏။

'အင်း သမီးလေးထွား ပညာလိုချင်တဲ့ကခဲလေးကို မတားပါနဲ့ကွယ်၊ ပညာပါရမီဖြည့်ပေးလိုက်ပါ'

ဟု ပြောပြီး ကောင်းရှူးက သမီးလေးကောင်းကို နှစ်သိမ့်ပြောဆိုလေ၏။

'မောင်ဖေလား၊ မမတို့ဆီ တစ်နှစ်တစ်ခါလာနော်'

'လာမှာပေါ့မမ'

ကောင်းရှုးသည် စာတစ်စောင်ရေး၍ လူယုံတစ်ယောက်နှင့် အတူ လုံးကိုထည့်၍ ဖိခွေ့စမ်းတောင်ရှိ ရသေ့မကြီးကုအုထံ ပို့လွှတ်လိုက်လေသတည်း။

* * *

ဖိခွေ့စမ်းတောင်သည် နီလာရောင်တောက်လျက် ရှိ၏။

ထိုတောင်သို့ လုံးတို့ရောက်ရှိသွားကြသောအခါ ဖိခွေ့စမ်း တောင်ခြေတွင် လူသူအရိပ်အယောင်မျှ မတွေ့ဘဲ ဇရပ် တစ်ဆောင်ကိုသာ တွေ့ရှိရလေ၏။

'ဦးလေးကျင့် ဘယ်သူမှလဲ မတွေ့ပါလားဗျာ'

ဦးလေးကျင့်ဆိုသူက ပတ်ဝန်းကျင်အခြေအနေကို အကဲခတ် ကြည့်၍ပြောသည်။

ထိုစဉ် လေချွန်သံ တစ်သံကို ကြားလိုက်ရပြီး နီညိုရောင် အလင်းတစ်ခုသည် လုံးတို့ရှိရာသို့ ရုတ်တရက် ကျရောက်၍လာလေ၏။

ဦးလေးကျင့်ဆိုသူသည် ထိတ်လန့်ပြီး ဘေးသို့ ခုန်ရှောင် လိုက်၏။



လုံးကမူ ထိုအရာကို စိုက်၍ကြည့်နေပေ၏။ နီညိုရောင် ဝတ်စုံနှင့်ရသေ့မကြီး ကုအုမှန်းသိလိုက်ရသောအခါ ကျင့်သည် လက်နှစ်ဖက်ကိုဆုပ်၍ ကုအုအား အရိုအသေပေးလိုက်၏။

'မောင်လေးဖုကျိဒ္ဓတို့ပါလား၊ အစ်ကိုကြီး ရှူးဆောနေ ထိုင်ကောင်းရဲ့လား၊ သူကဘယ်သူလဲ'

ဟု ကျင့်အား တစ်ဆက်တည်း မေးလိုက်လေ၏။

ထိုအခါ 'ကျင့်'က စာတစ်စောင်ထုတ်ပေးပြီး ကောင်းရှုး မှာလိုက်သလို ကုအုအား ပြောဆိုလိုက်လေ၏။

ရသေ့မကြီး ကုအုသည် စာကို ဆုံးအောင် ဖတ်လိုက်ပြီး နောက်....။

'လုံးဆိုတာ မင်းလား'

ဟု လုံးကိုမေးလေ၏။

'ဟုတ်ပါတယ်ခင်ဗျား၊ ကျွန်တော့်နာမည်လုံးလို့ ခေါ်ပါ တယ်၊ မျိုးဆက်က လျူမျိုးဆက်ပါ'

ဟု လုံးက ရိုသေလေးစားစွာ ဖြေကြားလိုက်လေ၏။

'မင်းကလေးက စာအရဆိုရင် ပါရမီရှင်လေးပဲ အသက် (၅)နှစ်ကလေးနဲ့ ဒီလောက်အစွမ်းရှိနေရင် တစ်ချိန်မှာ သိုင်း လောကရဲ့ မဟာကျော်ဇော် တစ်ဆူဖြစ်လာမှာ သေချာတယ်၊ လူကလေး'

ဟု အားပေးစကားဖြင့် ရသေ့မကြီးကုအုက ပြောလေ၏။

လုံးသည် ကုအုအား အရိုအသေ ပေးလိုက်ပြီးနောက်....။

'ကျွန်တော့်ကို သိုင်းသင်ပေးပါဆရာမကြီး'

ဟု လက်နှစ်ဖက်ကိုဆုပ်ပူး၍ လုံးက တောင်းခံ လိုက်သော်

'လှူတာလေးက ဆရာမကြီးဆီ ရောက်လာပြီပဲ၊ ဆရာမကြီး တတ်သလောက် သိုင်းပညာတွေကို သင်ပေးမှာပေါ့၊ ကိုင်း... မောင်လေးကျော့် ကလေးကိုထားခဲ့၊ မင်းပြန်တော့'

ဟု လုံးကို ပြောနေရာက ဖုကျော့်ဘက်သို့ လှည့်၍ပြော လိုက်၏။

ဖုကျော့်သည် ဟုတ်ကဲ့ပြောပြီး....။

'လုံး....ဦးလေးပြန်မယ်နော်'

ဟု နှုတ်ဆက်ကာ တောင်ပေါ်မှဆင်းသွားလေ၏။

◆◆ ◆◆ ◆◆

စာပေပညာရှင်ကောင်းရှိနှင့်တွေ့ဆုံခြင်း

ဖိုခစွဲ စမ်းတောင်တွင် လုံးလေးနှစ်တိုင်တိုင်သိုင်းပည ကို ဆည်းပူးသင်ကြားပြီးနောက် ပညာဆုံး၍ သွားလေ၏။

လျှူလုံးမှာ အသက် (၉)နှစ်အရွယ်သို့ ရောက်ရှိ၍ လ. လေ၏။

တစ်နှစ်တစ်ခါက်မှန်မှန်ရောက်ခဲ့သော တောင်းရှူးဂေဟာ မှာ ယခင်နှင့်မတူတော့ပေ။ [illegible] ခြအခနေပြောင်းလဲသွားသကဲ့သို့ ရှိပေ၏။

တိုးတက်ပြောင်းလဲသွားခြင်းဖြစ်ပေ၏။

ဆရာမကြီးကုအုတ....။

'လုံးကို ဆရာမကြီး ပညာ ဆက်မသင်ပေးနိုင်တော့ဘူး၊ လုံးဟာ အရွယ်နဲ့မမျှအောင် ပညာတွေပြည့်ဝနေပြီ၊ အဲဒီတော့ မင်း ကျောင်းဂေဟာကို ပြန်သွားပြီး ဆရာထပ်ရှာပေတော့၊ အခုအချိန်မှာ ကျောင်းရှုံးလဲ အခြေအနေ ကောင်းနေပြီ မဟုတ်လား'

ဟု ပြောရာ လျှုလုံးက....။

'မှန်ပါတယ်၊ ဘဘတို့ အခြေအနေ သိပ်ကောင်းနေပြီ၊ ကျွန်တော် ကျောင်းဂေဟာကိုပဲ ပြန်ပါတော့မယ်၊ ဘဘနဲ့ မမတို့ကိုလဲ လုပ်ကျွေးချင်ပါတယ်'

ဟု ပြော၍ ဆရာမကြီးကုအုကို နှုတ်ဆက် ကန်တော့ကာ ဖီးစွ စမ်းဟောင်ပေါ်မှ ဆင်းခဲ့လေ၏။

တောင်ခြေသို့ ရောက်သော် ဆရာမကြီး ကုအုကို သတိရ၍ တောင်ပေါ်သို့ မော့ကြည့်လိုက်လေ၏။

ဆရာမကြီးကုအုက လက်ပြနှုတ်ဆက်လေ၏။

လျှုလုံးသည် ဆရာမကြီးအား ပြန်၍လက်ပြနှုတ်ဆက်ကာ တောင်ခြေမှ ထွက်ခဲ့ပြန်လေ၏။

တောင်ခြေနှင့်အတော်လှမ်းလှမ်းသို့ ရောက်လာသောအခါ ရှေ့တူရူ၌ ဈေးတစ်ဈေးကို တွေ့ရလေ၏။

၎င်းဈေးရှိရာမြို့မှာ ဟူပေ့မြို့ငယ်လေးတစ်မြို့ ဖြစ်ပေ၏။



လုံးသည် ဈေးတွင်းသို့ဝင်ရောက်လာပြီးလျှင် စားသောက်ဆိုင်တစ်ဆိုင်သို့ ရောက်သော် ဆိုင်မှ လူတစ်ယောက်အား....။

'ဦးကြီး....ကျွန်တော် ပေါက်စီတစ်လုံး ဝယ်ချင်လို့ အဲဒါ ဘယ်လောက်ကျမလဲ'

ဟု မေးလေ၏။

ထိုအခါ ဆိုင်ဝမှလူကြီးက လုံးကို သေသေချာချာ စိုက်ကြည့်ပြီး....။

'မင်းက တောသားလေးပဲ၊ ပေါက်စီ ဝယ်စားဖို့ ငွေရှိလား'

ဟု မေးလေ၏။

လုံးက ငွေစတစ်စကို ထုတ်ပြပြီး....။

'ကျွန်တော့်မှာ ရှိပါတယ်ဦး'

ဟု ပြန်၍ပြောလေ၏။

ဆိုင်ဝမှလူကြီးက....။

'မှန်း....'

ဟုပြောပြီး လုံ့ထံမှငွေကို တောင်းယူလေ၏။

လုံးက....။

'ဘာလုပ်ဖို့လဲ၊ ဦးဝယ်ပေးမလို့လား'

ဟု မေးရာ ထိုပုဂ္ဂိုလ်က....။

‘ဓအား....’

ဟုပြောပြီး လုံးထံမှငွေကို ဆက်လက်တောင်းခံပြန်၏။

လုံးလည်း ထိုပုဂ္ဂိုလ်အား မယုံတစ်ဝက် ယုံတစ်ဝက်ဖြင့် ငွေစကို ပေးလိုက်လေ၏။

ဆိုင်ဝမှပုဂ္ဂိုလ်ကြီးသည် ကျေနပ်သွားဟန်ဖြင့် တစ်ချက်မျှ ပြုံးလိုက်ပြီးလျှင် ဆိုင်တွင်းသို့ ဝင်ရောက် သွားရောက် သွားလေ၏။

လုံးသည် ဆိုင်ဝ၌ အချိန်ကြာမြင့်စွာစောင့်နေသော်လည်း ဆိုင်တွင်းသို့ ဝင်သွားသောပုဂ္ဂိုလ်ကြီးထံမှ ပြန်လည် ထွက်လာခြင်းမရှိသဖြင့် စိတ်မရှည်ချင်တော့ပေ။

လုံးသည် ဆုံးဖြတ်ချက် တစ်ခုကိုချပြီး ဆိုင်တွင်းသို့ ဝင်ရောက်သွားလေ၏။

ဆိုင်တွင်းသို့ဝင်ရောက်သော် လုံးသည် ကျီးကန်း တစ်ကောင်လို မျက်စိအစုံကို ဝေ့ကစား၍ ဆိုင်ဝက ပုဂ္ဂိုလ်ကို ရှာဖွေလေ၏။

ဆိုင်တွင်းသို့ရောက်ပြီးနောက် လုံးထံမှ ငွေစယူသွားသော ပုဂ္ဂိုလ်ကြီးမှာ အရက်တစ်အိုးဖြင့် အရက် ထိုင်သောက်နေသည်ကို တွေ့မြင်လိုက်ရပေ၏။

ဝတ်စုံနက်ဝတ်ထားသော ထိုပုဂ္ဂိုလ်ကြီးကို ကောင်းစွာ မှတ်မိနေ၏။



‘ဦးကြီး ဒါဘာလုပ်တာလဲ’

ဝတ်စုံနက်နှင့်ပုဂ္ဂိုလ်ကို မြင်လျှင်မြင်ချင်း ထိုပုဂ္ဂိုလ်အနားသို့ သွား၍ ပခုံးကိုလှုပ်ကာ လုံးကမေးလိုက်လေ၏။

ဝတ်စုံနက်နှင့်ပုဂ္ဂိုလ်က လုံးကိုမြင်သွားသောအခါ မျက်နှာ တစ်ချက်ပျက်သွားလေ၏။

ပြီးနောက် ပျက်သွားသောမျက်နှာကိုပြင်ကာ....။

‘မင်းကလေးကဘယ်သူလဲ’

ဟု မသိဟန်ဖြင့် မေးလိုက်လေသည်။

‘ဦးကို ပေါက်စီဝယ်ခိုင်းတာ ကျွန်တော်လေ၊ ဦးပဲ ဝယ်ပေးမယ်ဆိုပြီး ကျွန်တော့်ဆီက ငွေစ ယူသွားတာ မေ့သွားပြီလား’

ဟု လုံးကမေးလိုက်သည်။

‘မင်း လူမှားနေပြီ’

ဟု ထိုပုဂ္ဂိုလ်က ပြောင်လိမ်ပြောင်စား လုပ်လိုက်လေ၏။

‘ဦး ကျွန်တော့် ငွေစ ပြန်ပေး မလား၊ မပေးဘူးလား ပြော’

လုံးသည် ဒေါသထွက်၍လာကာ ပြောလေ၏။

ဆိုင်တွင်းရှိလူများသည် လုံးနှင့်ထိုပုဂ္ဂိုလ်ကို စိတ်ဝင်စားကာ လှမ်းကြည့်ကြလေ၏။

ဝတ်စုံနက်နှင့်ပုဂ္ဂိုလ်က....။

'ဟေ့ ကောင်လေး ထွက်သွားစမ်း'

ဟု အော်ငေါက်လွှတ်လေ၏။

ထိုစဉ် သိုင်းကောင့်တစ်နေရာတွင် အေးအေး ဆေးဆေး အရက်ထိုင်သောက်နေသော လူတစ်ယောက်က....။

'ဟေ့ လေလွင့်သိုင်းသမား၊ ကလေး ငွေစကို ပြန်ပေးလိုက်လေ'

ဟု အော်၍ပြောလိုက်ပေ၏။

ထို အော်၍ပြောလိုက်သောလူမှာ ဝတ်စုံဖြူကို ဝတ်ဆင်ထားသော စာပေသမားတစ်ဦးဖြစ်၏။ အသက်မှာ (၄၀) နီးပါးရှိပြီး လူရည်သန့်တစ်ယောက်ဖြစ်ပေ၏။

'မင်းအလုပ်လားကွ၊ ကိုယ်နဲ့ မဆိုင်ရင် အသာ နေစမ်း ငါ့အကြောင်းသိတယ်မဟုတ်လား၊ လက်နှစ်ဘက် ချိုးပစ်လိုက်လို့ စာမရေးနိုင်ဘဲဖြစ်သွားမယ်၊ ဟဲ့ ကလေး ထွက်သွားစမ်း'

ဝတ်စုံနက်နှင့်လေလွင့်သိုင်းသမားဆိုသူက စာပေသမားကို လှမ်းပြောရင်း တစ်စပ်တည်း လုံးကိုပါ မာန်မဲဟောက်လွှတ်လိုက်လေ၏။

'ကျွန်တော် ဘာလို့ သွားရမှာလဲ၊ ကျွန်တော့် ငွေစ ပြန်ပေးပါ'

'မပေးဘူးကွာ'

လေလွင့်သိုင်းသမားကြီးသည် လုံး၏ဇက်ပိုးပေါ်သို့ လက်ဝါးတစ်ချက်ရိုက်ချလိုက်လေ၏။



'ဝုန်း....'

'အား....'

လေလွင့်သိုင်းသမားလက်ဝါးသည် လုံး၏ ဇက်ပိုးပေါ်သို့ ရောက်သွားခြင်းမရှိဘဲ လေလွင့် သိုင်းသမားကြီးသာ ဝုန်းခနဲ လွင့်စဉ်သွားလေ၏။

'ဟိတ်၊ စာပေသမား၊ မင်းနဲ့မဆိုင်တဲ့ကိစ္စကို မင်းဘာဖြစ်လို့ ဝင်ပါရတာလဲ၊ နေစမ်းပါဦး၊ မင်းငါ့ကို ဘာနဲ့တိုက်ခိုက်လိုက်သလဲ'

ကြမ်းပြင်ပေါ်သို့ လဲကျသွားသော လေလွင့် သိုင်းသမားကြီးက ကြမ်းပြင်ပေါ်မှ လူးလဲ ပြန်ထကာ စာပေသမားအား မေးလိုက်ပေ၏။

စာပေသမားမှာ မူလထိုင်မြဲနေရာ၌သာ ဆက်လက် ထိုင်လျက်ရှိပေ၏။ လေလွင့်သိုင်းသမားကြီး မေးလိုက်သော မေးခွန်းမှာ အူကြောင်ကြောင်နိုင်သော မေးခွန်းတစ်ရပ်ဟု အထင်ရောက်ကာ....။

'ခင်ဗျားဘာတော့ လျှောက်မေးနေတာလဲ၊ ကျုပ် ခင်ဗျားကို ဘာနဲ့မှမတိုက်ခိုက်သေးပါဘူး၊ ခင်ဗျား အမူးလွန်ပြီး ပစ်လဲကျသွားတာမဟုတ်ဘူးလား'

ဟု စာပေသမားက ပြန်၍မေးလိုက်လေ၏။

'ကျုပ်မမူးဘူး၊ ခင်ဗျားကျုပ်ကို တစ်ခုခုနဲ့ တိုက်ခိုက်တယ်လို့ ထင်တယ်'

အရက်ထိုင်သောက်နေကြသော လူများမှာ စာပေသမားနှင့် လေလွင့်သိုင်းသမားတို့ ပြဿနာတက် စကားများနေကြ

သည်ကို စိတ်ဝင်စားစွာဖြင့် လှမ်းကြည့် အကဲခတ် နေကြလေ၏။

'ကျုပ်ခင်ဗျားကို လုံးဝမတိုက်ခိုက်သေးပါဘူးဗျာ၊ ကျုပ်ဒီနေရာက ထတောင်မထရသေးပါဘူးဗျာ'

စာပေသမားက လှမ်းပြောသည်။

'ကျုပ် ခင်ဗျားစကားကိုမယုံဘူး'

လေလွင့်သိုင်းသမားကြီးကပြောလိုက်သည်။

'မယုံရင်လဲ နေတော့ဗျာ'

စာပေသမားကြီးက စိတ်ပျက်သွားဟန်ဖြင့်ပြော၍ အရက်ကို ထက်သောက်လေ၏။

'ဦး...ကျွန်တော့် ငွေပြန်ပေးလေ'

လုံးက ငွေကိုပြန်တောင်းသည်။

'မင်းကလေးကလဲ တစ်ခုမှာဇီဖဲ၊ မပေးဘူးကွာ၊ သွား'

'ဝုန်း...'

ကျယ်လောင်သောအသံတစ်သံနှင့်အတူလေလွင့်သိုင်းသမားကြီးသည် လွင့်စဉ်၍ ကြမ်းပေါ်သို့ ဝုန်းခနဲ ကျသွား ပြန်လေ၏။

'တွေ့ကြသေးတာပေါ့ စာပေသမားရာ'

လေလွင့် သိုင်းသမားကြီးသည် ဒေါသဖြင့် ကြမ်းပေါ်မှ လူးလဲထ၍ စာပေသမားထံပြေးသွား၏။

စာပေသမားမှာ တုတ်တုတ်မျှမလှုပ်ဘဲ နေရာ၌ ထိုင်မြဲထိုင်နေလေ၏။



အမှန်စင်စစ်ကား လေလွင့်သိုင်းသမားကြီးအား တိုက်ခိုက်သူမှာ စာပေသမားမဟုတ်ပေ။

လုံးသာလျှင် ဖြစ်တော့၏။

လုံး၏ လျင်မြန် ဖျတ်လတ်မှုကြောင့် ထိုကိစ္စကို မည်သူတစ်ဦးတစ်ယောက်မျှမသိလိုက်ကြခြင်းဖြစ်သည်။

တစ်ဖန် လုံးမှာ (၉)နှစ် အရွယ် ကလေး မျှသာ ဖြစ်၍ အလေးမမူ သတိမထားမိခြင်းလည်းဖြစ်ပေလိမ့်မည်။

လုံး၏အတွင်းအားမှာ ဤမျှပြင်းထန်ကြမ်းတမ်းလိမ့်မည်ဟုလည်း ထင်စရာအကြောင်းမရှိပေ။

လေလွင့်သိုင်းသမားကြီးသည် ဒေါသဖြင့် စာပေသမား၏ စားပွဲကို ဆွဲလှန်မှောက်ပစ်လိုက်လေ၏။

'ဝုန်း....'

'ဖျောင်း'

စားပွဲကို ဝုန်းခနဲဆွဲလှန် မှောက်ပစ်လိုက်သည်နှင့် စာပေသမား၏ 'တောင်ဖို့လက်သီး' သိုင်းကွက်တစ်ကွက်က ပြင်းထန်စွာ လေလွင့်သိုင်းသမားကြီး၏ မျက်နှာပေါ်သို့ ဖျောင်းခနဲ ကျရောက်သွားလေ၏။

လေလွင့်သိုင်းသမားကြီးသည် အားဟုသာအော်ကာ ဆိုင်ပြင်သို့ လွင့်စဉ်သွားပြီး မြေပြင်ပေါ်၌ သတိလစ် မေ့မြောသွားလေ၏။

စာပေသိုင်းသမားသည် မှောက်လှန်နေသောစားပွဲကို ပြန်မထောင်ကာ ခင်းကျင်းပြီး အရက်တစ်အိုး ထပ်မှာ၍သောက်နေလေ၏။

'ဟိတ်....ကလေး၊ ခဏလာစမ်း'

လုံးကိုစာပေသမားက လှမ်းခေါ်လိုက်၏။

လုံးသည် စာပေသမားထံ ရောက်သွားသောအခါ....။

စာပေသမားက....။

'မင်းငွေစက ဘယ်လောက်လဲ'

ဟု မေးလေ၏။

'ငွေစတစ်စတည်းပါဦး'

ဟု လုံးကဖြေ၏။

'အင်း....ယူ'

စာပေသမားက ငွေစတစ်စကိုလုံးအားလှမ်းပေးရာလုံးက မယူဘဲ ခေါင်းကို ယမ်းခါလိုက်လေ၏။

'ကျွန်တော် မယူပါရစေနဲ့ဦး'

'ဟေ....ဘာဖြစ်လို့လဲကွ'

လူလုံး၏စကားကြောင့် စာပေသမားမှာ တအံ့တသြဖြစ်၍သွားပြီးလျှင် လုံးကို စိုက်၍ကြည့်လိုက်ပေ၏။

'ကျွန်တော်မယူချင်လို့ပါ'

'ဒါနဲ့ ဘာဖြစ်လို့ လေလွင့် သိုင်းသမားဆီက ငွေစတောင်းနေတာလဲ'

'ကျွန်တော့်ငွေစကို ယူသွားလို့ပါ'

စာပေသမားသည် ခဏစဉ်းစားသလိုလုပ်နေပြီး လုံးကို စိုက်ကြည့်၏။

ပြီးမှ....။

'သူ့ကိုယ်စား ငါက ပြန်လျော်နေတာကွ၊ ယူလိုက်ပါ'



လုံးသည် စာပေသမားကို တစ်ချက်ကြည့်လိုက်ပြီး ခေါင်းကို ယမ်းခါလိုက်ပြန်၏။

'ဒီလိုဆိုရင် ဦးငွေစကို ဦးပဲ ပြန်ယူထားလိုက်ပါခင်ဗျာ၊ ကျွန်တော့်မှာ ငွေစအချို့ရှိပါသေးတယ်၊ ဟိုသူတောင်းစားကြီးဆီက ငွေစတစ်စကို မရမကတောင်းနေတာက မဲတရားဘူးထင်လို့ပါ'

'ဒါဖြင့် ငါကကောကွာ'

စာပေသမားက ပြုံး၍မေးလိုက်သည်။

'ဦးက တရားတဲ့လူပဲ၊ တရားတဲ့လူကို ကျွန်တော်က အဝိ မဘန်ချစ်တာ၊ ဒါကြောင့်မို့ ဦးပေးတဲ့ငွေစကို ကျွန်တော် မယူတာပါခင်ဗျာ'

စာပေသမားသည် လုံး၏စကားကို သဘောကျစွာ ပြုံးရယ်လိုက်ပေ၏။

'မင်းက အသက်သာငယ်တာ စကား တကယ် ထက်တဲ့ကောင်ပဲ နေပါဦး၊ မင်းက ဘယ်မှာနေတာလဲ'

စာပေသမားက မေးလိုက်သည်။

'ကျွန်တော်ကြားမှာနေပါတယ်ဦး'

လူလုံး၏ ကြားမှာနေပါတယ် ဟူသော စကားကြောင့် စာပေသမားကြီးက အူကြောင်ကြောင်ဖြစ်၍သွားလေ၏။

'ကြွား'ဆိုသော စကားကို နားမလည်၍ စာပေသမားက လုံးကို မေးလိုက်သည်။

'ကြွားဆိုတဲ့မြို့ကို ငါမကြားဖူးဘူး၊ ဘယ်ကကြွားလဲ'

'ကြွားဆိုတာ မြို့လဲမဟုတ်ဘူး၊ ရွာလဲ မဟုတ်ဘူးဦး၊'

'ဒါဖြင့်....'

'မိုးကောင်းကင်နဲ့မြေပြင်ကြားမှာ ကျန်တော်နေတာပါဦး၊ အဲဒါကြောင့်မို့ ကြားမှာ နေပါတယ်လို့ ပြောတာပါခင်ဗျား'

စာပေသမားသည် မျက်လုံးပြူး၍ သွားပြီ....။

'မင်းကလေးဟာ အရွယ်နဲ့ မမျှအောင် တော်တဲ့ ကလေး တစ်ယောက်ပဲ'

'ဟူ၍ ပြောပြီးလျှင်....။

'ခဏထိုင်စမ်းပါဦးကွာ'

ဟု ဆိုရင်း ကုလားထိုင်တစ်လုံးကို ရွှေ့ပေးလေ၏။

လုံးက ထိုင်လိုက်သည်။

'မင်းနာမည်ဘယ်လိုခေါ်သလဲ'

စာပေသမားက မေးလိုက်သည်။

'လျှုလုံး'

'ဩော်....လျှုလုံးတဲ့လား'



'ဟုတ်ကဲ့....ဦးနာမည်ကရော'

'ဦးနာမည်က ကောင်းရိ'

လုံးသည် စာပေသမား ကောင်းရိကို သေသေချာချာကြည့်လိုက်၏။

'လုံး....မင်းဟာလူတော်တစ်ယောက်ယောက်ပဲ၊ကြည့်ရတာစာလဲတတ်ပုံရတယ်၊ စာပေလိုက်စားဘူးလား'

ကောင်းရိက မေးလိုက်သည်။

'ဟုတ်ကဲ့၊ နှစ်နှစ်သုံးနှစ်လောက်သင်ဘူးပါတယ်'

ကောင်းရိက လုံးကိုအကဲခတ်ကြည့်လိုက်ပြီး....။

'လုံးကို ဦးတစ်ခုမေးမယ်'

ဟု ဆိုသဖြင့် လုံးက မေးပါဦးဟု လေးစားစွာပြန်ဖြေလေ၏။

ထိုက်ကျိုကိုသိလား'

'သိတော့မသိပါဘူး၊ ကြားဖူးပါတယ်၊ အင်မတန်ထက်မြက်တဲ့ စာပေသမားတစ်ယောက်ပဲ၊ လွန်ခဲ့တဲ့ (၁၂) နှစ်က သေဆုံးသွားတဲ့စာပေသမား ပညာရှိမဟုတ်လား'

ကောင်းရိသည် စားပွဲကို လက်ဝါးဖြင့် ပုတ်လိုက်ပြီး....။

'ဟာ....မင်းဟာ အံ့သြစရာကောင်းတဲ့ ကောင်လေး တစ်ယောက်ပဲ'

ဟူ၍ ဝမ်းသာအယ်လဲ ပြောလေ၏။

ထို့နောက် ကောင်းရိက ဆက်ပြောလေသည်။

'ဆရာကြီးတိုက်ကျိုဟာ ငါ့ဆရာပဲ၊ ငါသူ့ဆီက စာပေနဲ့ ဒိုင်းပညာတွေ သင်ယူခဲ့တာ'

ဦးရဲ့ ဆရာကြီးကို ကျွန်တော် အင်မတန်လေးစားပါတယ်၊ လူကိုမမြင်ဖူးပေမယ့် သူ့စာပေတွေကို ကျွန်တော် ဖတ်ဖူးပါတယ်၊ သူ့ရဲ့စာပေ(ပေစာ)တစ်ခုမှာ သူ့အကြောင်းကို ရေးထားလို့ စိတ်မှန်းနဲ့သူ့အရုပ်ကိုဆွဲဘူးကြည့်ပါတယ်၊ တူတယ်မတူဘူးဆိုတာတော့ ကျွန်တော်မမြင်ဘူးလို့ မသိပါဘူး၊ ဦးဆိုရင်တော့ တူတယ်မတူဘူးဆိုတာ သိနိုင်ပါလိမ့်မယ်'

'ကိုင်း....ဆွဲပြစမ်းပါဦးကွာ'

ကောင်းရိကပြောသည်။

'ဦးမှာ စာပေကလောင်တန်ပါလား'

ဟု လုံးအ မေးလိုက်သည်။

'ဟာ....မပါဘူး အိမ်မှာ ကျန်ခဲ့တယ်၊ မင်းမှာရော မပါဘူးလား'

'မပါဘူး၊ ကျွန်တော်မှ ကလောင် မကိုင်ရသေးတာ'

'ဘယ်သူကပြောလဲ မကိုင်ရဘူးလို့'



လုံး ငြိမ်သွားသည်။

ကောင်းရိက ပြုံး၍....။

'မင်းကို ငါကိုင်ခိုင်းမယ်'

ဟု ပြောလိုက်၏။

'ကျေးဇူးပဲဦးရယ်၊ ကျွန်တော် အင်မတန်ကလောင်ကိုင်ချင်ပါတယ်၊ ဦးကသာ ကိုင်ခွင့်ပြုရင် ကျွန်တော် လက်စွမ်းပြချင်ပါတယ်'

ဟု လုံးကပြောသည်။

ကောင်းရိက ပြုံး၍....။

'မင်းကို ငါခေါ်သွားမယ်၊ စာသင်ပေးမယ်၊ မင်း ငါ့လိုဖြစ်ရစေမယ်'

ဟုပြောရာ လုံးမှာဝမ်းမြောက်ဝမ်းသာဖြစ်၍ သွားပြီးလျှင် ခေါက်ဆွဲတစ်ပွဲမှာလိုက်လေ၏။

'ခေါက်ဆွဲစားမလို့လား'

ဟု ကောင်းရိကမေးသည်။

'ဦးကိုကျွေးမလို့ပါ'

ဟု လုံးကပြောသည်။

'ငါမစားနိုင်တော့ဘူး၊ မင်းပဲစားပါကွာ၊ မင်းကို ငါကျေးဇူးတင်ပါတယ်'

'ဦးနဲ့ ကျွန်တော် တစ်ယောက်တစ်ဝက်စီစားမယ်၊ နောက်ပြီးဆရာကြီး ထိုက်ကျိုပုံကိုလဲ အဲဒီခေါက်ဆွဲမျှင်နဲ့ ဆွဲပြမလို့ပါ'

'ဘာ....ခေါက်ဆွဲမျှင်နဲ့ ဆွဲပြမယ်ဟုတ်သား'

'ဟုတ်ကဲ့'

'ဟာ....မင်းဟာ အဆန်းပဲ'

ခေါက်ဆွဲကြော်တစ်ပွဲ ရောက်လာသည်။

'ဦး စား'

'မင်းလဲ စား'

'ဟုတ်ကဲ့'

နှစ်ယောက်သား ခေါက်ဆွဲကြော်စားကြရင်းမှ ခေါက်ဆွဲမျှင်များဖြင့် ထိုက်ကျိ၏ ပုံတူကို စားပွဲမျက်နှာပြင်၌ ချွဲပြ၊ ရစ်ပြရာ ခေါက်ဆွဲမျှင် ရုပ်ပုံတူတစ်ခု ထွက်ပေါ်လာလျှင်....။

'ဟာ....တကယ်တူတယ်ဟေ့၊ ငါ့ဆရာကြီးထိုက်ကျို စားပွဲပေါ် တက်ထိုင်နေသလိုပဲ'

ဟု ကောင်းရိက ပြောလိုက်လေ၏။

'ဦးက တူတယ်ပြောတော့ ကျွန်တော် သိပ်ဝမ်းသာသွားတာပဲဗျာ၊ ဆရာကြီးထိုက်ကျိုရဲ့ ဝိညာဉ်နဲ့ နှလုံးသားဟာ ကျွန်တော့်ရင်ထဲမှာ အမြဲရှိနေတာ ဦးရဲ့'

'မင်း တော်တယ်ကွာ၊ တကယ်တော့ မင်းဟာ လူထူးလူဆန်းလေး တစ်ယောက်ပဲ'

ကောင်းရိက ချီးမွမ်းလိုက်လေ၏။



ထိုစဉ် ဆိုင်တွင်းသို့ လူငါးယောက်ပြေးဝင်လာရာ ကောင်းရိနှင့် လျူလုံးတို့က ဖျတ်ခနဲ ထိုလူငါးယောက်ကို လှမ်းကြည့်လိုက်၏။

ဝတ်စုံနက်များ ဝတ်ဆင်ထားကြသော လေလွင့်သိုင်းသမား ငါးယောက်မှန်း ကောင်းရိ ကောင်းစွာ သိလိုက်ပေ၏။

❖ ❖ ❖

## လျှိုဝှက်ဆန်းကြယ် သိုင်းကွက်များနှင့် လျှုလုံး၏လှုပ်ရှားမှု

လေလွင့်ခေါင်းဆောင်ကြီး ‘ယွင်ကျုန်း’ သည် ကောင်းရိကို ရင်ဆိုင်လိုက်၏။

‘မင်းလားကွ၊ စာပေသမားဆိုတာ’

‘ဟုတ်ပါတယ်၊ ဘာဖြစ်လို့လဲခင်ဗျာ’

ကောင်းရိက မေးလိုက်သည်။

‘မင်းက ငါ့လူတစ်ယောက်ကို တိုက်ခိုက်လိုက်လို့ ငါလာရှင်းတာ’

‘ဪ....ဒီလိုလား၊ ခင်ဗျားလို့က ကျုပ်ကို ဘာနဲ့ရှင်းချင်လို့လဲ’



‘မင်းကြိုက်တာရွေးလေ၊ ကျုပ်တို့က ကြိုက်တာ အားလုံးရတယ်’

လေလွင့်ခေါင်းဆောင်ကြီးက အသင့်ပြင်ဆင်လိုက်ပြီး ဆိုသည်။

ကောင်းရိက ပြုံးလျက် ခေါင်းညိတ်နေလေသည်။

ထိုစဉ်၌ လုံးသည် တူနှင်စုံမှ တစ်စုံကို ဖြုတ်တောက်၍ အပိုင်းကလေးများ ဆယ်ပိုင်းခန့် ဖြတ်တောက်ထားလိုက်၏။

ထိုအချိန်မှာပင် ‘ဝှန်း’ ဟူသောအသံနှင့်အတူ ကောင်းရိသည် ရှုတ်တရက် လှုပ်ရှားလိုက်လေ၏။

လေလွင့်ခေါင်းဆောင်ကြီးသည် အဝေးသို့ လွင့်စဉ်သွားလေ၏။

ကောင်းရိ၏ ကန်ချက်မှာ လွန်စွာ ပြင်းထန်ပေ၏။ ရှုတ်တရက် အငိုက်မိသွားသော လေလွင့်ကြီးမှာ ကြမ်းပေါ်၌ ပက်လက်လန်၍ သွားလေ၏။

ကျန်လေလွင့်များ လှုပ်ရှားလာသောအခါ ကောင်းရိသည် ထိုလေလွင့်တဲ့မှ တစ်ယောက်ကို အကျိတ်အနယ် တိုက်ခိုက်၍ နေရလေ၏။

လေလွင့်ခေါင်းဆောင်ကြီး ပြန်ထလာသည်။ ခေါင်းဆောင်ကြီးက အဖွဲ့ သုံးယောက်ကိုကျော်၍ တိုင်ပင်လိုက်၏။ ကောင်းရိမှာ ရန်သူကိုမဲ၍ တိုက်ခိုက်နေသောကြောင့် လေလွင့်ခေါင်းဆောင်ကြီး ကျိတ်တိုင်ပင်လိုက်သည်ကို မမြင်လိုက်ပေ။

လုံးသည် အကင်းပါးသည်မို့ လေလွင့်ခေါင်းဆောင်ကြီး၏ အကြံအစည်ကို ကောင်းစွာ ရိပ်မိသွားလေ၏။

ထိုစဉ်မှာပင် ခလေလွင့်ခေါင်းဆောင်ကြီးနှင့် ကျန်အဖွဲ့တို့သည် အဆိပ်အပ်များကို ထုတ်ယူလိုက်ကြ၏။

'ဝှစ်'

'ဝှစ်'

'ဝှစ်'

'ဝှစ်'

အလင်းတန်းလေးခု လှုပ်ရှားသွား၏။ လျှူလုံး၏ တူအပိုင်းအစ လေးခုဖြစ်သည်။

လုံး ပစ်လွှတ်လိုက်သော တူအပိုင်းအစလေးခုသည် လေလွင့်ခေါင်းဆောင်ကြီးနှင့် အဖွဲ့များကို ထိမှန်ကာ ဝုန်းခနဲ ဝုန်းခနဲ ကြမ်းပေါ်သို့ လဲကျသတိမေ့သွားကြလေ၏။

လုံး၏ ပစ်မှတ်မှာ ရန်သူများ၏ မေ့ကြောတည့်တည့်သို့ဖြစ်ပေသည်။

'ဝုန်း'

'အား'

ကောင်းရှိသည် သူ၏ပြိုင်ဘက် လေလွင့်ကို တောင်ဖြို လက်ဝါးသိုင်းကွက်ဖြင့် ရိုက်ချကာ ပွဲကို သိမ်းလိုက်လေတော့၏။

'ဟေ့ လုံး ဒီလူတွေ ဘာဖြစ်နေကြတာလဲ'

တိုက်ပွဲပြီးဆုံးသွားသည်နှင့် လုံးကိုကြည့်လိုက်ရာ လုံးနှင့် မနီးမဝေး၌ လေလွင့်ခေါင်းဆောင်ကြီးနှင့် အဖွဲ့သုံးယောက်တို့ ကြမ်းပြင်ပေါ်၌ လဲကျမေ့မြောနေကြသည်ကို တွေ့လိုက်ရ၍ ကောင်းရှိက အံ့သြဖြင့် လုံးကိုမေးလိုက်ခြင်းဖြစ်ပေသည်။

'သတိမေ့နေကြတာဦး'



လုံးက ခပ်အေးအေးပင် ဖြေလိုက်သည်။

'ဘယ်လိုလုပ်ပြီး သူတို့က သတိမေ့နေကြတာလဲ'

ဟု ကောင်းရှိက ဆက်မေးသည်။

'မသိဘူး'

ဟု လုံးက ဖြေသည်။

လုံး၏ အလွန်လျင်မြန်သော လှုပ်ရှားမှုကို မည်သူ တစ်စုံတစ်ဦးမှ မသိလိုက်ကြပေ။

'သိပ်ဆန်းတဲ့ ကိစ္စပဲ'

ဟု ပြောပြီး လုံးနှင့်အတူ ကောင်းရှိတို့သည် ဆိုင်တွင်းမှ ထွက်ခွာသွားလေတော့သတည်း။

လုံး၏ပညာသင်နှစ်များ

ကောင်းရို၏အိမ်မှာ အလွန်ကျဉ်းမြောင်းပေ၏။ တစ်အိမ်လုံး၌ ဝေမူများနှင့် စာအုပ်များကိုသာ တွေ့ရပေ၏။

'ထိုင်ကွာလုံး'

နေရာလွတ်တစ်ခု၌ လုံးထိုင်လိုက်သည်။

ကောင်းရိုလည်း လုံးနှင့် အတူ မျက်နှာချင်းဆိုင်၌ ထိုင်လိုက်ပေ၏။

ထို့နောက် အသင့်ပါလာသော အရက်အိုးမှ အရက်ကို ကောင်းရိုက မော့၍သောက်သည်။

ပြီးမှ....။



'ငါ့အပြင်ထွက်ရင် အမြဲရန်ဖြစ်တယ်၊ ငါဆိုတဲ့ကောင်ကလဲ၊ ရန်ဆိုရင် မရှောင်တတ်ဘူး၊ ပြေးပြီး ရင်ဆိုင်တတ်တဲ့ကောင်ဆိုတော့ မင်း... မြင်တဲ့အတိုင်းပဲလေ လက်ကမနေဘူးကွ'

'ကောင်းပါတယ်ဦး၊ မတရားမှုကို ဖြေရှင်းတာဟာ လူကောင်းတွေ လူလိမ္မာတွေရဲ့ အလုပ်ပဲ'

'ဟာ... မင်းဟာ ငါ့ဆရာ ထိုက်ကျိရဲ့ လေသံအတိုင်းပဲ၊ ငါ့ဆရာစာအုပ်တွေ သိပ်ဖတ်ဟယ်ထင်တယ်'

'ဟုတ်ကဲ့ ဖတ်ပါတယ်ဦး'

'ငါ့ဆီမှာတော့ စာအုပ်တွေ အများကြီးပဲ၊ မင်းကြိုက်တာ ဖတ်ပေတော့'

'ဟုတ်ကဲ့ တစ်နှစ်လောက်ကြာအောင် ဖတ်ရမယ့် စာအုပ်တွေပဲ'

'ဘာ....တစ်နှစ်လောက် ဟုတ်လား'

ကောင်းရိုက တအံ့တဩ မေးလိုက်သည်။

ထိုအခါ လုံးက....

'အထင်ကို ပြောတာပါဦး'

ဟု ပြန်ဖြေ၏။

ကောင်းရိုက ဟက်ခနဲ ပြုံးလိုက်ပြီး....။

'တစ်နှစ်လောက်ဖတ်လို့ စာဘယ်တတ်မလဲကွာ၊ စာအုပ်တွေစုံအောင်ပဲ ဖတ်ကြည့်ပါဦး၊ ဟား....ဟား... ဟား အနည်းဆုံး (၁၀) နှစ်လောက်ကြာမှာ၊ ဒါတောင် ဉာဏ်ကောင်းမှဖြစ်မှာနော်'

လုံးက ခေါင်းညိတ်လိုက်သည်။

ပြီးမှ လုံးက....။

'ဦးက ကောင်းမျိုးဆက်ကဆိုတော့ ဘာဘာ ကောင်းရှုံးကို သိမယ်ထင်တယ်'

ဟု မေးလိုက်သည်။

'ကောင်းရှုံး ဟုတ်လား'

'ဟုတ်ကဲ့'

'ကောင်းရှုံးဟာ ငါ့အစ်ကိုကြီးပဲ၊ သူနဲ့ မတွေ့တာတော့ ဆယ်နှစ်လောက်ရှိပြီ၊ နေပါဦး၊ မင်းက သူ့ကိုသိလို့လား'

'သိပါတယ်၊ ကျွန်တော့်ကျေးဇူးရှင်ပါ'

ဟု လုံးကပြောပြီး အဖြစ်စုံကို ပြောပြလိုက်လေ၏။

'ဩော်...မင်းဘဝက တစ်ကောင်ကြွက်ကိုး'

'ဟုတ်ပါတယ် ခင်ဗျား'

'တစ်ကောင်ကြွက်လဲ ကြိုးစားရင် လူတော်တစ်ယောက်ဖြစ် လာနိုင်တာပဲ၊ မဟုတ်ဘူးလား လုံး'

'ဟုတ်ပါတယ်ဦး'

နှစ်ယောက်သား စကားလက်ဆုံကျရင်း ရှေးဖြစ် နောက် ကြောင်းများ ပြောကြဆိုကြသည်။ အချိန်ကုန်၍ မိုးချု လာသောအခါ နှစ်ယောက်သား အိပ်စက်ကြလေသည်။

ညသည် အေးချမ်း တိတ်ဆိတ်စွာ အိပ်ပျော်နေသော်လည် အတွေးဖြင့် အိပ်မပျော်နိုင်သူက လုံးဖြစ်သည်။

လုံး၏ အမြင်အာရုံ၌ အဖေ့ကို ရက်စက်စွာ သတ်သွား သော ဝက်စုံနက်များနှင့် လူတစ်ချို့ကို မြင်ယောင်နေမိလ သတည်း။



လျှို့လုံး ဖျတ်ခနဲ နိုးထလာသောအခါ နံနက်အရုဏ်ဦးနှင့် အတူ တောကြက်တွန်သံကို ကြားလိုက်ရ၏။

'လုံး နိုးပြီလား ကွ'

'ဟုတ်ကဲ့ဦး'

'ဒီမှာ တော့ အားလုံး အစဉ်သင့်ဖြစ်နေပြီ မျက်နှာသစ်ပြီး ရင် လာနဲ့၊ တို့နှစ်ယောက် ပျော်ပျော်ရွှင်ရွှင် မနက်စာစား ကြတာပေါ့'

လုံး ခေါင်းညိတ်ပြ ပိုက်ပြီး မျက်နှာသစ်ရန် ထွက်သွား၏။

ကောင်းရှိ ဘယ်အချိန်က နိုးနေသည်မသိ။ ညကအတော် ကြီး ညဉ့်နက်မှ လုံးအိပ်မောကျသွားခဲ့သည်။ ထို့ကြောင့် လုံး အိပ်ရာထ နောက်ကျခြင်းဖြစ်သည်။

မျက်နှာသစ်၍ ပြီးသောအခါ ကောင်းရှိထံ ရောက်လာ၏။ ကောင်းရှိက အပြုံးဖြင့် ဆီးကြိုကာ ထိုင်ဟုပြောသည်။

ကောင်းရှိနှင့် မျက်နှာချင်းဆိုင်တွင် လုံး ထိုင်လိုက်သည်။ ပြီးနောက် ပူပူနွေးနွေး ပေါက်စီတစ်လုံးကို ကောက်ကိုင်ပြီး စားလိုက်သည်။

'ကောင်းရဲ့လားလုံး'

'ကောင်းပါတယ်'

'ငါ့လက်ရာလေ'

'ဦးက တစ်ယောက်ထဲလား၊ မိန်းမမရှိဘူးလား'

'မရှိဘူးကွ၊ မိန်းမဆိုတာကောင်းပါတယ်၊ ဒါပေမယ့် မယူ ဘဲ နေနိုင်ရင် ပိုကောင်းတယ်'

လုံးသည် ကောင်းရိ၏စကားကြောင့် အူကြောင်ကြောင် ဖြစ်၍ သွားလေသည်။

ကောင်းရိကမူ လုံးကိုကြည့်လျက် တဟက်ဟက်ဖြင့် ရယ်မောနေလေ၏။

ပြီးမှ....။

'မိန်းမအကြောင်းတွေ ပြောမနေစမ်းပါနဲ့ကွာ၊ ခုလောလောဆယ် အရေးကြီးတာက ဗိုက်ပြည့်နေဖို့ပဲ၊ ပြီးရင် မင်းကို စာသင်ပေးရမယ်၊ အဲဒါမကောင်းဘူးလား'

'သိပ်ကောင်းတာပေါ့ဦး'

ထို့နောက် နှစ်ယောက်သား စားသောက်ကြပြီး နောက် လုံးကို စာပေပညာများ သင်ကြားပို့ချပေး၏။

လုံးမှာ ကောင်းရိသင်ပြသော စာပေများကို တတ်ကျွမ်းနေသဖြင့် ကောင်းရိမှာ လုံးကိုကြည့်ပြီး အံ့ဩထိတ်လန့်၍ သွားလေ၏။

'မင်းက ငါသင်ပြတဲ့ စာပေတွေ တတ်နေပါလားကွ'

'ဟုတ်ကဲ့ဦး'

ကောင်းရိသည် လင်္ကာ၊ ကဗျာများနှင့် ဓမ္မတရားတော်များကို ဆလက်လက်သင်ကြားပြသသော အခါ၌လည်း လျှုလုံးမှာ တတ်ပြီးသားဖြစ်နေပြန်သဖြင့် ကောင်းရိမှာ လုံးကို လက်မြှောက်အရှုံးပေးရတော့မလို ဖြစ်၍နေတော့၏။

'ဟာ....မင်းဟာတော့ တကယ်ကို ပါရမီရှင် တစ်ယောက်လို ထူးကဲဆန်းပြားတဲ့ ကောင်လေးတစ်ကောင် ဖြစ်နေပြီ သိလား'



'ဦးသင်ပြတဲ့ စာပေတွေကို ကျွန်တော် အားလုံးသင်ပြီးပြီ ဦး၊ ကျွန်တော်မရသေးတဲ့ စာတွေကို ရွေးပြီးသင်ပေးပါဦး'

'အင်း မင်းကို အတွေးအခေါ် စာပေတွေကိုရွေးပြီး သင်ပေးမယ်၊ အဲဒါတွေလဲ မင်းတတ်နေရင်တော့ ငါလဲ လုံးဝမတတ်နိုင်တော့ဘူး'

ကောင်းရိသည် အတွေးအခေါ် စာပေများကို ဆက်လက်သင်ပြပေးရာ လျှုလုံးမသင်ကြားခဲ့ဘူးသော 'စာပေအတော်များများ ပါရှိသာသဖြင့် လုံးမှာ လွန်စွာ ဝမ်းမြောက်ဝမ်းသာဖြစ်ရလေ၏။

'ဦးသင်ပေးတာ သိပ်ကောင်းတယ်'

'မင်းကို သင်တာသင်နေရတယ်၊ စိတ်ထဲ တထင့်ထင့်နဲ့ပဲ'

'ဘာဖြစ်လို့လဲဦး'

'ဒီစာတွေကို မင်းတတ်နေမလားလို့ပေါ့ကွာ'

'ဟား....ဟား....ဟား'

'နှစ်ယောက် သား သဘော ကျ စွာ ရယ်မောလိုက်ကြလေ၏။

❖❖ ❖❖ ❖❖

ဤသို့ဖြင့် လျှုလုံးသည် ကောင်းရှိထံ၌ စာပေပညာများကို သင်ယူခဲ့ရာ ခြောက်လခန့်ကြာသော နေ့တစ်နေ့၌ လုံးသည် ဆရာကောင်းရှိအား ကန်တော့၍ ကောင်းဂေဟာသို့ ခေါ်တွာပြန်ရန် ခွင့်တောင်းလေ၏။

ထိုအခါ ဆရာကောင်းရှိက....။

'လုံး၊ မင်းဟာ အင်မတန်တော်တဲ့ ကလေးတစ်ယောက်ပဲ၊ စာပေပညာလဲ စုံသွားပြီ၊ ဆယ်နှစ်လောက်ဖတ်ရမယ့် စာအုပ်တွေကိုလဲ မင်း ခြောက်လထဲနဲ့ ပြီးဆုံးအောင် ဖတ်ခဲ့ပြီးပြီ၊ အဲဒီတော့ မင်းအနေနဲ့ ကောင်းဂေဟာကို သွားပြီလို့ ပြန်လာချင်ရင်လဲ လာခဲ့၊ မလာချင်ရင်လဲ နေနိုင်တယ်၊ အဲဒါက မင်းရဲ့ ဆုံးဖြတ်ချက်ပဲ'

လျှုလုံးသည် ခဏမျှ စဉ်းစားနေပြီး နောက် ချက်ခြင်းပင် ဆရာကောင်းရှိအား အဖြေပေးလိုက်လေ၏။

'ဟုတ်ကဲ့ဆရာ၊ ကျွန်တော် ကောင်းဂေဟာကို ရောက်ရင် စဉ်းစားပါဦးမယ်၊ စဉ်းစားပြီးမှ ဆုံးဖြတ်တာဟာ အကောင်းဆုံးပါပဲ၊ ကျွန်တော့်ကို ခွင့်ပြုပါဦးဆရာ'

'ကောင်းပါပြီ၊ ငါ့တပည့် မင်းလမ်းမှာ စားဖို့ ငွေစတွေ ဆရာပေးလိုက်မယ်'

'မပေးပါနဲ့ ဆရာ၊ ကျွန်တော် ကသာ ဆရာ့ကို ပေးရမှာပါ'

'ဘယ်ဟုတ်မလဲကွာ၊ မင်း လမ်းမှာ အခက်အခဲ တွေ့နေမှာပေါ့'

'မတွေ့နိုင်ပါဘူးဆရာ'



'ဘာဖြစ်လို့လဲ၊ ဆိုစမ်းပါဦး၊ မင်းစကားကလဲ အဆန်းပဲ'

'ကျွန်တော် လမ်းမှာ အခက်အခဲတွေ့ရင် ပုံဆွဲပြီး စားမှာပေါ့ဆရာ၊ ပုံဆွဲလို့ မရရင် ကဗျာ့လင်္ကာတွေ ဖတ်ဆိုပြီး ငွေရှာအောင်ရှာမှာပေါ့ဆရာ၊ ကျွန်တော့် အတွက် မပူပါနဲ့ ဆရာ၊ ကျွန်တော် လုပ်စားတတ်ပါတယ်'

ကောင်းရှိသည် ရဲရင့်ပြတ်သားသော လျှုလုံး၏ စကားကို ကြားလိုက်ရသောအခါ ကြက်သီးမွေးညှင်းများပင် ထသွားလောက်အောင် အံ့သြ၍သွားလေ၏။

'မင်းသတ္တိကို ငါသိပ်ကြိုက်သွားပြီ၊ လုံး၊ ငါလဲ မင်းအသက်လောက်တုန်းက မင်းလိုပဲ ကဗျာ လင်္ကာတွေ ရွတ်ဆိုပြီး၊ သိုင်းပညာနဲ့ စာပေ ပညာကို ဆည်းပူးခဲ့ဖူးတယ်၊ မင်းစိတ်ဓာတ်ဟာ တစ်နေ့လူဖြစ်မယ့် စိတ်ဓာတ်မျိုးပဲ၊ ကောင်းပေါ့ လေ ကွာ၊ ကိုင်း....ကိုင်း....ငါ့တပည့်ကြီး သွားနိုင်ပါပြီကွာ'

ကောင်းရှိကို အရိုအသေပေးပြီး လျှုလုံး ထွက်လာခဲ့လေသတည်း။

❖❖ ❖❖ ❖❖

လ

ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်ဆန်းနှင့် တွေ့ဆုံခြင်း

❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖

လူ့ဘဝဆိုသည်မှာ အပြောင်းအလဲ မြန်လှသည်။ ကောင်းဂေဟာသည် ကောင်း သားအဖ နှစ်ယောက်ကို ကောင်းစွာ အကျိုးပြုခဲ့ပြီးနောက်၊ ယခုတစ်ဖန်၌မူ ကောင်းစွာ အဆိုးပြုခဲ့ပြန်ချေသတည်း။

လျှိုလုံး ကောင်းဂေဟာသို့ ရောက်သော် ကောင်းဂေဟာကို ကောင်းစွာပင် မမှတ်မိဘဲ ဖြစ်နေရတော့၏။

အဘယ့်ကြောင့်ဆိုသော် ကောင်းဂေဟာသည်ပြာပုံအောက်၌ ပြားပြားမှောက်ခဲ့သောကြောင့် ဖြစ်ပေသည်။

ဘာဘာနှင့် အစ်မလေးထွားကိုလည်း လျှိုလုံး မမြင်မိ၊ သူတို့တွေ ဘယ်လို ဖြစ်ကုန်မှန်းပင် မသိတော့။

အိမ်နီးနားချင်းများကို မေးကြည့်သောအခါ အိမ်နီးနားချင်းမှ လိမ့်ထုံးဆိုသော ပုဂ္ဂိုလ်၏ ပြောပြချက် အရ ဂေဟာကိုဓားပြများရောက်လာ၍မီးရှို့ဖျက်ဆီးပြီး ကျောက်ကြည့်ကို သတ်သွားကြောင်း၊ ပြီးတော့ အစ်မလေး ထွားနှုန်းစီးကို ဖမ်းခေါ်သွားကြောင်း ပြောပြသည်။ ၏။

လျှိုလုံးသည် ကြားရသော သတင်းဆိုးကြောင့် စိတ်ထိခိုက်မှုများစွာ ခံစားရလေ၏။

"တောက် ဒီဓားပြတွေကို ကျွန်တော် တစ်နေ့ ခြေမှုန်းပစ်မယ်၊ တွေ့မယ်…တွေ့မယ်"

လျှိုလုံးသည် အရူးတစ်ယောက်လိုအော်ဟစ်ပြီး ပြေးထွက်သွားလေ၏။

❖ ❖ ❖

လျှိုလုံးသည် မည်မျှကြာအောင် ပြေးနေမှန်း မသိ။ သူ့ခြေထောက်များသည် မြေပြင်နှင့် မထိပဲ လွင့်ပျံနေသည်ကို သူကိုယ်တိုင်လည်း သတိထားမိခြင်းမရှိပေ။

လမ်းသွား လမ်းလာများက ထိတ်လန့်တကြား အံ့သြစွာဖြင့် လုံးကို ဝိုင်းကြည့်နေကြသည်။

'တွေ့မယ်....တွေ့မယ်....ဟေ့'

ါးစပ်ကလည်း ကျယ်လောင်စူးရှစွာ အော်ဟစ်ရင်း ပြေး
၏။

ဟိုမှာ လူပျိုလေး....ဖယ်....ဖယ် သောက်ဖယ်ကြဟေ့'

လူများက သူ့ကို ရှောင်ကြရသည်။ လျှုလုံးကမူ မည်သူ့ကိုမှ မရှောင်ဘဲ ဦးတည်ရာမဲ့ လျှောက်ပြေးနေလေသည်။

ဘာကယ်တော့ လျှုလုံးသည် ကိုယ်ဖော့ သိုင်းပညာ ဖြင့် လေဟုန်စီး ပြေးလွှားနေခြင်းသာ ဖြစ်ပေ၏။

'ဟိတ်....ရပ်စမ်း'

လျှုလုံး၏ပြေးလမ်းတည့်တည့်မှ လူတစ်ယောက်ရပ်လာပြီ အမိန့်ပေးမှ လျှုလုံး တုံ့ခနဲရပ်တန့်သွားလေ၏။

'တစ်ယောက်ထည်း အော်ပြီး ပြေးနေတာ ...ရူးသွားကျ မင်းအသက် (၉)နှစ်နဲ့ (၆)လပြည့်သွားပြီမဟုတ်လား'

ထိုလူကြီး၏စကားကြောင့် လုံးအံ့သြတုန်လှုပ် သွားလေ၏
'ဟုတ်ကဲ့၊ ကျွန်တော် အသက် (၉)နှစ်နဲ့ (၆) လပြည့်သွား ပြီး ဘဘကြီးကဘယ်သူလဲ'

'ငါ...ဘယ်သူပဲဖြစ်ဖြစ် မင်းသိဖို့ မလိုသေးဘူး၊ သွား ဒါပေမယ့် အော်ပြီးမပြေးနဲ့၊ ဒီလိုစိတ်ဓာတ်မျိုးကို ငါမကြိ သေးဘူး၊ စိတ်ထိန်းနိုင်မှ မင်းနဲ့ငါတွေ့မယ်၊ သွား'



ထူးဆန်းသော ပုဂ္ဂိုလ်ကြီးသည် လက်ထဲမှ တောင်ဝှေးဖြင့် လုံးကိုထိုးလိုက်ပြီး ထွက်ခွာသွားလေ၏။

လျှုလုံးသည် ထိုထူးဆန်းသောအဖိုးကြီးကို တစ်ချက်ကြည့်လိုက်ပြီး တွေ့မယ် တွေ့မယ်ဟု အော်ဟစ်ပြီး လေဟုန်စီးကိုယ်ဖော့သိုင်းပညာဖြင့် လွှားခနဲ ပြေးထွက်သွားလေ၏။

လျှုလုံး၏ပြေးနှုန်းသည် အလွန် လျင်မြန်သော ပျံလွှားငှက်တစ်ကောင်ကဲ့သို့ပင် ရှိလေသည်။

'ဟိတ် ရပ်စမ်း'

လျှုလုံး၏ပြေးလမ်းတည့်တည့်ဆီမှ အရိပ်သဏ္ဍာန် တစ်ခုနှင့်အတူ အမိန့်ပေးသံကို ကြားလိုက်ရသဖြင့် အရှိန်ကို တန့်ပြီး လျှုလုံးရပ်လိုက်လေ၏။

'ဟာ....ဘဘကြီး'

'ဟုတ်တယ်....မင်း ငါ့စကားကို နားမထောင်လို့ မင်းဆီ လိုက်လာပြီး တားနေတာ မင်းကို ငါဘယ်နှစ်ခါ ပြောရမလဲ'

ထိုပုဂ္ဂိုလ်ကြီးမှာ စောစောက လုံးမြင်ခဲ့သောပုဂ္ဂိုလ်ကြီးပင် ဖြစ်နေသောကြောင့် လုံးမှာ တအံ့တသြဖြစ်၍ နေလေ၏။

'ဘဘကြီးက ကျွန်တော့်ရှေ့ကို ဘယ်လိုလုပ်ပြီးရောက်လာတာလဲ'

'ရောက်ချင်တဲ့နည်းနဲ့ရောက်တာပေါ့ကွ၊ ဒါမင်းအလုပ်လား၊ မင်းအလုပ်က ဒါမဟုတ်ဘူး၊ မပြေးနဲ့၊ မအော်နဲ့၊ ဒေါသမကြီးနဲ့၊ စိတ်ကိုထိန်း၊ မင်းအသက် (၁၀) နှစ်ပြည့်ရင် မင်းကို ငါပညာသင်ပေးမယ်ကြားလားလုံး'

'ဗျာ....ဘာ'

လုံး အံ့ဩသွားသည်။

မိမိနာမည်ကို သိနေသောကြောင့်ဖြစ်သည်။

'ငါပြောသံကြားလားလုံး'

'ဟုတ်...ဟုတ်ကဲ့ကြားပါတယ်'

'ကြားရင်သွားတော့'

တောင်ဓေ့းနှင့်ထိုးလှတ်သော်လည်း တောင့်ခံကာ မသွားဘဲ နေသော လုံးကိုကြည့်၍....။

'သွားလေ....ဘာရပ်လုပ်နေတာလဲ'

'ဘဘနာမည်သိချင်လို့'

'ငါမပြောဘူး'

'ဘဘဆီက ပညာသင်ချင်လို့'

'မသင်ပေးနိုင်သေး၊ မင်းအသက် (၁၀)နှစ်ပြည့်မှ ငါသင်ပေးမယ်'

'ဘဘက ဘယ်မှာနေတာလဲ'

'မသိဘူး'

'ဘဘနေတဲ့နေရာမှမသိဘဲ ကျွန်တော်က ဘယ်လို လာရမှာလဲ၊ ကျွန်တော့်အသက်က (၁၀)နှစ် ပြည့်တော့မယ်'

'ငါအကုန်လုံးသိတယ်၊ မင်းအသက် (၁၀) နှစ်ပြည့်တဲ့နေ့ ငါ မင်းဆီရောက်လာခဲ့မယ်'

'ကျွန်တော်နေတဲ့နေရာကို ဘဘသိလို့လား'

'ဟေ့ကောင် လျှာမရှည်နဲ့၊ ဒီလောကမှာ ငါမသိတာဘာမှမရှိဘူး၊ မင်းအဖေလျှို အသတ်ခံရတယ်၊ မင်းအမေ မတရား



အသိမ်းပိုက်ခံသွားရတယ်၊ မင်းကိုကောင်းရှူးကမွေးစားတယ်၊ ပြီးတော့ မင်း ကုအုဆီသိုင်းပညာသင်တယ်၊ နောက် ကောင်းရှိဆီမှာ စာပေပညာသင်တယ်၊ ကိုင်း မင်း ဘာသိချင်သေးလဲ'

'ဟာ....ဘာ'

'အေး....ငါအကုန်သိတယ်လို့ပြောပြီးပြီ သွားတော့'

လျှိုလုံးသည် အလွန်အံ့ဩကာ အံ့ဩဖွယ် ကောင်းသော လူထူးလူဆန်းကြီးကို အလွန်အံ့ဩခြင်းနှင့်အတူ အထင်ကြီး၍ သွားလေ၏။

'ဘဘ....ဘဘ'

လျှိုလုံးသည် ထိုထူးဆန်းသော ပုဂ္ဂိုလ်ကြီး၏ ခြေသလုံးကို ဖက်၍....။

'ဘဘ ကျွန်တော့်ကိုပညာသင်ပေးပါ ဘဘရယ်'

ဟု တောင်းပန်ကန်တော့ပြီး ပညာကိုတောင်းခံလိုက်၏။

'သွားစမ်းကွာ'

ထိုထူးဆန်းသော ပုဂ္ဂိုလ်ကြီးသည် လျှိုလုံးကိုကန်ကြောက်ပစ်လိုက်ပြီး နေရာမှ ထွက်ခွာသွားလေ၏။

လျှိုလုံးမှာ ထိုထူးဆန်းသော ပုဂ္ဂိုလ်ကြီး ကန်ကြောက်လိုက်သောကြောင့် ဝါးနှစ်ရိုက်ခန့်လွင့်စဉ်သွားလေ၏။

ထူးဆန်းသည်မှာ မနာကျင်ဘဲ ကန်ကြောက် လိုက်သော ထိုပုဂ္ဂိုလ်ကြီး၏ ကန်အားမှာ လွန်စွာ ထူး ဆန်း ၍ နေပေ၏။

'ဟာ....ဘဘကြီး မရှိတော့ဘူး၊ ဘယ် ပျောက် သွားပါလိမ့်'

ထူးဆန်းသော ပုဂ္ဂိုလ်ကြီးကို လုံးကြည့်လိုက်ရာ မတွေ့လိုက်တော့ချေ။

စင်စစ် ထိုပုဂ္ဂိုလ်ထူးကြီးကား....။

'နတ်တောင်တွဲရှင် သိုင်းသမားကြီးပေတကား။

◆◆ ◆◆ ◆◆

မသမာသူနှင့် သမာသူ

◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆

ကောင်းရိထွား။

သူမသည် မုဆိုးမကြီး ကုအုထံ ရောက်ရှိနေသည်မှာ (၃) လခန့်ရှိပေပြီ။

ကောင်းရှူး သေဆုံးသွားပြီးနောက် သူမသည် ခါးပြတို့ အဖမ်းအဆီးကို ခံခဲ့ရသည်။

ခါးပြများသည် အပျိုပေါက်ကလေး ဖြစ်နေသော ကောင်းရိထွားကို ဖျက်ဆီးရန် ကြိုးစားကြသည်။

ထိုစဉ် ခရီးသွားရင်း အောင်သံတစ်ခုကို ကြားလိုက် ရသောကြောင့် ကုအုသည် အောင်သံကြားရာ တောင်ကျွင်းသို့ ခုန်ဝင်လိုက်သည်။

အောင်ဟစ်အကူအညီတောင်းသူမှာ ကျောင်းယိုထွားပင် ဖြစ်ပေ၏။

ကုအုသည် ခေါ်ပြမျှားကို တိုက်ခိုက်ပြီး ကောင့်ရိုထွားကို ကယ်တင်ခဲ့လေသည်။

ဤသို့ ကယ်တင်ခဲ့ပြီးနောက်၌ ကောင်းရိုထွားမှာ မိမိ၏ မိတ်ဆွေကြီး ကျောင်းရှုး၏ သမီးဖြစ်နေကြောင်း သိခဲ့ရလေ၏။ ကောင်းရိုထွားက အဖြစ်စုံကို ကုအုအား ပြောပြခဲ့လေ၏။ ယခုဆိုလျှင် ကောင်းရိုထွားမှာကုအုထံ ရောက်ရှိခဲ့ရာ (၃) လပင် ရှိခဲ့ချေပြီ၊ ကုအုသည် ထွားအား သိုင်းပညာများကိုကောင်းစွာ သင်ကြားပေးခဲ့လေ၏။

'သမီးလေးထွား ဆရာမကြီးနဲ့ အကူနေပြီး သိုင်းပညာတတ်အောင်သင်၊ သမီး မောင်လေး လုံးလဲ ဆရာမကြီး ဆီမှာပဲ သိုင်းပညာတွေ သင်ခဲ့တယ်၊ ခု ဒီကောင်လေး ဘယ်မှာ ရောက်နေတယ် မသိဘူး'

'သမီးလဲ လုံးနဲ့ တွေ့ချင် တယ်၊ သူ့ သတင်း ဘယ်မှာမှ စုံစမ်းလို့ မရဘူး'

တစ်နေ့တော့ ပြန်ဆုံမှာပေါ့ သမီးရယ်'

ထွားသည် လုံးကို အစဉ်သဖြင့် သတိရလျက်ရှိပေ၏။

ထိုနေ့က မှတ်မှတ်ရရပင် လုံးကို သတိရနေသဖြင့် တောင်အောက်သို့ဆင်းပြီး မြို့စွန်ရှိဈေးတစ်ဈေးသို့ ထွားရောက်ခဲ့လေသည်။

သူ့ရည်ရွယ်ချက်မှာ လုံးကို တွေ့လို တွေ့ငြား လာရောက်ရှာဖွေစုံစမ်းခြင်းဖြစ်ပေသည်။



ဈေးတွင်း၌ ခေါက်တုံ့ခေါက်ပြန် လျှောက်ရင်း လုံးကို ရှာဖွေရာ မတွေ့ဘဲ ဖြစ်နေစဉ် လူတစ်ယောက် ရောက်လာပြီး ထွားအား....။

'ညီမလေး ဘယ်သူ့ကို လိုက်ရှာနေတာလဲ'

ထွားသည် ထိုလူရွယ်အား မသိပေ။ ဝတ်စုံစိမ်းကို ဝတ်ဆင်ထားသော ထိုလူရွယ်သည် ဓားဝင်ရိုးတစ်လက်ကို ပခုံး၌ စလွယ်သိုင်း၍ ဆောင်ထားလေ၏။

ထိုလူရွယ်အသက်မှာ (၂၀) ကျော်ခန့် ရှိပေ၏။ ရုပ်ရည်အားဖြင့် သိပ်မချောသော်လည်း သိပ်လည်း အရုပ် မဆိုးပေ။ သိုင်းသမားတစ်ယောက်ဟု ထွား ခန့်မှန်းမိသည်။

'ကျွန်မ မောင်လေးကို လိုက်ရှာနေတာ'

'မောင်လေးနာမည်က ဘယ်လိုခေါ်လဲ'

'လျှုလုံး'

'မကြားဖူးဘူး၊ အစ်ကိုလဲ ညီမလေးနဲ့အတူ လိုက်ရှာပေးမယ်လေ'

'ရပါတယ်၊ ကျွန်မတစ်ယောက်တည်းပဲ ရှာပါ့မယ်'

'ဘာဖြစ်လို့လဲ၊ အစ်ကို့ကို မယုံလို့လား'

ထွား သူ့ကို အကဲခတ်ကြည့်လိုက်သည်။ လူဆိုးလား၊ လူကောင်းလား ထွား မဝေခွဲတတ်ပေ။

'အစ်ကို့နာမည်ကတောင်တန်းလို့ခေါ်တယ်၊ ညီမလေးနာမည်ကရော ဘယ်လိုခေါ်သလဲ'

ထွားသည် ပြောသင့်မပြောသင့် စဉ်းစားနေလေသည်။

နောက်ဆုံး၌ မပြောဘဲ ထွားသည် ချာခနဲ လှည့်ထွက်သွားလေ၏။

လူပြတ်သောနေရာသို့ ရောက်သော် ထွားနောက်သို့ လှည့်ကြည့်လိုက်၏။

တင်တန်းဆိုသော လူရွယ်နှစ်အတူလူ (၆) ယောက်ခန့် ပြေးလာသည်ကို တွေ့လိုက်ရသဖြင့် ထွားမှာ ရပ်ဖို့၍ သွားလေ၏။

'ညီမလေး'

တင်တန်းသည် ရုတ်တရက် အနားသို့ရောက်လာပြီး ထွား၏လက်ကို ပိုင်စိုးပိုင်နင်း ဆုပ်ကိုင်လိုက်လေ၏။

'လွှတ်...ကျွန်မလက်ကို ဘာလို့ကိုင်ရတာလဲ'

'ညီမလေးကို စကားပြောချင်လို့'

'ဟင့်အင်း...နားမထောင်ချင်ဘူး။ ကျွန်မလက်ကို လွှတ်ပါ၊ ကျွန်မလမ်း ကျွန်မ သွားပါရစေ'

'ညီလေးတင်တန်း၊ သူ့ကို မင်း သိပ်အလိုရှိနေတယ်ဆိုရင် အတင်းမ ခေါ်ခဲ့၊ မင်းအတွက် ဒါအကောင်းဆုံးပဲ'

တင်တန်းနှင့် အတူပါလာသော အဖော်က ပြောလိုက်သည်။

'ကဲ...ကြားတယ်မဟုတ်လား၊ လာလိုက်ခဲ့'

'ဝှစ်'

'ဒုတ်'

'အား'

ထိုစဉ် အတင်းဆွဲ၍ ထွားကို ပခုံးပေါ်သို့ ဆွဲခနဲထမ်းတင်လိုက်ချိန်မှာပင် အလင်းတန်းတစ်ခုသည် ဝှစ်ခနဲ အောင်မြည်



လျက် တင်တန်း၏ နဖူးပြင်ကို ပြင်းထန်စွာ ယိခတ်သွားလေ၏။

တင်တန်းသည် ထူးဆန်းသော လက်နက်ဆန်း ထိမှန်သောဒဏ်ရာဖြင့် လဲကျမှေးမြောသွားလေ၏။

'ဟိတ်...ဘယ်သူလဲကွ၊ သတ္တိရှိရင် ငါတို့နဲ့ ရင်ဆိုင်တွေ့အောင်လိုက်ပါ၊ ခိုးကြောင်ခိုးဝှက် တိုက်ခိုက်နေတာ သူရဲဘောကြောင်တဲ့လူတွေရဲ့ အလုပ်ပဲ'

'ဝှစ်....ဝှစ်....ဝှစ်'

'ဒုတ်....ဒုတ်....ဒုတ်'

'အား....အား....အား'

တင်တန်း၏ အဖော်တစ်ယောက်က အော်မပြောလိုက်စဉ်မှာပင် အလင်းတန်းလေးခုက ရုတ်တရက်ထွက်ပေါ်လာပြီး ထိုလူတို့ကို တိုက်ခိုက်သွားလေ၏။

တင်တန်း၏ အဖော်လေးယောက်တို့မှာ လက်နက်ဖုန်းများ ထိမှန်ကာ လဲကျမေ့မြောသွားလေ၏။

'ဟား....ဟား....ဟား'

ချုံကွယ်တစ်နေရာမှ ရယ်မောသံတစ်ခု ထွက်ပေါ်လာသောကြောင့် ထွားသည် လွန်စွာ ထိတ်လန့်ကြောက်ရွံ့၍ သွားလေ၏။

'ဟိတ်...ကလေးမ သွားလေ၊ ဘာလုပ်နေတာလဲ၊ ကိုယ့်လမ်းကိုယ်ခရီး သွားပါတော့လား၊ အမိန့်သံက ချုံအကွယ်မှ ထွက်ပေါ်လာသော်လည်း လူရိပ်လူယောင်ကိုကား မတွေ့မြင်ရပေ။

ကောင်းရိုထွားသည် ရုတ်တရက် သတိဝင်လာတော့ လာရာ လမ်းအတိုင်း ပြေးထွက်သွားလေ၏။

ထွားထွက်ခွာသွားပြီး မကြာမီမှာပင် ချုံအကွယ်မှ လူတစ်ယောက် ထွက်လာသည်။ ရင်းပုဂ္ဂိုလ်ကြီးကား နတ်တောင်ဝေးရှင် သိုင်းသမားကြီးပင် ဖြစ်ပေသတည်း။

◆◆ ◆◆ ◆◆

မြန်လည်ဆုံဆည်းခြင်း

◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆

လိုးဘည် ကြုံရာနေ ကြုံရာစားဘဝဖြင့် ရပ်တည်ခဲ့ရာ ရက်ပေါင်း (၂၀) ပင် ပြည့်တော့မည်။

ဆရာကြီးကောင်းရိုထံလည်း မရောက်ဖြစ်။

ထူးဆန်းသောပုဂ္ဂိုလ်ကြီး ဘယ်နေမှန်းလည်း သူမသိ၊ တွေ့လိုတွေ့ငြား သွားရင်းလာရင်း ရှာဖွေကြည့်သော်လည်း ဘယ်မှာမှမတွေ့။

တစ်ခါတစ်ရံ အစ်မလေးထွားကို သတိရသော်လည်း သူမကို ဘယ်မှာလိုက်ရှာ ရမှန်း မသိ။

လိုးအတွက် စားရေးသောက်ရေးမှာ မပူရပေ။ အဘယ်ကြောင့်ဆိုသော် လိုးသည် တဗျာလက်သိဆိုခြင်းဖြင့် လည်း

ကောင်း၊ ရုပ်ပုံတူများ ဆွဲပေးခြင်းဖြင့်လည်းကောင်း ရရှိအပ်သော ငွေစတို့ဖြင့် စားသောက်နိုင်ခဲ့သည်။

အိပ်စက်သောအခါ ကျောင်းပျက်၊ ဇရပ်ပျက်တွေရှိနေသမျှ လုံးအဘုက် မခက်ခဲပေ။ ကြုံရာဇရပ်ပျက်၊ ကြုံရာကျောင်းပျက်တို့၌ အိပ်ခဲ့သည်ချည်း ဖြစ်၏။

ထိုနေ့က လုံးသည် ရှင်ထီးမြို့သို့ ရောက်ခဲ့သဖြင့် ရှင်ထီးဈေးအတွင်း၌ ရုပ်ပုံတူများ ရေးဆွဲပေး၍ ငွေစအနည်းငယ်ရသည်။ ကဗျာလင်္ကာတစ်ပုဒ် သီဆိုပြသဖြင့် ငွေစအနည်းငယ် ရပြန်၏။

ထိုငွေစနှစ်ရပ်ဖြင့် စားသောက်ဆိုင်တစ်ခုသို့သွား၍ ကောင်းစွာ စားသောက်နိုင်ခဲ့သည်။

ငွေပိုငွေလျှံ ကျန်နေသေးသဖြင့် ထိုနေ့အဖို့ စောစောပင် ဇရပ်သို့သွား၍ အနားယူနိုင်ခဲ့သည်။

လုံး ဇရပ်သို့ရောက်ပြီး မကြာမီ....။

ပြဿနာတစ်ရပ် ပေါ်ပေါက်လာခဲ့၏။ ၎င်းပြဿနာမှာ တစ်ချိန်လုံးလုံးကို မျက်ခြည်ပြတ်မခံဘဲ နောက်ယောင်ခံလိုက်လာကြသော လေလွင့်အုပ်စုမှ လက်ထောက်ခေါင်းဆောင်တစ်ဦးဖြစ်သော 'ချီတောင်း' တို့အုပ်စုကြောင့်ဖြစ်၏။

လုံးသည် ထိုပြဿနာကို ကြိုတင်တွက်ဆထားပုံရ၏။ ဇရပ်ပေါ်သို့တက်ပြီး ပြင်ဆင်မှုတွေဖြင့် ချီတောင်းတို့အဖွဲ့ကို စောင့်ကြိုနေခဲ့လေ၏။

ချီတောင်းတို့အဖွဲ့သည် ဇရပ်ပေါ်သို့ တက်လာပြီး လုံးကို အနိုင်ကျင့်ရန် ကြိုးစားကြ၏။



'မင်းရဲ့ ပုံဆွဲခနဲ့ သီချင်းဆိုခ ဘယ်လောက်ရလဲ၊ မင်းရတဲ့ ငွေစတွေ တို့ကိုပေးစမ်း'

ချီတောင်းကို တစ်ချက်ကြည့်လိုက်ပြီး....။

'ဦးတို့က ကျွန်တော့်ဆီကငွေစကိုယူပြီး ဘာလုပ်ကြမလို့လဲ'

'ငါတို့ ဘာလုပ်လုပ်ပေါ့ကွ'

'ကျွန်တော် မပေးနိုင်ဘူးဗျာ၊ မနက်ဖြန် အစခြအနေမပေးရင် အဲဒီငွေစနဲ့ ကျွန်တော် တစ်ခုခုဝယ်စားရမှာ'

'ဟား...ဟား....ဟား....မင်း တကယ်မပေးဘူးလား'

'ကျွန်တော် မပေးနိုင်လို့ပါခင်ဗျာ'

'ဒီလိုဆိုရင်တော့ မင်းကိုသတ်ပြီး ငွေစတွေရအောင်ယူရမယ်'

ချီတောင်းသည် ပြောပြောဆိုဆိုဖြင့် လုံးကို တအား ပိတ်ကန်လိုက်လေ၏။

လုံးသည် မရှောင်တိမ်းဘဲ ချီတောင်းကို စိုက်ကြည့်နေ၏။

ချီတောင်း၏ခြေထောက်သည် လုံးဆီသို့မရောက်ဘဲ လမ်း၌ တန့်ခနဲရပ်၍သွားကာ ဝုန်းခနဲပစ်လဲကျသွားလေ၏။

'ဆရာကြီးကောင်း....ဘာဖြစ်တာလဲ'

လေလွင့်အဖွဲ့သားများက ချီတောင်းကိုကြည့်ပြီး အံ့ဩထိတ်လန့်၍သွားပေ၏။

ချီတောင်း၏ နဖူးတည့်တည့်မှ သွေးများ စီးကျနေသည်ကို တွေ့ရ၏။

'ဟိတ် ကောင်လေး....မင်း တို့ဆရာကို ဘာလုပ်လိုက်တာလဲ'

လေလွင့်တစ်ယောက်က လုံးကိုမေးလိုက်သည်။ လုံးကခေါင်းကို ရမ်းခါလိုက်ပြီး....။

'ကျွန်တော် ဘာမှမလုပ်ပါဘူး၊ သူ့ဘာသာလဲကျသွားတာပါ'

'မဖြစ်နိုင်ဘူး၊ ဆရာကြီးကောင်းကို မင်း တစ်ခုခုလုပ်လိုက်တာနဲ့တူတယ်'

'ဦးက ကျွန်တော်လုပ်တာကို မြင်လို့လား'

'မမြင်ဘူး၊ ဒါပေမယ့် မင်းလုပ်တာပဲဖြစ်ရမယ်'

'ငါလုပ်တာပါကွ...ဟား...ဟား...ဟား'

ထိုစဉ် အရိပ်သဏ္ဌာန်တစ်ခုသည် ရုန်းခနဲ ဇရပ်အတွင်းသို့ ကျရောက်လာပြီး ပြောဆိုရယ်မောလိုက်လေ၏။

ထိုအရိပ်သဏ္ဌာန်ရှင်မှာ ကောင်းရိပင်ဖြစ်လေ၏။

'ဆရာကြီး'

'လုံး ငါ မင်းဆီလာတာ'

လုံးသည် ဝမ်းသာအယ်လဲဖြင့် ဆရာကြီးကောင်းရိကို လက်နှစ်ဘက်ဆုပ်ပြီး အရိုအသေပေးလိုက်လေ၏။

ပြီးမှ လုံးက....။

'ဆရာကြီး သူ့နဖူးကွဲအောင် ဘာနဲ့ပစ်လိုက်တာလဲ'

ဟု မေးလိုက်၏။

'အလောင်းခြောက်ကောင်ရဲ့ လက်ဆွန်းရိုးနဲ့ ပေါက်ထည့်လိုက်တာလေ၊ လေလွင့်ချီးတောင်းတော့ မလွယ်ဘူး၊ နောက်တစ်လဆိုရင် ရူးသွားလိမ့်မယ်...ဟား...ဟား...ဟား'

ချီးတောင်းအပြည့်များသည် ကောင်းရိကိုကြောက်ရွံ့သွားပြီး နောက်သို့ဆုတ်သွားကြလေ၏။

လုံးသည် ဇရပ်အပြင်ဘက်ကို လှမ်းကြည့်လိုက်သည်။



သုသာန်တစ်ခုပြင်သည် တိတ်ဆိတ်ငြိမ်သက်လျက်ရှိလေ၏။

'ဆရာကြီး...အလောင်းဖော်ပြီး လူ့ရိုးလက်ဆွန်းကို ချိုးယူခဲ့တာလား'

လုံးက မေးလိုက်သည်။

'ဒါပဲပေါ့'

ကောင်းရိက ပြုံး၍ပြောလိုက်သည်။ ပြီးမှ လေလွင့်အုပ်စုဘက်သို့လှည့်၍....။

'ဟေ့ ကောင်တွေ...မင်းတို့ဆရာကြီးကို ထမ်းပြီး ထွက်သွားကြတော့'

လေလွင့်များသည် ချီးတောင်းကိုထမ်းပြီး ဇရပ်ပေါ်မှ ဆင်းသွားကြလေ၏။

လေလွင့်သိုင်းသမားများ ဇရပ်ပေါ်မှ ဆင်းသွားပြီးနောက် လုံးက ကောင်းရိကို မေးလိုက်၏။

'ဆရာကြီးက လေလွင့်သိုင်းသမားခေါင်းဆောင် ချီးတောင်းကိုသိလို့လား'

'သိတာပေါ့၊ သိုင်းလောကက လူတွေအားလုံးကို ငါသိတာပေါ့ကွ'

ပြောပြီး ကောင်းရိသည် ဇရပ် ကြမ်းပြင် ပေါ်၌ ထိုင်ချလိုက်လေ၏။

'မင်း သတင်း စုံစမ်းလိုက်ရတာကွာ၊ ငါ့အစ်ကိုလဲသေပြီ၊ ငါ့တူမလေးလဲ လူဆိုးဓားပြတွေဖမ်းသွားတယ်လို့ သတင်းရတယ်၊ အဲဒီသတင်းနောက်ကိုလိုက်ရင်း မင်းကိုလဲ ရှာရင်းနဲ့ ရှင်ထိုမြို့ကို ငါရောက်လာခဲ့တာပဲလုံး'

'ဆရာကြီးကို ကျွန်တော်တစ်ခုမေးပါရစေ'

'မေးပေါ့ကွာ....'

'ဆရာကြီးထက် အသက်တော့ကြီးလိမ့်မယ်၊ သက်န်းရောင် ဝတ်စုံနဲ့တောင်ဝှေးကိုင်ထားတဲ့ အဘိုးအိုတစ်ယောက်ကို ကျွန်တော် တွေ့ခဲ့တယ်၊ အဲဒီပုဂ္ဂိုလ်ကြီးအ သိပ်ကို ထူးဆန်းတာပဲ၊ အဲဒါ ဆရာကြီးများသိမလားလို့'

လု ံးစကားအဆုံးတွင် ကျော်ရိရှ မျက်မှောင်ကြုတ်၍ စဉ်းစားသည်။

'မနေ့ဦး....သူ့ အသားက ရွှေဝါရောင်အသားလို တောက်ပြီး စိုစိုပြန်းရွှန်းနဲ့ပုဂ္ဂိုလ်ကြီးလား'

'ဟုတ်တယ် ဟုတ်တယ်'

'နေဦး မုတ်ဆိတ်ဖြူဖြူနဲ့ မဟုတ်လား'

'ဟုတ်တယ်...ဟုတ်တယ်'

လု ံးမှာ တက်တက်ကြွကြွဖြစ်၍ နေလေ၏။

'ဟာ....အဲပုပုဂ္ဂိုလ်ကြီးက လူထူးလူဆန်းကြီးပဲ၊ သိုင်းပညာလဲ ပြိုင်တယ်ကင်းအောင် တတ်တယ်၊ သိုင်းလောကမှာတော့ ကောရာင်တစ်ဆူပဲ၊ မင်းက သူနဲ့တွေ့တယ်ဆိုတော့ မင်းလောက်ကံထူးတဲ့လူဟာ မင်းပဲရှိတော့တယ်'

'အဲဒီပုဂ္ဂိုလ်ကြီးက ဘယ်သူလဲဆရာကြီး'

'နတ်တောင်ဝှေးရှင် သမားကြီး လူ ံယင် ဆိုတာ သူပေါ့၊ သိုင်းလောကမှာပျောက်နေတာ သိပ်ကိုကြာသွားပြီ'

'အဲဒီ ဆရာထူး ဆရာဆန်းကြီးက ကျွန်တော့်ကို အသက် (၁၀)နှစ်ပြည့်ရင် လာခေါ်မယ်တဲ့'



'ဟော....တာကွ၊ မင်းကိုလာခေါ်မယ်ဟုတ်လား'

'ဟုတ်တယ်....ဆရာကြီး'

'ဒါဖြင့် မင်းပိုပြီး ကံထူးသွားပြန်ပြီလု ံး၊ လာခေါ်ရင် လိုက်သာသွား၊ မင်းအတွက် ထူးဆန်းတဲ့ ပညာရပ်တွေရမယ်၊ ငါလဲ အဲဒီဆရာကြီးကို တစ်ခါပဲမြင်ဘူးတယ်၊ သူ့ဆီက ပညာတောင်းတာမရဘူး၊ ငါပညာ ဘယ်သူ့ကိုမှ မပေးဘူးဆိုခဲ့တဲ့ ဆရာကြီးက ထူးထူးဆန်းဆန်း မင်းကို ပညာ ပေးမလို့နဲ့ တူတယ်'

လု ံးသည် လွန်စွာ ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားလေ၏။

'အဲဒီဆရာကြီးဆီကပညာရရင် သိပ်ကောင်းမှာပဲ'

'သူပေးမယ်ဆိုရင် မင်းတကယ်ရမှာပေါ့၊ အေးတစ်ခုတော့ ရှိတယ်၊ အဲဒီပုဂ္ဂိုလ်ကြီးက မီးတောင်ထဲဝင်ပြီးတရားထိုင်တယ်လို့ သတင်းကြားတယ်၊ မင်း အဲဒီလို တရားထိုင်နိုင်ပါ့မလား'

'ဟာ....ဆရာကြီးကလဲ ဘယ်ထိုင်သို့ဖြစ်မလဲ၊ ကျွန်တော်တစ်ကိုယ်လုံးမီးလောင်သွားမှာပေါ့'

'အေး....ဒါတင်မကသေးဘူး၊ မြောက်ပိုင်းပြည်နယ်က ရေခဲပြင်မှာလဲ ရေခဲဂူအောင်းပြီး တရားထိုင်တယ်တဲ့၊ မင်းထိုင်နိုင်ပါ့မလား'

'ကျွန်တော် ဘယ်ထိုင်နိုင်မလဲ၊ ရေခဲစိမ်ထားတဲ့အလောင်းကြီးလို သေသွားမှာပေါ့ဆရာကြီး'

'ဒါပေမယ့် မင်းကို သူဒီလိုလုပ်ခိုင်းမှာမဟုတ်ပါဘူး၊ ပညာပေးပြီး ရိုးရိုးတရားထိုင်ခိုင်းမှာပါ၊ မင်းအသက် ခုတယ်လောက်ရှိပလဲ'

'ကိုးနှစ်နဲ့ခြောက်လ'

'နောက်ခဏစောင့်ရရင်ခြောက်လပေါ့ကွာ'

ဆရာကောင်းရှိသည့် ကိုးနှစ်က လုံးနှင့်အတူ ညစာ စားသောက်ပြီးနောက် ဇရပ်ပျက်မှာပင် နှစ်ယောက်အတူ အိပ်စက်ခဲ့ကြလေ၏။

❖❖ ❖❖ ❖❖

## နတ်မျက်စိရှင်အဘိုးအို

ကောင်းရှိထွားသည် အလွန် တက်ကြွ၍ ကြိုးစား သော မိန်းကလေးတစ်ယောက်ဖြစ်သည်။

သူ့၌ မခံချင်စိတ်လည်းရှိလေ၏။

သူ့ဖခင်ကိုသတ်ခဲ့သော လူဆိုးလူမိုက် ဓားပြများကိုလည်း လက်စားချေချင်သည်။

ထို့ကြောင့် ကောင်းရှိထွားသည် ဆရာမကြီး ကုအုသင်မြ သော သိုင်းပညာရပ်များကို အပတ်တကုတ်ကြိုးစား၍ သင်ယူလေ၏။

'သမီးလေးဟာ လုံးလောက် ပါရမီမရှိပေမယ့် အရည်အချင်းရှိတဲ့ မိန်းကလေးတစ်ယောက်ပါ၊ ကြိုးစားမှုလဲရှိတယ်၊ မှတ်ဉာဏ်လဲကောင်းပါတယ်၊ ဆရာမကြီးတတ်တဲ့ သိုင်းပညာအားလုံးကို ဆရာစား မချန်ဘဲ သမီးကိုသင်ပေးပါမယ်'

ဆရာမကြီး ကုအုန်၏ အားပေးစကားကြောင့် ထွားသည် အလွန်တက်ကြွလာ၏။

'ဟုတ်ကဲ့ ဆရာမကြီး၊ ကျွန်မကြိုးစားပြီး လေ့ကျင့်ပါမယ်၊ ကျွန်မ ဖေဖေကို သတ်သွားတဲ့ လူဆိုးတွေကိုလဲ သိုင်းလောကထဲက ထုတ်ပယ်ပစ်နိုင်လောက်အောင် ဆရာမကြီးဆီက ပညာကို သင်ယူပါမယ်လို့ ကတိပြုပါတယ်'

ကုအုသည် သိုင်းပညာသာမက စာပေပညာကိုလည်း ထွားကိုသင်ပေးလေ၏။

ထွားသည် လုံးကို အမြဲလိုလို သတိရ၍နေသောကြောင့် လုံးနှင့် ပတ်သက်ပြီး ကဗျာတစ်ပုဒ်ကို ရေးစပ်သီကုံးခဲ့ပေ၏။

ထိုကဗျာလေး၏ အဓိပ္ပာယ်မှာ အောက် ပါအ တိုင်း ဖြစ်လေ၏။

'မောင်လေးရေ....
ချယ်ရီပန်းတွေပွင့်တဲ့ နွေတစ်နွေမှာ....
ထွားရဲ့ဖေဖေဟာ မောင်လေးရဲ့
ဖေဖေ လိုပဲ....
လူဆိုးတွေသတ်တာကို ခံလိုက်ရတယ်....
သိပ်ကိုလှတဲ့ ချယ်ရီပန်းတွေဟာ....
မျက်ရည်မဆည်နိုင်တော့ပါဘူး....
မောင်လေးနဲ့ မမဟာ
ဘဝချင်းတူတဲ့ ဖော်ကောင်ကြွက်တွေလို
ဖြစ်သွားကြပြီနော်....
မောင်လေးရေ....
မမဆီကို ဘယ်တော့လာမှာလဲ....ဟင်။
မမ....မောင်လေးကို မျှော်နေပါတယ်....
မောင်လေးလာတဲ့နွေမှာ....
ချယ်ရီပန်းတွေပွင့်ပြီး....လှပါစေလို့
မမ ဆုတောင်းနေပါမယ်....။

ကောင်းရိထွား

ဟူ၍ဖြစ်ပေသည်။

ခံစားမှုကဗျာ တစ်ပုဒ်မို့ ထိထိမိမိရှိသည်ဟု ထွားထင်သည်။

ထွားသည် ကဗျာစာပေကို ချစ်မြတ်နိုးသော်လည်း သိုင်းပညာလောက် တက်တက်ကြွကြွ မရှိလှပေ။

သူမ၏စိတ်ထဲတွင် သိုင်းပညာကို စွမ်းစွမ်းတမံ ဖြစ်ထွန်းချင်၏။

ထိုသို့ ဖြစ်ထွန်းပါမှလည်း သူမ၏ ဖြစ်ချင်သောဆန္ဒများ ဖြစ်နိုင်မည် မဟုတ်ပါလား။

ကောင်းရှူးကို သတ်ခဲ့သော ခေးပြကြီးကို မျက်စိထဲ ပြန်မြင်လာ၏။

ထိုခေးပြကြီး၏အမည်မှာ ကြူးပေါင်ဖြစ်ပေ၏။

ထိုနေ့က ထွားသည် တစ်နေကုန် သိုင်းလေ့ကျင့်ခဲ့ရသဖြင့် လွန်စွာ ပင်ပန်းခဲ့ပေ၏။

ထို့ကြောင့် ညအိပ်စက်သောအခါ နှစ်နှစ်ခြိုက်ခြိုက်ပင် အိပ်ပျော်ခဲ့ပေ၏။

❖❖ ❖❖ ❖❖

နောက်တစ်နေ့ မနက်လင်းသောအခါ ထွားသည် တောင်အောက်သို့ဆင်းပြီး ဈေးဘက်သို့ လျှောက်လာခဲ့သည်။

ရသေ့မကြီး ကူအွှမသိအောင် ခိုးကြောင်ခိုးဝှက်ဆင်းလာခဲ့၏။

ထွားသည် လုံးကိုစုံစမ်းချင်၍ တောင်အောက်သို့ ဆင်းလာခဲ့ခြင်း ဖြစ်သည်။



ဒီတစ်ခါ နှောင့်ယှက်သူများ ပေါ်လာခဲ့လျှင် ခုခံနိုင်ရန် အတွက် ဆောင်ဓားတစ်လက်ကိုလည်း ဆောင်ယူခဲ့လေသည်။

ဈေးအတွင်းသို့ ရောက်သောအခါ လုံးကို လိုက်ရှာသည်။ မတွေ့။

လုံးကဲ့သို့ အသက်အရွယ်ရှိသော လူငယ်များကို တွေ့တိုင်း လုံးများ ဖြစ်နေမလားဟု ငုံ့ငုံ့ကြည့်ရသည်။

အသက် (၁၀) နှစ်အရွယ်ရှိသော ကောင်လေးတစ်ယောက်ကို ထွားမြင်တွေ့လိုက်ရာ လုံးဟု လှမ်းခေါ်လိုက်သည်။

ထိုကလေးမှာ လုံး မဟုတ်သောကြောင့် ထွားကိုလှည့်မကြည့်ဘဲ စားသောက်ဆိုင်ဘက်သို့ လျှောက်သွားလေ၏။

'ဟိတ်....လုံး....မောင်လေး'

ထွားအမီလိုက်ပြီး ထိုကလေးကို လှမ်းဆွဲလိုက်ရာ ထိုကလေးမှာ လန့်ပြီး ထွားကိုလှည့်ကြည့်သည်။

'ဟင်....လုံးမဟုတ်ဘူး'

လုံး မဟုတ်မှန်းသိသည်နှင့် ထိုကလေး၏လက်ကို ပြန်လွှတ်ပေးလိုက်လေ၏။

'မမ လူမှားသွားတယ်၊ မောင်လေး မမကို ခွင့်လွှတ်နော်'

ကလေးကို ထွားက တောင်းပန်လိုက်သည်။

ကလေးက ခေါင်းညိတ်ပြီး စားသောက်ဆိုင် အတွင်းသို့ ဝင်ရောက်သွားလေ၏။

ထွားသည် လုံးကို နေရာအနှံ့ တွေ့လိုတွေ့ငြား လိုက်ရှာကြည့်သော်လည်း ဘယ်နေရာမှ မတွေ့သဖြင့် တောင်ပေါ် ပြန်တက်ရန် ဆုံးဖြတ်လိုက်လေ၏။

ထိုစဉ် အဘိုးအို တစ်ဦးသည် ထွားအနီးသို့ ရောက် လာပြီး....။

'ဟဲ့ ကလေးမ မင်း ဘယ်သူ့ကို လိုက်ရှာနေတာလဲ'

ဟု မေးလိုက်၏။

ထွား သည် ထိုအဘိုးအိုကို တစ် ချက် အကဲခတ်ကြည့်လိုက်ပြီး....။

'ကျွန်မရဲ့ ပျောက်သွားတဲ့မောင်လေးကို လိုက်ရှာနေတာပါ အဘိုး'

ဟု ထွားက ပြန်ဖြေသည်။

'ကလေးမလေးရဲ့ မောင်လေးနာမည်က ဘယ်လိုခေါ်လဲ'

ဟု ထိုအဘိုးအိုက ဆက်မေး၏။

'လုံးလို့ ခေါ်ပါတယ်'

'ဩော်....လုံးတဲ့လား'

'အဘိုး လုံးကို သိလို့လား'

'လုံးကို အဘိုး မသိပါဘူးကွယ်၊ ဒါပေမယ့် ကလေးမတော့ အဘိုးသိပါတယ်'



ဟု ထိုအဘိုးအိုက ပြောလိုက် သော အခါ....ထွား သည် အလွန်အံ့ဩသွားလေ၏။

'ရှင်....အဘိုးက ကျွန်မကို သိတယ် ဟုတ်လား'

'ဟုတ်တယ်၊ သမီး နာမည်က ကောင်းရိုထွား မဟုတ်လား'

'ရှင်'

ထွားသည် လွန်စွာ တုန်လှုပ်အံ့ဩ၍ သွားပြန်လေ၏။

'ကျွန်မအဘိုးကို မသိပါလား၊ အဘိုးက ကျွန်မကို ဘယ်လို လုပ်သိနေလဲ'

အဘိုးအိုသည် ဟက်ခနဲ ရယ်မောလိုက်လေ၏။

ရယ်မောလိုက်ပြီးမှ....။

'အဘိုးဟာ နတ်မျက်စိရထားတဲ့ လူတစ်ယောက်ပဲ၊ ကဲပါ သမီးတောင်ပေါ် ပြန်တက်ပြီး၊ အနားယူလိုက်ပါဦး၊ ကုအုကို လည်းပြောလိုက်၊ နတ်တောင်ခွေးရှင် သိုင်းသမားကြီးနဲ့ တွေ့ခဲ့ တယ်လို့ ကြားလားသမီး'

'ဟုတ်ကဲ့၊ ကြားပါတယ်အဘိုး၊ ဒါထက် အဘိုးက ကျွန်မ ဆရာကုအုကို သိသလား'

'အဘိုးက နတ်မျက်စိရထားတဲ့လူလေ၊ အဘိုး အားလုံးသိ တယ်၊ သွားသွား၊ ဒီမှာရန်များတယ်၊ အဘိုးသမီးကို တစ်ခါ တယ်ပြီးပြီ၊ နောက်တစ်ခါ ထပ်ကယ်နေရရင် သမီး အချိန်လင့် လိမ့်မယ်၊ သွားတော့သမီး သွားတော့'

ထွားသည် အံ့ဩပြီးရင်း အံ့ဩနေတော့၏။ တချိန်က မိမိကို ကယ်ခဲ့သူမှာ ထိုအဘိုးအိုပင် ဖြစ်နေကြောင်း သိလိုက်ရသောကြောင့် တုန်လှုပ် အံ့ဩသွားခြင်းဖြစ်ပေ၏။

'သမီး သွားမယ်နော်'

'ကောင်းပြီသမီး'

ထွား သည် အဘိုးအို ကို နှုတ်ဆက်ပြီး ထွက် ခွာ သွားလေ၏။

◆◆ ◆◆ ◆◆

ရသေ့မကြီးကုအာ၏ အဆုံးအမစကား

◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆

'သမီးတွေ့ခဲ့တယ်ဆိုတဲ့ ပုဂ္ဂိုလ်ကြီးက နယ်နယ်ရရ ပုဂ္ဂိုလ်ကြီးမဟုတ်ဘူး၊ နှုတ်တောင်မှေးရှင် သိုင်းသမားကြီး လှမိုယင် ဆိုတဲ့ ပုဂ္ဂိုလ်ကြီးပဲ၊ သူ သိုင်းလောက ပျောက်သွားတာ တော်တော်ကြာပြီ၊ သမီးနဲ့တွေ့ခဲ့တယ်ဆိုတော့ သမီး သိပ်ကံကောင်းတာပဲ၊ အဲ့ဒီပုဂ္ဂိုလ်ကြီးမှာ အင်မတန် ဆန်းကြယ်တဲ့ ပညာရပ်တွေရှိတယ်သမီး၊ ဆရာမကြီးအသက်ကို သူ တစ်ကြိမ် ကယ်ခဲ့ဖူးတယ်'

ထွား တောင်ပေါ် သို့ရောက်သော် ဆရာမကြီး ကုအာအား မိမိတွေ့ကြုံခဲ့သည့် အဖြစ် အပျက်ကို ပြောပြလိုက်ရာ ကုအာက လူထူးလူဆန်းကြီး လှမိုယင်နှင့် ပတ်သက်၍ အထက်ပါအတိုင်း ထွားကို ပြန်ပြောပြလေ၏။

ထွားမှာ ရင်းပူဂိုလ်ကြီးနှင့်ပတ်သက်ပြီး လွန်စွာ စိတ် ဝင်စား၍ သွားပေ၏။

'သမီးကို တစ်ခုသတိပေးရမယ်'

'ပေးပါ ဆရာမကြီး'

'သမီး တောင်အောက်ကို အရမ်း အရမ်းမဆင်းနဲ့ သမီး။ တောင်အောက်မှာရှိတဲ့လူတွေဟာ သိပ်ပြီး ရိုးသားမှုမရှိကြဘူး၊ ဟော့ဟော့ရမ်းရမ်းတွေများတယ်၊ သိုင်းလောကမှာရှိတဲ့ သိုင်းသမားတိုင်း အကျင့်မကောင်းကြဘူး၊ တချို့ လူကောင်းတွေ ရှိကြသလို၊ တချို့ လူဆိုးလူသွမ်းတွေလည်းရှိတယ်....၊ ငါ့သမီး အန္တရာယ်နဲ့တွေ့မှာစိုးလို့ပြောတာ'

'ဟုတ်ကဲ့ ဆရာမကြီး၊ ကျွန်မ နောက်မဆင်းတော့ပါဘူး'

'ဒါပေမယ့် ဆင်းတော့ဆင်းရမယ်လေ၊ မဆင်းခင် သိုင်းပညာတွေ အများကြီးပြည့်စုံထားဖို့လိုတယ်၊ တတ်အောင်အရင်သင်ပြီးမှ တောင်အောက်ကိုဆင်းတာ ပိုကောင်းလိမ့်မယ်သမီး'

'ဟုတ်ကဲ့'

အဲဒီတော့ သိုင်းကိုဦးစားပေးပြီး တတ်အောင် အရင်သင်ထားလိုက်ပါ သမီး၊ ဆရာမပြောတာ သဘောပေါက်ရဲ့လား'



'ဟုတ်ကဲ့....ဆရာမကြီး၊ ပေါက်ပါတယ်'

ဤသို့ဖြင့် ထွားသည် နောက်ပိုင်းတို၌ သိုင်းကိုသာ အဓိကထား ဦးစားပေးသင်နေရသဖြင့် တောင်အောက်သို့ မဆင်းဖြစ်တော့ဘဲ လအတန်ကြာသွားခဲ့တော့သတည်း။

◆◆ ◆◆ ◆◆

ထူးဆန်းသော မီးတောင်ပွင့်ပန်း

‘ဟိုယ်ကောင်လေး....တစမ်း’

‘ဖုန်း’

‘အား’

လုံးသည် နှစ်ခြိုက်စွာအိပ်ပျော်နေရာမှ တစ်စုံတစ်ယောက်၏ ကန်ကြောက်မှုကြောင့် ဖျတ်ခနဲနိုးလာ၏။

‘ဟား ...ဟား....ဟား....အအိပ်ကြီးတဲ့ကောင် တယ်နှယ်ရှိစ’

လုံးသည် မိမိအားကန်သူကို ကောင်းစွာ မှတ်မိ၍သွားပေသည်။

‘အဘိုး’



‘အေး....မင်းအသက် ဆယ်နှစ်တင်းတင်းပြည့်သွားလို့ ငါ အခုလာခဲ့တာပဲ၊ ကိုင်း....ငါနဲ့တစ်ပါတည်း လိုက်ခဲ့ပေတော့’

လူထူးလူဆန်း လူ့မိယင်သည် တောင်ဝှေးစတစ်စကို ကမ်းပေးလိုက်ရာ ထိုတောင်ဝှေးတစ်ဘက်စကို လုံးကကိုင်လိုက်ပြီး....။

‘ငါ့ရည်ရွယ်ချက် အောင်ပြီ....အောင်ပြီ’

ဟု ဟစ်အော်လိုက်ပေ၏။

‘ဟေ့ကောင်လေး....မင်းပါးစပ်ပေါက်ကို လွှတ်ခနဲတဲ့ လက်တစ်ဘက်နဲ့ လုံးအောင်ပိတ်ပြီး ငါ့နောက် ငြိမ်ငြိမ်လေးလိုက်ခဲ့’

လူထူးဆန်းကြီးသည် တစ်ချက်လွှတ်အမိန့်ကို ပေးလိုက်ရာ လုံးသည် ရေနှင့်တွေ့သောမီးလို ချက်ချင်းငြိမ်၍သွားလေ၏။

‘လူဆိုတာ ဘယ်လူပဲဖြစ်ဖြစ် ဝေဒနာနှစ်မျိုးပဲရှိတယ်၊ အဲဒီနှစ်မျိုးက ဝမ်းသာခြင်းနဲ့ ဝမ်းနည်းခြင်းပဲ ကြားလား’

‘ဟုတ်ကဲ့....အဘိုး’

အဘိုးအိုသည် ရှေ့ကသွားနေ၏။

လုံးသည် အဘိုးအို၏နောက်က တောင်ဝှေးစကိုကိုင်၍ လိုက်နေသည်။

လူထူးလူဆန်း လူ့မိယင်က ဆက်ပြော၏။

‘အဲဒီတော့ ဘယ်ဝေဒနာပဲဖြစ်ဖြစ် ချုပ်ထိန်းထားနိုင်ရင် အဲဒီလူဟာ ဘယ်ဝေဒနာမှမခံစားရတော့ဘူး ကြားလား’

'ဟုတ်ကဲ့ အဘိုး'

'မင်းဟာ အခု ရောဂါသည်သိုင်းသမားလေး ဖြစ်သွားပြီ ကြားလား'

'ဟုတ်ကဲ့ အဘိုး'

'ရောဂါသည်သိုင်းသမားဆိုတာ သိလား'

'မသိဘူး အဘိုး'

'ရောဂါသည်သိုင်းသမားဆိုတာ ငါ့လို ရုပ်မျိုးကိုပြောတာ ဒီမှာကြည့်'

လုံးသည် လူထူးလူဆန်းကို မျက်ခနဲကြည့်လိုက်၏။

အဘိုးအို၏ ရွှေရောင် တောက်နေသော မျက်နှာပြင်သည် ချက်ချင်းမသွေ့ဆုတ်၍ ဖြူဖပ်ဖြူရော်ဖြစ်၍သွားလေ၏။

'မြင်လား'

ဟု လီယင်က မေးလိုက်၏။

'မြင်ပါအယ် အဘိုး'

'ဘယ်လိုမြင်တာလဲ'

'ရွှေဝါရောင်တောက်နေတဲ့ အဘိုးရဲ့မျက်နှာဟာ လူမမာရုပ်လို ဖြူဖပ်ဖြူရော်ဖြစ်သွားလို့ပါ အဘိုး'

'ဟုတ်တယ်၊ အဲဒီအတတ်ပညာမျိုး မင်းတတ်တယ်၊ ဟုတ်ကဲ့လား'

'ဟုတ်ပါတယ် အဘိုး'

'မင်းမတတ်သေးတာတွေ အများကြီး ရှိတယ်ဆိုတာရော မင်းသိလား'

'သိပါတယ် အဘိုး'



'ဟုတ်ကဲ့ အဘိုး'

လုံးသည် ချွေးပြန်စပြုလာ၏။

အဘယ်ကြောင့်ဆိုသော် ပူပြင်းခြောက်သွေ့သော တောင်ပေါ်တွင် အအေးဓာတ် များလွန်စွာ နည်းပါးလေသောကြောင့်တည်း။

'လုံး'

'အဘိုး'

'မင်း သိပ်ပူနေသလား'

'ဟုတ်ကဲ့အဘိုး၊ ကျွန်တော် သိပ်ပူနေပါပြီ'

'အင်း....ငါ့လက်ကို ကိုင်လိုက်စမ်း'

လုံး အဘိုးလက်ကို ကိုင်လိုက်သည်။

လီယင်သည် လက်တွင်းသို့ အအေးလှိုင်းများ ပို့လွှတ်လိုက်၏။ အအေးလှိုင်းများသည် လုံး၏ကိုယ်တွင်းသို့ စိမ့်ဝင်သွားရာ မကြာမီ၌ လုံးသည် အဖျားတက်သလို တခတ်ခတ်ဖြင့် မေးချင်းရိုက်ကာ ချမ်းအေးထုံကျင်၍လာလေ၏။

'အဘိုး ကျွန်တော် သိပ်အေးနေပြီ'

လီယင်သည် အအေးလှိုင်းကို တန့်လိုက်၏။

'မင်းကို အအေးလှိုင်းနဲ့ အပူလှိုင်း ထုတ်လွှတ်နည်းပညာရပ်တွေကို သင်ပေးရမယ်၊ ဒါမှ မင်းဒီတောင်ပေါ်မှာ နေလို့ရမယ် ကြားလား'

'ဟုတ်ကဲ့အဘိုး၊ ကျွန်တော့်ကို သင်ပေးပါ'

'သင်ပေးမှာပေါ့'

'ကြားလား'

'ဟုတ်ကဲ့'

လှ ဝိယင်သည် စကားအဆုံးတိုင်း၌ 'ကြားလား' ဟူသော အမေးပုစ္ဆာကို ပြောလေ့ပြောထရှိကြောင်း လုံး အကဲ ခတ်မိသည်။

'ကိုင်း မင်းနားဦး၊ ကြားလား'

'ဟုတ်ကဲ့အဘိုး'

ထို့နောက်နှစ်ယောက်သား ခဏနားကြပြီးနောက် လှ ဝိယင်သည် မီးတောင်ပေါက်ကွဲနေသော နေရာသို့ ပြေးသွားပြီး ထိုအနီးအနား၌ ပွင့်သော အပွင့်အရွက်အသီ တို့ကို ခူးဆွတ် ပြန်လာခဲ့သည်။

'အဘိုး၊ ဒီအသီး အပွင့် အရွက်တွေက ဘာတွေလဲ'

လုံးက မေးလိုက်သည်။

'မင်း ဒီအသီးအပွင့်၊ အရွက် တွေကို စားပြီး အပူပြီး၊ အအေးပြီး သိုဝ်းကျင့်ရှဉ်ကို အရင် ကျင့်ရလိမ့်မယ် လုံး၊ ကြားလား'

'ဟုတ်ကဲ့'

'ဒီအသီးအပွင့် အရွက်တွေက အဆိပ်တော့ရှိတယ်၊ အများကြီး စားလို့မရဘူး၊ နည်းနည်းချင်းစားသွားရမယ်၊ များများစားရင် တစ်ကိုယ်လုံး မီးလောင်သလို လောင်ကျွမ်း သွားလိမ့်မယ်၊ အကျင့်အား ကောင်းလာမှ ကြိုက်သလောက်စား၊ ဘာမှမဖြစ်တော့ဘူး၊ မီးတောင်ပွင့်ပန်းဆိုတာ ဒီပန်းပဲ'

ထူးဆန်းသော မီးတောင်ပွင့်ပန်းကို လုံး တစ်ခါမှ မမြင်ဘူးပေ၊ ကြားလည်း မကြားဘူးပေ။



'အရသာတော့ မရှိဘူး၊ စက္ကူစားရသလိုပဲ၊ ဗိုက်ထဲရောက်မှ ပူလာမယ်၊ ရေငတ်လာမယ်၊ အဲဒီ စားကြည့်'

လှ ဝိယင်က ပန်းဖွင့်မှ ပွင့်ဖတ်တစ်ရွက်ကို ဖြုတ်၍ လုံးကို ကမ်းပေးသည်။

လုံး ယူ၍ စားလိုက်သောအခါ စက္ကူကို ဝါးစားရသလို ဘာအရသာမှ မခံစားမိပေ။

'မျိုချလိုက်'

မျိုချ လိုက်သောအခါ လှ ဝိယင် ပြောသကဲ့သို့ ဗိုက်ထဲ၌ ပူလောင်လာ၏။ ထို့နောက် ရေငတ်လာ၏။

'အဘိုး၊ ဗိုက်ထဲမှာ ပူလာသလိုပဲ၊ နောက်ပြီး ရေလဲ ငတ်တယ်'

'စိတ်ကို ထိန်းထားစမ်း၊ ကြားလား'

'ဟုတ်ကဲ့အဘိုး'

'ဗိုက်ထဲက ပူတာနဲ့ ရေငတ်တာကို မေ့ထားလိုက်၊ မင်းစိတ်ကို မင်းကြိုက်တဲ့နေရာမှာ ပို့ထားလိုက်၊ ကြားလား'

'ဟုတ်ကဲ့အဘိုး ကြားပါတယ်'

'ကြားရင် ငါပြောသလိုလုပ်၊ ကြားလား'

'ဟုတ်ကဲ့'

လုံးသည် စိတ်အသိကို လက်ညှိုးထိပ်သို့ ပို့၍ ဝင်သက်ထွက်သက်ကို မှန်မှန်ရှူထုတ် ရှူသွင်းလုပ်နေလိုက်၏။

အပူလှိုင်းများသည် ဗိုက်မှတစ်ဆင့် လက်ညှိုးထိပ်သို့ရောက်ရှိသွားသကဲ့သို့ ခံစားလိုက်ရ၏။

'ရော့ ထပ်စား'

နောက်ထပ် ပွင့်ဖတ်တစ်ဖတ်ပေးပြန်၏။ လုံးသည် ယူ၍စားလိုက်ပြန်၏။

ဤသို့ဖြင့် ပန်းပွင့်တစ်ပွင့်လုံး ကုန်၍သွားလေ၏။

'တော်ပြီ၊ နောက်တော့မှ အရွက်ကိုဆက်စားရမယ်၊ အရွက်ကုန်ရင် အသီး၊ အသီးကုန်ရင်တော့ မင်း ဒီတောင်ပေါ်မှာ နည်းနည်းပါးပါးနေလို့ရပြီ၊ တစ်နှစ် ကြာရင် အပူ ပြီးမယ်၊ ငါးနှစ်ကြာရင် မီးတောင်နားကပ်လို့ရပြီ၊ ဆယ်နှစ် ပြည့်ရင်တော့ မီးတောင်တွင်းထဲကို ခုန်ချဝင်လို့ရပြီကြားလား'

'ဟုတ်ကဲ့....အဘိုး'

'ကိုင်း ငါနားတော့မယ်၊ မင်းလဲ အိပ်နိုင်ရင်အိပ်၊ မအိပ်နိုင်ရင် စိတ်စွမ်းအား လေ့ကျင့်ခန်းကို ဆက်ပြီး လေ့ကျင့်နေ၊ ဒီတစ်ခါ မင်းစိတ်ကို လက်ညှိုးထိပ်ကိုမပို့နဲ့၊ ငါသိတယ် ကြားလား'

'ဟုတ်ကဲ့အဘိုး'



လုံး၏စိတ်ကို အဘယ်သို့သူသိနေပါလိမ့်ဟု တွေးကာ လုံးမှာ တအံ့တသြဖြစ်၍နေလေ၏။

'ကိုင်း....ငါအိပ်မယ်'

ဟုပြောပြီး လူ့ိယာဉ် လှဲချအိပ်လိုက်ရာ၊ မကြာမီ တခေါခေါဖြင့် အိပ်ပျော်၍သွားလေ၏။

◆◆ ◆◆ ◆◆

ကာတိစကား

✦✦✦✦✦✦✦✦✦✦✦✦✦✦✦✦✦✦✦✦✦✦✦✦✦✦✦✦✦✦

ကောင်းရိုထွားသည် ခေါးချက်များကို မိုးသီးမိုးပေါက်များ ရွာချသကဲ့သို့ လွှပ်ရှားလိုက်သည်။

'ဝှစ်....ဝှစ်....ဝှစ်'

'ဝုန်း....ဝုန်း.... ဝုန်း'

ဓားချက်မှ အလင်းတန်းများသည် ပြိုးပြက် လက်သွားပြီး နောက် သစ်ပင်များက တဝုန်းဝုန်း လဲပြိုသွားကြလေ၏။

'ငါ့သမီးရဲ့ဓားကသွက်သလို သိုင်းကွက်တွေလဲ အင်မတန်မှ ပဲ ကောင်းမွန်လှပါပေတယ်ကွယ်၊ ငါ့သမီး သိပ်ကြိုးစားနေ တယ်နဲ့တူတယ်'

ဆရာမကြီးကုအုက ထွား၏ပခုံးကိုကိုင်၍ ပြောလိုက်သည်။

ထွားက ခေါင်းတစ်ချက်ညိတ်လိုက်ပြီး.....။

'ကျွန်မက သိုင်းအရမ်းတတ်ချင်တော့ နေ့မအား ညမအား ကြိုးစားလေ့ကျင့်နေရတာပေါ့ဆရာမကြီးရယ်',



'ကောင်းတယ်....တော်တယ်....သမီးက နှစ်တိုတိုနဲ့ သိုင်း ပညာတွေ အကုန်တတ်သွားမှာပါ'

'ဟုတ်ကဲ့....ကျွန်မကို အကုန် သင်ပေးပါ၊ ပညာစုံ တတ်မှ ကျွန်မဆန္ဒတွေ ပြည့်ဝမှာ၊ နောက်ပြီး သိုင်းလောကထဲလဲ ဝင် ချင်ပါတယ်'

ရသေ့မကြီးကုအုက ထွားကို စိုက်၍ ကြည့်နေလေ၏။

တောင်တိပ်ပေါ်တွင် လေတိုသည် တဟူးဟူး တိုက်ခတ်နေ ကြ၏။ နံနက်ခင်းမို့ တောင်ပေါ်အရပ်ဒေသသည် အေးချမ်း စိုပြည်လျက်ရှိ၏။

ခပ်လှမ်းလှမ်း၌ ဝါးပင်အုပ်ကြီးများ လေတိုးသဖြင့် တရှဲရှဲ မြည်လျက်ရှိသည်။

'ကျွန်မ ဒီနှစ်ကုန်ရင် တောင်အောက် ခဏ ဆင်းချင်တယ် ဆရာမကြီး'

ထွားက ရုတ်တရက် ပြောလိုက်သည်။

'သမီးက တောင်အောက်ဆင်းချင်တယ်ဟုတ်လား'

ကုအုကမေးလိုက်သည်။

'ဟုတ်ကဲ့ဆရာမကြီး'

'ဘာကိစ္စနဲ့ဆင်းချင်တာလဲ'

'မောင်လေးလုံးကို ရှာချင်လို့ပါ'

ရသေ့မကြီးသည် သက်ပြင်းကိုချလိုက်လေ၏။

ပြီးနောက် ခေါင်းကိုယမ်းခါလိုက်ပြီး....၊

'လုံးကို သမီးလိုက်ရှာလို့တွေ့မှာမဟုတ်ဘူး၊ ဒီကောင်လေး ဘ ပညာသိပ်လိုချင်တဲ့ကောင်လေးဆိုတော့ တော်တော်နဲ့ ရှာ

တွေ့နိုင်မှာမဟုတ်ဘူး၊ ခုလောက်ဆိုရင်တော့ လုံးဝဟာ နယ်မြေဒေသသစ်တစ်ခုမှာ ရောက်နေလိမ့်မယ်ထင်တယ်'

'ကျွန်မ သူနဲ့သိပ်တွေ့ချင်တယ်'

'မသေသေးရင် တစ်နေ့တွေ့ကြမှာပေါ့သမီးရယ်၊ ပျောက်သောသူ ရှာရင်တွေ့ဆိုပေမယ့် လုံးကိုတော့ သမီးတော်ရုံနဲ့ရှာတွေ့နိုင်မယ်မထင်ဘူး'

ထွားသည် ရသေ့မကြီးကုံအုံ၏ စကားကြောင့် စိတ်ပျက်အားငယ်၍သွားလေ၏။

'ကဲပါလေ...သမီးစိတ်ပျက်မနေနဲ့ ဒီနှစ်ကုန်ရင် သမီးဆန္ဒအတိုင်း တောင်အောက်ဆင်းခွင့်ပေးပါ့မယ်'

ထွားသည် ဝမ်းသာ၍သွားလေ၏။

'ဒါပေမယ့် သိုင်းပညာတွေ ကိုတော့ တတ်အောင်သင်၊ မြေပြန့်သိုင်းလောကသားတွေက မျက်နှာသစ် သိုင်းသမားတွေကို သိပ်ပညာ စမ်းချင်ကြတာ ကိုယ့်ဘက်က ပြည့်စုံထားရင်တော့ ကြောက်စရာမလိုပါဘူးလေ'

'ဟုတ်ကဲ့ဆရာမကြီး၊ ကျွန်မကြိုးစားပါ့မယ်'

'ကိုင်း....ကိုင်း....လုပ်စရာ ရှိတာ ဆက်လုပ်၊ ဆရာမကြီး တောင်အောက်ဆင်းပြီး ရိက္ခာတွေ သွားဝယ်လိုက်ဦးမယ်'

ရသေ့မကြီးကုအုက တောင်အောက် ဆင်းမည်ဟု ပြောလာသဖြင့် ထွားလည်း ကုအုနှင့်အတူလိုက်ချင်လာ၏။

ထို့ကြောင့် ထွားက မရဲတရဲနှင့်....။

'ဆရာမကြီးနဲ့အတူ ကျွန်မလိုက်ခဲ့ရမလား'

ဟု မေးလိုက်လေ၏။



ထိုအခါ ရသေ့မကြီးက ခေါင်းကို ယမ်းခါလိုက်ပြီး....။

'မလိုက်နဲ့'

ဟု ပြောလိုက်ပေ၏။

ထွားသည် ရသေ့မကြီးနှင့်အတူ လိုက်ခွင့်မရှိသဖြင့် သိုင်းလေ့ကျင့်ရန် ဆုံးဖြတ်လိုက်လေ၏။

ရသေ့မကြီးကုအုသည် ဆောင်းဓား တစ်လက်ကို စလွယ်သိုင်းလွယ်၍ တောင်အောက်သို့ ဆင်းသွားလေ၏။

ထွားသည် ရသေ့မကြီးကုအု တောင်အောက်သို့ဆင်းသွားသည်ကို မျက်စိတစ်ဆုံး လိုက်၍ကြည့်နေပေ၏။

ကိုယ်ဖော့ပညာ လွန်စွာ တောင်းမြန်သော ကုအုသည် တရိပ်ရိပ်ဖြင့် တောင်အောက်သို့ ပြေးဆင်းသွားရာ ကြည့်နေရင်း ကြည့်နေရင်း ပျောက်သွားလေ၏။

◆◆ ◆◆ ◆◆

မီးတောင်ကသိုက်။

လုံးသည် လွမ်းယင်ထံမှသုံးနှစ်ခန့်ပညာသင်ကြားလိုက်သော အခါ ထူးဆန်းသော သိုင်းပညာရပ်များနှင့် အဆင့်မြင့်သော စာပေပညာရပ်များကို တတ်မြောက်လာပေ၏။

'ဟိတ်...လုံး'

'အတိုး'

'ငါ့ဆီမှာ သုံးနှစ်ရှိသွားပြီ၊ အပူလှိုင်းသိုင်းနဲ့ အအေးလှိုင်း သိုင်းတွေ ထုတ်သွတ်နိုင်တဲ့အတတ်ပညာလဲမင်းတတ်ပြီ၊ နောက် ခုနစ်နှစ်ဆိုရင် မင်း ငါ့ပညာတွေအကုန်ရမယ်၊ မင်းကိုငါ့ပညာ အမွေပေးပြီးရင် ငါ ဒီမှာမနေတော့ဘူး'

'ဗျာ...အတိုး ဒီမှာမနေတော့ဘူးဟုတ်လား'



တအံ့တသြဖြင့် လုံးကမေးလိုက်သည်။

'ဟုတ်တယ်၊ ငါခရီးထွက်ရမယ်၊ ငါ့အထက်မှာ ဆရာကြီး တစ်ယောက်ရှိတယ်၊ သူ့အမိန့်အတိုင်း ငါခရီးထွက်ရမယ်လုံး၊ ကြားလား'

'ဟုတ်ကဲ့'

လုံးမှာ ဟုတ်ကဲ့သာပြောပြီး ခေါင်းညိတ်လိုက်ရသည် အတိုး ဘာပြောမှန်း ကောင်းကောင်းမသိပေ။

'မင်းအခုရထားတဲ့ အပူအအေး သိုင်းပညာ ရပ်ဟာ ပေါ့ ပေါ့သေးသေးမဟုတ်ဘူး၊ အသက် (၁၃)နှစ် ခန့်နဲ့ ရထားတဲ့ ငါ့ပညာတွေကို မင်းတန်ဖိုးထားတတ်ရမယ်ကြားလား'

'ဟုတ်ကဲ့အတိုး'

'မင်း အသက်(၂၀)ပြည့်ရင် တောင်အောက်ဆင်းပြီး သိုင်း လောကထဲဝင်ပေတော့ ကြားလား'

'ဟုတ်ကဲ့ ကြားပါတယ်အတိုး'

'ငါ့အထက်ကဆရာကြီးက မင်းကို ပညာစုံပေးပြီးရင် သူ့ ဆီအမြန်လာခဲ့တဲ့၊ ငါ့ဆရာစကားကို ပေါ့ပေါ့ဆယ်လိုက်ရင် ငါ ရထားတဲ့ပညာတွေ အားလုံးကန်းသွားလိမ့်မယ်ကြားလား'

'ဟုတ်ကဲ့အတိုး'

'ဆရာ့စကားကို နားမထောင်တဲ့လူဟာ တစ်နေ့ ဒုက္ခတွေ့ လိမ့်မယ်၊ မင်းလဲ ငါ့စကားကိုနားထောင်ကြားလား၊'

'ဟုတ်ကဲ့ ကြားပါတယ်အဘိုး'
'ကိုင်း....ကိုင်း....လုပ်စရာရှိတာလုပ်'
'အဘိုး'
'ဘာတုန်း'
'အဘိုးကို ကျွန်တော်မေးပါရစေ'
'ဘာမေးမလို့လဲ'
'အဘိုးရဲ့ဆရာဆိုတာဘယ်သူလဲ၊ ကျွန်တော်လဲ တစ်ခါမှ မမြင်ဘူးဖူးဘူး'
'ဟိုတစ်ကောင် မင်းပါးစပ်ပိတ်ထားလိုက်စမ်း၊ ကိုယ့်အဆင့်နဲ့ မမီသေးရင်အသာနေ၊ မစပ်စုနဲ့ ငါမကြိုက်ဘူး ကြားလား'
လှယင် ဒေါသဖြင့်ဟောက်လိုက်သောကြောင့် လုံးသည် ထိတ်လန့်ကြောက်ရွံ့ပြီး ငြိမ်သွားလေ၏။
'လုံး....'
'သိချင်တာကိုမမေးဘဲ သိအောင်လုပ်တဲ့နည်းငါ့မှာရှိတယ်၊ မြင်ချင်တာလိုက်မကြည့်ဘဲ မြင်အောင် လုပ်တဲ့နည်း ငါ့မှာ ရှိတယ်၊နားမထောင်ဘဲ ကြားအောင်လုပ်တဲ့နည်း ငါ့မှာရှိတယ်၊ ဒါပေမယ့် မင်းအဆင့်နဲ့မမီသေးဘူး၊ မင်းအသက်(၂၈)ပြည့်တဲ့နေ့မှာ ဒါတွေအားလုံး သူ့အလိုလို ရောက်သွား လိမ့်မယ်၊ အခုဘာမင်းလုပ်ရမှာက ငါခိုင်းတာလုပ်၊ ငါပေးတာစား၊ ငါ့စကားနားထောင်ကြားလား'

'ဟုတ်....ဟုတ်ကဲ့အဘိုး'
'သွား....'



လုံးသည် အဘိုးကို လက်နှစ်ဘက်ဆုပ်ပြီး အရိုအသေပေး ကာ ထွက်ခွာသွားလေ၏။
လှယင်သည် လုံးကိုလှမ်းကြည့်၍ သဘောကျစွာ ကျိတ်၍ ပြုံးလိုက်လေ၏။

◈◈ ◈◈ ◈◈

နေ့လယ်စာ စားသောက်ပြီးနောက် လှယင်သည် လုံးကို ခေါ်ပြီ မီးတောင်နံဘေးတွင် တရားထိုင်ခိုင်းသည်။
'မင်း အဲဒီမှာ တရားထိုင်ရမယ်၊ ဘယ်သူလာလာ ဘယ် သူတွေလာပြီ စကားပြောပြော မင်း မထရဘူး၊ စကား ပြန် မပြောရဘူး၊ မင်းအလုပ်ကိုမင်းဆက်လုပ်၊ ငါ့အသံနဲ့လာပြော လဲ မင်းလက်မခံနဲ့ကြားလား'
'ဟုတ်ကဲ့အဘိုး'
'ကိုင်း....ထိုင်တော့ ညမိုးချုပ်မှ မင်းကို ငါလာခေါ်မယ်၊ လေချွန်သံသုံးချက်ပေးမယ်၊ အဲဒီလေချွန်သံ သုံးချက် ကြားမှ မင်းတရားဖြုတ်ရမယ်ကြားလား'
'ဟုတ်ကဲ့အဘိုး'
'ကိုင်း ငါသွားမယ်'

လွှမ်ယင်သည် လုံးကိုပြောဆို မှာကြားပြီးထွက်သွား၏။

မီးခတောင်မှမီးခတောက်များ ပေါက်ကွဲနေသော်လည်း လုံး မမှုချေ။ သုံးနှစ်တာကာလအတွင်း မီးအပူပြီးမြောက်ခဲ့သောကြောင့်တည်း။

ညမိုးချုပ်သောအခါ လေချွန်သံ သုံးချက် ကြားရသည်။ လုံး တရားထိုင်နေရာမှ တရားဖြုတ်လိုက်၏။

'အဘိုး'

'လာသွားမယ်'

လွှမ်ယင်သည် လုံးကိုခေါ်၍ ဇရပ်ရှိရာသို့ထွက်လာခဲ့ပေ၏။

◆◆ ◆◆ ◆◆

အပူထိုင်းနှင့်အအေးသိုင်း

◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆

လူထူးလူဆန်းကြီး လွှမ်ယင်သည် တရားထိုင် နေရာ မစား မသောက်ဘဲ သုံးရက်ခန့်ရှိလေပြီ။

လုံးသည် လွှမ်ယင်၏ အသားဆိုင်ကို သွားရောက်ကိုင်ကြည့်ရာ ပကတိ အေးစက် တောင့်တင်း နေသည်ကို စမ်းသပ်တွေ့ရှိလိုက်ရသဖြင့် အလွန်အမင်း ထိတ်လန့်၍သွားပေ၏။

လုံး၏စိတ်ထဲတွင် လွှမ်ယင်မှာ အအေးထိုင်ကျင့်စဉ်လွန်ပြီး သွေးခဲတောင့်တင်းကာ သေဆုံးသွားပြီဟုထင်သည်။

ထို့ကြောင့် လုံးက အပူထိုင်းသိုင်းဆက်ပညာဖြင့် လွှမ်ယင်၏လက်ကို ကိုင်ထားကာ အပူ ကူးဆက်ပေးလိုက်ပေ၏။

'ဝုန်း....'

'ဆား....'

လုံးမှ ဤသို့ အပူကူးစက်ပေးလိုက်သည်နှင့် ဝုန်း ဟူသော ရိုက်ခတ်သံတစ်ခုနှင့်အတူ လုံးသည်....။

'အား....'

ဟု အော်၍ လွင့်စဉ်သွားလေ၏။

လွီယင်၏ ပြင်းထန်သော အစွမ်းအားလှိုင်း တွန်းကန် အားကြောင့် လုံးလွင့်စဉ်သွားခြင်းဖြစ်ပေသည်။

လုံးသည် လွန်စွာအံ့သြ၍သွားပြီး လွီယင်ကို လှမ်းကြည့်လိုက်စဉ်မှာ လွီယင်က....။

'မင်း....တော်တော် အောက်သုံးမကျတဲ့ကောင်ပဲ၊ အားချင်းမျှသေးလို့ သာဖြစ်ရင် ငါ့ကို အပူလှိုင်းသွင်းထည့်ပေးပြီး နိုးရတာလဲ၊ ဒီနေရာမှာ မင်းသာ မဟုတ်ဘဲ တခြား လူတစ်ယောက်သာဆိုရင် ချက်ချင်းသေသွားနိုင်တယ် ကြားလား'

ဟူ၍ ပြစ်တင်ပြောဆိုလိုက်လေ၏။

ထိုအခါ လုံးက...။

'ဟုတ်ကဲ့ဆရာကြီး ကျွန်တော်စိုးရိမ်လို့ပါခင်ဗျာ၊ ဆရာကြီး တစ်စုံတစ်ခု ဖြစ်နေပြီထင်လို့ နှိုးလိုက်တာပါ'

ဟူ၍ ပြန်ပြောလေ၏။

'မင်းမှာ သိပ်အခြေခံကောင်းတဲ့ပညာရပ်တွေရှိလို့ပေါ့ကွာ၊ ခုခံအားသာမင်းမှာမရှိရင် ကိစ္စချောပြီ၊ ကြားလား'

လွီယင်က ပြော၏။

'ဟုတ်ကဲ့အဘိုး'

ဟူ၍ လုံးက လက်နှစ်ဖက်ဆုပ်ကာအရိုအသေပေး၍ ခေါင်းညိတ်၍ ပြောဆိုလိုက်သည်။



'ငါ့ခရီးစဉ် မင်းကြောင့် ပျက်သွားပြီ'

လွီယင်က ဆက်ပြောသည်။

'သွားက အခုခဏတင်ပေါ်မှာမရှိတော့ဘူး ကြားလား၊ သူ မြေပြန့်သိုင်းလောကထဲဆင်းသွားပြီ၊ ကောင်းရိုသွားကို မင်း သိတယ်မဟုတ်လား'

လွီယင်က ကောင်းရိုသွား ဟု ဆိုလိုက်သဖြင့် လုံးသည် သွားကို ချက်ချင်းသတိတရ ဖြစ်၍သွားလေ၏။

'အဘိုး....အစ်မလေးသွား အခုဘယ်မှာလဲ သူ့ကို ကျွန်တော်သိပ်တွေ့ချင်တယ်'

လုံးကပြောသည်။

လွီယင်က မျက်မှောင်ကြုတ်၍...။

'မင်း သူ့ကို တွေ့ရဖို့မလွယ်သေးဘူး၊ မင်းအသက် (၂၀) ပြည့်ရင် မင်းတို့နှစ်ယောက် ပြန်ဆုံကြလိမ့်မယ်'

'ဗျာ....ကျွန်တော့် အသက် (၂၀) ပြည့်မှ အစ်မလေး သွားနဲ့ တွေ့ရမယ် ဟုတ်လားအဘိုး'

'ဟုတ်တယ်'

လုံးသည် စိတ်ဓာတ်ကျသွားဟန်ဖြင့် ငြိမ်၍ သွားလေ၏။ လုံးမျက်နှာ အိုစာသွားသည်ကို ကြည့်၍ လွီယင်က ဟက်ခနဲ ရယ်မောလိုက်သည်။

ရယ်မောရင်းမှ....။

'ယောကျာ်းကြီးမှာ ကွဲကွာခြင်းနဲ့ တွေ့ဆုံခြင်း နှစ်ခုပဲ ရှိတယ်လေ၊ ကွဲကွာပြီးရင် ပြန်ဆုံရမယ်ဆိုတာ မင်းမေ့သွားပြီထင်တယ်'

လွှီယင်၏စကားကြောင့် လုံးသည် လှုပ်လှုပ်ရှားရှား ဖြန်ဖြစ်လာသည်။ လွှီယင်ကို တစ်ချက်ကြည့်လိုက်ပြီး လုံးက....။

'မှန်ပါတယ်အဘိုး၊ ကွဲကွာခြင်းပြီးရင် နောက်ဆုံးတစ်ချိန်မှာ ပြန်လည်ဆုံတွေ့ခြင်းပါပဲခင်ဗျား၊ ကျွန်တော် သတိလက်လွတ်ဖြစ်သွားလို့ ကျွန်တော့်ကို ခွင့်လွှတ်ပါ'

'ငါ ခွင့်လွှတ်ပါတယ်လုံး၊ မင်းကို စိတ်မချတာ တစ်ခုပဲရှိတယ်၊ အဲဒါက ဘာလဲဆိုတော့ မိန်းမတွေကိစ္စပဲ'

'ဗျာ....မိန်းမတွေကိစ္စ ဟုတ်လားအဘိုး'

'ဟုတ်တယ်၊ မိန်းမတွေကိစ္စပဲ၊ ဘာဖြစ်လို့လဲဆိုတော့ မင်းဟာ အင်မတန်ချောပြီး မိန်းမတွေကျလောက်တဲ့ ရုပ်မျိုး ရှိနေလို့ပဲ၊ နောက်ပြီး မင်းဟာ ယောကျ်ားပီသတယ်၊ မင်းဘဝကို ဖျက်ဆီးနိုင်တဲ့ လူတွေထဲမှာ ယောကျ်ားမပါဘူး မိန်းမတွေပဲပါတယ်၊ အဲဒါ မင်းသတိထားရလိမ့်မယ်'

လွှီယင်၏စကားကြောင့် လုံးသည် တွေ့ရှိသွားလေ၏။

လုံးကိုယ်တိုင်လည်း ကိုယ့်ကိုယ်ကို လူမှန်း ချောမှန်း၊ ယောကျ်ားပီသမှန်း မသိခဲ့ပေ။ အချိန်ရှိသရွေ့ ပညာရပ်တွေကိုသာ ဆည်းပူးနေရသောကြောင့် ဖြစ်ပေ၏။

'မင်းကို ငါ အကဲခတ်ကြည့်တယ်၊ မင်းဟာ ပညာပါရမီ ပြည့်စုံသလို ရုပ်ဆင်းသဏ္ဍာန် လှပချောမွေ့ခြင်းဆိုတဲ့ ပါရမီနဲ့လဲ ပြည့်စုံတယ်၊ မင်းကြောင့် မိန်းမတွေ အချင်းချင်းပြဿနာတက်နိုင်တယ်၊ သေကြေပျက်စီးနိုင်တယ်၊ အဲဒီတော့ မင်းအသက် (၂၀) ပြည့်လို့ ပြည်တော်ပြန်တဲ့နေ့မှာ မင်းရုပ်ကို ငါဖျက်ပေးခဲ့မယ်'



'ဗျာ'

'ဟုတ်တယ်၊ မင်းရဲ့ရုပ်ဆင်းသဏ္ဍာန် အကျည်းတန်အောင် ငါ့ပညာနဲ့ ဖျက်ဆီးပေးခဲ့မယ်၊ ဒီပညာက ဘာလဲဆိုတော့ ရုပ်ပြောင်းရုပ်လွှဲ ပညာရပ်ပဲ လုံး'

လုံးငြိမ်နေသည်။

ပြီးမှ လုံးက....။

'အဘိုး၊ အဲဒီရုပ်ပြောင်းရုပ်လွှဲပညာကို ကျွန်တော်ကိုမသင်ပေးတော့ဘူးလား' ဟု မေးလိုက်၏။

'မင်းအသက် (၂၀) ပြည့်ရင် ပညာစုံပြီလို့ မင်းကို ငါပြောခဲ့တယ် မဟုတ်လား၊ မင်းဘာလို့ ငါ့ကိုထပ်မေးနေရတာလဲ'

'အဘိုးက ကျွန်တော့်ရုပ်ကို ဖျက်ပေးခဲ့မယ်ဆိုလို့ ကျွန်တော်များ မတတ်တဲ့ ကျန်ခဲ့မှာစိုးလို့ပါ'

'ဟား....ဟား....ဟား'

လွှီယင်က ရယ်မောလိုက်၏။

'ငါဖျက်ပေးမယ်ဆိုတာက မင်းကို ပညာပေးချင်လို့ ပြောတာပေါ့ကွ၊ အဲဒီပညာရပ်က အန္တိမပညာရပ်ပဲလုံး၊ မင်းမတတ်တာ ဘာမှမရှိစေရဘူး'

လုံးသည် ဝမ်းသာအယ်လဲဖြင့် ဆရာကြီး လွှီယမိုကိုတအားပြေးဖက်လိုက်လေ၏။

'ဝုန်း'

'အား'

လုံးသည် လွင့်စဉ်သွားလေ၏။

'မင်း တော်တော်သတိလစ်တတ်တဲ့ကောင်ပဲ၊ ငါ့ကိုယ်တွင်းအား အားအားလှိုင်းတွေက မကုန်သေးဘူးကွ၊ မင်းအရမ်းဖက်တော့ ခံရတာပေါ့၊ ဟား....ဟား....ဟား'

ဆရာကြီး လွမ်းယင်သည် သဘောကျစွာ ရယ်မောလိုက်လေသတည်း။

◆◆ ◆◆ ◆◆

မျက်နှာသစ်မို့ ပညာစမ်းခြင်း

◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆

ထွားသည် မြေပြန့်သို့ ဆင်းခဲ့ပြီးနောက် လှုံးကို ရှာဖွေခဲ့လေသည်။

လှုံး၏သတင်းအား ပျောက်ခြင်းမလှ ပျောက်၍ နေလေသည်။

'ခြော်....လှုံး၊ မောင်လေး၊ ဒီလောကကြီးထဲမှာ ရှိမှရှိပါဦးမလား'

ထွား-တွေးမိပြီး စိတ်မကောင်း ဖြစ်နေမိလေသည်။

'နှစ်တွေလဲ သိပ်ကြာသွားပြီ မောင်လေးရယ်၊ ခုများ မောင်လေးကိုတွေ့ရင် မောင်လေး မင်းကို မှတ်မိနိုင်ပါ့မလားကွယ်'

ထွားသည် အတွေးမျှင်ကို မဖြတ်ဘဲ တွေးရင်းတွေးရင်း လျှောက်လာရာ စားသောက်ဆိုင်တစ်ခုသို့ ရောက်ရှိ၍ လာလေ၏။

စားသောက်ဆိုင် အဝ၌ ထွား ရပ်တန့်လိုက်ပြီး ဆိုင်ထဲဝင်သင့် မဝင်သင့် စဉ်းစားသည်။

ဆိုင်ထဲမှာ လုံးရှိလျှင် ရှိနေနိုင်သည်ဟု အတွေးတာ ပေါက်လာပြန်၏။

ထိုသို့ အတွေးပေါက်မိသည်နှင့် ထွားသည် တက်ကြွလန်းရွှင်စွာဖြင့် စားသောက်ဆိုင်အတွင်းသို့ ဝင်လိုက်လေ၏။

စားသောက်ဆိုင်အတွင်း၌ သိုင်းသမားပေါင်းစုံကို တွေ့ရသည်။ ၎င်းတို့သည် အော်ကြီးဟစ်ကျယ်ဖြင့် အရက်သေစာများ စားသောက်ပျော်ပါးနေကြသည်။

ထွားသည် စားပွဲလွတ်တစ်ခုမှာ ဝင်ထိုင်လိုက်၏။ ထိုစဉ်စားပွဲထိုးတစ်ယောက် ရောက်လာပြီးလျှင် 'အစ်မလေး ဘာသုံးဆောင်မလဲ' ဟု မေး၏။

'ခေါက်ဆွဲတစ်ပွဲ အမြန်လုပ်ပေးပါ'

'ဟုတ်ကဲ့ အစ်မလေး'

စားပွဲထိုး ပြန်ထွက်သွားသောအခါ ထွားအနားသို့ လူတစ်ယောက် ရောက်လာသည်။

ထိုလူက....။

'အစ်မလေး တစ်ယောက်ထဲလား၊ ကျွန်တော့်ကိုမိတ်ဆွေတစ်ယောက်လို အသိအမှတ်ပြုပြီး ဒီမှာ ထိုင်ခွင့်ပေးပါ'

ဟူ၍ ရဲရဲတင်းတင်း ပြောလေ၏။

ထွားသည် ထိုလူ့ကို စိမ်းစိမ်းစူးစူး ကြည့်လိုက်ပြီးနောက် ခေါင်းကို ယမ်းခါလိုက်လေ၏။

'ကျွန်မ ဘယ်သူနဲ့မှ မိတ်ဆွေ မဖြစ်ချင်သေးဘူး၊ ကျွန်မတစ်ယောက်တည်းပဲ ဒီမှာ အေးအေးဆေးဆေး အနားယူချင်တယ်၊ ရှင်ပြန်ပါ'



ထိုလူက ခေါင်းကို ရမ်းခါလိုက်ပြီး....။

'အစ်မလေးတစ်ယောက်ထဲ သိပ်ပျင်းနေမှာပေါ့၊ ကျွန်တော့်နာမည် ကျူလီလို့ခေါ်ပါတယ်၊ ဒီက အစ်မလေးနာမည်က'

'ရှင်၊ လူစကားနားမလည်ဘူးထင်တယ်၊ ကျွန်မ ထပ်ပြောမယ် ရှင် ခုထွက်သွားပါ'

ထွားသည် စိတ်မရှည်တော့ဟန်ဖြင့် ထိုင်ရာမှ ထလိုက်ပြီး ဒေါသဖြင့် ပြောလိုက်လေ၏။

'ဟား....ဟား....ဟား အစ်ကိုကျူလီက စွံလဲ မစွံဘဲနဲ့ဗျာ၊ လာစမ်းပါ ကိုယ့်နေရာကိုယ် ပြန်ထိုင် လိုက်ပါ၊ ကျွန်တော်ကြိုးစားလိုက်ဦးမယ်'

အခြားဝိုင်းမှ ကျူလီ၏ အဖော်တလှမ်းပြောလိုက်သည်။

'ဟိတ်ကောင်ထိုက်ချန်း၊ မင်းအသာနေစမ်း၊ ငါကြိုးစားရင် ငါ့ထက် ပိုဆိုးလိမ့်မယ်'

ဟု ကျူလီက လှမ်းပြောသည်။

အမှန်တော့ ကျူလီတို့ သိုင်းသမားအဖွဲ့သည် ထွားဆိုင်ထဲသို့ ဝင်လာကတည်းက သိခဲ့ကြပြီး ဖြစ်သည်။ အချင်းချင်း ညှိနှိုင်းပြီးသားလည်း ဖြစ်ကြ၏။

'အစ်ကို ကျူ လာပါဗျာ ခင်ဗျား မဖြစ်ပါဘူး'

'ဟိတ်ကောင်၊ ချောင်ယိ မင်းပါးစပ်ပိတ်ထားစမ်း၊ မင်းရုပ်က သရဲရုပ်ပေါက်နေတယ် မင်းကြီးစားရင် ညီမလေး လန့်ပြီး ထွက်ပြေးသွားလိမ့်မယ်'

ကျူလီက အော်ပြောလိုက်သည်။

ကျူလီတို့ အဖွဲ့တွင် ကျူလီက ခေါင်းဆောင် ဖြစ်ပြီး ထိုက်ချွန်းနှင့် ချောင်ယိက နောက်လိုက် တပည့်များ ဖြစ်ကြသည်။

၎င်းတို့သည် ဝတ်စုံနက်များကိုယ်စီဝတ်ထားကြပြီး၊ ဆောင်ဓားများ ဆောင်ထားကြသည်။

သိုင်းလောကသို့ ခြေချရန် ဝင်ရောက်လာကြသော လူငယ် သိုင်းသမားများသည်း ဖြစ်ကြသည်။

ကျူလီက ထွားကို ပြောလိုက်ပြန်၏။

'ကျွန်တော်တို့က မဟူရာ ညီနောင်သုံးဖော် သိုင်းအဖွဲ့ကပါဗျာ၊ ညီမလေးကြည့်ရတာ ကျွန်တော်တို့လို အသစ်ပဲ ထင်ပါရဲ့၊ ကျွန်တော်တို့ ပေါင်းစည်းကြရအောင်ပါ'

'ရှင် လူလို ပြောနေတာ နားမလည်ဘူးလား'

'ဖျန်း'

ထွားသည် ကျူလီ၏ပါးကို ဖျန်းခနဲ ရိုက်ထည့် လိုက်လေသည်။



ကျူလီမှာ အငိုက်မိသွား၍ နောက်သို့ တစ်လှမ်း ဆုတ်၍ သွားလေ၏။

'ဟိတ် ... ဟိတ် တို့အစ်ကိုကြီးကို ဘာဖြစ်လို့ ရိုက်လိုက်ရတာလဲ'

ထိုက်ချွန်းနှင့် ချောင်ယိတို့ ပြေးလာကြသည်။

ထိုစဉ်၌ ထွားသည် နောက်သို့ တစ်လှမ်း ဆုတ်လိုက်ပြီး ဆောင်ဓားမှ ဓားလွတ်ကို 'ဒလန်း' ခနဲမြည်အောင် ဆွဲထုတ်လိုက်သည်။

'ရှေ့တိုးရဲရင် တိုးခဲ့'

ဓားကို လေထဲဝှေ့ရမ်းပြီး ထွားက စိမ်ခေါ်လိုက်သည်။

သိုင်းသမားဟောင်းကြီးများက အကဲခတ် ကြည့် နေကြသည်။

'ဒီကောင်လေးတွေက သိုင်းချာတိတ် တွေပဲ၊ ဓားသာနေ၊ သူတို့ရဲ့စွမ်းရည်တွေကို မလေ့လာကြည့်ရအောင်'

သိုင်းသမားကြီးတစ်ယောက်က ပြောပြီး အခြားသိုင်းသမား ဟောင်းကြီးတွေ ဝင်မပါအောင် ဟန့်တားလိုက်သည်။

'လူရွယ် သိုင်းသမားဟောင်း တစ်ယောက်ဟာ...'

'အစ်ကိုကြီးလိမ့်...ဖြစ်ပါ့မလားဗျာ၊ ကောင်မလေးက တစ်ယောက်ထဲ၊ သူတို့က သုံးယောက် ပြီးတော့ ယောကျ်ားတွေ'

'ကြည့်သာ ကြည့်နေစမ်းပါ ညီလေးလန်းရာ၊ ကောင်မလေး ဆိုပြီး အသင်သေးလို့ မရဘူးကွ၊ ကောင်မလေးကို ကြည့်စမ်း။ ဓားကိုင်ပုံကိုင်နည်းနဲ့ သူ့လှုပ်ရှားဟန်တွေက ရသေ့မကြီးကုအာ လက်ထွက်များ ဖြစ်နေမလား မသိဘူး၊ ကုအာ လက်ထွက်ဆိုရင် ဟိုကောင် ငနဲသားသုံးကောင် ခံရဖို့များတယ်'

'ဟိုင်း'

'ဒလန်း....လန်း....'

'ဒန်း'

'အ'

ထိုစဉ်မှာပင် ဓားလေးလက်က ပြိုးပြက်လင်းလက်ကာ ရိပ်ခနဲ ရိပ်ခနဲ ပေါ်ထွက်လာပြီးနောက် ချောင်ယိ ဓားချက် တစ်ချက်မိသွားသည်။

'ဒန်း'

ပြင်းထန်သော ဓားချက်တစ်ချက်က လက်ခနဲ ပြက်သွားသည်။

ထွားး၏ ဓားချက်ဖြစ်သည်။

ကျူလီနှင့် ထိုက်ချန်းတို့သည် ဓားတွေလွတ်ကျကာ လဲကျသွားကြ၏။



ထို့နောက်တော့ ထွားသည် ဓားလွတ်ကို ဓားအိမ် အတွင်းသို့ ပြန်ထည့်ပြီး စားပွဲ၌ ပြန်ထိုင်လိုက်သည်။

ကျူလီတို့ ညီနောင် သုံးဖော်သည် ထွားကို လန့်သွားပုံရသည်။

ဓားတွေပြန်ကောက်ပြီး စားသောက်ဆိုင်အတွင်းမှ ရုတ်ရုက်ဖြင့် ပြေးထွက်သွားလေ၏။

စားပွဲထိုးလာချပေးသော ခေါက်ဆွဲကြော်ကိုစားရင်း ထွားး လုံးအကြောင်းကို တွေးနေမိလေသတည်း။

❖ ❖ ❖

ခေါက်ဆွဲကြော်တစ်ပွဲ ကုန်လောက်တွင် လူတစ်ယောက် ထွားး၏စားပွဲနားသို့ လာရပ်သည်။

ထွား ဖျတ်ခနဲမော့ကြည့်လိုက်သည်။

'ကျုပ်နာမည် တန်ချန်းပါ၊ စောစောက ကောင်လေး သုံးယောက်နဲ့ ဘာဖြစ်ကြတာလဲ'

တန်ချန်းဆိုသူက မေးလိုက်သည်။

ထွားက....။

'မှန်ဖြစ်တာ'

ဟု တိုတိုတုတ်တုတ်ပြန်ဖြေသည်။

'နင့်လက်သံက တော်တော်ပြောင်ပါလား၊ ကျုပ်နဲ့ စမ်းကြည့်ကြရအောင်'

တန်ချန်းကစိန်ခေါ်သည်။

ထွားသည် ထိုင်ရာမှထလိုက်၏။

'စမ်းချင်စမ်းလေ'

ထွားက ဓားကို ဓားအိမ်မှဆွဲထုတ်လိုက်သည်။

တန်ချန်းဆိုသူကလည်း ဓားကိုလျင်မြန်စွာ ဆွဲထုတ်လိုက်၏။

'ဟိတ်....ရပ်'

အမိန့်သံတစ်ခုနှင့်လူတစ်ယောက် လျှောက်လာသည်။ ထိုလူမှာ အသက်(၅၀)ကျော်ခန့်ရှိပြီး ဝတ်စုံ စိမ်းကို ဝတ်ဆင်ထား၏။

ဆောင်ဓားတစ်လက်ကိုလည်း စလွယ်သိုင်း၍ ကြောခ်လွယ်ပိုးထား၏။

ထိုပုဂ္ဂိုလ်အမည်မှာ....။

'လိမ့်ထုံ'ဖြစ်ပေ၏။



ဧဝါစောက ထွားနှင့်သိုင်းသမားသုံးယောက် ယှဉ်ပြိုင်တိုက်ခိုက်နေသည်ကို ကြည့်၍ဝေဖန်ပြောဆိုနေသူပင် ဖြစ်ပေသည်။

တန်ချန်းက လိမ့်ထုံကို မျက်ခုံးလှည့်ကြည့်၍....။

'အစ်ကိုကြီးလိမ့် ခင်ဗျားအသာနေပါ'

'နေလို့မရဘူးညီလေးတန်၊ မင်းသူနဲ့မယှဉ်ပါနဲ့၊ မင်းအဆင့်နဲ့ သူ့အဆင့်က သိပ်ကွာခြားနေတယ်၊ သူက သိုင်းလောကထဲ ရောက်လာတာ သိပ်ကြာသေးမှာမဟုတ်ဘူး၊ မင်းက အလည်အလတ်တန်းစားသိုင်းပညာရှင်တစ်ယောက်ဖြစ်နေပြီ၊ ယှဉ်ချင်းယှဉ်ရင် မင်းဝါကိုယှဉ်သင့်တယ်၊ မင်းနဲ့ငါက အလယ်အလတ်တန်းစားသိုင်းသမားတွေပဲမဟုတ်လား ညီလေးတန်'

လိမ့်ထုံ၏စကားကြောင့် တန်ချန်းဆိုသူ သိုင်းသမားသည် မျက်နှာပျက်၍သွားလေ၏။

အမှန်တော့ တန်ချန်းသည် လိမ့်ထုံကိုယှဉ်ရဲသော သတ္တိမရှိပါချေ။

'အစ်ကိုလိမ့်နဲ့ မဆိုင်ပါဘူးဗျာ'

'မဆိုင်ပေမယ့် မဟာရေးအာတော့ ငါမကြိုက်ဘူးလေတန်၊ မင်းသူနဲ့မယှဉ်ပါနဲ့၊ မင်းလမ်းမင်းသွားစမ်းပါ'

လိမ့်ထုံကပြောသည်။

လိမ့်ထုံစကားအဆုံး၌ ထွားက....။

'ဦးလေးကို ကျေနပ်မလေးစားပါတယ်'

ဟုပြောပြီး လက်နှစ်ဖက်ဆုပ်ပူးကာ လိမ့်ထုံအား အရိုအသေ
ပေးလိုက်၏။

လိမ့်ထုံအား အရိုအသေပေးပြီးနောက်....။

ထွားက....။
'ကျွန်တော့် သိပ်ယှဉ်ပြိုင်ချင်တဲ့ သူကို ကျွန်မ ယှဉ်ပြိုင်ပါရ
စေဦး'

ဟု လိမ့်ထုံကိုပြောလိုက်သည်။
'မင်း....သူ့ ကိုနိုင်မှာမဟုတ်ဘူး၊ ငါသိတယ်၊ ဟိတ်ကော
တန် မင်းဓားကို ပြန်သိမ်းလိုက်စမ်း'

တန်ချွန်းသည် ဓားကိုပြန်သိမ်းခြင်းမပြုဘဲ ထွားကို စိုက်
ကြည့်နေပေ၏။
သူ၏အကြည့်မှာ ရိုးသားပုံမရှိဘဲ ထွားကို အနိုင်ကျင့်ချင်
ရနေ၏။

ထိုအခြေအနေကိုရိပ်စားမိသော လိမ့်ထုံသည် ဘာမှဆ
မပြောတော့ဘဲ တန်ချွန်းအား ရှက်တရက် ဇာန်ကြောက်လို
လေ၏။

'ဖောင်း....'

'ဝုန်း....'

'အား....'



ပြင်းထန်သော လိမ့်ထုံ၏ကန်အားကြောင့် တန်ချွန်းသည်
လွင့်စဉ်၍သွားလေ၏။
ဓားတခြား၊ လူတခြားဖြစ်သွားသော တန်ချွန်းသည် ဓားကို
ပြန်မကောက်ရဲတော့ပဲ စားသောက်ဆိုင် အတွင်းမှ ထွက်သွား
လေ၏။
'ဦးလေးကို ကျွန်မလေးစားပါတယ်'
ဒုတိယအကြိမ် ထွားက အရိုအသေပေးလိုက်ပြန်၏။
'ထိုင်ပါ....မင်းနဲ့ငါ စကားပြောကြရအောင်'
လိမ့်ထုံက ပြောပြီး ဦးစွာ ကုလားထိုင်ပေါ်၌ ထိုင်လိုက်၏။
ထွားလည်း ထိုင်လိုက်ပေ၏။
စားသောက်ဆိုင်အတွင်းမှ သိုင်းသမားများ လိမ့်ထုံနှင့်
ထွားက အကဲခတ်ကြည့်နေကြသည်။
လိမ့်ထုံသည် မည်သူ့ကိုမျှဂရုမစိုက်ဘဲ ထွားကိုမေးလိုက်၏။
'မင်းဟာ ရသေ့မကြီးကုအုရဲ့တပည့်လား'
လိမ့်ထုံ၏အမေးကြောင့် ထွား အံ့သြ၍သွားပေ၏။
'ဦးက ကျွန်မရဲ့ဆရာမကြီးနဲ့ ရင်းနှီးလို့လား'
ထွားက မေးပြန်သည်။
'ကုအုနဲ့ မရင်းနှီးပေမယ့် သူ့သတင်းကို ကျော်ကြားဖူးပါ
တယ်၊ အင်မတန်ထက်မြက်တဲ့ သိုင်းပညာရှင် တစ်ယောက်ပဲ၊
သူ့ကိုမတွေ့တာ တော်တော်တောင်ကြာသွားပြီ'
လိမ့်ထုံက ပြောသည်။
'ဟုတ်ကဲ့ရှင့်....ဆရာမကြီး က မြေပြန့်နဲ့ အဆက်ပြတ်နေတာ
ကြာပါပြီ'

'မင်းနာမည် ဘယ်လိုခေါ်ပါလဲ'

'ကောင်းရှိထွားလို့ ခေါ်ပါတယ်'

'ဩော်...ကျုပ်နာမည်က လိမ့်ထုံလို့ ခေါ်တယ်၊ မင်းနဲ့ငါ မိတ်ဆွေဖြစ်သွားပြီ၊ နောင်အကူအညီလိုရင်ပြောပါ၊ ကျုပ် ဖိုနိအန်းမြို့မှာနေပါတယ်'

'ဟုတ်ကဲ့ရှင်၊ ဒီမြို့က ကိုဝမ့်မြို့မဟုတ်လား'

'ဟုတ်တယ်'

'ဒါဆိုရင် ကျွန်မတစ်ခုမေးပါရစေ'

'မေးပါ'

'ကိုဝမ့်မြို့မှာ လုံးဆိုတဲ့ကောင်လေးတစ်ယောက်ကို မြင်ဖူးပါသလား ဦးလေးထုံ'

လိမ့်ထုံသည် ခဏစဉ်းစားလိုက်သည်။

ပြီးမှ...။

'ဒီနာမည်မျိုး သိုင်းလောကမှာ မကြားဖူးဘူး၊ နေပါဦး၊ လုံးနဲ့ ထွားဟာ ဘာတော်သလဲ'

ထွားသည် ခဏငြိမ်နေပြီးနောက်...။

'ကျွန်မမောင်လေးပါ'

ဟု ပြောလိုက်လေ၏။

'အသက်ဘယ်လောက်ရှိပြီလဲ'

'ခုလောက်ထိုရင် သူ့အသက် နှစ်ဆယ်လောက်တော့ ရှိမယ်ထင်တယ်'

လိမ့်ထုံက ပြုံးလိုက်ပြီး...။



'ကိုယ့်မောင်လေးရဲ့အသက်ကိုတောင် စဉ်းစားခန့်မှန်းရသလား ကွာ'

ထွားက ပြုံး၍...။

'ကျွန်မအသက် ဘယ်လောက်ရှိပြီဆိုတာလဲ ကျွန်မကိုယ်တိုင် တိတိကျကျ မပြောနိုင်ပါဘူးရှင်'

'ဟာ...ထွား တကယ်ပြောနေတာလား'

'တကယ်ပြောနေတာပါ၊ ဒါပေမယ့် လခတွေ ရက်တွေတော့ လွဲကောင်းလွဲမှာပေါ့ရှင်၊ အမှန်တော့ ကျွန်မအသက်(၂၅)နှစ် ပြည့်ခဲ့ပါပြီ'

'ဟား...ဟား...ဟား'

လိမ့်ထုံသည် သဘောကျစွာဖြင့် ရယ်မောလိုက်ပေ၏။

'ထွားက ပျော်တတ်တယ်နော်'

'အမှန်တော့ ကျွန်မဟာ အမြဲစိတ်ညစ်နေရတဲ့လူပါ၊ လုံးနဲ့ တွေ့မှ ကျွန်မရဲ့စိတ်ညစ်ညူးမှုတွေအားလုံး ချေပျက်နိုင်မှာပါ ရှင်'

ထွားသည် ပြောရင်း မျက်ရည်တွေရစ်ဝဲလာသဖြင့် လိမ့်ထုံ သနား၍သွားလေ၏။

'ကဲပါ... မင်းကိုနှောင့်ယှက်သလို ဖြစ်နေပြီ၊ မင်းဘာသာ အေးအေးဆေးဆေးနေနိုင်အောင် ငါရှောင်ပေးပါ့မယ်'

'အို...ရပါတယ် ကိစ္စမရှိပါဘူး၊ လုံးကို ရုတ်တရက် သတိရ လိုက်လို့ ခုလိုဝမ်းနည်းသွားမိတာပါရှင်၊ ဦးလေးထုံ သုံး ဆောင်ချင်တာ သုံးဆောင်ပါ၊ ကျွန်မ ဧည့်ခံကျွေးမွေးပါရစေ'

'မဟုတ်တာဘဲ၊ ကျုပ်ကဧည့်ခံရမှာပေါ့'

'ကျွန်မ ပြည့်စုံပါပြီရှင်၊ စောစောက ခေါက်ဆွဲကြော်တစ်ပွဲ စားခဲ့ပြီးပါပြီ၊ နောက်ထပ် ကျွန်မ ဘာမှမစားနိုင်တော့ပါဘူး ဦးလေးတို့ အရက်သောက်ချင်ရင်သောက်ပါ၊ ကျွန်မတိုက်ပါ့မယ်'

'ကိစ္စမရှိပါဘူး၊ ကျုပ်လဲလုံလောက်ပါပြီ၊ ကျုပ်ကို ခွင့်ပြုပါဦး'

'ဟုတ်ကဲ့ရှင့်'

လိမ့်ထုံသည် ထွားကိုနှုတ်ဆက်ကာ စားသောက်ဆိုင်အတွင်းမှ ထွက်ခွာသွားလေ၏။

◆◆ ◆◆ ◆◆

## လူယုတ်မာသိုင်းသမား

လိမ့်ထုံ စားသောက်ဆိုင်မှ ထွက်ခွာသွားသောအခါ ထွား တစ်ယောက်တည်း ကျန်နေရစ်ခဲ့၏။

စားသောက်ဆိုင်မှ သိုင်းသမားအုပ်စုက ထွားကို အကဲခတ်ကြည့်နေကြသည်။

ထွားသည် အကောင်းပါးသူ တစ်ယောက်ဖြစ်၏။ သိုင်းသမားအုပ်စုထဲတွင် ဆိုးသွမ်းသိုင်းသမား တချို့ကို ထွားအကဲခတ်လိုက်မိသည်။

ထို့ကြောင့် ထွားသည် စားသောက်ဆိုင်အတွင်း၌ ကြာကြာနေလို့ မကောင်းတော့ဟု ကိုယ့်ဘာသာကိုယ် နားလည်လိုက်သည်။

စားသောက်ဆိုင်ဝန်ထမ်း တစ်ယောက်ကို ထွားက လှမ်းခေါ်ပြီး ကျသင့်ငွေကို ရှင်းပေးသည်။

'မမလေးရဲ့ သိုင်းပညာက အဆင့်သိပ်မြင့်တယ်၊ ဟိုလူသုံးယောက် အစ်မလေးကို မယှဉ်နိုင်လို့ ထွက်ပြေးသွားတာ၊ ကျွန်တော်မြင်လိုက်တယ်၊ နောင် ခရီးကြုံရင်လဲ ကျွန်တော်တို့ဆိုင်ကို ဝင်အားပေးပါဦး'

စားပွဲထိုးလေးကပြောပြီး ထွားကို အရိုအသေ ပေးကာ အနားမှ ခွာထွက်သွား၏။

ထွားသည် စားသောက်ဆိုင်အတွင်းမှ ထွက်ခဲ့၏။

လမ်းပေါ်သို့ ရောက်သောအခါ ဆက်သွားရမည့်ခရီးကို မသိသေး၍ ခဏရပ်ပြီး စဉ်းစားနေသည်။

ထိုစဉ် မြင်းစီးသမားသုံးယောက် ရောက်လာပြီး စားသောက်ဆိုင် အဝင်တံခါးဝ၌ ရပ်လိုက်ကြ၏။ ထို့နောက်မြင်းပေါ်မှ ဆင်းလိုက်ကြ၏။

မြင်းစီးသမား သုံးယောက်အနက်က တစ်ယောက် သောပုဂ္ဂိုလ်က ကျန်နှစ်ယောက်ကို အော်ပြောလိုက်သည်။

'လိမ့်ထူ' ဒီဆိုင်ထဲမှာ ရှိလိမ့်မယ်၊ မင်းတို့ သတိထား ဒီကောင်က သိပ်လျင်တဲ့ကောင်'



လိမ့်ထူ ဟူသော အသံကို ကြားလိုက်ရသဖြင့် ထွားသည် သစ်ပင်အကွယ်၌ ကိုယ်ကို ပုန်းကွယ်လိုက်ပြီး သူတို့စကားကို ဆက်၍ နားထောင်နေလိုက်သည်။

'လိမ့်ထူ' ဖိုလ်ကျသွားတဲ့ပစ္စည်းတွေက အင်မတန် တန်ဖိုးများတယ်၊ ဒီကောင့်ကိုသတ်ပြီး သူ့ဆီက ပစ္စည်းတွေကို ပြန်လုရမယ်'

ခေါင်းဆောင်လုပ်သူက ပြောသည်။

သူ့အမည်မှာ ချင်ဝမ်းဖြစ်၏။

သိုင်းလောကတွင် အချောင်သမား သိုင်းသမားသွဲ့ကို ခံယူထားပြီး လစ်လျှင် လျစ်သလို လုပ်ကိုင် စားသောက်နေသော လူတစ်ယောက် ဖြစ်သည်။

သူ့အဖွဲ့ဝင်နှစ်ယောက်မှာ တီဖုန်းနှင့် ယိကျောင်းတို့ ဖြစ်ကြ၏။

သူတို့သည် ဝတ်စုံညိုများကို ဝတ်ဆင်ထားကြ၏။ ခေါင်းစားများ ကိုယ်စီပါကြ၏။

ထိုစဉ် ရှတ်တရက် မိုးကရွာချလိုက်သဖြင့် သူတို့သုံးယောက်သည် စားသောက်ဆိုင်အတွင်းသို့ ပြေးဝင်သွားကြလေ၏။

'ဒီလူတွေ သုံးယောက်က ဦးလေးထုံကိုသတ်ဖို့ ရောက်လာကြတဲ့ လူတွေပဲ၊ ဒါပေမယ့် လိမ့်ထူမှ မရှိတော့တာ၊ ကိစ္စမရှိပါဘူး၊ ငါ့ခရီး ငါဆက်သွားတာပဲ ကောင်းပါတယ်'

ထွားသည် သစ်ပင်အကွယ်မှ ထွက်လိုက်ပြီးနောက် ခရီးစဉ်တစ်ခုအတွက် ခရီးထွက်ရန် သွားလေ၏။

❖ ❖ ❖

ထွား၏ရှေ့၌ မြစ်ကြီးတစ်မြစ်က ဆီးကာ၍ ထားပေ၏။ ထိုမြစ်၏ ဟိုဘက်ကမ်းတွင် မြို့တစ်မြို့ ရှိပေသည်။ ထိုမြို့၏အမည်မှာ ကွမ်းဝိုက်မြို့ဖြစ်ပေ၏။

ကွမ်းဝိုက်တွင် လုံးမျှားရှိနေလျှင် ဆိပ် ကောင်းမှာ ပဲဟု ထွားတွေးသည်။

ထိုအတွေးကြောင့် ထွားသည် တက်ကြွပျော်ရွှင်စွာ ပြုံးလိုက်မိပေ၏။

လှေဆိပ်သို့ ထွားရောက်လာသည်။

လှေတစ်စင်း ငှားသည်။

'ကျွန်မ ဟိုဘက်ကမ်းကို ကူးချင်လို့ ကူးတို့ခ ဘယ်လောက်ပေးရမလဲ'

'လှေသမားက ထွားကိုကြည့်၍ ပြုံးလိုက်သည်၊ သူ့ပြုံးကို နှစ်မြို့သော်လည်း ထွားက မသိဟန်ဆောင်နေလိုက်၏။

'ငွေတစ်စတော့ ပေးရမယ်၊ ဒါပေမယ့် မင်းဆီက ငွေတစ်စလို ငါမယူတော့ပါဘူး၊ စေတနာနဲ့ မင်းကို ကူညီပါမယ်'



'ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်ရှင်'

ပြောပြီး လှေပေါ်သို့ တက်လိုက်၏။

လှေသမားသည် လှေကိုလှော်ခတ်ပြီး ကမ်းမှ ခွာထွက်သွားလေ၏။

လှေသမားမှာ အကြံသမားတစ်ယောက် ဖြစ်သည်။

ထွားသည် သတိကြီးစွာထားလျက် လှေသမားကို အကဲခတ်နေလေ၏။

ရေလယ်သို့ ရောက်သော အခါ လှေသမားက လှေကို မလှော်တော့ဘဲ ထွားထံ ချဉ်းကပ်လာ၏။

ထွားက....။

'ရှင် ဘာလို့ လှေကို မလှော်ဘဲ ရပ်လိုက်ရတာလဲ'

ဟု မေးလိုက်သည်။

လှေသမားက....။

'လှော်ဖို့မလိုတော့ဘူး၊ မင်းကို ငါချစ်သွားပြီ၊ ငါ့အလိုကို မင်းမလိုက်ရင် မင်းကို ရေနှစ်သတ်မယ်'

'ရှင် လူယုတ်မာပဲ'

'ယုတ်မာတာ မဟုတ်ပါဘူး၊ မင်းကို ငါတကယ် ချစ်တာပါ'

လှေသမားသည် အနားသို့ ရောက်လာပြီး ထွားကို လှမ်းဖက်လိုက်သည်။

လှေသမား၏လက်ကို ပုတ်ထုတ်လိုက်ပြီး ဆောင့်ကန်လိုက်သည်။

လှေသမားသည် အမှတ်တမဲ့မို့ ဝုန်းခနဲ ရေထဲသို့ ကျသွားလေ၏။

ထွားသည် ချက်ချင်းပင် လှော်တက်ကို ကိုင်၍ လှေကို လှော်ခတ်လိုက်လေ၏။

'ဟိတ်၊ ဟိတ်၊ ငါ့ကို ဆယ်ပါဦး'

ရေထဲမှ လှေသမားက လှမ်းအော်ပြောသည်။

ထွားက....။

'ရှင့်လို လူယုတ်မာကို စျန်မဲ့ မကယ်နိုင်ဘူး၊ ရှင့်ဘာသာရှင် ရေကူးပြီး ကျန်ရစ်ခဲ့ပေတော့'

ထွားသည် လှေကို လှော်ခတ်သွားရာ....၊

မကြာမီ တစ်ဘက်ကမ်းသို့ ရောက်လေ၏။

ကမ်းပေါ်သို့ ရောက်သော် ကွမ်းဝိုက်မြို့တွင်းသို့ ဝင်ရောက်သွားလေ၏။

◆◆ ◆◆ ◆◆



ကွမ်းဝိုက်ဈေးသည် အလွန်စည်ကားသော ဈေးတစ်ဈေးဖြစ်ပေသည်။

ဈေးအတွင်း၌ စားသောက်ဆိုင်တစ်ဆိုင်ကိုတွေ့၍ ထိုဆိုင်သို့ လျှောက်သွားပြီး ဆိုင်အတွင်းသို့ ဝင်လိုက်သည်။

အချိန်မှာ....

ညနေစောင်းလေပြီ။

ကွမ်းဝိုက် စားသောက်ဆိုင်သည် အလွန်ခမ်းနား ထယ်ဝါသော စားသောက်ဆိုင် တစ်ဆိုင်ဖြစ်ပေသည်။

ဆိုင်တွင်းသို့ ရောက်သည်နှင့် အရှင်းဆုံးစားပွဲကို ရွေး၍ ဝင်ထိုင်လိုက်သည်။

စားပွဲထိုးတစ်ယောက် ရောက်လာ၏။

'အစ်မလေး ဘာသုံးဆောင်မလဲ'

'ပေါက်စီနှစ်လုံးပဲ ပေးပါ၊ ဒီဆိုင်မှာ ည တည်းခိုလို့ ရမလား'

ထွားက စားပွဲထိုးကို မေးလိုက်သည်။

'ရပါတယ်'

'ကျေးဇူးပဲကွယ်၊ ပေါက်စီနှစ်လုံးပဲ အရင်ပေးပါ'

စားပွဲထိုး ပြန်ထွက်သွားသည်။

ကွမ်းတိုက် စားသောက်ဆိုင်မိုင်ရှင်မှာ မိန်းကလေး တစ်ယောက်ပင် ဖြစ်ပေသည်။

စားပွဲထိုးပြန်ရောက်လာပြီး ပေါက်စီနှစ်လုံး ချပေးကာ ပြန်ထွက်သွားသည်။

ထွားသည် ပေါက်စီနှစ်လုံးကို စားသောက် လိုက်ရသောအခါ၊ ဗိုက်ထဲ ပြည့်ဝသွားသလို အာသာပြေ၍ သွားပေ၏၊ စားသောက်ပြီးသောအခါ....။

ငွေသိမ်းစားပွဲသို့ ထွား ရောက်လာခဲ့ပြီး....။

'ကျွန်မ တစ်ညလောက် တည်းခိုချင်လို့ပါ၊ ခွင့်ပြုနိုင်မလား အစ်မကြီး'

'အို....ရပါတယ် ညီမလေး၊ ညီမလေး တည်းခို ချင်ရင် အခန်းကောင်းကောင်း ရှိပါတယ်၊ အစ်မတို့ တည်းခိုခန်းမှာ ယောကျ်ားခန်း၊ မိန်းမခန်း၊ သီးသန့် ရှိပါတယ်၊ ဈေးတော့ နည်းနည်းများတယ်၊ ညီမလေး တည်းခိုနိုင်ပါမလား'

'တည်းခိုနိုင်ပါတယ်ရှင်'

'တစ်ညတည်းခိုခ ဘယ်လောက်လဲအစ်မကြီး'

'ငွေ ငါးတုံးပါ'

'ရပါတယ်'



တည်းခိုခများသော်လည်း မတတ်နိုင်ပေ။ အချိန်က မရှိတော့သဖြင့် တစ်ညတာတည်းခိုခရေးကို မျက်စိမှိတ်ပြီး လက်ခံလိုက်ရ၏။

ည မိုးချုပ်စပြုလာ ပြီ။

စားသောက်ဆိုင် အလုပ်သမလေးတစ်ယောက်က ထွားနေထိုင်ရန် အခန်းတစ်ခန်းလိုက်ပြသည်။

အမျိုးသမီးအဆောင်ခန်းများကို များစွာတွေ့ရသော်လည်း အခန်းတိုင်းလိုလို လူမရှိဘဲ လွတ်နေလေသည်။

အောက်ထပ်မှာ စားသောက်ဆိုင်ဖွင့်ပြီး အပေါ်ထပ် နှစ်ထပ်မှာ တည်းခိုခန်းများဖွင့်လှစ်ထား၏။

အပေါ်ဆုံးထပ်မှာ ယောကျ်ားများ အတွက် သီးသန့်တည်းခိုခန်းများထားရှိပေသည်။

ထွားအတွက် အခန်းတစ်ခန်းရလိုက်ပေသည်။

'အစ်မလေး ဒီအခန်းကိုမကြိုက်ရင်ပြောပါ'

'ဘယ်အခန်းပဲဖြစ်ဖြစ် ကျွန်မကြိုက်ပါတယ်'

ထွားကပြောသည်။

စားသောက်ဆိုင်နှင့်တည်းခိုခန်း အလုပ်သမားလေးက ဟက်ခနဲပြုံးလိုက်သည်။

'ညီမလေးက ဘာလို့ပြုံးတာလဲ'

ထွားက မေးလိုက်၏။

'အစ်မလေးက ဘယ်အခန်းပဲ ဖြစ်ဖြစ် ကြိုက်တယ် ဆိုလို့ ကျွန်မတစ်ခုစဉ်းစားမိလို့ပါ၊ အမျိုးသားတွေနေတဲ့ အခန်းမှာ နေမလားလို့ ကျွန်မကမေးရင် မမဘယ်လိုပြန်ပြောမလဲ'

ထွားက ဟက်ဟက်ပက်ပက် ရယ်မောလိုက်လေ၏။

'အမျိုးသမီးသီးသန့်ခန်းမရှိရင်တော့ နေရမှာပေါ့'

ထွားကပြန်ပြောသည်။

'အစ်မလေးမကြောက်ဘူးလား'

'ဘာကိုလဲ'

'ယောကျ်ားတွေက မိန်းမတွေဆိုရင် သိပ်ပြီးစချင်နောက်ချင်ကြတယ်လေ၊ ပြီးတော့ အနိုင်ကျင့်လို့ရရင် ကျင့်တတ်တယ် မဟုတ်လား'

'ဒါက ရတဲ့လူမှုရတာပေါ့'

'အစ်မလေးက မိန်းကလေးပဲ၊ ယောကျ်ားတွေ အားကို ယှဉ်လို့ရပါ့မလား'

'ယှဉ်လို့ ရတဲ့ မိန်းမတွေ ရှိပါတယ်၊ မမကတော့ ဘယ် ယောကျ်ားကိုမှမကြောက်ဘူး၊ ဒါကြောင့်လဲ ညီမလေးတို့စာ သောက်ဆိုင်မှာ တစ်ယောက်တည်းလာတည်း တာပေါ့ကွယ်'

အလုပ်သမလေးသည် ပြုံး၍နေလေ၏။



ထွားက....။

'ညီမလေးနာမည် ဘယ်လိုခေါ်သလဲ'

ဟု မေးလိုက်၏။

'ကျွန်မနာမည် ကျင့်ကျင်းလို့ခေါ်ပါတယ်'

'ကျင့်ကျင်းသွားတော့၊ မမအနားယူလိုက်ဦးမယ်'

ကျင့်ကျင်းက ချက်ချင်းမသွားသေးဘဲ....။

'အစ်မလေးနာမည်ဘယ်လိုခေါ်သလဲ'

ဟု မေးလိုက်သည်။

'ငွေသိမ်းဆောင်မှာ မမရဲ့နာမည်ကိုရေး ပေးခဲ့တယ်လေ၊ ကျင့်ကျင်းမဖတ်ခဲ့မိဘူးနဲ့တူတယ်'

ကျင့်ကျင်းက ခေါင်းညိတ်၍....။

'ဟုတ်ကဲ့'

ဟု ပြောသည်။

'ဒါဆို မမနာမည်ကို ကျင့်ကျင်းသိအောင် ပြောရ တာပေါ့ ကွယ်၊ မမနာမည်က ကောင်းရိထွားလို့ခေါ်တယ်'

'ကျေးဇူးပါပဲ မမထွား'

ဟု ပြောပြီး ကျင့်ကျင်းသည် ထွားကို နှုတ် ဆက် ကာ အောက်ထပ်သို့ ဆင်းသွားလေ၏။

❖ ❖ ❖

ညသန်းခေါင်ချိန် ဖြစ်သည်။ ထွားသည် မအိပ်သေးပေ။ ကုမ်းတိုက်စားသောက်ဆိုင်၌ အမှုထမ်းသော ကျင့်ကျောင်း ဆိုလူမိန်းကလေးကို တွေးနေမိသည်။

သူမ၏အနေအထိုင်မှာ ရိုးပုံရိုးပါး မရှိလှဟု ထွားထင်၏။ ကျင့်ကျောင်း၏ စပ်စုသော စိတ်သဘောထား ကိုလည်း ထွားမကြိုက်လှပေ။ သူမ၌ တစ်စုံတစ်ရာ ရည်ရွယ်ချက် ရှိလိမ့်မည်ဟု ထင်သည်။

ထို့ကြောင့် ထွားမအိပ်ဘဲ ထိုည၌ တစ်စုံတစ်ရာ ထူးခြားလာလိမ့်မည်ဟု ထင်၏။

မျှားမကြာမီ ထွား၏ အထင်အမြင်နှင့် ခွေးခေါ်ချက်များသည် မှန်ကန်၍ လာပေတော့၏။

အခန်း၏အပြင်ဘက်၌ ခြေသံ လို လို ကြားသည်။ ခြေကိုဖွနင်း၍ လျှောက်လာနေမှန်း ထွားသိသည်။

ထွားမှာ သိုင်းသမား တစ်ယောက် ဖြစ်သောကြောင့် နားအလွန်ပါးပေ၏။

ခြေသံသည် ထံခါးဝနားအရောက်၌ ရပ်တန့်၍ သွားလေ၏။

ထွား ပြုံးလိုက်သည်။

ခိုးကြောင်ခိုးဝှက် ချဉ်းကပ်လာသူမှာ မိန်းကလေး တစ်ယောက်မှန်း ထွားသိ၏။ အဘယ့်ကြောင့်ဆိုသော် နံ့သာနံ့



တစ်မျိုးသည် အခန်းအတွင်းသို့ ပျံ့လွင့်ဝင်လာပြီး ထွား၏နှာဝ၌ လာရောက်ဆွဲကပ်သောကြောင့် ဖြစ်သည်။

ထွားသည် ကိုယ်ဖော့သိုင်းပညာဖြင့် ပြတင်းပေါက်ဘက်သို့ လျှောက်သွားပြီး အသံမမြည်အောင် ပြတင်းပေါက်တံခါးကို ဖွင့်လိုက်သည်။

ထွားအပြင်သို့ ရောက်သွား၏။

ထိုမှ ဝရံတာအတိုင်း ခြေဖော့နင်းကာ သူလျှိုမကို မှောင်ရိပ်ကြားမှ လှမ်းအကဲခတ် ကြည့်လိုက်သည်။

ကျင့်ကျောင်း။

ထွားထင်သည့်အတိုင်းပင် ကျင့်ကျောင်း ဖြစ်နေသည်ကို မြင်လိုက်ရပေ၏။

'သူ ငါ့အခန်းရှေ့မှာ ဘာရပ်လုပ်နေတာလဲ၊ ငါ့ကိုအန္တရာယ်ပြုချင်လို့လား၊ ဒါမှမဟုတ် ငါ့ပစ္စည်းတွေကို လစ်သုတ် ခိုးချင်လို့ လား'

ထွားစဉ်းစားလိုက်သည်။

ထိုစဉ်မှာပင် ကျင့်ကျောင်းက တစ်စုံတစ်ယောက်ကို လက်ယပ်ခေါ် လိုက်သည်ကို ထွားမြင်လိုက်ပေ၏။

'အော် သူ ဘယ်သူ့ကိုခေါ်နေတာပါလိမ့်၊ ဘာတွေများ ကြံစည်အားထုတ်နေကြပါလိမ့်'

ထွား ဤသို့ စဉ်းစားနေစဉ်မှာပင် အရိပ်သဏ္ဌာန်တစ်ခုသည် ရိပ်ခနဲ ရောက်လာပြီး ကျင့်ကျောင်းကို မှောင်ရိပ်တစ်ခုကြားသို့ ခေါ်ထုတ်သွားလေ၏။

ငှင်းတို့ မှောင်ရိပ်သို့ ရောက်သွားသောအခါ ထွား သူတို့နောက်သို့ နောက်ယောင်ခံ၍ လိုက်ချောင်း၏။

ကျင့်ကျင်းနှင့် ယောကျ်ားတစ်ယောက်ကို ထွားသေချာစွာမြင်တွေ့လိုက်ရသည်။

ထိုအမျိုးသားမှာ သိုင်းသမားတစ်ယောက် ဖြစ်ပေ၏။ ဝတ်ရုံနက်ကို ဝတ်ဆင်ထား၍ ဆောင်ဓား တစ်လက်ကို စလွယ်သိုင်း၍ ထားသည်။

'သူ တကယ်အိပ်ပျော်နေသလား'

အမျိုးသားက လေသံဖြင့် ကျင့်ကျင်းကို မေးလိုက်သည်၊

'ဟုတ်တယ်၊ အစ်ကိုကျင့်ကျန်' သူ တကယ်အိပ်ပျော်နေတယ်၊ ရှင်၊ အခု အချိန်ဝင်လိုက်ရင် ရှင့်ဆန္ဒတွေ သိပ်ကိုပြည့်ဝသွားလိမ့်မယ်၊ ကျွန်မကတော့ သူ့ဆီက ငွေစတချို့ ရရင် ကျေနပ်ပါပြီ'

ကျင့်ကျင်းတို့၏ ရည်ရွယ်ချက်ကို ထွားကောင်းစွာ သိလိုက်ပေပြီ။

သူတို့ မိမိကို ယုတ်မာတော့မည်မှာ သေချာ၏။ ထွားပြုံးလိုက်၏။

'ဒါကြောင့်မို့ ညီမလေး ကျင့်ကျင်းကို အစ်ကိုက ချစ်နေတာ'

သူတို့နှစ်ယောက် နီးကပ်စွာ ပူးကပ်သွားသည်ကို ထွားမြင်လိုက်ရသဖြင့် မျက်နှာလွှဲလိုက်၏။

ခဏကြာသော် အမျိုးသား၏အသံကို ကြားလိုက်ရသဖြင့် ထွား သူတို့ကို လှမ်းကြည့်လိုက်သည်။



'ကျင့်ကျင်းတို့ စားသောက်ဆိုင်မှာ တည်းခိုတဲ့ အမျိုးသမီးတွေကို အစ်ကို ဘယ်တော့မှ အလွတ်မပေးပါဘူး၊ ဒီတစ်ခါတွေ့တဲ့ အမျိုးသမီးက အသက်လဲငယ်တယ်၊ ချောလဲ ချောတယ်၊ အဲဒီတော့ ကျင့်ကျင်းကို အစ်ကို သိပ်ကျေးဇူးတင်တာပဲ၊ သူနဲ့ တစ်ညအိပ်ပြီးရင် ကျင့်ကျင်းဆန္ဒကို အစ်ကိုဖြည့်ပေးမယ်နော်၊ ငွေစတွေလဲ အများကြီးပေးမယ် ဟုတ်လား'

'အစ်ကိုသွားတော့လေ၊ အချိန်သိပ်မရှိတော့ဘူး၊ တော်ကြာနိုးသွားရင် အစ်ကို့အတွက် အခက်အခဲတွေ ဖြစ်နေလိမ့်မယ်'

'ရပါတယ်ကွာ၊ အစ်ကိုက သိုင်းသမားပဲ၊ မိန်းကလေးတစ်ယောက်ကို အသာလေးသိပ်ပြီး ပျော်ပါးလို့ရပါတယ်၊ ကိုင်း အစ်ကိုသွားမယ်'

'သွား....သွား'

အမျိုးသားသည် ရိပ်ခနဲ လျင်မြန်စွာ ထွက်ခွာသွားလေ၏။

ထွားသည် ကျေနပ်စွာ ခေါင်းတစ်ချက်ညိတ်လိုက်ပြီး ကျင့်ကျင်းထံ လျှောက်၍သွားလေ၏။

❖❖ ❖❖ ❖❖

ထွားကိုမြင်လိုက်သည်နှင့် ကျင့်ကျင်းက ကျင့်တန်ဟုထင်ကာ....။

'အစ်ကို ကျင့်ကျန် မြန်လှချည်လား'

ဟု လှမ်းမေးသည်။

ထွားက ပြန်မပြောတဲ့ ကျင့်ကျင်း အနားသို့ တိုး ကပ်သွား၏။

'ဟင်...မမ'

'အင့်'

ထွားကို ရုတ်တရက် မြင်လိုက်ရသောအခါ ကျင့်ကျင်းလွန်စွာ အံ့သြ ထိတ်လန့်၍ သွားလေ၏။

ထွားသည် လျင်မြန်စွာဖြင့် သူမ၏ သွေးကြော တစ်ခုကို လှမ်းပိတ်ဆို့ပစ်လိုက်သည်။

ကျင့်ကျင်းသည် 'အင့်' ဟု တစ်ချက်ညည်းတွားပြီး မေ့မြောသွားလေ၏။

ကျင့်ကျင်းကို တစ်ခန်းရာသို့ မခေါ်သွားပြီး မှောင်ရိပ်တစ်ခု၌ ဝှက်ထား လိုက်ကာ စောစောက နေရာသို့ ထွား ပြန်လျှောက်လာခဲ့ပြီးနောက် ကျင့်ကျင်း ပုံစံကဲ့သို့ ပုံမှားရိုက်ကာ မှောင်ရိပ်ခို ရပ်နေလိုက်သည်။

ကျင့်ကျန့်သည် အလွန် မကျေမနပ်ဖြစ်ခါနှင့် ရောက် လာပြီး ထွားကို ကျင့်ကျင်းဟု ထင်ကာ လှမ်းပြောလိုက်သည်။

'ကျင့်ကျင်း၊ သူမရှိတော့ဘူးကွ၊ ဟင်'

'ဒုတ်'



ကျင်ကျန့်၏ စကားအဆုံးမသတ်မီ ထွား၏ သွေးကြောပိတ်သိုင်းကွက်ရိုက်ချက်က ဒုတ်ခနဲ သူ့ကိုယ်ပေါ်သို့ လျင်မြန်စွာ ကျရောက်သွားပေ၏။

ကျင့်ကျန့်သည် အီးဟု ညည်းတွားကာ ကြမ်းပေါ်သို့ ခွေကျသွားလေ၏။

'ငါ့ကို ယုတ်မာချင်တဲ့အကောင်တွေ နင်တို့ကိုလည်း အရှက်ရအောင် ငါလုပ်ခဲ့မယ်'

နောက်တစ်နေ့ မနက်လင်းသောအခါ ထွား သည် စားသောက်ဆိုင်ရှိရာ အောက်ထပ်သို့ ဆင်းလာခဲ့၏။

ပြီးနောက် စားပွဲတစ်ခုမှာထိုင်ကာ ခေါက်ဆွဲကြော် တစ်ပွဲမှာယူလိုက်လေ၏။

ထွား ခေါက်ဆွဲကြော် စားသောက် နေစဉ်၌ တစ်ဘက် စားပွဲဝိုင်းမှ လူများ၏ စကားသံတို့ကို ကြားလိုက်ရသည်။

'ရှက်ဖို့ သိပ်ကောင်းတာပဲ၊ အစ်ကိုကျင်ကျန့်နဲ့ ကျင့်ကျင်းတို့ရဲ့အကြောင်း'

'ဟုတ်ပါ့မလား၊ ကျွင့်ကျွင်းရဲ့အလုပ်ရှင် လူကြီးတော်တော် အတော့ သိပ်ရှက်နေပြီ၊ ကျွင့်ကျွင်းကို အလုပ်က ဖြုတ်ပစ်ဖို့ လုပ်နေပြီလား'

'ပြုတ်မှာပေါ့၊ ဒီကောင်မရော ဘယ်လောက်များ ကောင်းလို့လဲ၊ တည်းခိုခန်းမှာ သူပဲ မွေ့နေတာ မဟုတ်လား၊ ငါ့ပစ္စည်းလဲ ကုန်ပြီ၊ ဒီကောင်မခိုးလို့'

တစ်ခဏမျှကြာသော် အပေါ်ထပ်မှ လူတစ်ယောက် ပြေးဆင်းလာသည်ကို စားသောက်နေသူများ အားလုံး မြင် တွေ့လိုက်ရ၏။

'ဟာ ဟိုမှာ ကျွင့်ကျွန်း ပြေးလာနေတယ်'

ကျွင့်ကျွန်သည် စားသောက်နေသူများကို တစ်ယောက်ချင်းလိုက်အကဲခတ်ကြည့်နေလေ၏။

နောက်ဆုံး ထွားကို မြင်မတွေ့သွားသည်နှင့် ဓားကို ဓားအိမ်မှ လျင်မြန်စွာ ဆွဲထုတ်လိုက်ပြီး ထွားရှိရာသို့တစ်ဟုန်ထိုး ပြေးသွားလေ၏။

'ဒန်း'

'ဒလန်...လန်း'

ထွားနားသို့ ရောက်သွားသည်နှင့် ကျွင့်ကျွန်သည် ဘာမှ မပြော ညာမပြောဖြင့် ထွားကို ဓားဖြင့် တအား ခုတ်ပိုင်းလိုက်လေ၏။



ထွားမှာ ပြဿနာတစ်ရပ်ကို ကြိုတင်၍ တောင်းစွာသဘော ပေါက် နားလည် ထားခဲ့ပြီမို့ ကျွင့်ကျွန်၏ တိုက်ခိုက်မှုကို ကာကွယ်နိုင်ခဲ့ပေ၏။

ထွား၏ ကိုယ်ပေါ်သို့ ကျရောက်လာသော ကျွင်ကျွန်၏ ဓားချက်ကို ဓားဖြင့် ခတ်ထုတ်လိုက်ပြီး ဘေးသို့ခုန်ထွက်လိုက်၏။

ကျွင်ကျွန်သည် ဒုတိယအကြိမ် နဂါးအမြီးရိုက် ဓားသိုင်းကွက်ဖြင့် ထွားကို ဆက်တိုက်၏။

ထွားက 'ဇာမဏီ ငှက်ပျံမယ်' သိုင်း ကွက် ဖြင့် ခုခံပြီး ကျွင့်ကျွန်၏ ဆီးခုံကို ပိတ်ကန်ထည့်လိုက်သည်။

ကျွင့်ကျွန်မှာ ဇာမဏီ ငှက်ပျံမယ် ဓားတစ်ချက် ထိသွားသလို ဆီးခုံမှာလဲသွား ပြင်းထန်စွာ ဒဏ်ရာရ၍သွားလေ၏။

ဒုတိယဓားချက်ကို ထွားသုံးလိုက်ပြန်၏။ 'ငှင်းဓား ဇာမဏီယောကျ်ားယိမ်းနွဲ့ဓား' သိုင်းကွက်ဖြစ်ပေ၏။

ဓားချက်မှာ လွန်စွာ ပြင်းထန် သောကြောင့် သည် နေရာတွင် ပုံလျက်သား လဲကျသွားလေ၏။

ကျွင်ကျွန် ပုံလျက်သား လဲကျသွားမှ ထွား သူ့ ဓားကို သိမ်းလိုက်သည်။

စားသောက်နေကြသော ပရိသတ်များ လှုပ်လှုပ် ရှားရှား ဖြစ်၍သွား၏။

'ဟာ...မိန်းကလေးက ဓားရေး အင်မတန် ကောင်းလှပါလား၊ အကျော်အမော် သိုင်းသမားကြီး ကျွင်ကျွန်တော့ ဒီပွဲမှာ ခံသွားရပြီဟေ့'

ပရိသတ်များ၏ ဝေဖန်ချက် စကားသံများကို ကြားနေ သဲမှာပင် ကျင့်ကျင်းသည် မရှက်မကြောက်ဘဲ မျက်နှာပြောင် တိုက်ကာ အောက်ထပ်သို့ ဆင်းလာခဲ့ပေ၏။

'ဟိတ်...ဟိုမှာ ကျင့်ကျင်း မဟုတ်လား'

'ဟုတ်ပါ့ဗျာ၊ ဒီကောင်မ အောက်ဆင်းပြီး ဘာတွေရှုပ်ဦး မယ် မသိဘူး'

ထွားသည် ကျင့်ကျင်းကို မြင်သွားသည်နှင့် စိတ်ကိုမထိန်း နိုင်ဘဲ ဒေါသတွေ တထောင်းထောင်း ထွက်လာလေ၏။

'ဟိတ်၊ ဒီလာစမ်း'

ကျင့်ကျင်းကို ထွားက လှမ်းခေါ်လိုက်သည်။ ထွားကိုတစ် ချက်ကြည့်လိုက်ပြီး မကျေနပ်ပုံဖြင့် လျှောက်လာ၏။

ထွားအနားသို့ ကျင့်ကျင်းရောက်လာသည်နှင့် ထွားက... လိုက်အတွက် ငါ့ကို ယုတ်မာချင်တိုင်း ယုတ်မာလို့ရမယ် ထင် [illegible] နောက် နင်တို့ပဲ အခု အရှက်ရသွားကြပြီ မဟုတ်လား'

[illegible] ကြည့်စမ်း ဘယ်သူလဲ'

[illegible] ကြမ်းပေါ်၌ လဲကျသတိမေ့နေသော ကျင်ကျန်ကို [illegible] တ်ပြပြီး ထွားက မေးလိုက်၏။

'အို'

သွေးအိုင်ထဲ သတိမေ့လဲကျနေသော ကျင်ကျန်ကို မြင်လိုက် သောအခါ ကျင့်ကျင်း ထိတ်လန့်သွား၏။

'နင့်ကိုလဲ ဆုံးမရမယ်'

'ဖြန်း'

'အား'



ကျင့်ကျင်း၏ပါးကို ရိုက်ထည့်လိုက်သည်။ ကျင့်ကျင်းသည် တစ်ပတ်လည်သွားပြီး ပါးပြင်ပေါ်၌ လက်ငါးချောင်းရာထင် ၍သွားကာ လဲကျမေ့မြောသွားလေ၏။

ထို့နောက် ထွားသည် ခေါက်ဆွဲကြော်ဖိုးအတွက် ကျသင့် ငွေစကို ဘေးပွဲပေါ်၌ ထားခဲ့ပြီး နေရာမှ လျှင်မြန်စွာ ထွက် ခွာသွားလေ၏။

အရက်ပြိုင်သောက်မလား

ဆရာကြီး လူဝီယင်သည် ရုတ်တရက် ပျောက်ချင်းမလှ ပျောက်သွားသဖြင့် လုံး စိတ်ထိခိုက်စွာဖြင့် တောင်ပေါ်မှဆင်း လာခဲ့သည်။

ယခုအခါ လုံးမှာ အသက် (၂၀) ပြည့်ခဲ့လေပြီ၊ မြ မြို့မြို့တစ်ခုသို့ လုံး ရောက်လာသည်။

၎င်းမြို့မှာ....။

ကွမ်းစုမြို့ ဖြစ်ပေ၏။

အလွန်တရာ ဆိုးသွမ်းသောမြို့သို့ ရောက်ရှိလာပြီး မျ မကြာမီမှာပင် ပြဿနာပေါင်း သောင်းခြောက်ထောင်နှင့်ရင် ဆိုင် တွေ့ဆုံရတော့၏။



ပထမဦးဆုံး လူကြုံတွေ့ရသော ပြဿနာမှာ ဆိုးသွမ်းသော သိုင်းသမား ငါးယောက်နှင့် ဖြစ်၏။

ဖြစ်ပွားပုံမှာ....။

လုံး၏ ပါလာသော ငွေစနှင့် ဓားကို လုယူသော ပြဿနာ ဖြစ်သည်။

ဆိုးသွမ်း သိုင်းသမား ငါးယောက်တို့မှာ ဓားကိုယ်စီဖြင့် လုံးကို ဝိုင်းထားလိုက်သည်။

ပြီးနောက် လုံး၏ ဓားကိုလုယူကြသည်။ လုံးမှာ ပြိုင်ဘက်ကင်း သိုင်းသမား တစ်ယောက်ဖြစ်ကြောင်းကို သူတို့ မရိပ်မိခဲ့ပေ။

ဤသည်ပင် သူတို့၏ အမှားများ ဖြစ်ကြတော့၏။

'ဟိတ်လူတွေ၊ ကျုပ်မှာပါလာတဲ့ ငွေစနှင့် ဓားကိုလိုချင်ရင် ကျုပ်ကိုသတ်ပြီး ယူကြ၊ ကျုပ်ကို မသတ်နိုင်ရင်တော့ ကျုပ်ဆီက ငွေစနဲ့ ဓားရဖို့ မလွယ်ဘူး'

ပြောပြီး လုံး ဓားကို ဝှေ့ယမ်းလိုက်သည်။

သက်တန့်သွေးဓားချက် ငါးချက်သည် အရောင်အသွေး ငါးမျိုးဖြင့် လှုပ်ရှားသွားလေ၏။

ဆိုးသွမ်း သိုင်းသမား ငါးယောက်သည် သက်တန့်သွေးဓား ချက်အောက်တွင် ကိစ္စပြီးပြတ်၍ သွားတော့၏။

ဒုတိယ ပြဿနာ တစ်ရပ်မှာ အောက်ပါအတိုင်း ဖြစ်ပေ၏။ လုံး စီးလာသော မြင်းကို လုယူခြင်း ဖြစ်သည်။ ဆိုးသွမ်းသိုင်းသမားအဖွဲ့မှာ ခုနစ်ယောက်ဖြစ်သည်။

'ခင်ဗျားတို့က ကျုပ်မြင်းကို ဘာဖြစ်လို့ ယူချင်ကြတာလဲ'

'မင်းမြင်းက လှလို့ပေါ့ကွ၊ မင်းနဲ့မတန်ပါဘူး၊ မင်းရုပ်တမင့်မြင်းလောက်တောင် မလှဘူး'

လုံး ဟက်ခနဲရယ်မောလိုက်သည်။

အမှန်တော့ လုံးမှာ အင်မတန်ချောမောလှပသော လူငယ်တစ်ယောက်ဖြစ်၏။ အခု အကျည်းတန်အောင် ရုပ်ဖျက်ထားသည်ကို ဘူတို့မသိကြပေ။

ထို့ကြောင့် လုံးက သဘောကျစွာဖြင့် ဟက်ခနဲ ရယ်မောလိုက်ခြင်းဖြစ်ပေ၏။

'ကျုပ် ချုပ်မလှတာနဲ့ပဲ ခင်ဗျားတို့က ကျုပ်မြင်းကို လိုချင်တာ ဘာမှုလဲမဆိုင်ပါလားဗျာ၊ ကျုပ်မပေးနိုင်ဘူးလို့ ငြင်းရင် ခင်ဗျားတို့ ကျုပ်ကို ဘာလုပ်မလဲ'

'ဟား...ဟား...ဟား...မင်းကို သတ်ပစ် လိုက်မှာပေါ့ကွ'

'ဒါဆိုလဲသတ်ဗျာ၊ မြင်းတော့မပေးနိုင်ဘူး'

ဆိုးသွမ်းသိုင်းသမားခုနစ်ယောက်တို့သည် လုံးကိုဝိုင်း၍တိုက်ကြ၏။



လုံးမှာ ပျံလွှားအစာဖမ်း သိမ်းကွက် ခုနစ်ကွက်ဖြင့် တိုက်ခိုက်လိုက်သည်။

၎င်း 'ပျံလွှားအစာဖမ်း' သိုင်းကွက်မှာ အပျော့သိုင်းကွက်ပင်ဖြစ်သော်လည်း အလွန်သွက်လက် လျင်မြန်၍ ပြင်းထန်သော သိုင်းကွက်များဖြစ်ပေသည်။

ဆိုးသွမ်း သိုင်းသမား များသည် လုံးကို ယှဉ်ပြိုင်နိုင်စွမ်း မရှိပေ။

အတုံးအရုံးသေဆုံးကုန်၏။

လုံးသည် ဆိုးသွမ်းသိုင်းသမားကိုအနိုင်တိုက်ခိုက်နိုင်ခဲ့သဖြင့် အလွန်ဝမ်းသာ၍ သွားပေ၏။

အဘယ်ကြောင့်ဆိုသော်...။

လုံးသည် ဆိုးသွမ်းသိုင်းသမားများကို လွန်စွာ မုန်းတီးစက်ဆုပ်သောကြောင့်ဖြစ်ပေ၏။

ကမ်းစုမြို့ စားသောက်ဆိုင်တစ်ဆိုင်သို့ လုံးမရှေ့ရှုထွက်လာခဲ့၏။

◆◆ ◆◆ ◆◆

'ဝိုင်ရီဝိုးစားသောက်ဆိုင်'

စားသောက်ဆိုင်၏ အပေါက်ဝ ထိပ်တည့်တည့်ပေါ်၌ တွေ့လိုက်ရသော ဆိုင်းဘုတ်ဖြစ်သည်။

လျူလုံးသည် ထိုဆိုင်းဘုတ်ကိုကြည့်ပြီး ဟက်ခနဲ ပြုံးလိုက်သည်။

ဝိုင်ရီဝိုးဟူသော အမိပ္ပာယ်မှာ ကြိုးကြာငန်းဟူသော အဓိပ္ပာယ်ရပေ၏။

'ကြိုးကြာငန်းနဲ့နဂါးနဲ့တော့တွေ့ပြီ'

ဟု တွေးရင်း လုံးဆိုင်တွင်းသို့ဝင်လာခဲ့သည်။

လုံး၏ရည်ရွယ်ချက်မှာ အစ်မလေးအကြောင်းရိပ်ထွားကိုရှာရင် ထိုဆိုင်၌ ဝမ်းခေးကိုစွကို ခေတ္တ လာဆောက်ဖြည့်ဆည်းခြင်းဖြစ်သည်။

'ခေါက်ဆွဲနဲ့အရက်လုပ်ပါဟေ့'

စားပွဲထိုးတစ်ယောက်ကိုလှမ်းမှာလိုက်သည်။

စားပွဲထိုးက....။

'ဟုတ်ကဲ့'

ဟုပြောပြီး လျင်မြန်စွာထွက်သွားကာ လျင်မြန်စွာ ပြန်ရောက်လာ၏။

'အစ်ကိုလေးလိုတာရှိရင် ကျွန်တော့်ကိုခေါ်ပြီးမှာပါ'



'ကောင်းပြီ'

စားပွဲထိုးလေးသည် ခေါက်ဆွဲနှင့် အရက်တစ်အိုးချပေးကာ ပြန်ထွက်သွား၏။

လုံး ခေါက်ဆွဲတစ်ပွဲကုန်အောင်စားလိုက်သည်။

ခေါက်ဆွဲကုန်သော် အရက်ကိုဆက်သောက်သည်။

ထိုစဉ်မှာပင်....။

ဆိုင်တွင်းသို့ လူတစ်ယောက်ဝင်ရောက်လာလေ၏။

* * *

ဆိုင်တွင်းသို့ဝင်လာသောသူမှာ မိန်းကလေး တစ်ယောက်ဖြစ်သည်။

ပန်းရောင်ဝတ်စုံကို ဝတ်ဆင်ထားပြီး ဆောင်မေးတစ်ထက်ကို ဆောင်ထားသည်။

ထိုအမျိုးသမီးကို လုံးသေသေချာချာ စေ့စေ့ကြည့်နေ၏။

အမျိုးသမီးမှာ အသက်(၁၈) (၁၉)နှစ်အရွယ်ရှိပြီးအလွန်ကြည့်ပျော်ရှုပျော်ပုံမျိုးဖြစ်လေသည်။

ကိုယ်လုံးကိုယ်ပေါက်မှာလည်း လွန်စွာ ပြေပြေ ပြစ်ပြစ်ရှိပေ၏။

သူမသည် ဆိုင်အနှံ့ တစ်ချက် အကဲခတ်ကြည့်လိုက်ပြီး လုံးရှိရာသို့ တန်းတန်းမတ်မတ်လျှောက်လာလေ၏။

လုံး၏အနားသို့ရောက်သော် သူမက ညည်းညူဟန်ဖြင့်ပြောလိုက်သည်။

'တစ်ဆိုင်လုံး လူတွေနဲ့ပြည့်နေတာပဲ၊ ထိုင်စရာတောင်နေရာမရှိဘူး၊ ဒီမှာတော့လွတ်တယ်၊ ကျေနပ်မလားမသိဘူး၊ ထိုင်ခွင့်ရှိရင်ထိုင်ချင်တယ်'

သူမက ညည်းညူပြောနေသောစကားတို့မှာ လုံးကိုရည်ရွယ်၍ ပြောနေသော်လည်း လုံးကိုမူ သူမ ကြည့်မနေပေ။

'ထိုင်ပါ၊ ဒီဆိုင်နဲ့ ဒီစားပွဲကုလားထိုင်တွေကို ကျွန်တော်လဲ မပိုင်ပါဘူး၊ လွတ်ရင် ဘယ်နေရာမဲဖြစ်ဖြစ် ထိုင်ပိုင်ပါတယ်၊ ပြီးရင်တော့ ထားပြီးပြန်ရမှာချည်းပါပဲ'

အပြောအဆိုထူးဆန်းနေသဖြင့် လုံးကို သူတစ်ချက်ကြည့်ပြီး ဟက်ခနဲပြုံးကာ ဝင်ထိုင်လိုက်သည်။

လုံးနှင့် မျက်နှာချင်းဆိုင်ဖြစ်သည်။

'အရက်နှစ်လုံးပေးပါ'

မိန်းကလေးက အရက်နှစ်လုံးမှာလိုက်သဖြင့် လုံး သူ့ကို တစ်ချက်အကဲခတ်ကြည့်လိုက်သည်။



'ဘာလဲ....ကျွန်မကအရက်နှစ်အိုးမှာသောက်လို့ ရှင် အံ့သြသွားတာလား'

'လောကကြီးမှာ ဘယ်အရာမှ အံ့သြစရာမကောင်းတော့ပါဘူး'

'ဘယ်လို....လောကကြီးမှာ အံ့သြစရာမကောင်းတော့ဘူး....ဟုတ်လား'

'ဟုတ်တယ်'

'ဒါဆိုရင် ရှင်သိပ်မှားသွားမှာပေါ့၊ လောကကြီးမှာ အံ့သြစရာတွေချည်းပါပဲ'

လုံးက ဟက်ခနဲရယ်မောလိုက်သည်။

ပြီးမှ....။

'အဲဒီအံ့သြစရာတွေအားလုံးဟာ တစ်နေ့မှာ ရိုးအီပြီးသွားတတ်လို့ ကျွန်တော်က လောကကြီးမှာ ဘယ်အရာမှ အံ့သြစရာမကောင်းတော့ဘူးလို့ပြောတာပါ၊ ကျွန်တော် ငယ်ငယ်တုန်းက လူကြီးတွေကိုကြည့်ပြီး လူကြီးတွေကို အံ့သြစရာကောင်းတယ်လို့ ထင်ခဲ့ဖူးတယ်၊ အခု ကျွန်တော် အရွယ်ရောက်လာတဲ့အခါ အဲဒီလူကြီးတွေကို ရိုးသွားပြီ၊ သိပ်မအံ့သြတော့ဘူး'

လုံး၏စကားကြောင့် လုံးကို သူမ မျက်မှောင်ကြုတ်၍စိုက်ကြည့်သည်။

ထိုစဉ် စားပွဲထိုးရောက်လာပြီး အရက်နှစ်အိုးလာချပေးကာ ပြန်ထွက်သွားသည်။

သူမက အရက်တစ်အိုးမှ အရက်များကို ကုန်အောင်သောက်ပြီး အိုးခွံကို စားပွဲပေါ်သို့ ပြန်ချလိုက်သည်။ ပြီးမှ....။

'ရှင်က လူတစ်မျိုးပဲ'

'ဟုတ်ပါတယ်၊ လူတွေဟာ တစ်မျိုးစီနဲ့ ဘဝအသီးသီးမှာ လှုပ်ရှားရုန်းကန်နေကြတာပါ၊ ဒါလဲ အကယ်တော့ အံ့သြစရာ မကောင်းပါဘူး၊ ရှိနေပြီးသားကိစ္စတွေပါ'

လုံးဆေ၏စကားကြောင့် လုံးကို သူမ အံ့သြသွားပုံရသည်။ လူထူးလူဆန်းလေးပါလားဟူ၍ တွေးလိုက်မိသည်။

'ရှင့်ကိုကြည့်ရတာ သိုင်းသမားရုပ်နဲ့လဲ မတူဘူး၊ စာပေသမားနဲ့လဲ မဆင်ဘူး၊ ရှင် ဘာလုပ်လဲ'

လုံးဆေ ဟက်ခနဲရယ်လိုက်ပြီး....။

'ကျုပ်တာလုပ်မှန်း ကျုပ်ကိုယ်ကျုပ်လဲ မသိဘူး၊ တစ်ခုတော့ လုပ်နေတယ်နဲ့တူတယ်'

'ရှင်....'

သူမ အံ့သြသွား၏။

ပြီးမှ....။



'ရှင့်စကားအသုံးအနှုန်းတွေက တွေးစရာဖြစ်နေပြီ၊ ရှင်ဟာ စာပေသမားဖြစ်ဖို့များတယ်၊ ရှင့်မျက်နှာ သိပ်ဖြူနေတယ်၊ နေမကောင်းဘူးလား'

'ဒါတွေအားလုံးဟာလဲ စိတ်တစ်ခုထဲပေါ်မှာ တည်မှီနေတဲ့ သဘောပဲ၊ နေကောင်းတယ် နေမကောင်းဘူးဆိုတာ ကျုပ်အဖို့မှာ မရှိဘူးလို့ထင်တယ်'

သူမ ခေါင်းကိုယမ်းခါလိုက်သည်။

'ခင်ဗျား စိတ်ညစ်သွားပြီထင်တယ်၊ သောက်ပါ၊ အရက် တစ်အိုးကျန်သေးတယ်'

'ရပါတယ်၊ ကျွန်မ ဒီတစ်အိုးကုန်ရင် နောက်တစ်အိုး ထပ်မှာဦးမှာပါ၊ ကျွန်မစံချိန်က သုံးအိုးပါ'

'ဪ....'

'တကယ်သောက်နိုင်တာက ငါးအိုး၊ ဒါပေမယ့် ကျွန်မ မသောက်တော့ပါဘူး'

'ငွေမလုံလောက်လို့လား၊ သောက်ပါ၊ ကျွန်တော် ဧည့်ခံပါမယ်'

'ကျေးဇူးပါပဲ၊ ကျွန်မလို အရက်သောက်နိုင်တဲ့ အမျိုးသမီးတွေ မရှိပါဘူး၊ တစ်ချို့သိုင်းသမားယောကျ်ားကြီးတွေ သုံးအိုးထက်ပိုမသောက်နိုင်ပါဘူး'

လုံးက ဟက်ခနဲ ရယ်မောလိုက်သည်။

'ရှင် ဘာလို့ ရယ်တာလဲ'

'အရက်သောက်နိုင်တာ၊ မသောက်နိုင်တာတွေဟာ တကယ်တော့ အံ့သြစရာ မကောင်းပါဘူး၊ စိတ်စွမ်းရည်ကို နိုင်တဲ့ လူတွေဟာ ဒီကိစ္စဟာ မဆန်းဘူးလို့ ပြောကြမှာပဲ'

သူမ မျက်မှောင်ကြုတ်လိုက်ပြန်၏။

'ရှင် အပြောကြီးနေတာတော့ မဟုတ်ပါဘူးနော်'

'ဘာကို ဆိုလိုတာလဲဟင်'

'စိတ်စွမ်းရည်ကို နိုင်တဲ့ လူတွေဟာ အရက် ဘယ်နှစ်အိုး သောက်သောက် မမူးဘဲ သောက်နိုင်တယ်လို့ ရှင် ရည်ရွယ်ပြီး ပြောလိုက်တာမဟုတ်လား'

'ဟုတ်ပါတယ်'

'ဒါဖြင့် ရှင် အရက် ငါးအိုး သောက်နိုင်ပါ့မလား'

'သောက်နိုင်ပါတယ်'

'ဆယ်အိုးကော'

'သောက်နိုင်ပါတယ်'

'အိုး နှစ်ဆယ် ကောရှင်'

'သောက်နိုင်ပါတယ်'

သူမ သက်ပြင်းချပြီး ခေါင်းကို ယမ်းခါလိုက်သည်။



'ရှင့်ကို ကျွန်မ မယုံတော့ဘူး'

'ဘာကိုလဲ'

'အရက် အိုးနှစ်ဆယ်သောက်နိုင်တယ်ပြောလို့'

'ဒါတော့ ခင်ဗျားမယုံတာ ကျုပ်မတတ်နိုင်ဘူး'

'ကဲ ထားတော့ အိုးတစ်ရာကောရှင်'

'သောက်နိုင်ပါတယ်'

'ရှင့်ကို ကျွန်မ လုံးဝမယုံတော့ဘူး'

'မယုံဘူး၊ ယုံတယ် ဆိုတာ လောကမှာ ရှိဖူးပြီးသားမို့ အံ့သြစရာ မကောင်းတော့ပါဘူး'

'ရှင်ဟာ လောကကြီးကို မုန်းနေတဲ့လူလား'

'လောကကြီးက မုန်းစရာ မကောင်း သလို ချစ်စရာလဲ မကောင်းပါဘူး၊ လောကကြီးက သူ့ဖာသာအိပ်နေတဲ့ ကိစ္စပဲ၊ ငြိမ်ပြီး အိပ်နေတဲ့ လောကကြီးက စကားလဲ မပြောတတ်ပါဘူး၊ လူတွေက လောကကြီးကို ဘာဖြစ်တယ်၊ ညာဖြစ်တယ်လို့သာ ပြောနေကြတာပါ၊ တကယ်ဖြစ်ပျက် နေတာက လူတွေ၊ ဖြစ်ပျက်ဖောက်ပြန်နေတဲ့ လူတွေလဲ တကယ်တော့ အံ့သြစရာ ကောင်းတဲ့ အရာတွေ မဟုတ်ပါဘူး'

ရှင်ဟာ အင်မတန် ထူးဆန်း အံ့သြစရာကောင်းတဲ့ လူ တစ်ယောက်ပဲ'

'အင်မတန် ထူးဆန်းအံ့သြဖွယ်ကောင်းတဲ့လူတွေလဲ တကယ်တော့ ထူးဆန်းစရာ အံ့သြစရာ မကောင်းပါဘူး၊ လူဟာ လူပါပဲ'

'ကျွန်မ ရှင့်ကို အရက်တိုက်ပါရစေ'

'ဘာဖြစ်လို့လဲ'

'ရှင်ဟာ ပညာရှင်တစ်ယောက်လို့ ယူဆမိလို့ပါ၊ နောက်ပြီး ရှင်ပြောတဲ့စကားတွေဟာ မှတ်လောက် သားလောက် အဆင့်အတန်းရှိလို့ပါ'

လုံးအာ ဟက်ခနဲ ရယ်မောလိုက်သည်။

'ကျုပ်ကို ပညာရှင်တစ်ယောက်လို့ ခင်ဗျား ဘယ်လိုလုပ်ပြီး ပြောနိုင်တာလဲ'

'ရှင့်စကားတွေက မြင့်နေလို့ပေါ့'

'စကားမြင့်တယ်ဆိုတာ လေ့ကျင့်ရင် မရနိုင်ဘူးလား'

'ရတော့ ရတာပဲ မဟုတ်လား'

'ဟုတ်ပါတယ်'

'ဒါဖြင့်လဲ ပြီးရောပေါ့ဗျာ၊ ခင်ဗျားက ကျုပ်ကို အရက်တိုက်မယ်ဆိုတော့ မိတ်ဖြစ် ဆွေဖြစ် ကျွန်တော် သောက်ပါမယ်၊ ဒါပေမယ့် ခင်ဗျားက ကျုပ်ကို အရက်ဘယ်နှစ်အိုးတိုက်မှာလဲ'

'ရှင်သောက်နိုင်သလောက် သောက်လေ၊ ကျွန်မ ဧည့်ခံပါ့မယ်'

လုံး ရယ်လိုက်သည်။

'သောက်နိုင်သလောက် သောက်ဆိုတာက အကန့်အသတ်မရှိဘူးလေ တိတိကျကျပြောမှပေါ့'

'ရှင့်ကို ကြည့်ရတာ မျက်နှာဖြူဖတ်ဖြူရော်နဲ့ နေမကောင်းဘူး ထင်လို့ပါ၊ အရက်ငါးအိုး သောက်နိုင်မလား'



'ကျွန်တော် ပြောခဲ့ပြီးပြီလို့ ထင်တယ်၊ အရက်သောက်နိုင်တာ မသောက်နိုင်တာတွေဟာ ဘာကယ်တော့အဲ့ဩစရာမကောင်းပါဘူးဆိုတာလေ'

'ဟုတ်ကဲ့ ပြောခဲ့ပြီးပါပြီ'

'ဒါဖြင့် ဒီအတိုင်းပဲ နားလည်ပါ'

သူမငြိမ်သွား၏။

ပြီးမှ....။

'ကျွန်မ မထင်လို့ စမ်းသပ်တဲ့ သဘောနဲ့ အရက်ငါးအိုးတိုက်ကြည့်မယ်၊ ဆက်သောက်နိုင်ရင် ဆယ်အိုးထပ်မှာပြီးတိုက်မယ်'

'ခင်ဗျားသဘောပါပဲ'

အမျိုးသမီးက လုံးအတွက် အရက်ငါးအိုး မှာပေးလိုက်သည်။

စားပွဲထိုးက လုံးကို တစ်ချက်ကြည့်လိုက်ပြီး မယုံကြည်ဟန်ဖြင့် နှာခေါင်းရှုံ့ကာ ထွက်ခွာသွားလေ၏။

'ရှင့်နာမည် ဘယ်လိုခေါ်လဲ'

'လုံး'

'ရှင်'

'လျှုလုံးလို့ ခေါ်တယ်'

'ဒါဖြင့် နဂါလေးပေါ့'

လုံးက ခေါင်းညိတ်လိုက်သည်။

သူမက....။

'ကျွန်မနာမည်က ဟိုလီလို့ခေါ်တယ်'

'ဟုတ်ကဲ့'

စားပွဲထိုးက အရက်ငါးအိုးနှင့် ရောက်လာသည်။ ချပေးပြီး ထွက်သွားသည်။

'အစ်ကိုလုံး သောက်'

'ဟိုလီလဲ သောက်လေ'

'ဟုတ်ကဲ့'

နှစ်ယောက်သား မိတ်ဖြစ် ဆွေဖြစ် အရက် သောက်ကြသည်။ လုံးသည် အရက်ငါးအိုးကို ဆက်တိုက်သောက်ချလိုက်သည်။ ဟိုလီ မျက်လုံးပြူးသွားသည်။

လုံးမျက်နှာ ကြည့်လိုက်သောအခါ မျက်နှာ ရဲတက်မလာဘဲ ဖြူဖတ်ဖြူရော် ဖြစ်နေသည်ကို တွေ့ရသဖြင့် အံ့ဩတုန်လှုပ်သွားလေ၏။

'အစ်ကိုလုံး ဆက်သောက်နိုင်သေးလား'

'ကျွန်တော် ဆက်သောက်နိုင်ပါတယ်၊ ဟိုလီ တတ်နိုင်ပါ့မလား'

'တတ်နိုင်ပါတယ်'

ဟိုလီ စားပွဲထိုးကိုခေါ်ပြီး အရက်ဆယ်အိုး ထပ်မှာသည်။ စားပွဲထိုးက အံ့ဩနေသည်။

ပြီးနောက် ဟိုလီကို စားပွဲထိုးက မေးလိုက်သည်။

'အရက်ဆယ်အိုးက ဘယ်သူ သောက်မှာလဲ'

'ဒီအစ်ကိုသောက်မှာ'

လုံးကို မေးဆတ်ပြပြီး စားပွဲထိုးအမေးကို ဟိုလီကဖြေ၏။

'ခင်ဗျား သောက်နိုင်လို့လား'



စားပွဲထိုးက လုံးကိုမေးလိုက်သည်။

လုံးသည် စားပွဲထိုးကို စိုက်ကြည့်လိုက်ပြီး ။

'ခင်ဗျားအလုပ်ကို ခင်ဗျားလုပ်ပါ၊ စီးပွားရှာတာ စီးပွားရအောင်လုပ်ပါ၊ သောက်သုံးသူကို ငြိုငြင်အောင်မလုပ်ပါနဲ့၊ အရက်ဆယ်အိုးမှာနေတယ်မဟုတ်လား၊ သွားယူလေ ဒီမှာဘာရပ်လုပ်နေတာလဲ'

စားပွဲထိုး မကျေမနပ်ဖြင့် ဘက်တစ်ချက် ခတ်ကာ ထွက်သွားလေသဖြင့် ဟိုလီက လှမ်းခေါ်လိုက်သည်။

'ဟိတ်....စားပွဲထိုး ခဏလာပါဦး'

စားပွဲထိုးရောက်လာသောအခါ ဟိုလီက....။

'ခုနတုန်းက တက်ခေါက်တာ ဘယ်သူ့ကို မကျေနပ်လို့လဲ'

ဟု မေးလိုက်သည်။

စားပွဲထိုးလေးမှာ လုံးကို မကြောက်သော်လည်း ဟိုလီကိုမူ လွန်စွာ ကြောက်ရွံ့၍သွားလေ၏။

'ကျွန်တော် အစ်မလေးကို တက်ခေါက်တာ မဟုတ်ပါဘူး၊ သူ့ကို တက်ခေါက်တာပါပဲ'

စားပွဲထိုးက လုံးကိုမေးဆတ်ပြပြီး ပြောလိုက်သည်။

လုံးက စားပွဲထိုးကိုမကြည့်ဘဲ စားပွဲမျက်နှာပြင်ကို စိုက်၍ ကြည့်နေလေသည်။

'သူက ရှင့်ကိုဘာလုပ်လို့လဲ'

'ဘာမှမလုပ်ပါဘူး'

'ဘာမှ မလုပ်တဲ့ လူကို ရှင်က တက်ခေါက်တာ သူ့ကို မကျေနပ်လို့လား'

ဟိုလီက ဒေါသဖြင့် မေးလိုက်သည်။ လက်သီး ကိုလည်း ကျစ်ကျစ်မြည်အောင် ဆုပ်ထားလိုက်သဖြင့် စားပွဲထိုးမှာ တုန်တုန်ရင်ရင်ဖြစ်လာ၏။

လုံးက....။

'ဟိုလီ....သူ့ကိုပြဿနာမရှာပါနဲ့၊ အင်မတန်ကြောက်တတ်တဲ့လူကို ခွင့်လွှတ်လိုက်ပါ၊ သူ့ကိုဟိုလီဆက်ပြီးမာန်နေမယ်ဆိုရင် အချက် ဆယ်အိုး နောက်ကျ နေမယ်၊ နောက်ပြီး သူ့လဲ အကြောက်လွန်ပြီး သေသွားနိုင်တယ်၊ ကဲ....သွားတော့'

လုံးက ဖြန့်ဖြေပေးလိုက်၏။

စားပွဲထိုး ထွက်ခွာသွားသည်။

'အစ်ကိုလုံးက ဘာလို့ အညံ့ခံနေရတာလဲ သူတက်ခေါက်တာ မကြားလို့လား'

'ကြားသားပဲ၊ မကြားဟန်ဆောင်နေတာ'

'ရန်ဖြစ်မှာကြောက်လို့လား'

'ဒီသဘောပဲဖြစ်နိုင်လိမ့်မယ်ထင်တယ်'

'အစ်ကိုလုံး ထိုင်းမတတ်ဘူးလား'



'နည်းနည်းပါးပါးတတ်လိမ့်မယ်ထင်တယ်'

ဟိုလီသည် လုံးကို တစ်ချက်ကြည့်လိုက်ပြီး....။

'မေးတိုင်း အစ်ကိုလုံးက တိတိကျကျ မဖြေဘူး၊ ဘာဖြစ်လို့လဲ'

'လောကကြီးမှာ အမေးတွေ သိပ်များနေလို့ ကျွန်တော် မဖြေချင်တော့ဘူး၊ ကျွန်တော့်ဘဝမှာ သိချင်တာကို မမေးတော့ဘူး၊ ကိုယ့်ဘာသာကိုယ်ပဲလိုက်ရှာပြီး အဖြေပဲ ထုတ်ချင်တယ်'

'တစ်မျိုးပဲ'

'ဟုတ်လိမ့်မယ်'

'အစ်ကိုဟာ တကယ်တော့ စာပေသမား တစ်ယောက်မှန်း ကျွန်မသိသွားပြီ၊ စာပေသမားနဲ့မတူအောင် ဆင်းရဲသားဟန်ဆောင်နေတဲ့ လူတစ်ယောက်မဟုတ်လား'

'ဟား....ဟား....ဟာ....'

လုံးသည် အားပါးတရ ရယ်မောလိုက်လေ၏။

◆◆ ◆◆ ◆◆

'အစ်ကိုလုံး ဘာလို့ရယ်တာလဲ'

'ဟိုလီက ကျုပ်ကို စာပေသမား တစ်ယောက်လို့ ပြောနေလို့လေ'

'မဟုတ်ဘူးလား'

'ဟုတ်လိမ့်မယ်ထင်တယ်'

'ဟာ....ဒီဟုတ်လိမ့်မယ်ကြီးကလဲ မသေချာလိုက်တာ၊ အစ်ကိုလုံးကို ကျွန်မနားမလည်တော့ဘူး'

'နောက်တော့ ကျွန်မဆိုတဲ့ ဟိုလီ နားလည်လာလိမ့်မယ်၊ လောကကြီးမှာ အရှင်သိတာနဲ့ နောက်မှသိတာပဲ ကွာခြားမှုရှိတာပါ၊ ဟင်း....ဟွင်း....ဟင်း....'

လုံးက ပြောပြီးရယ်လိုက်လေသည်။

'ကျွန်မ မိတ်ဆွေ စာပေသမားတစ်ယောက်ရှိတယ်၊ အသက်ကတော့ အစ်ကိုလုံးထက် (၁၀)နှစ်လောက်ကြီးလိမ့်မယ်၊ သူ့နားရည်က ကွဟုန့်ဖုန်းလိုနေပါတယ်၊ သူတတ်ကျွမ်းတဲ့ စာပေတွေ သိပ်အဆင့်အတန်းမြင့်တယ်၊ ဒါပေမယ့် သူ့သိုင်းမတတ်ဘူး၊ အစ်ကိုလုံး သူ့ကိုသိလား'

'ကြားဘူး ပါတယ်၊ လူချင်းတော့ မမြင်ဘူး၊ မတွေ့ဘူးပါဘူး'

'တစ်နေ့ ကြုံရင် ကျွန်မ မိတ်ဆက် ပေးပါ့မယ်'

'ကောင်းပါတယ်၊ ဒါထက် ဟိုလီက ကျွန်တော့် အသက်ကို ဘယ်လောက်လို့ ထင်ထားသလဲ'

'အစ်ကိုလုံး အသက်(၂၀)လောက် ရှိမှာပေါ့၊ အစ်ကိုလုံးအသက် ဘယ်လောက် ရှိပြီလဲ'



'မှန်ပါတယ်....အသက် (၂၀) ပြည့်ခဲ့ပါပြီ'

'ကျွန်မက ဆယ့်ကိုးနှစ် ကျော်လာပြီ'

ထိုစဉ် စားပွဲထိုး အရက် ဆယ်အိုးနှင့် ရောက်လာပြီး စားပွဲပေါ်၌ ချပေးကာ ပြန်ထွက်သွားသည်။

ဟိုလီက စားပွဲထိုးကို လိုက်ကြည့်နေသည်။

'ဘာကြည့်တာလဲ ဟိုလီ'

'စားပွဲထိုးကောင်က အစ်ကိုလုံးကို မကျေနပ်တဲ့ ပုံပဲ'

'ထားလိုက်ပါ၊ လောကမှာ မကျေနပ်တာနဲ့ ကျေနပ်တာဟာ နှစ်ခုပဲ ရှိပါတယ်၊ သူ မကျေနပ်တာဟာ အံ့သြ တုန်လှုပ်စရာ မလိုပါဘူး'

'ကျွန်မက အစ်ကိုလုံးကို စိုးရိမ်တာ၊ ကျွန်မ ပြန်သွားရင် ရှင့်ကို ဒုက္ခ ပေးမှာ စိုးလို့'

'ဒုက္ခဆိုတာလဲ လောကမှာ ရှိတာပဲ၊ သုခ ဆိုတာလဲ လောကမှာ ရှိတာပဲ၊ ဒါလဲ တုန်လှုပ်ပြီး အံ့သြ နေစရာ မလိုပါဘူး၊ အရက် ဆယ်အိုး ရောက်ပြီ၊ ဟိုလီ သောက်ဦးမလား'

'ကျွန်မ စံချိန် ငါးအိုး ကုန်သွားပြီ၊ ကျွန်မ ဆက်မသောက်နိုင်တော့ဘူး'

'ဒါဖြင့် ကျုပ် သောက်မယ်'

'ဆယ်အိုး ကုန်မလား'

'ဒီစကား ပြောပြန် ပြီလစ်း'

'ဩော်....အင်း....အင်း'

ဟိုလီ နှုတ်ပိတ်သွားသည်။

လုံးက အရက် ဆယ်အိုးလုံး ကုန်အောင် သောက် လိုက်သဖြင့် ဟိုလီ မျက်လုံးပြူး၍ သွားလေ၏။

'ဟာ....ရှင် လူမှ ဟုတ်ရဲ့လား'

'လူ အစစ်ပါဗျာ'

'ရှင်ဟာ လူထူး လူဆန်း တစ်ယောက်ပဲ အံ့ရော–အံ့ရော'

ဟိုလီ ရင်ကိုဖိ၍ အံ့ဩ တုန်လှုပ်၍ သွားလေ၏။

'ဒါပေမယ့် ကျုပ် ဆက်မသောက်တော့ပါဘူး၊ လူ ငါးယောက်က ကျုပ်ကို အနန္တဒင့်အယှက် ပေးဖို့ ကြိုးစားနေကြတယ်၊ သူတို့ မကြာမီ ကျုပ်ဆီ ရောက်လာလိမ့်မယ်'

'ရှင် အရက်မူးပြီးထင်ရာ မြင်ရာတွေ စွတ်ပြောနေတာလား'

ဟိုလီက လုံး အရက်မူးပြီး ထင်ရာ ပြောနေသည်ဟု ထင်ကာ ပြောလိုက်သည်။

လုံးက ဟွာက်ခနဲ ရယ်မော၍....။

'ကျုပ်က အရက်တစ်ခါမှ မသောက်ဖူးဘူး၊ သောက်ရင်လဲ မမူးဘူး၊ မူးချင်တယ်ဆိုလဲ မူးလိုက်တာပဲ၊ ကျုပ် အခု ပြောနေတာက မူးပြီး ပြောနေတာ မဟုတ်ဘူး၊ ကျုပ်ကို မကျေနပ်တဲ့ စားပွဲထိုးက ဆိုးသွမ်း သိုင်းသမား ငါးယောက်ကို ငွေစတွေပေးပြီး ကျုပ်ကို အပြတ် ရှင်းခိုင်းနေတာ ကျုပ်



သိတယ်၊ အဲဒီ လူမိုက်ကြီးတွေဟာ ဝတ်စုံနက်တွေ ဝတ်ပြီး ကျုပ်ဆီ လာကြလိမ့်မယ် ဟိုလီ'

ဟိုလီသည် အူကြောင်ကြောင် ဖြစ်၍ သွားလေ၏။

လုံး၏ စကားကိုလည်း အယုံရခက်၊ မယုံရခက် ဖြစ်၍ သွားလေ၏။

ဟိုလီက....။

'ဒီလိုဆိုရင် အစ်ကိုလုံး အခုနေနဲ့ အဲဒီ လူမိုက်ကြီး ငါးယောက်ကို ဘယ်လို ဖြေရှင်းမလဲ၊ ရှောင်တိမ်းပြီး ခု ထွက်သွားပါလား'

'ကျုပ်က ရောက်ဖို့လာခဲ့တာ၊ ထွက်ဖို့ ပျောက်သွားနေတာ မဟုတ်ဘူး၊ ကျုပ်ဘဝမှာ သွားချင်တဲ့နေရာရှိရင် ဘယ်သူ တားတား သွားကို သွားလိုက်ရမှ၊ ရောက်တဲ့ နေရာမှာလဲ ဘယ်သူနှင်နှင် ကျုပ်က ရောက်နေတဲ့ နေရာကနေပြီး ဘယ်တော့မှ ထွက်ခွာသွားမှာ မဟုတ်ဘူး၊ အေး...ကျုပ် သွားချင်ပြီ ဆိုရင်တော့ ဘယ်သူ နေခိုင်း နေခိုင်း ကျုပ် မနေတတ်ပါဘူး၊ ဒါကြောင့် ကျုပ်မသွားဘဲ အဲဒီ လူမိုက်ကြီး ငါးယောက်ကို ကြိုနေတာပါ'

'ဟာ....ရှင်ဟာ လူထူးလူဆန်း၊ ဟော ဟိုမှာ ဝတ်စုံနက်နဲ့ လူငါးယောက် ကျွန်မတို့ဘက်ကို လျှောက်နေပြီ'

ဟိုလီသည် လုံ့ကို ပြောနေရာမှ ဆိုးသွမ်း သိုင်းသမား ငါး ယောက်ကို မြင်တွေ့ လိုက်ရသောကြောင့် အံ့ဩ တုန်လှုပ် ထိတ် လန့် သွားလေ၏။

'ကျုပ်ပြောတာ မှန်တယ် မို့လား'

'ဟုတ်တယ် အစ်ကိုလုံး၊ ဘယ်လိုလုပ်ပြီး သိလိုက်တာလဲ'

'နှာ နဲ့ မျက်စိတွေဟာ သူ့အလုပ်ကို သူ လုပ်တတ်ပါတယ်၊ ဒါပေမယ့် လူမျက်စိ ဖြစ်ဖို့ထက် နတ်မျက်စိ ဖြစ်ဖို့က ပိုပြီး အရေးကြီးပါတယ် ဟိုလီ'

'ဟာ ကျွန်မ ရှင်နဲ့တွေ့တာ နတ်သကြားနဲ့ တွေ့နေရသလို ပါပဲရှင်၊ အစ်ကိုလုံး အသာနေ၊ ဒီလူငါးယောက်ကို ကျွန်မ ရှင်းလိုက်မယ်'

လုံးသည် လိုက်လိုက်လှဲလှဲ ရယ်မောလိုက်လေ၏။

❖ ❖ ❖

ဆိုးသွမ်းသိုင်းသမား ငါးယောက် ရောက်လာသောအခါ ဟိုလီသည် ရုတ်တရက် ထိုင်ရာမှထလိုက်ပြီး မေးလိုက်ခွဲထုတ် လိုက်သည်။

'မင်း အသာနေပါ၊ တို့ ရှင်းဖို့လာတာက ဒီကောင်ကို ပါကွာ'



ဝတ်စုံနက်အုပ်စုထဲမှ မုတ်ဆိတ်၊ နှုတ်ခမ်းမွေးနှင့် ပုဂ္ဂိုလ်က ဟိုလီကို ပြောလိုက်သည်။

'ရှင်တို့ ဘာရှင်းရှင်းချင်ရှင် ကျွန်မနဲ့ရှင်းပါ၊ သူ့ကို ရှင်း စရာ မလိုဘူး'

ဟိုလီက မုတ်ဆိတ်နှင့်လူကို ပြန်၍ပြောလိုက်သည်။

'မင်းနဲ့သူက ဘာတော်လို့လဲ'

မုတ်ဆိတ်နှင့်လူက ဟိုလီကို မေးလိုက်သည်။

လုံးသည် အခြေအနေကို စောင့်ကြည့်နေ၏။ ထိုစဉ်မှာပင် ဟိုလီက မုတ်ဆိတ်နှင့်လူ၏ အမေးကို ဖြေလိုက်၏။

'ကျွန်မရဲ့ မိတ်ဆွေတစ်ယောက်ပဲ၊ ရှင်တို့ အုပ်စုနဲ့ ပိုလ်ကျ စယ် မကြံပါနဲ့'

'ဟား....ဟား....ဟား'

မုတ်ဆိတ်နှင့်ပုဂ္ဂိုလ်က ရယ်မောလိုက်သည်။ လျှိုလုံးသည် မုတ်ဆိတ်နှင့်ပုဂ္ဂိုလ်အား တစ်ချက် စိုက်ကြည့်လိုက်ပြီး....။

'ခင်ဗျားတို့အဖွဲ့ကို စားပွဲထိုးက ငွေစ ဘယ်လောက်ပေး လို့လဲ၊ သူ့ထက် ကျွန်တော်က များအောင် ပေးနိုင်ရင် ခင် ဗျား အဲဒီစားပွဲထိုးကို မွှတ်လောက်သားခလောက် ဆုံးမပေး နိုင်မလား'

ဟူ၍ မေးလိုက်ရာ မုတ်ဆိတ်နဲ့ပုဂ္ဂိုလ်သည် သူ့အဖွဲ့များကို တစ်ချက်လှည့်ကြည့်လိုက်ပြီး ဘယ်လို သဘော လဲ ဟူသော သဘောမျိုးဖြင့် မျက်ရိပ်ပြလိုက်လေ၏။

မုတ်ဆိတ်နှင့်၏ အတူပါလာကြသော နောက်လိုက်များသည် ရုတ်တရက် မဆုံးဖြတ်နိုင်ဘဲ တွေဝေ၍သွားလေ၏။

အတန်ကြာမှ မုတ်ဆိတ်နှင့် ပုဂ္ဂိုလ်က....။

'မင်းငွေစ၊ ဘယ်လောက် ပေးနိုင်လို့လဲ'

ဟူ၍ လုံးကို မေးလိုက်သည်။

'စားပွဲထိုး ပေးတဲ့ငွေစထက်တော့ ပိုမှာပေါ့ဗျာ၊ တစ်ဝက်လောက်ပိုမှာပေါ့'

'မင်းတကယ်ပြောတာလား'

'ကျုပ်မဉီးစားကြည့်တာပါ၊ ခင်ဗျား အင်မတန် ငွေစမက်တဲ့လူပဲ၊ သိပ်လိုချင်တော့ မေးရတာပေါ့ဗျာ'

'အစ်ကိုလုံး၊ပေးစရာမလိုဘူး၊ ဟိတ်....ရှင်တို့ကို လုံး၀ မပေးနိုင်ဘူး၊၊ ကဲ...ရှင်တို့ ဘာလုပ်မလဲ'

ဟိုလီသည် တကယ့် ကျားသစ်မလေးတစ်ကောင်လို ရင်းတို့အား ရင်ဆိုင်လိုက်၏။

မုတ်ဆိတ်နှင့် ပုဂ္ဂိုလ်သည် သူ့လူများကို အချက်ပေးလိုက်သည်။

'ဝှစ်...ဝှစ်....ဝှစ်'

လေပြင်းရိုက်ခတ်သံများ ရုတ်တရက် ထွက်ပေါ်လာပြီးနောက် မုတ်ဆိတ်နှင့်၏ သူ့အဖွဲ့များသည် ကြမ်းပေါ်သို့ တရုန်းရုန်း လဲကျသွားကြလေ၏။



'အလို....'

ဟိုလီသည် မုတ်ဆိတ်နှင့်၏ အဖွဲ့သား လဲကျမှောက်မြောသည်ကို မင်တက်မိစွာ စိုက်ကြည့်နေမိလေသည်။

သူတို့ကို ဟိုလီ ဘာမှ မလုပ်သေးပါ၊ တစ်စုံတစ်ယောက်က ရင်းတို့အား လျို့ဝှက်စွာ တိုက်ခိုက်လိုက်ခြင်း ဖြစ်မည်ဟု ဟိုလီ ထင်သည်။

'အစ်ကိုလုံး၊ သူတို့ကို ဘယ်သူတိုက်ခိုက်တာလဲ'

ဟိုလီက မေးလိုက်သည်။

လျှူလုံးမှာ ထိုင်ရာမှ မထဘဲ ဟိုလီကို ပြုံး၍ ကြည့်လိုက်ပြီး....။

'ဘယ်သူတွေပဲ တိုက်တိုက်ပေါ့၊ ဟိုလီ သူတို့ကိစ္စ သူတို့ဘာသာ ရှင်းသွားတာပဲ၊ တစ်ရန် အေးသွားတာပေါ့ကွာ'

ဟိုလီမှာ စဉ်းစားမတတ်အောင် ဖြစ်၍ သွားလေ၏။

အမှန်တော့ မုတ်ဆိတ်နှင့် အဖွဲ့သားများကို တိုက်ခိုက်သူမှာ လုံးပင် ဖြစ်လေသည်။

လုံး၏ လျို့ဝှက် လေဟုန်စီးသိုင်းကွက်မှာ လေတိုက်သလို မြန်ဆန်လွန်းသောကြောင့် မည်သူမျှ မသိလိုက်ခြင်းဖြစ်ပေသည်။

'ငတော်တော် အံ့ဩဖို့ကောင်းတာပဲ'

ဟိုလီကို ကျွန်မတော် ပြောဖူးတယ် ထင်တယ်၊ လောကမှာ ဘယ်အရာမှ အံ့ဩစရာ မကောင်းဘူးဆိုတာလေ၊ သိပ်လဲ

အုံ့ဩ မနေပါနဲ့ ဟိုလီ၊ ဖြစ်နိုင်တဲ့ အခြေအနေမျိုးမို့လို့ ဖြစ်သွားတယ်လို့ပဲ နားလည်လိုက်ပါ၊ ထိုင်လေ ဟိုလီ'

လုံး စကားအဆုံး၌ ဟိုလီ သူ့နေရာမှာ ပြန်ထိုင်လိုက်သည်။ ထိုင်လိုက်ပြီးနောက် ဟိုလီက'

'ဒီလူတွေ ဘယ့်နှယ် လုပ်မလဲ'

'ခဏကြာရင် သူတို့ ပြန်သတိရပြီး ကျွန်တော့်တို့ အနားက ထွက်သွား ကြမှာပါ၊ သိပ်သဲ စိတ်ပူမနေနဲ့'

လုံး ပြောခဲ့သည့် အတိုင်းပင် မျှားမကြာမီ သူတို့ ပြန်သတိရသောပြီး လုံးတို့ စားပွဲဝိုင်းနားမှ ထွက်ခွာသွားလေသည်။

'အစ်ကိုလုံး ဘယ်သွားစရာ ရှိသေးလဲ'

ဟိုလီက မေးလိုက်သည်။

'ဟိုလီ သွားစရာ ရှိလို့လား၊ သွားလေ၊ ကျွန်တော့်ကို အားမနာပါနဲ့'

'ကျွန်မ ဘယ်မှ သွားစရာ မရှိပါဘူး'

'စားပွဲထိုးကို ခေါ်ပြီး အရက်တစ်အိုး မှာပေးပါဦး'

'အစ်ကို သောက်မလို့လား'

'ဟုတ်တယ်'

ဟိုလီသည် စားပွဲထိုးကို လှမ်းခေါ်လိုက်သည်။ စားပွဲထိုး ရောက်လာ၏။ စောစောက လုံးနှင့် မကြည့်လင်သော စားပွဲထိုးပင် ဖြစ်လေသည်။



'ဘာ သုံးဆောင်မလို့လဲ'

စားပွဲထိုးက ဟိုလီကို ကြည့်၍ မေးလိုက်သည်။

'မင်းကို ငါ တစ်ခု မေးချင်လို့'

လုံးက ကြားဖြတ် ပင်မေးလိုက်သည်။

'ခင်ဗျား ဘာမေးချင်လို့လဲ'

ဂျစ်တတ်တတ်၊ ဂျစ်ကန်ကန်ဖြင့် စားပွဲထိုးက ပြန်မေးလိုက်သည်။

'မင်း ငွေစပေးပြီး ငါ့ကို ဆုံးမဖို့ လွှတ်လိုက်တဲ့မင်းလူ ငါး ယောက် ဘာဖြစ်သွားတယ်ဆိုတာ မြင်လိုက်တယ် မဟုတ်လား'

'ကျုပ်လူ မဟုတ်ပါဘူး'

စားပွဲထိုးက ငြင်းလိုက်သည်။

လုံးက ဟက်ခနဲ တစ်ချက် ရယ်လိုက်ပြီး....။

'မင်း ငါ့ကို မညာပါနဲ့'

'ဖျန်း....'

လုံးသည် ရုတ်တရက် စားပွဲထိုး၏ ပါးပြင်ကို လက်ဝါးဖြင့် ရိုက်ထည့်လိုက်သည်။

စားပွဲထိုးသည် ချာလပက်လည်သွားပြီး ဆံပင်များမီးလောင် သွားလော၏။

ဆိုင်ဝန်ထမ်းများ ပြေးလာပြီး ဆံပင်များ မီးလောင်နေသော ၎င်းတို့၏ စားပွဲထိုးကို မီးငြိမ်းသတ်ပေးလိုက်သည်။

မီးလောင်ခံလိုက်ရသော စားပွဲထိုးမှာ လုံးကို ကြည့်ပြီး လွန်စွာ ကြောက်ရွံ့ထိတ်လန့်၍ သွားလေသည်။

လုံးရိုက်လိုက်သော သိုင်းကွက်မှာ ဇောဇောသိုင်းကွက် ဖြစ်သည်။ အပူလိုင်း သိုင်းကွက်ဖြစ်သောကြောင့် ဆံပင် မီးသို့လောင်သွားခြင်း ဖြစ်ပေသည်။

'လေးစားပါတယ် လူကြီးမင်း၊ နောင်ဒီလိုမဖြစ်အောင် သူ့ကို ကျွန်တော်တို့ ဆုံးမပေးပါ့မယ်'

ဆိုင်ဝန်ထမ်းခေါင်းဆောင်က သူ့စားပွဲထိုးကို ခေါ်ကြမ်းမောင်း၍ လုံးကို တောင်းပန်လိုက်သည်။

'ရပါတယ်၊ ကျုပ်ကလဲ သူ့ကို ပညာပေးရုံ သက်သက်သာ လုပ်လိုက်တာပါ၊ ကျုပ်သာ အားအပြည့် ထည့်ပြီး သူ့ကို ရိုက်လိုက်ရင် သူ့တစ်ကိုယ်လုံး ပြာကျပြီး ခင်ဗျားတို့ စားသောက်ဆိုင်ကြီးပါ မီးလောင်သွားနိုင်တယ်၊ ကြားလား'

'ဟုတ်ကဲ့....ဟုတ်ကဲ့၊ မှန်ပါတယ်၊ ခင်ဗျာ၊ ကျွန်တော်တို့ကို ခွင့်လွှတ်ပါ'

'သွား....ဒီလိုမလုပ်နဲ့ ကြားလား'

'ဟုတ်ကဲ့ဗျာ၊ ဟုတ်ကဲ့'

ဆိုင်ဝန်ထမ်းများ ထွက်ခွာသွားကြသည်။

ဟိုလ°သည် မျက်လုံးပြူး မျက်ဆံပြူးဖြင့် လုံးကို စိုက်ကြည့်နေသည်။ သူ့စိတ်ထဲမှာ လုံး၏ စကားသံတွေ ပြောင်းလဲသွားသည်ဟု ထင်သည်။

အဘိုးအိုတစ်ယောက် အမိန့်ပေး လေသံကဲ့သို့ ဖြစ်နေသည်ဟု စိတ်ထဲက ထင်သည်။



လုံးကိုယ်တိုင်ကလည်း သူ့ဆရာကြီး၊ လွ°ယင်၏ လေသံကဲ့သို့ ပြောင်းလဲ ပြောဆိုလိုက်သည်ဟု ဒေါသများ ပြေသွားပြီးနောက်ပိုင်း၌ အမှတ်မထင် သတိထားလိုက်မိပေ၏။

'အစ်ကိုလုံး'

'ဘာလဲ ဟိုလ°'

'အစ်ကိုလုံးရဲ့ သိုင်းပညာက သိပ်ကို အဆင့်မြင့်တာပဲ၊ ကျွန်မ ဒီသိုင်းကွက်မျိုး သိုင်းလောကမှာ မမြင်ဖူးသေးဘူး'

'အံ့ဩနေပြန်ပြီလား၊ လောကမှာ ဟိုလ°မနတတ်တဲ့အရာတတ်ဖို့ ကြိုးစားပါဦးကွယ်'

'အစ်ကိုလုံးကို ကျွန်မ ဘယ်လိုမှ နားမလည်တော့ဘူး။ နောက်ပြီး အစ်ကို့မျက်နှာက ဖြူဖတ်ဖြူရော်နဲ့ ဘာဖြစ်တာလဲ၊ လူမမာသည်တစ်ယောက်ကျနေတာပဲ၊ အရက်ဘယ်လောက်သောက်သောက် မျက်နှာနီလာတယ်ကို မရှိဘူး'

လုံး သက်ပြင်းရှိုက်လိုက်သည်။

'ဟိုလ°မေးခွန်းတွေကို ဖြေနေရရင် ဒီနေ့တစ်နေ့လုံး ပြီးမှာမဟုတ်တော့ဘူး၊ ဟိုလ°နဲ့ ကျုပ် နောက်မှ ပြန်ဆုံကြမယ်၊ မကောင်းဘူးလား'

'ဟင့်အင်း မကောင်းဘူး၊ အစ်ကိုလုံးနဲ့ ကျွန်မ စကား အကြာကြီး ပြောချင်တယ်'

'ဟိုလ°၊ မင်းဘယ်လို ဖြစ်သွားရပြန်တာလဲ၊ ကျုပ်မှာ လုပ်စရာတွေ ရှိတယ်၊ သွားစရာတွေလဲ ရှိတယ်၊ နောက်ပြီး ရှာစရာတွေလဲ ရှိတယ်'

'ကျွန်မလဲ အစ်ကိုလုံးကို ကူညီမှာပေါ့'

လုံး ခေါင်းကို ယမ်းခါလိုက်သည်။

'မင်းကို ကျုပ် အနှောင့်အယှက် မပေးချင်ပါဘူး'

'ဒါ အစ်ကိုလုံးကို အနှောင့်အယှက်ပေးတာမှ မဟုတ်ပဲ၊ အစ်ကိုလုံးနဲ့ စကားပြောရတာ ကျွန်မ ဗဟုသုတ ရလို့ပါ'

'ကျုပ်မှာ ကိစ္စတစ်ခု ရှိနေလို့ပါ ဟိုလ၀ါ၊ ကျုပ်ကို ခွင့်ပြုပါဦး။ ကျုပ်နဲ့ ဟိုလ၀ါ တစ်နေ့နေ့ တစ်ချိန်ချိန် ပြန်ဆုံကြမှာပါ'

ပြောပြီး လုံးသည် ထိုင်ရာမှ ထလိုက်၏။

ထိုအခါ ဟိုလ၀ါ ထလိုက်ပေ၏။

'ကဲ....သွားမယ်၊ ဟိုလ၀ါ၊ ကျုပ်ကို အရက်များများ တိုက်ခဲ့တဲ့ ကျေးဇူးကို ကျုပ် တစ်သက် မမေ့ပါဘူး'

'ဒီမှာ တစ်အိုး ကျန်သေးတယ်၊ သောက်လိုက်ပါဦးလေ'

စားပွဲထိုး ချပေးသွားသော အရက်အိုးကို ငုံ့ကြည့်ပြီး လုံး ခေါင်းကိုယမ်းခါလိုက်သည်။

'တော်ပြီ၊ ကျုပ် မသောက်တော့ပါဘူး'

ပြော ပြီး လုံးသည် ဟိုလ၀ါကို နှုတ်ဆက်ကာ စားသောက်ဆိုင်အတွင်းမှ ထွက်ခွာသွားလေ၏။

ရုပ်ပြောင်းရုပ်လွှဲအတတ်

လျှိုလုံးသည် စားသောက်ဆိုင်အတွင်းမှ ထွက်ခွာလာခဲ့ပြီးနောက် အခြား မြို့တစ်မြို့သို့ ခရီးထွက်ရန် ဆုံးဖြတ်လိုက်သည်။

ထို့ကြောင့် လုံးသည် ရုပ်ဖျက်ထားသော ရုပ်ကို ပြုပြင်၍ မူလ ရုပ်အတိုင်း ခရီးထွက်ခဲ့သ၏။

လုံး၏ မူလ ရုပ်မှာ လွန်စွာ ချောမောလှပသော ရုပ် မျိုး ဖြစ်ပေ၏။

ကွမ်းဝိုက်မှ ခရီးစတင်ထွက်ခွာလာရာ နောက်တစ်နေ့ညနေစောင်းမှ မြို့တစ်မြို့သို့ ရောက်လာခဲ့လေသည်။

ထိုမြို့မှာ စုချွမ်းမြို့ ဖြစ်လေသည်။ စုမ်ချွမ်းဆိုသည်မှာ လေးမျက်နှာတု အခ်ပွာယ်ရလေသည်။

စုချမ်းမြို့သည် အလွန်စည်ကားသော မြို့ကြီးတစ်မြို့ ဖြစ်ပေသည်။

ဆိုင်ကြီး ကနားကြီးများလည်း ထိုမြို့၌ လွန်စွာပေါလေ၏။ စားသောက်ဆိုင်တစ်ခုသို့ လုံး ဝင်လိုက်သည်။

စားပွဲတစ်ခုမှာ ဝင်ထိုင်လိုက်သည်နှင့် မိန်းကလေး တစ်ယောက် ရောက်လာပြီး....။

'အစ်မလေး ဘာသုံးဆောင်မလဲ'

ဟု မေးလိုက်၏။

လုံးသည် ဟက်ခနဲ ရယ်မောလိုက်ပြီး....။

'အစ်မလေး လူမှားနေပြီ'

လုံးကိုဒုတိယအကြိမ် ပြန်ကြည့်သည်။

'အို... ခွင့်လွှတ်ပါရှင်၊ ကျွန်မက ဒီက အစ်ကိုလေးကို သေသေချာချာ မကြည့်မိလို့ပါ၊ ဘာသုံးဆောင်မလဲ အစ်ကိုလေး'

လုံးက ဟက်ခနဲ ပြုံး၍....။

'ကျွန်တော့်ရုပ်က သိပ်ချော သိပ်လှတဲ့ မိန်းမ တစ်ယောက်နဲ့ တူနေလို့လားဗျာ'

ဟု မေးလိုက်၏။

'အမှတ်တမဲ့ မို့ပါ၊ သေသေချာချာကြည့်ရင် မိန်းမနဲ့ မတူပါဘူး၊ အစ်ကိုလေးဟာ တစ်ကယ်ကို လူချောတစ်ယောက် ဒါကိုတော့ ဘယ်သူမှ ငြင်းနိုင်မယ် မထင်ပါဘူး'

လုံး ရယ်မောလိုက်၏။

ရယ်မောရင်းမှ....။



'ဒီက အစ်မလေးကို ကျွန်တော် ဆုချမယ်ဗျာ၊ ကျွန်တော့်ကို မြှောက်ပြောနေတာတော့ မဟုတ်ပါဘူးနော်'

လုံးက အရွှန်းဖောက်၍ ပြောလိုက်၏။

'ကျွန်မ မြှောက်ပြောတာ မဟုတ်ပါဘူး၊ တကယ်ချောလို့ ချောတဲ့အကြောင်း အမှန်ကို ပြောနေတာပါ'

'ဒါဖြင့်ရင်ဗျာ၊ လာသောဆယ် ကျွန်တော့်ကို ခေါက်ဆွဲ တစ်ပွဲ အရင် လုပ်ပေးပါ'

'ဟုတ်ကဲ့'

'နေပါဦး ခင်ဗျားတို့ ဆိုင်မှာ စားပွဲထိုး မိန်းကလေးတွေ ချည်းပါလား'

'ယောက်ျားတွေလဲ ရှိပါတယ်'

'ဩော်....ဟုတ်ကဲ့၊ ကဲ...လုပ်ပါ၊ မြန်မြန်လေး လုပ်ပေးပါဗျာ၊ မနက်စာတောင် မစားရသေးလို့ ဆာနေပြီ'

စားပွဲထိုးမိန်းကလေးသည် ခစ်ခနဲ ရယ်မော၍ ထွက်ခွာသွားလေ၏။

❖❖ ❖❖

လုံး ရောက်ရှိနေသော စားသောက်ဆိုင်အတွင်းသို့ လူ နှစ်ယောက် ဝင်လာသည်။

တစ်ယောက်မှာ ယောကျ်ားဖြစ်ပြီး စာပေသမားချုပ် ခေါ်နေသော ပုဂ္ဂိုလ်တစ်ဦး ဖြစ်၏။

ကျန်တစ်ယောက်မှာမူ ဟိုလွီဖြစ်ပေသည်။ စာပေသမားနှင့် ဟိုလီတို့သည် လုံ့နှင့် ကပ်လျက် စားပွဲဝိုင်း၌ နေရာရလိုက်ကြ၏။

သူမသည် လုံ့ကို မသိပေ။

အဘယ်ကြောင့်ဆိုသော် လုံးမှာ ဖန်တီးရုပ်မျိုး မဟုတ်တော့ဘဲ နဂိုပင်ကိုယ် ရုပ်နှင့် ရှိနေသောကြောင့်တည်း။

ဟိုလီတို့ စားပွဲဝိုင်းသို့ အရက်အိုးနှစ်အိုးနှင့် စားသောက်ဖွယ်ရာများ အရင် ရောက်လာပြီးမှ လုံးစားပွဲသို့ ခေါက်ဆွဲကြော် ရောက်လာသည်။

'ကျွန်မနဲ့ တွေ့ခဲ့တဲ့ လျူလုံးဟာ ခပ်ငယ်ငယ်ပဲ ရှိသေးတယ်၊ အသက်(၂၀)မကျော်သေးဘူး၊ အင်မတန် ထက်မြက်တဲ့ စာပေပညာရှင် တစ်ယောက်ပဲ၊ နောက်ပြီး သိုင်းပညာမှာလဲ ထိပ်တန်း သိုင်းပညာရှင်တစ်ယောက်ပဲ ဦးလေးဖုန်း'

ဟိုလီ၏ စကားသံကို လုံး အတိုင်းသား ကြားလိုက်ရသဖြင့် စိတ်ထဲက ကျိတ်၍ ပြုံးလိုက်မိလေသည်။

'ဟုတ်သလား ဟိုလီစကားအရဆိုရင် ကျုပ်တောင် သူနဲ့ တွေ့ချင်သွားပြီ၊ သူ့ကို ဘယ်မှာ တွေ့နိုင်မလဲ'

'သူ့ကို တွေ့ဖို့ မလွယ်ဘူး၊ လျူလုံးဟာ လူတစ်ယောက်ကို တွေ့ဆုံဖို့ လိုက်ရှာနေတာဆိုတော့ သူ့ကို လွယ်လွယ်နဲ့ တွေ့ဖို့ လွယ်မှာ မဟုတ်ဘူး'



'ဒါဆိုလဲ ဘာတတ်နိုင်မလဲ၊ ကမ္ဘာလောကကြီးဟာ ကျဉ်းကျဉ်းလေးပါ၊ တစ်နေ့တော့ တွေ့ကြမှာပေါ့'

'ကျွန်မလဲ သူနဲ့ ထပ်ပြီး တွေ့ချင်ပါသေးတယ်၊ သူနဲ့ စကားပြောရတာ အင်မတန် ဗဟုသုတ ရတယ်'

ထိုစဉ် ဆိုင်တွင်းသို့ လူတစ်ယောက် ဝင်လာလေ၏။

◆◆ ◆◆ ◆◆

ဆိုင်တွင်းသို့ ဝင်လာသူမှာ လူထူးလူဆန်းကြီး လွီယင်ဖြစ်သည်။

လွီယင်သည် လုံးကို သည့်ဆိုင်မှာ ရောက်နေမှန်း သိ၍ သတိပေးရန် အချိန်မီ ရောက်လာခြင်းဖြစ်သည်။

လွီယင်သည် ဘယ်စားပွဲဝိုင်းမှ မထိုင်ဘဲ အသံမဲ့ ဆက်သွယ်နည်းဖြင့် မတ်တပ်ရပ်လျက် လုံးနှင့် ပြောကြားလိုက်လေ၏။

လွီယင် ပြောဆိုလိုက်သော အသံမဲ့ ဆက် သွယ် နည်းမှာ အောက်ပါစကားအတိုင်း ဖြစ်ပေ၏။

'ဟေ့ ကောင်...လုံး၊ မင်းကို ငါဘာပြောထားလဲ၊ မင်းရုပ်ကြောင့် မိန်းမတွေနဲ့ ပြဿနာ တက်နိုင်တယ်ဆိုတာ မင်း မေ့

သွားပြီလား၊ မင်းနဂိုရှုပ်ဟာ ထွားနဲ့ တွေ့မှ ထုတ်ဖော်သင့်သယ်၊ ကြွားလား၊ ဒါပဲ ငါသွားမယ်'

ဟူ၍ ဖြစ်ပေ၏။

လူယင်သည် အထက်ပါအတိုင်း လုံးကို သတိပေးပြောဆိုကာ ချက်ချင်းပင် စားသောက်ဆိုင်အတွင်းမှ ထွက်ခွာသွားလေ၏။

လုံးသည် ချက်ချင်း သဘောပေါက်၍သွားကာ မူလရုပ်မှ ဖန်တီးရုပ်သို့ ရုပ်ပြောင်း မျှပ်လွှဲနည်းဖြင့် ပြောင်းလဲပစ်လိုက်၏။

စားပွဲထိုးမလေးသည် လုံးထံသို့ အကူအညီပေးရန် ပြန်ရောက်လာသောအခါ လူချောလေး လုံးကိုမတွေ့ [illegible]ရတော့သဖြင့် တအံ့တဩဖြစ်၍ သွားလေ၏။

လူချောကလေး လုံး ထိုင်ခဲ့သောနေရာ၌ ယခု လူရုပ်ဆိုးလေး လုံး ထိုင်နေသည်ကို ဘယ်လိုမှ မစဉ်းစားတတ်အောင် ဖြစ်၍သွားလျက် အူကြောင်ကြောင်ဖြစ်၍ သွားလေသည်။

'ဒီမှာ…'

စားပွဲထိုးမလေးက စကားစလိုက်သည်။

'ဟုတ်ကဲ့…ပြောပါ'

'စောစောက ဒီနေရာမှထိုင်ပြီး ခေါက်ဆွဲ စားနေတာ ရှင်မဟုတ်ပါဘူး၊ ရှင်က ဘယ်လိုလုပ်ပြီး သူ့နေရာမှာ လာထိုင်နေရတာလဲ၊ စောစောကလူကော ဘယ်မှာလဲ'

စားပွဲထိုးမလေးက တစ်ဆိုင်လုံး အကဲခတ်ရှာဖွေပြီးနောက် လူချောလေးလုံးကို မတွေ့တော့မှ အထက်ပါအတိုင်းရုပ်ပြောင်း ရုပ်လွှဲလုပ်ထားသောလုံးကို မေးလိုက်ခြင်းဖြစ်သည်။



'ရုပ်ချောချောနဲ့လူကို မေးနေတာမဟုတ်လား'

လုံးက မေးလိုက်သည်။

'ဟုတ်တယ်'

'သူပြန်သွားပြီ၊ သူ့မှာ သိပ်အရေးကြီးတဲ့ ကိစ္စတစ်ခုပေါ်လာတဲ့၊ ကျသင့်ငွေလဲ ကျွန်တော့်ကိုပေးခဲ့ပါတယ်၊ ခေါက်ဆွဲကြော်တစ်ပွဲအတွက် ဟောဒီမှာ သူပေးခဲ့တဲ့ငွေ'

စားပွဲထိုးမလေးကို ငွေစနှစ်စပေးလိုက်၏။ စားပွဲထိုးမလေးက ငွေစနှစ်စကိုယူပြီး အူကြောင်ကြောင်ဖြင့် လှည့်ထွက် သွားလေ၏။

လုံးသည် ဟိုလီနှင့်ရင်မဆိုင်လိုသဖြင့် တိတ်ကဆိတ် ကြောခိုင်းကာ ဆိုင်တွင်းမှ လှစ်ခနဲပြေးထွက်သွားလေ၏။

နိုးသွား

❖ ❖ ❖

ဘင်တင်

## အမြတ်ကြီးစားသူ

[illegible]ချင့်ဆင်ပြည်နယ်သည် အလွန်ကျယ်ပြန့်ပြီး ကျယ်ဝော
လေး[illegible]ပြည်နယ်ဖြစ်ပေသည်။
ဖြစ်ရှိ[illegible]ပြည်နယ်မြေ၏ အစွန်အဖျား၌ 'အူကျင့်' ဆိုသော မြို့ငယ်လေးတစ်မြို့ရှိပေသည်။

ထိုအူကျင့်မြို့ငယ်မလေးကို ချောင်းငယ်လေးတစ်ခု ပတ်ရစ်ထား၏။

ထိုချောင်းငယ်အမည်မှာ ဝုစန်ချောင်းလေး ဖြစ်သည်။

ရီချွန်းရွာသို့ ကောင်းရီသွားရောက်ရှိနေသည်မှာ ရက်သတ္တတစ်ပတ်ခန့်ရှိပေပြီ။

ရီချွန်းရွာ၌ ရီချွန်းရွာသူကြီး ချင်တိုသည် အုပ်ချုပ်၏။ သူသည် အလွန်သဘောကောင်း၏။



၎င်း၏အိမ်တွင် ထွားဒနထိုင်ခဲ့ခြင်းဖြစ်သည်။

ချင်တိုသည် ထွားနှင့် တာမှ မတော်စပ်ပေ။ တစ်နေ့သ၌ ရီချွန်းရွာသို့ သွားရောက်လာ၏။

ထိုအချိန်မှာပင် နယ်ခြားဓားပြအုပ်စုတစ်စုသည် ရီချွန်းရွာကို ဝင်ရောက်လုယက်တိုက်ခိုက်ကြ၏။ ထွားနှင့် တိုက်တိုက်ဆိုင်ဆိုင်ပင်ဖြစ်လေသည်။

ဓားပြများနှင့် ရွာသူကြီးတို့အဖွဲ့တိုက်ခိုက်နေကြရာ ချင်တိုအဖွဲ့ အရေးနိမ့်နေကြလေ၏။

ထွားသည် ချင်တိုတို့အဖွဲ့မှ ဝင်ကူတိုက်ပေး၏။

ဓားပြအဖွဲ့သည် ထွား၏ တိုက်ရည်ခိုက်ရည်နှင့် စွမ်းရည်ကို မြင်တွေ့သွားရာ အလွန့်ထိတ်လန့်ပြီး ထွက်ပြေးကြလေ၏။

ဓားပြအဖွဲ့မှ လူတော်တော် များများ ဒဏ်ရာ ရသွားကြလေ၏။

ချင်တိုသည် ထွားကို များစွာ ကျေးဇူးတင် ရင်းနှီးသွားလေ၏။

ထိုမှစပြီး ထွားလည်း ရွာကိုသံယောဇဉ်ဖြစ်ကာ ဘောင်အောင်နေခြင်းဖြစ်ပေသည်။

ရိုချန်းရွာ၏တစ်ဖက်ကမ်း၌ အုကျုန်မြို့ငယ်လေးသည် တိတ်ဆိတ်ငြိမ်သက်စွာ အိပ်ပျော်လျက်ရှိပေ၏။

အချိန်မှာ ညသန်းခေါင်ချိန်ဖြစ်သည်။

ထိုအချိန်မှာပင် ထိုမြို့တွင်းသို့ လုံဝင်ရောက် လာလေ၏။

စားသောက်ဆိုင်တစ်ဆိုင်ကို တွေ့မြင်ရသောအခါ ထိုဆိုင်မှာ ညလုံးပေါက် ဖွင့်လှစ်ထားသောဆိုင် မဟုတ်သောကြောင့် ဆိုင်ပိတ်ရန်ပြင်ဆင်နေကြသည်။

လျူလုံးသည် အလုပ်လုပ်နေသော ဝန်ထမ်းတစ်ဦး ရှေ့သို့ ရောက်သွားပြီး အကူအညီတောင်းလေသည်။

'ဒီမယ်မိတ်ဆွေ ကျုပ်ကို အကူအညီတစ်ခုပေးပါ'

လုံးကို ထိုလူက လှည့်ကြည့်ပြီး အကဲခတ်လိုက်၏။

ပြီးမှ...။

'မိတ်ဆွေက ဘာအကူအညီတောင်းခံချင်လို့လဲ'

ဟု မေးလိုက်သည်။

'ခင်ဗျားတို့ဆိုင်မှာ ကျုပ်ကို တစ်ညလောက် တည်းခိုခွင့်ပြုပါ'

'မဖြစ်ဘူးထင်တယ်'

'လုပ်ပါဗျာ၊ ကျုပ်က ခရီးလွန်လာလို့ပါ၊ ခင်ဗျားတို့ ခွင့်မပြုရင် ကျုပ်လမ်းပေါ်မှာအိပ်ရလိမ့်မယ်၊ ကူညီပါဗျာ'



လုံးက အနူးအညွတ် မေတ္တာရပ်ခံလိုက်၏။

ထိုဝန်ထမ်းသည် ခဏစဉ်းစားပြီးနောက်....။

'နေပါဦး၊ ကျုပ်ဆိုင်ရှင်နဲ့ သွားပြီး ဆွေးနွေး လိုက်ပါဦးမယ်'

ဟုပြော၍ ဆိုင်တွင်းသို့ ဝင်ရောက်သွားလေ၏။

တစ်အောင့်လောက် ကြာသော် ဆိုင်ဝန်ထမ်း ပြန်ထွက်လာပြီး....။

'ခင်ဗျားကံကောင်းတယ်ဗျာ'

'ကျေးဇူးပဲမိတ်ဆွေရာ'

'ဒါပေမယ့် ဆိုင်ရှင်ကြီးကပြောတယ် တည်းခိုခ နှစ်ဆပေးရမယ်တဲ့'

'ကျုပ်ပေးပါ့မယ်'

'ဒါဖြင့်ဝင်ခဲ့'

ဆိုင်ဝန်ထမ်းက ခွင့်ပြုလိုက်သောအခါ၊ လုံးသည် ဆိုင်တွင်းသို့ ဝင်ရောက်သွားလေ၏။

ဆိုင်တွင်းသို့ရောက်သော် ဆိုင်တွင်း၌ လူ သုံးလေးယောက်တို့ကို တွေ့သည်။

သူတို့သည် အရက်သေစာများ သောက်သုံးနေကြလေ၏။

လုံးသည် ထိုလူများကို တစ်ချက်အကဲခတ်လိုက်ပြီး စားပွဲတစ်လုံး၌ ဝင်ထိုင်လိုက်လေသည်။

မကြာမီ ဆိုင်ပိတ်သွား၏။

ဆိုင်ဝန်ထမ်းသည် လုံးရှိရာသို့ ရောက်လာပြီး တည်းခိုခကို တောင်းခံလေ၏။

'ခင်ဗျားရဲ့ ဆိုင်ရှင်နဲ့ကျုပ်ကိုတွေ့ခွင့်ပေးဦးလေ'

မှာဲ ထိုအခါ ဆိုင်ဝန်ထမ်းက တစ်ချက် ပြုံးလိုက်ပြီး....။

ဆိုင်ပိတ်ချိန်က ဆိုင်ရှင်ပဲ အလုပ်သမားတွေပြန်သွားကြလို့ ကျုပ် ...ကိုယ်ဆိုင်ပိတ်နေတာ'

'ဩော်....ဒီလိုလား'

လုံးသည် ခေါင်းညိတ်ကာပြုံးလိုက်သည်။

'မိတ်ဆွေရဲ့နာမည်က ဘယ်လိုခေါ်သလဲ'

ဆိုင်ရှင်ကမေးလိုက်သည်။

'ကျွန်တော့်နာမည် လုံးလို့ခေါ်ပါတယ်၊ ခင်ဗျားနာမည်ကရော ဘယ်လိုခေါ်လဲ'

'ကျုပ်နာမည် ရီဖန်လို့ခေါ်တယ်'

'ဟိုလူတွေကရော'

အရက်သောက်နေကြသော လူသုံးလေးယောက်ကို မေးဆတ်ပြပြီး လုံးကမေးလိုက်သည်။

'သူတို့လား၊ သူတို့က မိတ်ဆွေလိုပဲ၊ ကျုပ်ဆိုင်မှာတည်းခိုနေကြတဲ့ လူတွေလေ'

'ဩော်'



လုံးသည် တစ်ညတာတည်းခိုခကိုပေးရင်း....။

'ကျုပ်ကိုလဲ အရက်တစ်အိုးနဲ့ ပေါက်စီ နှစ်လုံးလောက်ပေးပါဗျာ'

'ရပါတယ်၊ ဒါပေမယ့် မိတ်ဆွေ မူလတန်ဖိုးထက် နှစ်ဆပေးရမယ်နော်'

လုံးသည် ဆိုင်ရှင်ကို ဖျတ်ခနဲ မော့ကြည့်လိုက်ပြီး....။

'ခင်ဗျားဆိုင်က တစ်မျိုးပါလား၊ အားလုံးပဲ နှစ်ဆချည်းပါလား၊ အမြတ်တင်တာကလဲ လွန်လိုက်တာဗျာ၊ ဟိုလူတွေလဲ ဒီအတိုင်းပဲလား'

လုံးက မေးလိုက်သည်။

'ခင်ဗျားတစ်ယောက်တည်းပါ၊ သူတို့ကကြာပြီ'

'ကျုပ်လဲ ကြာကြာနေရင် ဈေးမှန်နဲ့တည်းခိုခွင့်ပေးမလား'

စူးစမ်းဟန်ဖြင့် လုံးကမေးလိုက်သည်။

ဆိုင်ရှင်က ခေတ္တငြိမ်သွားပြီး...။ အတန်ကြာမှ...။

'မိတ်ဆွေက ဘယ်နှစ်ရက်တည်းမှာလဲ'

'တစ်ပတ်တည်းပါ'

လုံးက မုသားသုံးလိုက်သည်။

ဆိုင်ရှင်က....။

'တစ်ပတ်တည်းနဲ့တော့ ဖြစ်မယ်မထင်ဘူး၊ နှစ်ပတ်လောက်နေပြီးမှ ဈေးမှန်နဲ့မိတ်ဆွေကို နေခွင့်ပြုမယ်'

'သူတို့လဲ ဒီအတိုင်းပဲလား'

'မိတ်ဆွေက ဘာဖြစ်လို့ သူတို့ကို ဆွဲထည့်ပြီး ပြောပြောနေရတာလဲ'

'ကျုပ်က မှန်မှန်ကန်ကန်ဖြစ်စေချင်လို့ပါ'

လုံးက ပြောလိုက်သည်။

ထိုအခါ ဆိုင်ရှင်က…။

'ကျုပ်ဆိုင်မှာ ကျုပ်ပိုင်တဲ့လူကို ကျုပ်သဘောနဲ့ကျုပ်အလကားပဲထားထား၊ ငွေစပဲယူယူ၊ ကျုပ်လုပ်ပိုင်ခွင့် ရှိတယ်လေ'

'မှန်ပါတယ်၊ ခင်ဗျားပြောတာ ကျုပ်စိတ်ထဲမှာ မိတ်ဆွေက ကျုပ်ကို အနိုင်ကျင့်နေသလားလို့ ထင်နေလို့ပါ'

'ထင်ချင်သလိုထင်နိုင်တယ်'

'ကောင်းပါပြီ၊ ကျုပ်နေသတို့ မနေ့သင်ကို စဉ်းစားဦးမယ် ဒီတင်ညနေတာ နှစ်ဆမကလို့ သုံးဆ လေးဆပဲယူယူ ကျုပ်ကတော့ တည်းခိုရမှာပဲ၊ ကိုင်း ကျုပ်အတွက် အရက် တစ်အိုးနဲ့ ပေါက်စီမြန်မြန်လုပ်ပေးပါ'

ဆိုင်ရှင်ထွက်သွားပြီး အရက်တစ်အိုးနှင့် ပေါက်စီနှစ်လုံးကို ယူလာ၍ ချပေးကာ လှည့်ထွက်သွား၏။

လုံးသည် ပေါက်စီနှစ်လုံးကို အရင် စားလိုက်ပြီးနောက် အရက်ကို ဆက်သောက်လိုက်လေ၏။

အရက်အိုးထဲမှ အရက်ကုန်သွားတော့မှ လုံးမှာ နေသာထိုင်သာရှိ၍သွားလေ၏။

'အဟမ်း'

ချောင်းဟန့်သံကြောင့် ဖျတ်ခနဲ လုံးလှည့်ကြည့်လိုက်သည်။ စောစောက တစ်ဘက်ဝိုင်း၌ အရက် ထိုင်သောက်နေကြသော လူသုံးယောက် လုံးစားပွဲသို့ ရောက်လာကြသည်။

၎င်းတို့ထဲမှ တစ်ယောက်က လုံးကိုမေးလိုက်သည်။



'မိတ်ဆွေနဲ့ ဆိုင်ရှင်ရိဖန်တို့ဘာတွေ ဒေါသနွေးနေကြတာလဲ'

ဝတ်စုံညိုနှင့် မျက်နှာပေါက်ကျင်းကျင်း ဝက်ရုပ် ပေါက်နေသော ပုဂ္ဂိုလ်က လုံးကို မေးလိုက်သည်။

ထိုလူတို့အဖွဲ့ကို လုံး တစ်ချက် အကဲခတ်ကြည့်လိုက်သည် သိုင်းသမား များဖြစ်ကြောင်း ကောင်းစွာနားလည်လိုက်၍

'တည်းခိုခွင့်စျေးကြီးလို့ ညှိနေကြတာပါ'

လုံးက အေးချမ်းစွာပြောလိုက်သည်။

'အဲဒီကိစ္စနဲ့ပတ်သက်ပြီး မိတ်ဆွေကျေနပ်မှုရှိရဲ့လား'

'စျေးတော့များတယ်၊ ဒါပေမယ့် သူ့စည်းကမ်းနဲ့သူ ဆိုတော့ ကျုပ်ဘာတတ်နိုင်မလဲဗျာ၊ ကိုယ်ကအခက်အခဲရှိတဲ့လူပဲ တည်းရမှာပေါ့'

'ကျုပ်မေးနေတာက ကျေနပ်မှုရှိ မရှိကို မေးတာ'

မေလသံက မာသည်။

လုံးသည် ဝက်ရုပ်ပေါက်နေသော လူကို တစ်ချက်ကြည့်လိုက်ပြီး....။

'မိတ်ဆွေက ကျုပ်ကို ဘာကိစ္စနဲ့ မေးနေတာလဲ'

'ဘာကြောင့် မေးနေတာလဲ ဟုတ်လား၊ မင်းမကျေနပ်ဘူးဆိုရင် မင်းငွေစပြန်ယူပြီး ဒီဆိုင်က ထွက်သွားပါလို့ ပြောချင်လို့ကွ'

လုံးသည် ဒေါသထောင်းခနဲထွက်သွားသည်။ ဆိုင်ရှင်ကို လှမ်းကြည့်လိုက်သောအခါ ဆိုင်ရှင်မှာ ကျေနပ်သဘောကျစွာ ပြုံးနေသည်ကို တွေ့မြင်လိုက်ရပေ၏။

'ခင်ဗျားတို့က ဒီဆိုင်နဲ့ဘယ်လိုပတ်သက်နေလို့လဲ'

'ငါတို့က ဒီဆိုင်ကို စောင့်ရှောက်ပေးနေတဲ့ ပုဂ္ဂိုလ်တွေပဲ၊ ဒီမှာပြောလို့မရဘူး၊ ဗိုလ်ကျလို့မရဘူး၊ ငါတို့က လွဲရင် ဘယ်ကောင့်ကိုမှ ဗိုလ်မထားဘူးကွ၊ အဲဒါမင်းနားလည်'

မျက်နှာချွန်ချွန် မုတ်ဆိတ်မွေးနှင့် ဆိတ်ရုပ် ပေါက်နေသောတစ်ယောက်က ဝင်ပြောလိုက်၏။

လုံးသည် ဟက်ခနဲပြုံးလိုက်၏။

'မိတ်ဆွေတို့က ဒီဆိုင်မှာ ဗိုလ်တွေဆိုတော့ လုပ်စေ ဘယ်လောက်ရလို့လဲ'

'မင်းက ဘာလုပ်ချင်လို့လဲ'

ဆိတ်ရုပ်ပေါက်နေသောလူက ရှေ့တစ်လှမ်း တက်လာပြီး မေးလိုက်သည်။

'ခင်ဗျားတို့သုံးယောက်ကို အုပ်ချုပ်ချင်လို့၊ ခင်ဗျားတို့ဆိုင်ရှင်ကို မေးလိုက်စမ်းပါ၊ ကျုပ်ကိုလူမိုက်ချုပ် ခန့်မလားလို့'

'ဘာကွ'

ဝက်ရုပ်ပေါက်နေသူက ဒေါသဖြင့် အော်လိုက်သည်။

ဆိုင်ရှင်ရီဖန်သည် လုံးကိုလှမ်း၍ကြည့်လိုက်၏။

'ကျုပ်ကို ခင်ဗျားတို့လက်တွဲခေါ်ပါ၊ သိပ်အကျိုးရှိပါတယ်'

'ဘာကွ၊ ကဲ...အကျိုးရှိဦး'

မုတ်ဆိတ်နှင့်လူက ရုတ်တရက်လုံးကိုတိုက်ခိုက်သည်။

'ဖောင်း'

'ဝုန်း...'

လုံးသည် အလွန်လျင်မြန်သော လေဟုန်စီး သိုင်းကွက်ဖြင့် ၎င်းတို့သုံးဦးကို တိုက်ခိုက်လိုက်ပြီးနောက် ရှင်းချည်း ဆိုသလို



ဗုန်းခနဲ ကိုယ်ဖော့လေဟုန်စီးသိုင်းကွက်ဖြင့် ရီဖန်ထံရောက်သွားလေ၏။

ဝက်ရုပ်ပေါက်နေသောလူမိုက်နှင့် ကျန်နှစ်ယောက် တို့မှာ ကြမ်းပေါ်၌ သတိလစ်မေ့မြောကျန်ရစ်ခဲ့ကြသည်။

လုံး၏ ထူးဆန်း အံ့သြဖွယ်ကောင်းသော လှုပ်ရှားမှုနှင့် သိုင်းကွက်များကိုကြည့်၍ ဆိုင်ရှင် ရီဖန်သည် အထိတ်တလန့် တအံ့တသြ ဖြစ်၍နေရလေသည်။

လုံးက ရီဖန်ကိုကြည့်၍ ဟက်ခနဲရယ်မောလိုက်သည်။

'ဘယ်လိုလဲ ဆိုင်ရှင်ကြီး ကျုပ်ကို ခင်ဗျားဆိုင်မှာ လူမိုက်ချုပ် ခန့်နိုင်မလား'

'ခင်ဗျား....ခင်ဗျား'

'ကျုပ်မေးတာကို ဖြေပါ၊ ခုမှ ကြောက်ချီး ပန်းမနေပါနဲ့၊ ဟား....ဟား....ဟား....ဟား....'

ဆိုင်ရှင် ရီဖန်မှာ နတ်ပူးသလို တဆတ်ဆတ် တုန်ယင်၍ နေလေ၏။

'ခင်ဗျား....ခင်ဗျား....ကျုပ်ကို ဘာလုပ်မလို့လဲ၊ ခင်ဗျားကို ကျုပ် အလကား တည်းခိုခွင့် ပြုပါတယ်၊ အရက်ဖိုးနဲ့ ပေါက်စီဖိုးလဲ ကျုပ် မယူပါတော့ပါဘူး'

'ဟား... ဟား....ဟား....ဟား....ယူပါ၊ ခင်ဗျား စည်းကမ်းနဲ့ ခင်ဗျားယူထားတာ ယူပါ၊ ကျုပ် ပေးပါ့မယ်၊ ခင်ဗျားရဲ့ လူတွေက လူပါးဝလို့ ကျုပ် ဆုံးမလိုက်တာပါ၊ ခင်ဗျားကိုလဲ ဆုံးမရမှာပဲ'

ပြောပြီး လုံးသည် ရီဖန်၏ သွေးကြောကို ဆက်ခနဲ ဖိတိ လိုက်ရာ ရီဖန်သည် သတိလစ် မေ့မြော၍ သွားလေ၏။

တစ်ဆိုင်လုံး ငြိမ်ဆိတ်သွားမှ လုံးသည် အေးအေးဆေးဆေး စိတ်ချသက်သာ အိပ်စက်နိုင်ရန် အခန်းတစ်ခန်းသို့ ဝင်ရောက် အိပ်စက်လိုက်လေသတည်း။

◆◆ ◆◆ ◆◆

## ပြန်လည် တွေ့ဆုံခြင်းနှင့်အတူ

◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆

လုံးသည် ထိုမနက် အိပ်ရာမှ စောစောထပြီး၊ သတိ မေ့မြော နေကြသော ဆိုင်ရှင် ရီဖန်နှင့် လူမိုက် သုံးယောက်ကို သွေး ကြောများ ပြန်ဖွင့်ပေးလိုက်သည်။

၎င်းတို့ သတိရလာသောအခါ လုံးကို ကြောက်ရွံ့ပြီး အရိုအသေ ပေးလိုက်ကြ၏။

'ဒီမယ်...ညက ကျုပ်မလုပ်ချင်တဲ့ လုပ်လိုက်ရတာကို ခင်ဗျားတို့ ကျုပ်ကို အပြစ်မတင်ပါနဲ့၊ ကျုပ် အေးအေး ချမ်း ချမ်း အိပ်စက် အနားယူချင်လို့ပါ'

'လေးစားပါတယ် ညီလေး၊ နောက်လဲ ကျုပ်ဆိုင်ကို ဝင် ပါတည်းပါ၊ ကျုပ် ကောင်းကောင်း ဧည့်ခံ ပြုစုပါ့မယ်'

ဆိုင်ရှင် ရီဖန်က လက်နှစ်ဖက် ဆုပ်ပူး၍ ခေါင်းကို ငုံ့ကာ ပြောသည်။

ဝက်ရုပ်ပေါက်နေသော သိုင်းသမား လူမိုက်ကြီးကလည်း... 'လေးစားပါတယ် ညီလေး၊ တို့ဆီကို လာလည်နိုင်ပါတယ်' ဟု ပြောသည်။

လုံးသည် ဟုတ်ကဲ့၊ လာခဲ့ပါဦးမယ် ဟု ပြောပြီး အားလုံးကို နှုတ်ဆက်ကာ စားသောက်ဆိုင် အတွင်းမှ ထွက်ခွာခဲ့လေသည်။

◆◆ ◆◆ ◆◆

ရှီချန်းရွာသို့ လုံး ကူးလာခဲ့သည်။ ရွာလူကြီး ချင်တိက မျက်နှာစိမ်းဖြစ်သော လုံးကို မသကာသော အကြည့်ဖြင့် အကဲခတ်ကြည့်နေ၏။

'ဒီရွာမှာရှိတဲ့ ရွာလူကြီးနဲ့ ကျွန်တော် တွေ့ချင်ပါတယ် ခင်ဗျာ'

ချင်တိကို လုံးက မေးလိုက်သည်။ ချင်ယိက....

'ဘာကိစ္စ ရှိလို့လဲ'

ဟု မေးလိုက်သည်။



'ဒီရွာမှာ နားနားနေနေ တစ်ရက်နှစ်ရက်လောက် တည်းခိုချင်လို့ပါ ခင်ဗျာ'

လုံးက ရိုရိုသေသေ ပြောလိုက်၏။

'ဒီရွာက ရွာလူကြီးက ကျုပ်ပဲ၊ ကျုပ်နာမည် ချင်တိလို့ ခေါ်ပါတယ်'

လုံးသည် ချင်တိကို လက်နှစ်ဖက် ဆုပ်ပူးကာ အရိုအသေ ပေးလိုက်၏။

'ကျွန်တော် လူကောင်း တစ်ယောက်ပါ ခင်ဗျာ'

လုံးက ချင်တိယုံအောင် ပြောလိုက်သည်။ လုံးစကားကို ချင်တိ သိပ် ယုံကြည်ပုံ မရချေ။

'မင်းကို လူကောင်းတစ်ယောက်လို့ ကျုပ်က ဘယ်လိုလုပ်ပြီး အသိအမှတ် ပြုနိုင်မှာလဲ၊ တို့ရွာကို ခဏခဏ ဓားပြတွေ ဝင်တိုက်လို့ လူစိမ်းဆိုရင် တို့က လန့်နေပြီကွ'

ချင်တိက ပြောလိုက်သည်။

ထိုစဉ် ချင်တိတို့ အိမ်တွင်းမှ မိန်းကလေးတစ်ယောက် ထွက်လာသည်ကို မြင်လိုက်ရလျှင် လုံးသည် ဝမ်းမြောက် ဝမ်းသာ ဖြစ်၍ သွားလေ၏။

ထိုမိန်းကလေးမှာ လုံးကောင်းစွာ မှတ်မိနေသော ကောင်း ရီထွား ဖြစ်နေသောကြောင့်တည်း။

'အစ်မလေး ထွား'

လုံးက အော်ခေါ်လိုက်သည်။

ထွားသည် လုံးကို လှမ်းကြည့်ပြီး အူကြောင်ကြောင် ဖြစ်၍သွားကာ လုံးကို လေ့လာမှု စူးစမ်းသလို စိုက်၍ ကြည့်နေပေ၏။

'အစ်မလေး ကျွန်တော့်ကို မမှတ်မိဘူးလား'

လုံးက ဆက်မေးလိုက်ပြန်၏။

ထွားမှာ အူကြောင်ကြောင်ဖြစ်၍ နေသေး၏။ လုံးကို မသိကြောင်း ထွားက ခေါင်းယမ်းပြလိုက်သည်။

'မင်းကို ငါမသိဘူး၊ မင်းဘယ်သူလဲ'

ထွားက ပြန်မေးလိုက်သည်။

ပြီးနောက်....။

လုံးအနားသို့ တိုးကပ်၍ သေသေချာချာ စေ့စေ့ကြည့်သည်။

လုံးကို ထွား လုံးဝမမှတ်မိချေ။ တကယ်တော့ လုံးသည် ရုပ်ဖျက်ထားသဖြင့် ထွား မသိခြင်း ဖြစ်ပေသည်။

လုံးကိုယ်တိုင်လည်း ရုပ်ဖျက်ထားမှန်း သူ့ကိုယ်သူ သတိလစ်နေခဲ့သောကြောင့် ဖြစ်ပေ၏။

'ကျွန်တော် လုံးလေ၊ လူလုံးလေ အစ်မလေး'

'ဘာ....မင်း....လုံး....ဟုတ်လား'

'ဟုတ်တယ်'

'မဟုတ်ဘူး၊ မင်း လုံး ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး၊ လုံးရဲ့ ပုံပန်းသဏ္ဌာန် ... ငါကောင်းကောင်း မှတ်မိတယ်၊ မင်းလူလိမ် တစ်ယောက်ပဲ'



ထွား၏စကားကြောင့် ရွာလူကြီးချင်တိုသည် လုံးကိုမကျေမနပ်ဖြင့် တစ်ချက်ကြည့်လိုက်ပြီး....။

'ဟိတ်ကောင်၊ မင်း ဘာလူလည်လုပ်မလို့လဲ ထွက်သွားစမ်း'

ချင်တို ပိတ်ဟောက်၍ နှင်လွှတ်လိုက်၏။ သည်တော့ လုံးချက်ချင်း သတိရပြီး ရုပ်ဖျက်ထားသော အကျည်းတန်ရုပ်ကို မျက်နှာပြင်ပေါ်မှ ခွာချလိုက်လေ၏။

'ဟယ်... လုံး၊ မောင်လေး'

'မမ'

သည်တော့မှ ချောမောလှပသော လုံး၏မျက်နှာကို ထွားမြင်တွေ့လိုက်ပြီး အားရပျော်ရွှင် တက်ကြွ၍ သွားလေ၏။

'မောင်လေးရယ်'

ထွားသည် လုံး၏လက်နှစ်ဖက်ကိုဆွဲကာ မျက်ရည်များစီးကျလာလေ၏။

'မင်း...မမကို သိပ်စိမ်းကားတယ်နော်၊ မမ မောင်လေးကို လိုက်ရှာနေတာ အယ်နှစ်ကျော်သွားပြီ၊ မောင်လေးရယ်'

ထွားသည် ပြောပြောဆိုဆို ငိုရှိုက်လိုက်လေ၏။

ချင်တိုမှာ ခုမှ သဘောပေါက်၍ နားလည်သွားတော့၏။

'ဘာဘာချင် သူဟာ လုံးဆိုတာပေါ့၊ ကျွန်မ လိုက်ရှာနေတဲ့ မောင်လေးလုံးဆိုတာ သူပါပဲရှင်'

ထွားသည် ချင်တို့ကို ရှင်းပြလိုက်၏။

'ကျွန်တော် ဆရာမကြီး၊ ကုအုန်နဲ့ ကင်းကွာခဲ့ပြီး နောက်မှာ မမတို့ဆီ ရောက်ပါသေးတယ်၊ မမတို့သတင်းကို ကျွန်တော်အကုန်လုံး သိခဲ့ပြီးပြီ'

ထွားသည် ဝမ်းနည်းလာဟန်ဖြင့် ဟစ်ချက်ရှိက်လိုက်၏။

'ကျွန်တော်နဲ့တွေ့ပြီပဲ မမရယ်၊ ကျွန်တော်တို့ နှစ်ယောက်သိုင်းလောကထဲဆင်းပြီး လုပ်စရာရှိတာတွေ ဆက်လုပ်ကြရအောင်ပါ'

လုံးက အားပေးနှစ်သိမ့်လိုက်သည်။

ထွားသည် မျက်ရည်ကိုသုတ်လိုက်ပြီး လုံး၏လက်ကိုဆွဲကာ ချောင်းစပ်သို့ ခေါ်ထုတ်သွားလေ၏။

ရိချန်း ချောင်းရေသည် တခဝါခဝါဖြင့် စီးဆင်းနေ၏။

လေပြည်တို့သည် ပန်းရနံ့တို့ကို သယ်ဆောင်လာကာ ထိုချောင်းစပ်တစ်ဝိုက်၌ ပျံ့မွှေးကြိုင်သင်းနေ၏။

ခပ်လှမ်းလှမ်းတွင် ရေဘဲတချို့ကို တွေ့ရသော်လည်း သူတို့သည် အလွန်ယဉ်ပါးနေကြပေပြီ။



လုံးတို့ ရောက်လာကြသည်ကို မြင်ကြသော်လည်း မပျံကြချေ။

ချောင်း စပ် မြက်ခင်းပြင်ပေါ်တွင် နှစ်ယောက်သားထိုင်ချလိုက်ပြီးနောက် ထွားကမေးသည်။

'မောင်လေး မမကိုပစ်ပြီး အဝေးကြီးကို ထွက်သွားဦးမှာလား'

'ကျွန်တော် ဘယ်တော့မှ ထွက်မသွားတော့ပါဘူး မမရယ်၊ ကျွန်တော့်မှာ ခံစားချက်တွေရှိပါတယ်'

ခံစားချက်တွေရှိတယ်ဟု လုံးကပြောသောကြောင့် ထွားမျက်လုံးပြူး၍ သွားလေ၏။ ဘာများပါလိမ့်ဟူသော သိချင်စိတ်ကလည်း ဖြစ်ပေါ်၍လာလေ၏။

'မောင်လေးရဲ့ ခံစားချက်ဆိုတာက ဘာလဲဟင် မမမသိရဘူးလား'

'သိရပါတယ် ကျွန်တော့်အဖေကို သတ်သွားတဲ့လူကို ရှာပြီး လက်စားချေချင်တယ်၊ နောက်ပြီး ကျွန်တော့်မေမေကိုလဲ တွေ့ချင်တယ်၊ ကယ်တင်ချင်တယ်'

'ဩော် ဟုတ်တာပေါ့ မောင်လေးရယ်'

ထွားက သက်ပြင်းရှိုက်ပြီး လုံးကို စိုက်၍ ကြည့်နေလေသည်။

'မောင်လေး'

'ဗျာ....မမ'

'မောင်လေးက ကြီးလာပေမယ့် ငယ်ရုပ်မပျောက်ဘူး၊ ပိုပြီး ချောလာသေးတယ်'

'ဟုတ်လား မမ'

'ဟုတ်တယ် မောင်လေး သိပ်ချောတာပဲ'

'ဒါကြောင့်မို့လို့ ကျွန်တော် ရုပ်ဖျက် ထားတာပါ မမ၊ အကျည်းတန်တော့ မိန်းကလေးတွေနဲ့ ပြဿနာ မတက်တော့ဘူးပေါ့'

'အဟက်'

ထွားသည် လုံးကို စိုက်၍ ဟက်ခနဲ ရယ်မောလိုက်လေ၏။ ရယ်မောရင်းမှ....။

'ဘာဆိုင်လို့လဲ မောင်လေးရယ်'

'ဆိုင်တယ်လို့ ကျွန်တော့်ဆရာကြီးက ပြောတယ်၊ ကျွန်တော့်ရုပ်က ဒီလောက်တောင်ပဲ လှနေတာလားဗျာ၊ တစ်ခါမှ ကျွန်တော် မှန်လဲ မကြည့်ဘူးပါဘူး'

လုံးက ရှိုးသားစွာ ပြောလိုက်၏။

'ဟုတ်တယ်၊ မောင်လေး သိပ် ချောတယ်၊ ဒါပေမယ့် မောင်လေး မိန်းကလေးတွေနဲ့ ပြဿနာမတက်နိုင်အောင် မမ ရှင်းပေးနိုင်ပါတယ်'

'ဗျာ....မမရှင်းပေးနိုင်တယ် ဟုတ်လား'



'ဟုတ်တယ်'

'မမ ဘယ်နည်းနဲ့ ရှင်းပေးမှာလဲ'

'လုံးဟာ မင်းတို့မိန်းကလေးတွေနဲ့ မဆိုင်ဘူး၊ ဒါငါ့မောင်လေး၊ ဘယ်သူနဲ့မှ မပေးစားနိုင်ဘူး၊ သူ လူပျိုကြီး လုပ်ပြီး အရိုးထုတ်မှာ၊ ဘာမှာနဲ့ပေါ့'

'ဟား....ဟား....ဟား'

နှစ်ယောက်သား သဘောကျစွာ ရယ်မောလိုက်ကြ၏။

'မောင်လေး'

'မောင်လေးရဲ့ ဆရာကြီးဆိုတာက ဘယ်သူလဲဟင်'

'ဆရာကြီး နတ်ခေါင်မွေးရှင် သိုင်းသမားကြီး လူ့ယင် ပါ မမ'

'ဘာ နတ်ခေါင်မွေးရှင် သိုင်းသမားကြီး လူ့ယင် ဟုတ်လား'

'ဟုတ်တယ်....မမနဲ့ သိလို့လား'

'မမ အသက်ကို ကယ်ခဲ့တဲ့ ထူးဆန်းတဲ့ပုဂ္ဂိုလ်ကြီးပဲ၊ ဆရာမကြီး ကုအုလဲ ပြောဖူးတယ်၊ အဲဒီဆရာကြီးကသိုင်းစဉ်ပေါက် မြောက်နေတဲ့ လူထူးလူဆန်း ပုဂ္ဂိုလ် ဆန်းကြီးလို့ ပြောတယ်၊ မောင်လေး သိပ်ကံကောင်းတာပဲကွယ် သူ့ဆီမှာ ပညာသင်ရတယ်ဆိုတော့ မောင်လေးဟာ ပြိုင်ဘက်ကင်း သိုင်းသမားတစ်ယောက်ဖြစ်သွားပြီ၊ မမဂုဏ်ယူပါတယ်မောင်လေးရယ်'

ကောင်းရိုထွားက တက်ကြွစွာ ပြောလိုက်သည်။

'ဟုတ်ပါတယ် မမ အင်မတန်ထူးခြားဆန်းကြယ်တဲ့ ပုဂ္ဂိုလ်ကြီးတစ်ဦးပါပဲ၊ သူ့ဆီက ပညာရလိုက်တဲ့အတွက် ကျွန်တော်သိပ်ကို ထူးထူး ကဲကဲ ဝမ်းမြောက် ဝမ်းသာ ဂုဏ်ယူ မိပါတယ်'

'ကဲလေ၊ ဘာပဲဖြစ်ဖြစ် မောင်လေးလဲ အရွယ် ရောက်လာပြီပဲ မမနဲ့ လက်တွဲပြီး သိုင်းလောကမှာ လှုပ်ရှား ကြရ အောင်ပါ'

'ကျွန်တော်လဲ့ ဆန္ဒရှိပါတယ်'

'မောင်လေး ဒီနေ့ မမတို့နဲ့ အတူ နေလိုက်ဦးပေါ့၊ နောက်နေ့ကျမှ ဘာဘချင်ကို နှုတ်ဆက်ပြီး ခရီးထွက်ကြတာပေါ့၊ မကောင်းဘူးလား မောင်လေး'

'မမအစီအစဉ်ကောင်းပါတယ်'

'ကဲထ မမတို့ရွာထဲ ပြန်ဝင်ပြီး တစ်ခုခုချက်ပြုတ်စားသောက်ကြရအောင်'

'ဟုတ်ကဲ့ မမ'

နှစ်ယောက်သား လက်ချင်းဆက်ကာ လျှောက်လာကြရင်း လုံး၏ အထိအတွေ့ကြောင့် ထွားမှာ ရုတ်တရက် ရင်ထဲ ဖိုရှိသွားလေ၏။

လှုပ်ရှားသွားသော စိတ်ကြောင့် ဆက်ထားသော လက်ကို ဖြုတ်ချလိုက်မိ၏။

လုံးက ထိုကိစ္စကို လုံးဝ မသိချေ။ ပျော်ရွှင်တက်ကြွစွာဖြင့် ထွားနှင့်အတူ လျှောက်နေလေသည်။



လုံးကို ထွားသည် တစ်ချက် တစ်ချက် အကဲခတ် ကြည့်သည်။

လုံး တက်ကြွပျော်ရွှင်လန်းဆန်းနေကြောင်း မြင်၏။ ပကတိ ရိုးသား ဆန့်စင်ခြင်းအသွင်ဖြင့်ပင်။ လုံးက ထွား၏ လက်ကို ဖမ်းဆွဲလိုက်ပြီး....။

'မမနဲ့ တွေ့တာ သိပ်ပျော်တာပဲ'

ဟု ပကတိ ရိုးသားသန့်စင်စွာဖြင့် ပြောလိုက်၏။ ထွား ငြိမ်ချနေလိုက်သည်။

လုံး၏လက်ကို တစ်ချက်တစ်ချက် ငုံ့ကြည့်မိသည်။

လုံးက ထွား၏လက်ကို ဆုပ်လိုက် ဖွပေးလိုက်ဖြင့် တစ်လမ်းလုံး စကားပြော၍ လိုက်ပါလာသည်။

လုံး ဘာတွေပြောနေမှန်း ထွားမသိချေ။

ထွား၏ရင်၌ လှုပ်ရှားမှုက လွန်စွာ ကြီးစိုးလွှမ်းမိုး၍နေလေသတည်း။

❖❖ ❖❖ ❖❖

ညစာအတွက် ထွားက ချက်ပြုတ်ကျွေးမွေးသည်။

'မမလက်ရာကိုမစားရတာ ဆယ်နှစ် ကျော်သွားပြီနော်'

လုံးကပြောသည်။

'မမလက်ရာကအောင်းလို့လား'

'ကောင်းလို့ပေါ့မမရဲ့'

'မောင်လေးညာတတ်နေပြီ'

'ဟာဗျာ မမကလဲ ကျွန်တော်ဟုတ်တာပြောတာပဲ၊ မယုံရင် ဘာဘချင်ကိုမေးကြည့်၊ ဘာဘချင် မမလက်ရာ မကောင်းဘူးလား'

'လုံးပြောတာမှန်တယ်၊ ထွားရဲ့လက်ရာက ဒီနေ့မှ ပိုပြီးကောင်းနေသလိုပဲ၊ လွှက်စသတ်တော့ လုံး ရောက်လာလို့နဲ့တူတယ်'

ချင်တိတ လုံးဘက်က ထောက်ခံဝင်ပြောသည်။

ထွားက ကျေနပ်စွာပြုံးနေသည်။

ထမင်းများစားသောက်ကြပြီးနောက် မိုးကချုပ်လာသည်။

'မောင်လေးအတွက် မမ အိပ်ခန်းတစ်ခန်း လုပ်ပေးမယ်နော်....'

လုံးက ခေါင်းညိတ်လိုက်သည်။

လုံး၏အိပ်ခန်းနှင့်ထွား၏အိပ်ခန်းတို့မှာ ဘေးချင်းကပ်လျက်ဖြစ်သည်။

ဝါးဆယ့်နှစ်ချက်ရိုက်သံကြားမှ ထွားနှင့်လုံးတို့ စကားပြတ်သွားကြသည်။ ညက ပြောလိုက်သည့်စကားတွေ တော်တော်ပုံယာပုံ၊ ပင်လယ်ကြီးဝလောက် ကျယ်ပြန့် သွားခဲ့လေသည်။

'ကဲ....မောင်လေးအိပ်တော့ ညဉ့်နက်ပြီ'



'မမထွားရော မအိပ်သေးဘူးလား'

'အိပ်တော့မယ်'

သည်တော့မှ လူချင်းခွာ၍ ကိုယ့်အခန်း ကိုယ်ဝင်ဖြစ်ကြသည်။

❖❖ ❖❖ ❖❖

ထွား မအိပ်သေးပေ။

လုံး နှစ်ခြိုက်စွာ အိပ်ပျော်သွားပြီ ထင်၏။ လုံးဟောက်သံကို ကြားသည်။

'ခြော်....လုံးဟာ လူပျိုကြီးဖားဖား ဖြစ်ခဲ့ပြီပဲ၊ ရုပ်ကလဲချောတော့ သူပြောသလို မိန်းကလေးတွေ သိပ်မျက်စိကျမယ့်ရုပ်မျိုးပဲ၊ အို....သူချောတာ ငါနဲ့ဘာဆိုင်လို့လဲ သူက ငါ့မောင်လေးပဲ'

ဓာစဉ့်ကလျား ပျံ့လွင့်နေသောစိတ်ကို တိန်းချုပ်ပြီး အိပ်ပျော်အောင် ကြိုးစားသည်။

မည်သို့ကြိုးစား ကြိုးစား ထွားအိပ်မပျော်ပါ၊ မနက်မိုးလင်းခါနီးမှ ဖမ့်ခနဲ အိပ်ပျော်သွားသည်။

လုံးအခန်းမှ ထွက်ပြီး မထွား အခန်းဘွင်း၌ တိတ်ဆိတ်ငြိမ်သက်နေသဖြင့် နိုးပြီအထင်နှင့် ဝင်ကြည့်သည်။

'ဟင်....မမထွား အိပ်နေတုန်းပါလား'

လုံး ပြန်ထွက်မည်အပြု ထွားလှုပ်လာပြီး မျက်လုံးဖွင့်ကြည့်သည်၊ လုံးကို တွေ့လိုက်ရလျှင် ရင်မှာ သိမ့်ခနဲ လှုပ်သွားသည်။

'မမထွား ညက အိပ်မပျော်ဘူးထင်တယ်'

ထွားက ပြုံး၍....။

'ဟုတ်တယ်၊ မိုးလင်းခါနီးမှ မှေ့ခနဲ အိပ်ပျော်သွားတယ်ထင်တယ်'

လုံးက ပြုံး၍ ခေါင်းညိတ်လိုက်သည်။

ထို့နောက် လုံး အိမ်ရှေ့သို့ ထွက်လာခဲ့၏။

ထွား မထခင် ကိုယ့်အင်္ကျီက ဘာများ ချို့ယွင်းခဲ့သည်ကို ကိုယ့်ဘာသာ ပြန်သုံးသပ်ကြည့်သည်။

တော်ပါသေးရဲ့၊ ဘာချို့ယွင်းချက်မှ မတွေ့။

ထွား အိပ်ရာမှ ထလိုက်သည်။

မျက်နှာသစ်ပြီး အိမ်ရှေ့သို့ထွက်လာသောအခါ....။

လုံးသည် ချင်တီနှင့် စကားလက်ဆုံကျနေသည်ကို တွေ့လိုက်ရ၏။

'လာ မမ'

လုံးက လှမ်းခေါ်လိုက်သည်။

ထွား အနားမှာလာထိုင်သည်။

'မမ'

'ဘာလဲ မောင်လေး'

'ခရီးထွက်ဖို့ ဘဘချင်ဆီမှာ ကျွန်တော် ခုပဲ ခွင့်တောင်းလိုက်ပြီ'



လုံးက ပြောသည်။

'ဟုတ်လား ဘဘချင်'

ထွားက ချင်တီကို မေးလိုက်၏။

'ဟုတ်တယ်၊ ထွားကိုလဲ သူခေါ်သွားမယ်လို့ လုံးကပြောတယ် ထွား'

ထွား လုံးကိုလှမ်းကြည့်သည်။

လုံးက ထွားကိုပြန်ကြည့်ကာ ခေါင်းညိတ်ပြုံးပြလိုက်၏။

ထို့နောက် လုံးနှင့်ထွားတို့သည် ချင်တီကို နှုတ်ဆက်ကာ အထုပ်အပိုးပြင်၍ ရွာမှ ထွက်ခဲ့ကြလေတော့သတည်း။

❖ ❖ ❖

ရင်ခုန်သံညာ

လုံးနှင့်ထွားတို့သည် မြင်းကိုယ်စီစီးလျက် ခရီးထွက်လာကြရာ နေ့လယ်ပိုင်းအချိန်သို့ ရောက်သော် လယ်ကွင်းပြင်ကျယ်တစ်ခုသို့ ရောက်၏။

'မမတို့ ဒီလယ်ပြင်ကိုဖြတ်ပြီး ရင် မိုးချုပ်မှ မြို့ကိုရောက်လိမ့်မယ် ထင်တယ်'

'မရောက်နိုင်ဘူး မမ၊ တောအုပ်တစ်ခုကို ထပ်ဖြတ်ရဦးမယ်၊ နောက်တစ်နေ့ မနက်မှ မြို့စောင်မြို့ကို ရောက်မှာ'

'ဟုတ်'

လုံးစကားကြောင့် ထွားထိတ်လန့်သွားသည်။

'ဒါဖြင့် မမတို့ ဘယ်မှာအိပ်ကြမလဲ'



'တောထဲမှာ အိပ်စက်ရဖို့များတယ်'

'ဒုက္ခပဲ'

'ဘာဖြစ်လို့လဲ မမက ကြောက်လို့လား'

'ကြောက်တာပေါ့ မမက တောထဲမှာ မအိပ်ရဲဘူး၊ တောင်ပေါ်ဆိုလဲ ကိစ္စမရှိဘူး'

လုံးက ဟက်ခနဲရယ်မောလိုက်ပြီး...။

'သိုင်းလောကထဲ ဝင်မယ့်လူဟာ ဘာကိုမှ မကြောက်ရဘူး မမရဲ့၊ ဖြစ်ချင်တာဖြစ် သတ္တိရှိရှိ ရင်ဆိုင်ရဲရတယ်'

လုံးစကားကြောင့် မိန်းမသားဖြစ်သော ထွားသည် အနည်းငယ် သတ္တိဝင်လာခဲ့လေ၏။

'မောင်လေးသာ တော့ပဲ'

'မကြောက်ပါနဲ့ မမအနားမှာ ကျွန်တော်ရှိပါတယ်၊ ကျွန်တော့်ကို မမရဲ့ ဘက်တော်စောင့်လို့ သဘောထားလိုက်'

'ဟုတ်တာ'

'အဟုက်'

လုံးက ရယ်မောလိုက်သည်။

ထွား ရဲလာအောင် လုံးက အရွှန်းဖောက် ပြောလိုက်ခြင်း ဖြစ်သည်။

'မမသွားကာလဲ ခေမှာ မဟုတ်ပါဘူး၊ ဆရာကြီး ကုအရဲ့ တပည့်ပဲ၊ ကျွန်တော်နဲ့ သိုင်းမောင်နှမ တော်တာပဲဟာ လုပ်မနေစမ်းပါနဲ့'

'မောင်လေးက မမကို မြှောက်ပြော နေပြန်ပြီ'

'တကယ် ပြောတာပါဗျာ၊ ဆရာမကြီး ကုအုဆီမှာ ကျွန်တော် သိုင်းသင်ခဲ့တာ မမတို့ အသိပဲ၊ မမတို့ပဲ အဲဒီကို ဆက်သွယ်ပြီး ပို့ပေးခဲ့တာပဲ မဟုတ်လား'

ထွား ခေါင်းညိတ်လိုက်သည်။

ကွင်းပြင်ကို ကျော်ဖြတ်ပြီး ခရီး ဆက်လာကြရာ များမကြာမီ တောစပ်သို့ ရောက်လာကြ၏။

ထိုအချိန်တွင် အမှောင်ရိပ်တို့က လွှမ်းမိုးစပြုလာ၏။

'မောင်လေးလုံး ပြောတာ မှန်တယ်'

'ဘာကိုလဲ မမ'

'တောစပ်နားပဲ ရောက်သေးတာယ်၊ အမှောင်ရိပ်က စိုးမိုးစပြုလာပြီ၊ မောင်လေးပြောတဲ့ အတိုင်းပဲ၊ တောထဲရောက်ရင် လုံး၀ မိုးချုပ်သွားမှာ သေချာတယ်'

လုံး ပြောသကဲ့သို့ပင် တောတွင်းသို့ ရောက်သောအခါ လုံး၀ မိုးချုပ် သွားတော့၏။

'ကဲ....မမ၊ ကျွန်တော်တို့ နေရာကောင်းကောင်းတစ်ခု ရွေးပြီး အနားယူကြစို့'

'လုပ်လေ....မောင်လေးစိတ်ကြိုက် ရွေးပါ'

နေရာတစ်ခုကို ရွေးချယ်လိုက်ကြသည်။

'ဒီနေရာက စိတ်ချရတယ် မမ၊ လုံလုံခြုံခြုံလဲ ရှိတယ်'

'ကောင်းသားပဲ'

လုံခြုံသော နေရာတစ်ခု၌ ခင်းကျင်း၍ နားလိုက်ကြသည်။

❖❖ ❖❖ ❖❖



'မမအိပ်၊ ကျွန်တော် လုံခြုံရေးတာဝန် ယူပေးမယ်'

'ဟာ....မဟုတ်တာ၊ တစ်ယောက်တစ်လှည့်စီ တာဝန်ယူပြီး အိပ်ကြတာပေါ့'

'ကျွန်တော် ပြောတာ နားထောင်စမ်းပါ၊ – ကျွန်တော်က ယောကျ်ားလေး၊ ကျန်းမာရေးလဲ မမထက် ကောင်းတယ်'

'အံမယ်....လုပ်မနေစမ်းပါနဲ့၊ မမလဲ ကျန်းမာရေး ကောင်းပါတယ်နော်'

နှစ်ယောက်စလုံး တစ်ယောက်ကိုတစ်ယောက် ငြင်းပြီး ပြောနေကြရာ အချိန် အတော် ကြာသွား၏။

'ကဲ....အိပ်ချိန်မရှိဘဲ နေဦးမယ်၊ မမအိပ်တော့'

နောက်ဆုံး ထွားကပဲ လက်လျှော့လိုက်ရသည်။

ထွား အိပ်သော် အိပ်နေရသည်။ အိပ်၍ကား မပျော်။

လုံးကို လှည့်ကြည့်လိုက်တော့ မီးပုံဘေးတွင် လုံး ထိုင်နေသည်ကို တွေ့ရ၏။

ထွား အားနာလာ၏။

'မောင်လေး'

'ဟာ....မမ မအိပ်သေးဘူးလား'

ထွားက ခေါင်းကို ခါယမ်းလိုက်သည်။

'ကျွန်တော်က မမ အိပ်ပျော်နေပြီထင်တာ'

'အိပ်လို့ မရပါဘူးကွာ'

'ဒါဖြင့် မီးလှုံမလား'

'ကောင်းသားပဲ'

'ထွား' အိပ်ရာမှ ထလိုက်သည်။ နှစ်ယောက်သား မီးလုံကြီး ရှင်း တစ်ညတာ၏ အချိန်တို့ကို ကုန်လွန်စေခဲ့လေ၏။

◈ ◈ ◈

နောက်တစ်နေ့ မနက်လင်းသော် နှစ်ယောက်သား အထုပ်အပိုးတို့ကို ပြင်ဆင်ကြပြီး နောက် တောတွင်းမှ ထွက်ခဲ့ကြလေသည်။

သူတို့သည် မြို့တစ်မြို့ကို ဦးတည်၍ မြင်းကိုယ်စီ စီးကာ ထွက်ခဲ့ကြ၏။

နံနက်ခင်းမို့ ပတ်ဝန်းကျင်အလှက အေးမြ ကြည်လင်ကာ လန်းဆန်း တက်ကြွ၍ နေလေ၏။

သို့ဖြင့် ခရီးနှင်လာကြရာ မကြာမီ တောမှအထွက် နေ့လည်ခင်းသို့ ရောက်၏။

ဟော....တိုးဝေးဝေးမှာ မြို့ကလေး တစ်မြို့ကို တွေ့လိုက်ရသည်။

ထွား ပျော်သွား၏။

ထို့အတူ လုံးလည်း ပျော်သွားသည်။



ရှင်းမြို့ကလေးမှာ 'ဘူနန်း' မြို့ကလေးမှန်း သိလိုက် ကြပေ၏။

'မောင်လေး အရေးကြီးတာက စားဖို့ သောက်ဖို့ အတွက် စားသောက်ဆိုင်တစ်ဆိုင်ကို အရင်ဆုံး ရှာပြီး ဗိုက်ဖြည့် ထားဖို့လိုတယ်'

'မှန်တာပေါ့ မမထွား'

မကြာမီ သူတို့မြို့တွင်းသို့ ရောက်လာကြသည်။

'ကျွန်တော်တို့ စားသောက်ပြီးရင် အဲဒီမှာ တည်းခိုနိုင်ဖို့ အရေးကြီးသေးတယ်၊ နော် မမထွား'

'အင်းပေါ့၊ အရေးကြီးတာပေါ့၊ ဟိုမှာ စားသောက်ဆိုင်တစ်ဆိုင် တွေ့ပြီ'

လုံးတို့ စားသောက်ဆိုင်တစ်ဆိုင်ကို တွေ့လိုက်ရ၍ ဝမ်းသာကြည်နူးလို့ ဖြစ်သွားကြလေ၏။

'ကိုင်း....အရှိန်လေး မြှင့်ပြီး နှင်လိုက်ကြဦးစို့၊ ဟိုင်း....'

မြင်းနှစ်စီးသည် နတ်မြင်းပျံနှယ် လွှားခနဲ ခုန်ပေါက်ဒုံးစိုင်းသွားရာ တစ်ခဏအတွင်း၌ စားသောက်ဆိုင် ရှေ့သို့ ရောက်လေ၏။

'အူလုံး....ဆိုပါလား'

လုံးက စားသောက်ဆိုင် အမည်ကို အသံထွက် ဖတ်လိုက်သည်။

'အူလုံးဆိုတော့ ကျွန်နဲ့ နာမည်တူပေါ့'

ထွားက အဓိပ္ပာယ်ဖော်ကြူးလိုက်သည်။

ထိုအခါ လုံးက ဟက်ခနဲ ရယ်မောလိုက်ပြီး....။

'ဘယ်သူက ကျားလဲ၊ ဘယ်သူက နဂါးလဲ'

ဟူ၍ မေးလိုက်လေသည်။

'မောင်လေးက နဂါး၊ မမက ကျားပေါ့'

ဟု ထွားက ပြုံးရယ်ကာ ဆိုသည်။

'မမက ကျားလား'

'အင်းပေါ့'

'မမက သိပ်လှပါတယ်၊ ကျားမဖြစ်နိုင်ပါဘူး'

'ဒါဖြင့် မမက ဘာဖြစ်နိုင်သလဲ'

ထွားက လုံးကို စိုက်ကြည့်ပြီး မေးလိုက်သည်။

'သမင်ပျိုမလေးပေါ့'

'အဟက်'

ထွား သဘောကျစွာ ရယ်မောလိုက်လေ၏။

'မမ ဘာရယ်တာလဲ'

'သဘောကျလို့ပေါ့'

နှစ်ယောက်သား မြင်းပေါ်မှ ဆင်းလိုက်ကြလေ၏။

ဆိုင်းတွင်းသို့ ဝင်လိုက်သည်နှင့် ဆိုင်ရှင်ဟု ထင်ရသော လူကြီးတစ်ယောက်က ဒီနေ့ ဆိုင်ပိတ်တယ်ဟု ဆီးပြောလိုက်သဖြင့် နှစ်ယောက်စလုံး မော၍သွားလေ၏။

'နောင်ကြီးဆိုင်က ဖွင့်ထားတော့ ဆိုင်ဖွင့်တယ်ပဲ ထင်တာပေါ့ဗျာ'

လုံးက ဆိုင်ရှင်အား ပြောလိုက်၏။

'ဆိုင်မပိတ်ထားတာက လူတစ်ယောက်ကို စောင့်နေလို့ပါ၊ ဒီလူလာမှ ဆိုင်ပိတ်မှာ'



'ဆိုင်က ဘယ်တော့ ပြန်ဖွင့်မှာလဲ'

'သုံးလေးရက်လောက် ကြာဦးမယ်'

ဆိုင်ရှင်က ပြောသည်။

'ဒီမြို့ စားသောက်ဆိုင်တွေ ဒီအနီး အနားမှာ ရှိသေးသလား'

'ရှိပါတယ်၊ ဒါပေမယ့် ဒီဆိုင်တွေလဲ ဒီနေ့ ရောင်းကြမှာ မဟုတ်ပါဘူး'

'ဟာ၊ ဘယ်လိုဖြစ်တာလဲဗျာ'

လုံး အံ့သြစွာ မေးလိုက်သည်။

'မကိုက်လို့၊ အရှုံးတွေ ပေါ်နေလို့'

လုံး စဉ်းစားမရအောင် ဖြစ်သွားသည်။ အကြောင်းတစ်ခုခု ရှိလိမ့်မည်ဟု ထင်သည်။

ထွားက ဘယ့်နှယ်လုပ်မလဲဟူသောအကြည့်ဖြင့်လုံးကို ကြည့်လိုက်သည်။

လုံးက မတတ်ဘူးသော သဘောမျိုးဖြင့် ပခုံးနှစ်ဘက်ကို တွန့်၍ပြလိုက်လေ၏။

'တစ်ဆိုင်တည်းလဲမဟုတ်၊ ဆိုင်တွေအားလုံးဆိုတော့စဉ်းစားရတော်တော် ခက်သွားပြီဗျာ'

လုံးက ပြောလိုက်သည်။

'ဆက်သွယ်ရေးလမ်းကြောင်း ပြတ်သွားလို့ပါ'

ဆိုင်ရှင်က ပြောလိုက်သည်။

'ဘယ်လို ဆက်သွယ်ရေးလမ်းကြောင်း ပြတ်သွားတာလဲ'

ငြိမ်ပြီးနားထောင်နေသော ထွားက ဝင်မေးလိုက်သည်။

'ကျုပ်တို့ မြို့နယ်အတွက် တင်ပို့လိုက်တဲ့ ရိက္ခာလှည်းတွေကို ကြားကဖြတ်ပြီး ဓားပြတိုက်လုယူသွားလို့ ပေါ့ဗျာ'

ဆိုင်ရှင်က ရှင်းပြသည်။

'တော်တော် ဆိုးတဲ့ ဓားပြတွေပဲ'

'ဓားပြလို့ သတင်းလွှင့်ထားပေမယ့် တကယ်တော့ ဓားပြတွေမဟုတ်ဘူးဗျာ၊ အရိုပ်တစ်ထောင် ဂိုဏ်းသားတွေလို့ ကျုပ်တို့ သတင်းရထားတယ်'

ဆိုင်ရှင်ကြီးက အရိပ်တစ်ထောင် ဂိုဏ်းသားတွေ ဟူသောစကားကြောင့် လိုးလှုပ်လှုပ်ရှားရှားဖြစ်သွားလေသည်။

အရိပ်တစ်ထောင်ဆိုသော အမည်ကို အသည်းစွဲအောင် လုံးသတိရနေ၏။

လုံးသည် 'တက်' တစ်ချက်ကို ခေါက်လိုက်၏။

'မိတ်ဆွေကိုကြည့်ရတာ အရိပ်အစ်ထောင် ဂိုဏ်းနဲ့မှတ်သက်ပြီး စိမ့်မြင်နေပုံရတယ်၊ သည်းခံပါမိတ်ဆွေ၊ အရိပ်တစ်ထောင် ဂိုဏ်းသားတွေဟာ အင်မတန် ကြောက်စရာ ကောင်းပါတယ်၊ သူတို့ဟာ မြေနဂါးထက်လဲအဆိပ်ပြင်းထန်ပါတယ်ဗျာ၊ မလုပ်နဲ့မလုပ်နဲ့ အန္တရာယ်တွေလိမ့်မယ်'

သိုင်ရှင်ကြီးက ကြောက်ရွံ့တုန်လှုပ်နေကြောင်း သိသာလှ၏။

'အေးပေါ့ဗျာ....တစ်နေ့အစ်ချိန်မှာ သူတို့ဟာ ကျဆုံးသွားမှာပါ၊ ကျုပ်ထပ်ရင်မမှားတော့ပါဘူး'

လုံးက မခကျမနပ်ဖြင့်ပြောပြီး....။

'ကဲ....ကျုပ်တို့ကိုခွင့်ပြုပါဦး'



ဟု ဆိုကာထွားကို တစ်ချက်မျက်ရိပ်ပြပြီး နှစ်ယောက်သားစားသောက်ဆိုင်တွင်းမှ ထွက်ခဲ့ကြလေတော့၏။

❖ ❖ ❖

'မမတို့ ဘယ်သွားကြမလဲ'

'တစ်နေ့ရာရသွားပြီ၊ ပါလာတဲ့ရိက္ခာခြောက်တွေကိုပဲ ဘာသာ ချက်ပြုတ်စားသောက်ကြတာပေါ့'

လုံးကပြောသည်။

'ရိက္ခာမှမရှိတော့တာ'

'ဟင်...မရှိတော့ဘူးလားမမ'

'မမမှာမတော့ မရှိတော့ဘူး၊ မောင်လေးမှာကော'

'ကျွန်တော့်မှာလဲမရှိဘူး၊ ယူမှမယူခဲ့တာ'

'မမလဲ လမ်းခရီးမှာ နီးရာဆိုင်ဝယ်စားမယ်ဆိုပြီး ရိက္ခာတွေ ဝယ်မလာခဲ့ဘူး'

'ဒါဆိုရင်တော့ နောက်ထပ်မြို့တစ်မြို့ရှာရဦးမှာပေါ့၊ ကဲ....အချိန်မရှိဘူးမမ ခရီးဆက်လိုက်ကြဦးစို့'

နှစ်ယောက်သား မြင်းကို ဒုန်းစိုင်းထွက်လာကြရာ ညနေစောင်းအချိန်သို့ရောက်သော့....။

'မာလုကျင့်'

ဟု အမည်ရသော မြို့တစ်မြို့သို့ ရောက်လာခဲ့ကြလေ၏။

မာလုကျင်းမြို့သည် လူဦးရေနည်းပါးသော မြို့ကလေးတစ်မြို့ဖြစ်ပေသည်။

တည်းခိုခန်းနှင့်စျေးဆိုင်များမှာ မြို့အဝင် လမ်းဘေး တစ်စာက်တစ်ချက်တွင်သာ ရှိကြလေသည်။

တွေ့ တို့ သ အဝေးမှရပ်ကြည့်မည်ဆိုလျှင် ညီညာလှပသော သွားတန်းဆိုင်ရှ နှစ်တန်းပမာရှိလေသည်။

စားသော ကြုံးနှင့်ထွားတို့သည် စားသောက်ဆိုင်တစ်ဆိုင်သို့ ဝင်ခဲ့ကြ အရိပ် ။

သတိရ အချိန်အတန် မနှောင်းခဲ့ကြသဖြင့် ယခုအချိန်တွင် လုံးရောယှက်ပါ ဆာလောင်၍ နေလေ၏။

သူတို့နှစ်ယောက်အဖို့ စားသောက် ဆိုင်တွေ ရွေးချယ်နေစရာမလိုတော့ အရင်ဆုံးတွေ့လိုက်ရသည့် စားသောက်ဆိုင်ကိုသာ ရွေး၍ဝင်ခဲ့ကြခြင်း ဖြစ်ပေသည်.

သူတို့နှစ်ယောက် ဆိုင်တွင်းသို့ရောက်သည်နှင့် စားပွဲထိုးဟု ထင်ရသောလူတစ်ယောက်က ပြုံး၍ သူတို့အနားသို့ ရောက်လာသည်။

လုံးထိုလူကို အကဲခတ်ကြည့်လိုက်သည်။

ထိုလူမှာ ပြုံးရယ်သော်လည်း သူ၏မျက်လုံးအစုံမှ တကယ်ကို ရက်စက်ယုတ်မာတော့မည့်မျက်လုံးမျိုးရှိပေသည်။

သူ့ဟန်ပန်အသွင်အပြင်မှာလည်းသိုင်းပညာတတ်ကျွမ်းသည့်ဟန်ပန်မျိုးဖြစ်၏။



လုံးက ထွားကို မျက်ရိပ်ပြလိုက်သည်။

'သတိထားနော်မမ' ဟူသောအဓိပ္ပာယ်ပင် လုံးနှင့် ထွားတို့သည် စားသောက်ဆိုင်၏ဆိုင်းဘုတ်ကို အကဲခတ် ကြည့်လိုက်၏။

'ရွှေသမင်ဖြူ' စားသောက်ဆိုင်ဟု စာတန်းထိုးထားသည်ကို တွေ့မြင်လိုက်သည်။

တစ်ဆိုင်လုံးကိုအကဲခတ်ကြည့်လိုက်သည်။ စားပွဲတိုင်း၌ လူတွေပြည့်နေကြသည်ကို သတိထားမိလေ၏။

လုံးစိတ်ညစ်သွားသည်။

အဘယ့်ကြောင့်ဆိုသော် လူများသောဆိုင်တွင် လုံးစားသောက်ခြင်းမပြုလိုသောကြောင့်ဖြစ်၏။

ပြုံးရယ် ပြနေသော စားပွဲထိုးကို ထပ်မံ ကြည့်လိုက်ပြီး လုံးကမေးလိုက်၏။

'အစ်ကိုလေ အပေါ်ထပ်မှာ နေရာလွတ်များ ရှိနိုင်ပါ့မလား'

စားပွဲထိုးက ခေါင်းကို ဆတ်ခနဲညိတ်လိုက်ပြီး....။

'ဟာ....ရှိပါတယ်၊ ရှိပါတယ်၊ ကြွပါ....ကြွပါ'

ဟု အလောတကော ပြောလိုက်၏။

ပြောသာပြောလိုက်၏။ သူ့မျက်လုံးအစုံက စွေခနဲစောင်းပြီး ထွားကိုကြည့်နေလေ၏။

ထိုသူက ဦးဆောင်၍ ရှေ့မှ ထွက်ခွာသွားသောအခါ လုံးက ထွားကို မျက်ရိပ်ပြလိုက်သည်။ ထို့နောက် လုံးတို့သည် ထိုသူ၏နောက်မှနေ၍ လိုက်သွားကြလေသည်။

အပေါ်ထပ်သို့တက်သော လှေကားအတိုင်း ထိုလူတက်သွားသောအခါ လုံးတို့လည်း အစဉ်တစိုက်အားဖြင့် ထိုသူ၏ နောက်မှနေ၍ ကပ်လိုက်တက်သွားလေ၏။

အပေါ်ထပ် အခန်းတွင်းသို့ ဝင်မိသော အပေါက်ဝသို့ ရောက်သော် အလှနှင့် မွှေးကြိုင်သင်းပျံ့သော ဟင်းနံ့များကို ရ၏။ ထွားသည် လုံးကိုလှမ်းကြည့်လိုက်၏။ လုံးကလည်း ထွားကိုကြည့်၏။

အကြည့်ချင်းဆုံသွားကြသည်။

လုံးနှင့် ထွားတို့သည် ဆာလောင်မွတ်သိပ်ခြင်း ဝေဒနာကို သူတို့၏ မျက်နှာများပေါ်၌ တွေ့ရှိနေရ၏။

ထွားသည် နှုတ်ခမ်းကို လျှာဖြင့် သိမ်းလိုက်သည်ကို မြင်သော် လုံး သနားသွားသည်။

မမထွား ဗိုက်တော်တော်ဆာနေရှာမည်။

အမှန်အတိုင်း ဝန်ခံရလျှင် လုံးကိုယ်တိုင်လည်း ဆာတောင်နေ၏။

သို့သော် လုံးသည် ဆာလောင်ခြင်းကို ထိန်းချုပ်ထားနိုင်သည်။

မစားဘဲလဲ နေနိုင်၏။ တစ်ရက်မက ရက်ပေါင်းများစွာ ထိနေမည်ဆိုလျှင် နေနိုင်သော လုံးပါပင်။

အပေါ်ထပ်သို့ ရောက်ပြီး အတွင်းသို့ ဝင်ရန်ပြုစဉ် အတွင်း၌ ခြေချစရာမရှိအောင် လူတွေနှင့် ပြည့်ကြပ်နေသည်ကို တွေ့လိုက်ရ၏။



'အလို အပေါ်ထပ်မှာလဲ လူတွေနဲ့ ပြည့်ကြပ်နေပါလား၊ ဘယ်လိုပါလိမ့်'

စိတ်ထဲမှနေပြီး လုံးတွေးလိုက်ခြင်း ဖြစ်သည်။

ပြည့်ကြပ်နေကြသော လူတွေကို တစ်ယောက်စီ အကဲခတ်ကြည့်သည်။ အားလုံးလိုလိုပင် သိုင်းသမားပုံစံမျိုး ပေါက်နေကြသဖြင့် လုံး အံ့သြသွားရလေ၏။

ထွားက လုံးကိုကြည့်၍ ဘယ်လိုလဲဟူသော သဘောမျိုးဖြင့် မေးကို ဆတ်ပြလေသည်။

လုံးက မသိဘူးဟူသော သဘောမျိုးဖြင့် ပခုံးကိုတွန့်၍ ပြလေသည်။

စားပွဲဝိုင်းတိုင်း လူပြည့်နေကြသည်။ လူ တွေ မှာ လည်း အသက်အရွယ်ပေါင်းစုံ ဖြစ်ကြသည်။ ယောကျ်ားရော၊ မိန်းမတွေပါ အဆင်သင့်ထိုင်နေကြ၏။

သူတို့တွေ စကားဝိုင်းဖွဲ့ ပြောဆိုနေကြသည်။ ထို့ကြောင့် တစ်ခန်းလုံး စကားသံတို့ဖြင့် ဆူညံနေလေ၏။

ထူးခြားသည်က သူတို့၏စားပွဲဝိုင်းများပေါ်၌ ဘာမှမတွေ့ရပေ၊ အရက်အိုးများ၊ စားသောက်ဖွယ်ရာများကို တွေ့ရခြင်း မရှိပေ။

ထမင်းဟင်းလျာနှင့် အရက် တည်ခင်း ကျွေးမွေးခြင်းမရှိသေးသည်ကို ထောက်ချင့်ကြည့်လျှင် သူတို့ကို တစ်ပြိုင်တည်း ကျွေးမွေးဧည့်ခံမည့် အသွင်သဏ္ဌာန်မျိုး ရှိပေ၏။

ဟစ်စုံဆန့်ယောက်၏ ဧည့်ခံပွဲကို လာ၍ တက်ရောက်အားပေးနေသည့် သဘောမျိုး ဖြစ်ပေသည်။

ထိုအတိုင်းပင် လုံး သဘောပေါက်မိလေ၏။ လုံးသည် ထွား၏လက်ကိုဆွဲ၍ အောက်ထပ် ပြန်ဆင်းရန် မျက်ရိပ်ပြသည်။ ထိုစဉ် စားပွဲထိုးက လုံးကိုမေးလိုက်လေ၏။

'ခင်ဗျားတို့ နှစ်ယောက် ထမင်းလာစားကြတာ မဟုတ်လား'

'လုံးနှင့် ထွားတို့က သူ့ကို ပြိုင်တူကြည့်လိုက်သည်။

ထိုသူက စကားကို ဆက်ပြောလေ၏။

'ဟောဟိုမှာ နေရာလွတ်ရှိပါတယ်၊ ခင်ဗျားနှစ်ယောက် သွားထိုင်နိုင်တယ်'

လုံးက....။

'မထိုင်တော့ပါဘူး၊ ဒီဆိုင်မှာ လူတွေသိပ်များနေပါတယ်၊ ကျွန်တော်တို့ ဒိပြင်ဆိုင်မှာ သွားစားတော့မယ်'

စားပွဲထိုးက လုံးနှင့်ထွားကို တစ်လှည့်စီကြည့်လိုက်သည်။

လုံးက စဉ်းစားနေ၏။

'ဘယ်နှယ် ဒီမြို့က လူဦးရေ အင်မတန်နည်းပြီး ဒီဆိုင်မှာ ကျတော့ လူတွေစည်ကားများပြားနေတာ အဆန်းပဲ'

ဟူ၍ ဖြစ်ပေ၏။

စားပွဲထိုးက ပြောလိုက်သည်။

'ခင်ဗျားတို့နှစ်ယောက်က ခရီးဝေးက လာကြတာနဲ့ တူတယ်၊ ဒီကနေ့ ကျွန်တော်တို့ သခင်ကြီးက ဒီမှာ ဧည့်ခံပွဲလုပ်ပါတယ်၊ သိုင်းလောကသားတွေကို ဖိတ်ခေါ်ပြီး ဧည့်ခံကျွေးမွေးတာလေ၊ ခင်ဗျားတို့နှစ်ယောက် အားမနာကြပါနဲ့၊ စားသောက်ပြီးမှ ပြန်ကြပေါ့'



လုံးက ရှည်မွန်စွာဖြင့် စားပွဲထိုးကို ပြန်ပြောလိုက်သည်။

'ကျေးဇူးတင်ပါတယ်ခင်ဗျာ၊ ကျွန်တော်တို့ မစားတော့ပါဘူး၊ တစ်ခုတော့ မေးပါရစေ'

'မေးပါ'

'ခင်ဗျားတို့ သခင်ကြီးက ဘယ်သူများပါလိမ့်'

စားပွဲထိုးက လုံးကို တစ်ချက်ကြည့်လိုက်ပြီး....။

'ကျွန်တော်တို့ သခင်ကြီး သံခမောက်ဆောင်းရဲ့ နာမည်ကို လူတိုင်းသိကြပါတယ်၊ မသိဘူးဆိုတဲ့လူတွေ တော်တော်ရှားပါလိမ့်မယ်'

'လုံးနှင့်ထွားတို့က ပြိုင်တူလိုလို ခေါင်းကို ညိတ်လိုက်ကြသည်။

စားပွဲထိုးက လုံးနှင့် ထွားကို တစ်လှည့်စီ ကြည့်လိုက်ပြီး ပြော၏။

'ခင်ဗျားတို့နှစ်ယောက်က သိုင်းလောကထဲ မဟုတ်ကြဘူးနဲ့ တူတယ်'

လုံးက ခေါင်းကို ယမ်းလိုက်ပြီး....။

'ကျွန်တော်ဟာ ဓနုပသမားတစ်ယောက်ပါ ခင်ဗျာ၊ သိုင်းပညာကို နားမလည်ပါဘူး၊ ကျွန်တော်တို့ မသိလို့ လာခဲ့ကြတာပါ၊ ကဲ....ကျွန်တော်တို့ကို သွားခွင့်ပြုပါဦး'

စားပွဲထိုးက ခေါင်းကိုယမ်း၍ ရယ်မောလိုက်လေ၏။

'စာပေသမားကိုး၊ ခင်ဗျားက ကျွန်တော်တို့ သံခမောက်ဆောင်းသခင်ကြီးတောင် မသိဘဲကိုး၊ ဒီနယ်ကို ရောက်လာရင် ကျွန်တော်တို့သခင်ကြီးသံခမောက်ဆောင်းကို သိဖို့ လိုလိမ့်မယ်

ဗျ၊ မသိရင် ဒီမှာကြာကြာဆက်မနေကြတာဘဲ ကောင်းတယ်၊ အမြန်သာ ပြန်သွားကြပေတော့'

စားပွဲထိုးက အားမနာတော့ဘဲ လုံးကို နှင် ထုတ် လိုက်လေ၏။

ထွားသည် ထောင်းခနဲ ဒေါသထွက်၍ သွားလေ၏။

'ဒီဆိုင်လာတာ သံခမောက်ဆောင်းကို သိမှတဲ့လား'

ဟု တွေးလိုက်မိရင်းမှ စားပွဲထိုးကို ဖျတ်ခနဲ ကြည့်၍ မေးလိုက်လေ၏။

'ဒီမယ် အစ်ကိုကြီး ကျွန်မတို့ ထမင်းဟင်း သပ်သပ်မှာစားမယ် ရမလား'

စားပွဲထိုးသည် ထွားကို သေချာစွာ စိုက်ကြည့် လိုက်ရင်းမှ....။

'မှာစားလို့ ရပါတယ်၊ ဒါပေမယ့်'

'ဒါပေမယ့် ဘာဖြစ်သလဲ၊ ရှင်ပဲ ပြောတယ် မဟုတ်လား၊ ဒီနယ်ကို ရောက်လာရင် သံခမောက်ဆောင်းသခင်ကြီးကို သိရမယ်ဆိုတာလေ၊ ကျွန်မတို့ ရှင်တို့သခင်ကြီးကို မြင်ချင်တယ်၊ တွေ့ချင်တယ်'

ထွား၏လေသံမှာ တေးသံကဲ့သို့ ချိုအေးသွား၍ စားပွဲထိုး၏ စိတ်ခုတ်ဒေတွ အရည်ပျော်၍ သွားလေ၏။

စားပွဲထိုးသည် ပြုံးလိုက်၏။ ထွား၏ သိုင်းပညာရပ်ကို သူ ရိပ်မိပုံမရချေ။ တတ်ကျွမ်းလိမ့်မည်ဟုလည်း ယုံကြည် လွှက်ထားပုံမရချေ။

သူက ချက်ချင်း ပြန်ပြောလိုက်သည်။



'ကြည့်နိုင်ပါတယ်၊ တွေ့နိုင်ပါတယ်၊ ကဲ....ဒီလိုဆိုရင် ထိုင်ပါ၊ ထိုင်ကြပါ၊ ကျုပ်တို့ သံခမောက်ဆောင်း သခင်ကြီးရဲ့ ညွှန်ခံပွဲကို လာတက်တယ်လို့ပဲ သဘောထားပေါ့ဗျာ'

လုံးမှာ ဒီနေရာတွင် နေထိုင်လိုစိတ် မရှိပေ၊ ထို့ကြောင့် စားပွဲထိုးကို ပြောလိုက်၏။

'မထိုင်တော့ပါဘူး၊ ကျွန်တော်တို့နဲ့ မသိဘဲ ဝင်စားလို့ ဘယ်လာကောင်းမှာလဲဗျာ၊ ကျွန်တော်တို့တစ်ခြားဆိုင်မှာ သွားစားမယ်'

ပြောပြောဆိုဆိုဖြင့်ပင် လုံးသည် လှေကားဆီသို့ လျှောက်လှမ်း၍ သွားလေ၏။

ထွားက လုံး၏လက်ကို လှမ်းဆွဲလိုက်ပြီး။

'မောင်လေးလုံး ဘာဖြစ်လို့ ဒီလောက်တောင် ခလာနေရတာလဲကွယ်၊ တို့အဲ့ ဒီသံခမောက်ဆောင်းသခင်ကြီးကို လေ့လာကြည့်ရအောင်ပါ၊ သူ့မှာ ဘယ်လို အစွမ်းအစတွေ ရှိနေသလဲဆိုတာ သိရအောင် စောင့်ကြည့်ရအောင်လား'

လုံးက ခေါင်းကို ယမ်းခါလိုက်ပြီး....။

'အို....မစပ်စုတာ အကောင်းဆုံးပဲ၊ ကိစ္စတစ်ခုပွားခြင်းထက် ကိစ္စတစ်ခုနည်းပါးသွားခြင်းက ပိုပြီး ကောင်းပါ လိမ့်မယ် မမထွား၊ ဒီသိုင်းလောကသားတွေကို ရှောင်သွားတာ အကောင်းဆုံးပဲ'

ထွားက လုံးကို အတင်းဆွဲပြီးပြောလိုက်၏။

'လာပါ မောင်လေးရယ်၊ မောင်လေးကလဲ မစိုးရိမ်ပါနဲ့၊ ဘာမှ မဖြစ်နိုင်ပါဘူး၊ လာပါ ထိုင်ကြရအောင်'

လုံးသည် ထွား၏ ဆွဲခေါ်ရာနောက်သို့ ပါသွားလေ၏။ သူတို့ နှစ်ယောက် ထိုင်ခုံလွတ်တွင် ထိုင်လိုက်ကြသည်နှင့် ခပ်ကျယ်ကျယ်အော်သံ တစ်သံ ထွက်ပေါ်လာ၏။

◆◆ ◆◆ ◆◆

'သခင်ကြီး သံခမောက်ဆောင်း ကြွရောက်လာပါပြီ'

ထိုအခါ စားပွဲအသီးသီးတွင် ထိုင်နေကြကုန်သော သို့လော ဘားတို့သည် ထိုင်နေရာမှ တဖြုန်းဖြုန်းထ၍ မတ်တတ် ရပ်လိုက်ကြလေသည်။

သူတို့သည် ယခု ကြွရောက်လာသော ညီခံပွဲရှင် သံခမောက်ဆောင်း သခင်ကြီးကို ရှိသေ လေးစားသည့် အနေဖြင့် မတ်တတ် ထရပ်လိုက်ခြင်း ဖြစ်ကြသည်။

လှေကားကို နင်း၍ ဆင်းလာသော ခြေသံကို ကြားလိုက်ရ၏။

စောစောက စားပွဲထိုးသည် လှေကားဝသို့ အပြေးသွားပြီး တက်ရောက်လာသူကို ဆီးကြိုလိုက်၏။ မတ်တတ် ရပ်နေကြသည့် လူတွေကလည်း လှေကားဝမှ ထွက်ပေါ်လာမည့် သူကို စောင့်၍ ကြည့်နေကြလေသည်။



လုံးနှင့် ထွားတို့လည်း အများအကာတို့ မတ်တတ် ထရပ်လိုက်ကြသဖြင့် နှစ်ယောက်စလုံး ကွက်ပြီး ထိုင်နေ၍ မကောင်းသဖြင့် သူတို့နှင့် ရောပြီး ထရပ်လိုက်ကြလေသည်။

လုံးနှင့် ထွားတို့သည် လှေကားဝသို့ သူများတွေ ကြည့်နေကြသလို လိုက်၍ ကြည့်လိုက်ကြ၏။

'ဘယ်လို ပုဂ္ဂိုလ်မျိုးလဲ'

'ဘယ်လောက် ကြီးကျယ် ခမ်းနားတဲ့ လူမျိုးလဲ'

ဟူသော လေ့လာချက်ဖြင့် လုံးနှင့် ထွားတို့က လှမ်းကြည့် အကဲခတ် နေကြသည်။

ထိုစဉ် လှေကားဝမှ လူတစ်ယောက် ထွက်ပေါ်လာ၏။ ထိုလူသည် လှေကားမှ တက်ရောက်လာခြင်း ဖြစ်လေသည်။

ထိုသူ၏ အရွယ်မှာ အသက် (၅၀) ကျော်ခန့် ရှိပေမည်။ မျက်နှာက လေးထောင့်စပ်စပ်ရှိ၏။ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေး ထားသည်။ မျက်ခုံးထူထူ၊ မျက်လုံးအစုံမှာ ကြမ်းကြုတ်မည့် အရိပ်အယောင်များ ယှက်သန်းနေ၏။

ထိုလူကြီးသည် မိုးဝတ်စုံရှည် အပြာနုရောင်ကို ဝတ်ဆင်၍ ထားသည်။ ဦးခေါင်း ဆံပင်ကို ဆံထုံး ထုံးထားပြီး အဝတ်စ ရှည် အပြာနုရောင်ဖြင့် ပတ်ချည်ထား၏။

သူ့အသွင်မှာ လွန်စွာ ကြားကြားဝင့်ဝင့် ရှိပေ၏။

ထိုလူကြီးသည် အပေါ်ထပ်သို့ ရောက်ရှိလာသည်နှင့် လူတွေ အားလုံးတို့၏ မျက်နှာများကို တစ်ချက်ဝေ့ဝဲ၍ ကြည့်ရှုလိုက်သည်။ ပြီးနောက် သူက တဟေးဟေးဖြင့် အားပါးတရ ရယ်မောလိုက်လေ၏။

"မိတ်ဆွေများ အားလုံးဟာ ကျုပ်ကို ခင်မင် လေးစားကြတယ်၊ ခရီးဝေးကနေပြီး ခုလို တကူးတက ကြွရောက်လာကြတယ်၊ ကျုပ်ရဲ့ ညည်ခံပွဲကို တက်ရောက်ပြီး အားပေး ချီးမြှင့်ကြတယ်၊ ကျုပ် အလွန်ပဲ ကျေးဇူးတင် ဝမ်းမြောက်ပါတယ် ခင်ဗျား၊ ကောကြာရင် ဟင်းပွဲ၊ ထမင်းပွဲနှင့် အရက် တည်ခင်း ညည့်ခံပါလိမ့်မယ်၊ အားလုံး အားမနာတမ်း သုံးဆောင်ကြပါနော်၊ ပျော်ပျော် ပါးပါးကြီး စားသောက်ကြပါ ခင်ဗျား'

ပြောပြီး ထိုလူကြီးသည် သူ့ အနီးတွင် ရပ်နေသည့် စားပွဲထိုးကို လှမ်း၍ မှာကြားလိုက်လေ၏။

'ထမင်းဟင်း အမြန် ခိုင်းလိုက်ပါ၊ အရက်အိုးတွေ စပြီး တည်ခင်း တော့'

'ဟုတ်ကဲ့ သခင်ကြီး'

ဟု ဆိုပြီး စားပွဲထိုးသည် ချက်ချင်းပင် လှည့်ထွက်သွားကာ လှေကားမှ လျင်မြန်စွာ ဆင်းသက် သွားလေ၏။

ထို ပုဂ္ဂိုလ်ကြီးကား....

သုံးခမောက်ဆောင်း လူကြီးပင် ဖြစ်လေ၏။ သူ့ အမျိုးအမည်မှာ 'တန်' ဖြစ်သည်။

သုံးခမောက်ဆောင်း 'တန်' သည် မက်တတ် ရပ်နေသူများကို ထိုင်ကြပါရန် ပြောကြားပြီးနောက် အားလုံးသော ပရိသတ်များကို လက်နှစ်ဖက် ဆုပ်၍ နှုတ်ဆက်လေ၏။

လုံးသည် ပြုံးလိုက်သည်။



ယခု တွေ့ရှိနေကြသော သိုင်းလောကသားတွေမှာ အားလုံးလိုလို တတိယတန်းစား သိုင်းသမားတွေချည်း ဖြစ်မှုရလေ၏။

ထို သိုင်းသမားတွေအနက် ပထမတန်းစား အဆင့်ရှိမည့် သိုင်းသမား တစ်ယောက်ကိုသာလျှင် တွေ့ရမည် ဖြစ်သည်။

ထိုလူမှာ လုံးစန်းတောင်စခန်း သခင်ကြီး အကာလဖြူကျီး ဖြစ်၏။

ကျန် ပုဂ္ဂိုလ်များ အားလုံးမှာ သိုင်းလောက၌ မထင်ရှားသော ပုဂ္ဂိုလ်များ ဖြစ်ကြလိမ့်မည်ဟု လုံး ခန့်မှန်းသည်။

အဘယ့်ကြောင့်ဆိုသော် သူတို့၏ လှုပ်ရှားမှု ဟန်ပန်၌မှာ အဆင့်မြင့် သိုင်းသမားများကဲ့သို့ ရှိမနေကြသောကြောင့် ဖြစ်သည်။

တစ်နည်း ထပ်ပြောရလျှင် မပြည့်သော အိုး များ သည် ဘောင်ဘင် ခတ်လေ့ ရှိသည်ဟူသော သဘော အတိုင်း သူတို့သည် ဟိတ်တစ်လုံး ဟန်တစ်လုံးနှင့် နေ့ထိုင်ပြုမူ ပြောဆို နေတတ်သောကြောင့် ဖြစ်ပေ၏။

ထို သိုင်းသမားတွေသည် ခါးတွင် လှပသော ဓားတွေကို ချိတ်ဆွဲ ထားကြသည်။ တစ်ချို့ကို ကြောတွင် သူတို့၏ လက်နက်တွေကို အရောင်ထွက်အောင် တိုက်ချွတ်၍လွယ်ပိုး ထားကြသည်။

သူတို့အသွင်မှာ တကယ့် အဆင့်မြင့်သိုင်းသမားကြီးတွေလို ကြွားကြွားဝင့်ဝင့် ရှိနေကြလေ၏။

လုံးသည် ရယ်ချင်စိတ် ဖြစ်ပေါ်လာလေ၏။ ထိုအဆိုနိမ့် သိုင်းသမားတွေ၏ ဟန်ဆောင်မှု၊ ဟိတ်ဟန်ထုတ်မှုတွေကိုကြည့်ပြီး ဤနေရာတွင် ထိုင်ကြည့်ခြင်းအားဖြင့် ဘာမှ အတွေ့အထူး ဗဟုသုတရမည်မဟုတ်ကြောင်း သိလာသည်။

လုံးစိတ်ပျက်သွား၏။

သံခမောက်ဆောင်း သခင်ကြီးဆိုသူမှာလည်း ဘာမှအထင်ကြီးစရာ မမြင်မိပေ။

ဤသို့ရှိနေစဉ်၌....။

သံခမောက်ဆောင်းတန်သည် လုံးနှင့်ထွားတို့ရှေ့သို့ ရောက်လာလေ၏။

သံခမောက်ဆောင်းတန်သည် လုံး ဝတ်ဆင်ထားသော ဘိစုံရှည် ရှိုးရိုးကို တွေ့မြင်လိုက်သည်တွင် အထင်မကြီးသည့် အသွင်ဖြင့် တစ်ချက်ပြုံးလိုက်ပေ၏။

သူက လုံးကို ရောဂါရှင်တစ်ယောက်ဟု ထင်နေသည်။

အမှန်မှာ လုံးသည် ရောဂါရှင်တစ်ယောက်လို ရုပ်ဖျက်ထားသောကြောင့် ဖြစ်ပေ၏။

သံခမောက်ဆောင်း သခင်ကြီးက လုံးကို ကြည့်၍မေးလိုက်သည်။

'ညီလေးရဲ့ အမျိုးအနွယ်နဲ့ နာမည်က ဘယ်သို့များ ခေါ်ပါသလဲ'

လုံးက သူ့ဓားစ်မြိမ်ကို ဖုံးကွယ်၍ ပြန်ဖြေလိုက်လေ၏။

'ကျွန်တော့်နာမည်က ကျင်ကျင့်လို့ခေါ်ပါတယ်၊ မျိုးနွယ်က ဝမ်းပါခင်ဗျား၊ ကျွန်တော်တို့နှစ်ယောက် သခင်ကြီးရဲ့



ညွှန်ခံပွဲကို တကူးတက လာရောက်ကြတာဟာ သခင်ကြီးကို လေးစားခင်မင်လို့ပါပဲခင်ဗျား'

သံခမောက် ဆောင်းတန်က လုံးကိုကြည့်ပြီး အေးစက်စက် အမူအရာဖြင့် ခေါင်းကိုညိတ်အာ....။

'ကျေးဇူးပါပဲ'

ဟူ၍ ပြောလိုက်ပေ၏။

ထို့နောက် သံခမောက်ဆောင်းဘွဲ့ခံတန်က ထွားကိုကြည့်လိုက်သည်။

ထွား ချောမောလှပကြောင်းကို မြင်သော် သူ့မျက်လုံးများ ပြိုးပြိုးပြက်ပြက် လင်းလက်ထွက်ပေါ်သွားလေ၏။

သူက ထွား၏ မျက်နှာလေးကို စိုက်ကြည့်ပြီး ပြုံးရယ်၍ မေးလိုက်သည်။

'ဟောဒီညီမလေးက ဘယ်သူများပါလိမ့်'

ထွားမဖြေခင် လုံးက လျင်မြန်စွာ ဝင်ဖြေလိုက်လေ၏။

'သူက ကျွန်တော့်ညီမလေးပါခင်ဗျာ'

'ဩော်....ဩော်၊ ညီလေးတို့က တပင်ထမန်းနဲ့ ကျုပ်ရဲ့ ညွှန်ခံပွဲကို တက်ရောက်လာကြတာကို၊ ကျေးဇူးတင်ပါတယ်၊ ကျေးဇူးတင်ပါတယ်'

ပြောဆိုရယ်မောရင်း လုံး၏ လက်ကိုဆွဲကာ နှုတ်ဆက်လေ၏။

နှမချောကိုမြင်၍ မောင်ကို မျက်နှာသာပေးသည့် သဘောမျိုး ဖြစ်ပေသည်။

သို့သော်လည်း သံခမောက်ဆောင်း သခင်ကြီးက လုံးကို ပညာပြချင်၍ လုံး၏လက်ကို ရှိုးရှိုးမဆွဲဘဲ အားစိုက်၍ ဖျစ်ညှစ်လိုက်လေ၏။

လုံး သဘောပေါက်ပေ၏။ မိမိကို ပညာစမ်းချေပြီဟုနားလည်လိုက်သည်။ လက်နာအောင် ဖျစ်ညှစ်လိုက်မှန်း သိသည်။

လုံး တကယ်မနာပါ။

သို့သော် နာသွားဟန်ဆောင်၍....။

'အား'

ဟု အော်လိုက်ပေ၏။

'အားရှို့ရှို့ နာလိုက်တာဗျာ၊ ကျွန်တော့်လက် အရိုးတွေကြေပါပြီ'

လုံးသည် လွန်စွာ နာကျင်သွားဟန်ဖြင့် မျက်နှာကြီးကိုရှုံ့မဲ့ပြလိုက်လေ၏။

သံခမောက်ဆောင်း သခင်ကြီးက ကမန်းကတန်း 'လက်ကို လွှတ်ပေးလိုက်လေသည်။

ပြီးနောက် အဟက် အဟက်ဟုရယ်ကာ လုံးကိုတောင်းပန်လိုက်လေ၏။

'စိတ်မရှိပါနဲ့ ညီလေး၊ ကျုပ်က ဖြည်းဖြည်းလေးပဲ ညီလေးလက်ကို ဆုပ်ကိုင် နှုတ်ဆက်လိုက်တာပါ၊ ညီလေးက တကယ်ပဲ ပျော့ညံ့တာကိုး၊ စာပေ အနုပညာသမားဆိုတော့ ဒီလိုပဲလေ၊ ကျုပ်က မေ့ပြီ ဆုပ်ညှစ်လိုက်မိတာ'

လုံးသည် မျက်နှာကြီး ရှုံ့မဲ့လျက် သူ့လက်ကို ကျန်လက်တစ်ဖက်ဖြင့် ဆုပ်နယ်ကာ....။



'သိပ်နာတာပဲဗျာ၊ ကျွန်တော်တော့ စုတ်တန်ကိုင်နိုင်မှာ မဟုတ်တော့ဘူး'

ပြောပြီးစုပ်သတ်ကာ မျက်နှာကို ရှုံ့မဲ့၍ ထားလေ၏။

စားပွဲဘွင် ထိုင်နေသော လူများသည် လုံး၏ပျော့ညံ့မှုကို တွေ့မြင်လိုက်ရသဖြင့် ရယ်မောကြလေသည်။

ထိုင်နေသော လူတွေထဲမှ တစ်ယောက်က မတ်တပ်ရပ်လိုက်သည်။ ပြီးနောက် ထိုလူငယ်က ခပ်ကျယ်ကျယ် ပြောလိုက်လေ၏။

သခင်ကြီးတန် ခင်ဗျား၊ သခင်ကြီးလဲ ပျော့ညံ့တဲ့ စာပေသမားကို အပေါင်းအသင်းဖြစ်ရပြီ၊ ဟား....ဟွား....ဟား'

ထိုအခါ သံခမောက်ဆောင်း သခင်ကြီး က်လဲ ရယ်မော၍....။

'ကျုပ်က သိုင်းပညာကို ဝါသနာပါသလို စာပေအနုပညာကိုလည်း ဝါသနာပါ ပါတယ်၊ မိတ်ဆွေ တစ်ယောက်ကို ပေါင်းမိတိုင်း ကျုပ်အဖို့ လမ်းလျှောက်ဖို့ တံတားတစ်ခု ရတာပေါ့ဗျာ၊ ကျုပ်ကို ဟောဒီ စာပေသမားလေးကို မြင်မြင်ချင်း ခင်မင်သွားပြီဗျာ့'

ပြောပြီး တဟားဟား ရယ်မောပြန်၏။ ထွားက လုံးလက်ကို ဆွဲယူ၍ တမင် ဟန်လုပ် မေးလိုက်သည်။

‘အစ်ကို သိပ်နာနေသလားဟင်၊ ဟင်း....ဒီလို ဖြစ်မယ်မှန်း သိရင် ကျွန်မတို့ ဒီမှာ ဆက်မနေပါဘူး၊ ဒီညည့်ခံပွဲကို မလာပါဘူး’

မတ်တပ်ရပ်နေသောလူငယ်အား ထွား၏ အလှအပ အချော အယဉ်ကို ငေးစိုက်ကြည့်လိုက်ပြီးနောက် နောက်ပြောင်ပြောဆိုလိုသဖြင့်....။

သူက သူ့လက်တစ်ဘက်ကို နာကျင်ဟန် လုပ်ပြပြီး ကျန်လက်တစ်ဘက်ဖြင့် ဆုပ်နယ်ကာ မျက်နှာကို ရှုံ့မဲ့ပြ၍ ပြောလိုက်၏။

‘အား....အား၊ ကျုပ်လက်လည်း ဘယ်လိုဖြစ်တယ်မသိဘူး၊ နာလိုက်တာဗျာ၊ ကျုပ်လက်ကိုလည်း လာကိုင် ကြည့်ပါဦး ညီမလေးရယ်၊ အမြန်လာကြည့်ပါဦး၊’

ထိုလူငယ် သိုင်းသမားသည် မျက်နှာမချိုမချဉ်ဖြင့် ထွားကို ပြောင်လှောင်နေတော့၏။

ထွား ဒေါသထွက်သွား၏။

သူမက ညာလက်ကို အသာ မြှောက်လိုက်ပြီး လက် ညှိုးလက်မကို အသုံးပြု၍ ‘ထပ်’ ခနဲ တောက်လိုက်သည်။

သူမပြုလုပ်လိုက်သည်ကို မည်သူမျှ မသိလိုက်ကြချေ။

‘အား’



ရုတ်တရက် အော်သံ တစ်ခု ထွက်ပေါ်လာသည်။

နောက်ပြောင် ပြောနေသော လူငယ်သည် သူ့ပါးစပ်ကို လက်ဝါးနှင့် အုပ်ပြီး အော်ဟစ်လိုက်ခြင်းဖြစ်သည်။

လူငယ်၏ လက်ချောင်းတွေကြားမှ သွေးတွေ ယိုစီး ထွက်ကျလာ၏။

လူတွေအားလုံး လူငယ်၏ပါးစပ်မှ ထွက်ကျလာသောသွေးများကို ကြည့်ပြီး တအံ့တသြ ဖြစ်နေကြလေသည်။

သိုင်းလောကသား သုံးလေးယောက်တို့က ထိုလူငယ်သိုင်းသမားကို ဝိုင်းမေးကြလေသည်။

ထိုလူငယ်မှာလည်း သူ့ကိုယ်သူ ဘာဖြစ်သွားသည်ကိုပင် မ လိုက်ပေ။

သူ့ပါးစပ်ဖြဲ၍ ရယ်နေစဉ် သူ့အပေါ်သွားတွေမှာ ကျဉ်ခနဲ ဖြစ်သွားပြီး လွန်စွာ နာကျင်သွားသည်ကိုသာ ခံစားလိုက်ရ၏။

သွားသုံးချောင်းကျွတ်သွားသည်။

သံခမောက်ဆောင်းသခင်ကြီးသည် သွားသုံးချောင်း ကျွတ်သွားသောလူငယ်ကို ကြည့်ပြီး ဒေါသထွက်သွား၏။

ထို့ကြောင့် သခင်ကြီးက လူတွေ အားလုံးကို လိုက် ပြီး အကဲခတ်ကြည့်သည်။

သို့သော် မသင်္ကာဖွယ်ရာ လူဟူ၍ မတွေ့ရပေ။ သံခမောက်ဆောင်း တ က နားမလည်နိုင်အောင် ဖြစ်၍သွား၏။

သူက သူ့တပည့်တွေကို အမိန့်ပေးလိုက်သည်။

'ဟိုမိတ်ဆွေလေးကို ခေါ်သွားပြီး ဆေးထည့်ပေးလိုက်ပါ'

သံခမောက်ဆောင်း၏ တပည့်များသည် ပါးစပ်မှ သွေးများ ယိုစီးထွက်ကျနေသော လူငယ် သိုင်းသမားကို တွဲခေါ်သွားကြလေ၏။

ထို့နောက် သံခမောက်ဆောင်းသခင်ကြီးက ပရိသတ်များကို လက်နှစ်ဖက်ဆုပ်ပြီး အရိုအသေပေးလိုက်၏။

ပြီးနောက်....ပြောဆိုလိုက်လေ၏။

'မိတ်ဆွေများခင်ဗျား၊ အကယ်၍များ ကိုယ်နဲ့ ရန်စရှိသူ ဒီညှိခံပွဲမှာ လာကြုံဆုံနေခဲ့ရင် ဒီမှာ အချင်း မပွားရအောင် ထိန်းသိမ်းစေလိုပါတယ်၊ ကျေးဇူးပြုပြီး ဒီမှာ ရန်မဖြစ်ကြဖို့ အနူးအညွတ် ကျုပ် မေတ္တာရပ်ခံပါတယ်၊ ဘယ်သူက ဟိုညီက လေးကို သွားကျိုးအောင် ပစ်လိုက်သလဲပြောပါ၊ ဘာများ မကျေနပ်မှု ရှိနေပါသလဲ၊ ကျုပ်ကို ပြောပါ၊ ကျုပ် ဖြေရှင်းပေးပါရစေ'

ပြောပြီး သူက လူတွေကို တစ်ယောက်ချင်း လိုက်ကြည့်ပြီး စောင့်နေလေသည်။

သို့သော် မည်သူတစ်ယောက်မျှ ထပြီးမပြောကြပေ။

သံခမောက်ဆောင်း ခဏစောင့်ကြည့်ပြီး တစ်ခန်းလုံး ငြိမ်နေကြ၏။



ထို့ကြောင့် သံခမောက်ဆောင်းသခင်ကြီးက တစ်ယောက်မျှ ထပြောသူမရှိသဖြင့် ပြုံးရယ်၍ ပြောလိုက်လေ၏။

'မပြောချင်လဲ နေပါ၊ ဒီမှာ ရန်မဖြစ်ရင် ပြီးတာပါပဲ'

အခြေအနေ ဤသို့ ရှိနေစဉ် စားပွဲထိုး တစ်ယောက် ပြေးတက်လာသည်။

ထိုစားပွဲထိုးက သံခမောက်ဆောင်း တန်ကို အရိုအသေပြု လိုက်ပြီး၊ နားနားကပ်၍ နှစ်ကိုယ်ကြား တီးတိုး ပြောဆိုလိုက်လေ၏။

+ + + + + +

ထို့နောက် စားပွဲထိုးပြန်ထွက်သွားလေ၏။

သံခမောက်ဆောင်းသခင်ကြီးက ရယ်မော၍ အားလုံးကြားအောင် ပြောဆိုလိုက်လေသည်။

'မိတ်ဆွေများခင်ဗျား အဆင့်မြင့် သိုင်းသမားကြီး တစ်ယောက် ကျုပ်ဆီရောက်လာပါတယ်၊ ကျုပ်သွားပြီးကြိုဆိုရမှာ ဖြစ်ပါတယ်၊ အဲဒီပုဂ္ဂိုလ်ကို ကြိုခဲ့ပြီး မိတ်ဆွေတို့နဲ့ မိတ်ဆက်ပေးပါမယ်'

ပြောပြီး သံခမောက်ဆောင်း သခင်ကြီးသည် အဆင့်မြင့်သိုင်းသမားကြီးအား ကြိုဆိုရန် အောက်ထပ်သို့ ဆင်းသွားလေတော့၏။

သံခမောက်ဆောင်းသခင်ကြီးဆင်းသွားလျှင် လုံးအာတွားကို လျှို့ဝှက် အသံလွှင့်ပညာဖြင့် ပြောလိုက်သည်။

'မမ ဘာကိစ္စမှအရှမ်းမလုပ်ပါနဲ့၊ ဒေါ်သမကြီးပါနဲ့ သည်းခံပါ၊ ဒီမှာပြဿနာဖြစ်လို့ မကောင်းဘူး၊ ဖြစ်လာရင် ကျွန်တော်တို့နှစ်ယောက် ရှေ့လုပ်ငန်းစဉ်တွေမှာ အနှောင့်အယှက်ဖြစ်ကုန်လိမ့်မယ်'

ထွားက ဘာမှပြန်မပြောချေ။ ကြားတော့ကြားပေ၏။ သူမလည်း စာကယ်တော့ မညံ့လှပေ။ အဆင့်မီ တန်းမီ သိုင်းသမားတစ်ယောက်ပင်။

သူမက လျှာကလေးထုတ်ပြပြီး ငြိမ်နေလိုက်၏။

ထိုအချိန်တွင် ဟင်းလျာများနှင့် ထမင်းများရောက်လာကြသည်။

လူတော့လှုပ်လှုပ်ရှရှဖြစ်သွားကြသည်။

အရက်သောက်ကြ၊ ဟင်းတွေမြည်းကြဖြင့် စည်စည်ကားကားဖြစ်လာကြသည်။

သံခမောက်ဆောင်း သခင်ကြီးသည် အောက်ထပ်တွင်သူ၏ အဆင့်မြင့်သိုင်းသမားကြီးကို ဧည့်ခံနေဟန်တူ၏။

အတန်ကြာသော် သခင်ကြီးသည်အဘိုးအိုတစ်ဦးနှင့် အတူ အပေါ်ထပ်သို့ တက်လာလေ၏။



သံခမောက်ဆောင်းသခင်ကြီးနှင့် ပါလာသော အဘိုးအိုမှာ ပန်းချည်ထိုးထားသော ဝတ်စုံရှည်ကို သေသေသပ်သပ်ဝတ်ဆင်ထား၏။ လက်ရှည် ပိတ်ဖိနပ်ကို စီးထားသည်။

ကိုယ်နေဟန်ထားမှာ ပိန်လှီလှ၏၊ မျက်ခုံး တိုပြီး မျက်ပေါက်ကျဉ်းလေသည်။ နှာခေါင်းပြားပြား သွားတွေက ချွန်ချွန်ဖြစ်သည်။

မျက်စိမှေးသော်သည်း မျက်လုံးအစုံအတွင်းမှ အလင်းရောင်များထွက်နေလည်။

ထိုအဘိုးအိုကို မြင်တွေ့လိုက်သောအခါ ပရိသတ်များ ငြိမ်သွားကြ၏။

ရင်းအဘိုးအို၏ မြင့်မားသော သိုင်းပညာရပ်ကို ခန့်မှန်းသိရှိသွားသောကြောင့်ဖြစ်သည်။

ပရိသတ်များသည် ထိုအဘိုးအိုကို ထိတ်လန့် ကြောက်ရွံ့တန်ဖြင့် ငြိမ်နေကြခြင်းဖြစ်ပေ၏။

လုံးသည် ထိုအဘိုးအိုကိုမြင်လိုက်သည်နှင့် ရင်မှာ ဒိတ်ခနဲ ခုန်၍သွားလေ၏။

ထိုအဘိုးအိုနှင့် မျက်နှာချင်းမဆိုင်လို၍ အမြန် မျက်နှာလွှဲပစ်လိုက်သည်။

ပြီးနောက် ထမင်းကိုငုံ့၍စားနေလိုက်လေ၏။

ထွားက လေသံဖြင့်လုံးကိုမေးလိုက်သည်။

'အဲဒီအဘိုးကြီးက ဘယ်သူလဲ မသိဘူး'

လုံးက ခေါင်းခါမော့တဲ ဖြေလိုက်သည်။

'အဲဒါ ယကွဲဆန်းကြီး ကျိတန်းဆိုတာမဲ'

ထွားသည် ယက္ခဆန်းကြီးကျီတန်းကို သေသေချာချာ စိုက်ကြည့်လိုက်သည်။

ထိုအချိန်တွင် ယက္ခဆန်းကြီးသည် ဒီဘက်သို့လှည့်အကြည့်၌ ထွား မိမိကိုစိုက်ကြည့်နေသည်ကို မြင်တွေ့သွားသည်။

ယက္ခဆန်းကြီးက ထွားကိုပြုံးရယ်ပြလိုက်၏။

ထိုစဉ် သံခမောက် ဆောင်း သခင်ကြီးက ပြုံးရယ် ရွှင်ပြစွာဖြင့်....။

'ကဲ....မိတ်ဆွေတွေနဲ့ ဓဟာဒီ ကျုပ်ရဲ့မိတ်ဆွေကြီးကို မိတ်ဆက်ပေးပါမယ်'

ဟူ၍ ပြောလိုက်သည်။

စားသောက်နေကြသူများက တခုန်းဝုန်းဖြင့် မတ်တပ်ထရပ်လိုက်ကြသည်။

အချို့က ယက္ခဆန်းကြီးကိုကြည့်ပြီး ထိတ်လန့်ကြောက်ရွံ့နေကြလေသည်။

အဘယ်ကြောင့်ဆိုသော် ယက္ခဆန်းကြီး၏ မျက်နှာမြင်မှာ စက္ကူဖြူလို စွတ်စွတ်ဖြူနေသောကြောင့်တည်း။

အရပ်အမောင်းမှာလည်း လွန်စွာမြင့်မားပေ၏။ ခုနစ်ပေမျှရှည်လိမ့်မည်ထင်သည်။

သံခမောက်ဆောင်းသခင်ကြီးက ယက္ခဆန်းကြီးနှင့်ညွှန့်သည် ပရိသတ်များကို မိတ်ဆက်ပေးလိုက်၏။

'ညွှန့်သည်တော်များခင်ဗျား၊ ဟောဒီက ကျုပ်မိတ်ဆွေကြီးရဲ့နာမည်နဲ့သတင်းကို အားလုံး ကြားဘူး ပါလိမ့်မယ်၊ ဒီကနေ့ ကျုပ်ရဲ့ညွှန့်ခံပွဲကို အခုလိုဘက်ရောက်ချီးမြှင့်တာ အထူးပဲ နှစ်



သောင်းအားရဖြစ်မိပါတယ်၊ ဟောဒီမိတ်ဆွေကြီးလဲ ကြွရောက်အားပေးတာ ကျုပ်အခုနနဲ့ အလွန်ပဲဂုဏ်ယူမိပါတယ်၊ သူက တော့ ယက္ခဆန်းကြီးကျီတန်းပါပဲ'

ညွှန့်သည်တော်တွေက လက်နှစ်ဖက်ကိုဆုပ်ကာ အရိုအသေပေးလိုက်ကြပေ၏။

ယက္ခ ထူးဆန်းကြီးက ရယ်ကာ ပြုံးကာဖြင့် ညွှန့်သည်တော်တွေကို လက်နှစ်ဖက်ဆုပ်ကာ ပြန်၍ နှုတ်ဆက်လေ၏။

လုံးက သူ့ရှေ့မှ လူတွေကို ခပ်ကွယ်ကွယ် ပြုံး၍ ရပ်နေသည်။

ယက္ခထူးဆန်းကြီး၏ ရယ်မောသံ ထွက်ပေါ်လာသည်။

'အခုလို ကျုပ်အစ်ကိုကြီး တန်ရဲ့ညွှန့်ခံပွဲကို တက်ရောက်ခွင့် ရပြီး မိတ်ဆွေတို့နဲ့ တွေ့ဆုံရတာ အထူးပဲ ဝမ်းသာပါတယ်၊ အခုဆိုရင် ဟောဒီ သံခမောက်ဆောင်း သခင်ကြီး တန်ရှီးဟိုင်ဟာ ကျုပ်တို့ နဂါးပျံ အဖွဲ့ ခေါင်းဆောင် တစ်ယောက်ဖြစ်တော့မယ်လေ၊ သူ့ကို ကျုပ်တို့ နဂါးပျံ ဂိုဏ်းချုပ်ကြီးက မာလကျင့်မြို့ ဌာနခွဲကို အုပ်ချုပ် စေပါလိမ့်မယ်၊ ကျုပ်တို့ဂိုဏ်းချုပ်ကြီး ချိုင့်ဟာ ဟောဒီ သံခမောက်ဆောင်း တန်ရှီးဟိုင်ကို အလွန်ပဲ အားထားပါတယ်၊ အခု ကြွရောက်လာကြတဲ့ မိတ်ဆွေတွေဟာလဲ အစ်ကိုကြီး တန်ရှီးဟိုင်ရဲ့ မိတ်ဆွေရင်းတွေချည်း ဖြစ်လေတော့ အားလုံးပဲ ဒီကနေ့ကစပြီး ကျုပ်တို့ လက်တွဲသွား စေချင်တယ်၊ ကျုပ်တို့ နဂါးပျံ ဂိုဏ်းထဲ ဝင်ကြပါ၊ အစ်ကိုကြီး တန်နဲ့အတူတူ နဂါးပျံ ဂိုဏ်းကြီး တိုးတက်

စည်ပင်သည်ထက် စည်ပင်လာအောင် ဝိုင်းဝန်းပြီး ဆောင်ရွက်ကြပါသို့ တိုက်တွန်းချင်ပါတယ်'

ယက္ခထူးဆန်းကြီး၏ စကားဆုံးလျှင် လက်ခုပ် ဩဘာသံများ ထွက်ပေါ်လာသည်။ ယက္ခထူးဆန်းကြီးသည် လွန်စွာ ကျေနပ် ဝမ်းမြောက်ဟန်နှင့် ရှိနေလေ၏။

လုံးသည် ထွားကို တစ်ချက် အကဲခတ် ကြည့်လိုက်သလို ထွားကလည်း လုံးကို အကဲခတ် ကြည့်လိုက်သည်။

လုံးနှင့် ထွားတို့သည် ငြိမ်လျက် ရှိနေကြလေ၏။

ယက္ခထူးဆန်းကြီးသည် လက်ခုပ်သံတွေ စဲသွားသည်နှင့် ဆက် ပြောပြန်၏။

'လာမည့်နှစ်မှာ ကျုပ်တို့ နဂါးပျံဂိုဏ်းက သိုင်းလောကသားတွေကို ဖိတ်ကြားစာတွေ ပို့ပါမယ်၊ သိုင်းလောကမှာ အဆင့်မြင့် သိုင်းသမားကြီးတွေကို ဦးစားပေး ဖိတ်ကြားပါမယ်၊ လွင်လျန်းစန်းတောင်မှာ သိုင်းစွမ်းရည်ပြိုင်ပွဲ ပြုလုပ်ပါမယ်၊ ကျုပ် ယုံကြည်ပါတယ်၊ အဲဒီ လွင်လျန်းစန်းတောင် သိုင်းယှဉ်ပြိုင်ပွဲကြီး ပြီးစီးသွားရင် သိုင်းလောကမှာ ကျုပ်တို့ နဂါးပျံဂိုဏ်းဟာ ထိပ်တန်းကို တက်လှမ်းသွားလိမ့်မယ်'

လက်ခုပ် ဩဘာသံများ ထွက်ပေါ်လာပြန်သည်။

လက်ခုပ်ဩဘာသံတွေကြားမှ 'ဟင့်' ဟူသော မကျေနပ်သံလို၊ နှာသံဖြင့် ငေါ့လိုက်သံ တစ်သံ ထွက်ပေါ်လာ၏။

ယက္ခဆန်းကြီးက နား အလွန် ပါးပေ၏၊ သူ၏ ထို 'ဟင့်' ဟူသော မကျေနပ်သံကို ကြားလျှင် မျက်နှာထား ရုတ်ချည်း တင်းမာ၍ သွားလေ၏။



သူ့မျက်လုံးအစုံမှာ ကြမ်းကြုတ် ရက်စက်တော့မည့် ဟန်မျိုး ပေါ်လာ၏။ သူက ပရိသတ်များကို တစ်ယောက်ချင်း လိုက်လံ အကဲခတ် ကြည့်ရှုနေလိုက်သည်။

သူ ထင်သည်မှာ သူ့ရှေ့၌ ရှိနေသော ထွားနှင့် လုံးတို့ထံမှ ထွက်ပေါ်လာခြင်း ဖြစ်မည်ဟု ထင်သည်။

သူ မတွေ့နေသည်က သူ့ရှေ့၌ ရှိနေသော စာပေသမား အသွင်နှင့် လူသည် ခေါင်းကိုငုံ့၍ ထား၏။

ထို့ထက်မူ အခြား မသင်္ကာဖွယ်ရာ လူမရှိပေ။

ယက္ခထူးဆန်းကြီးက အေးစက်စက်ဖြင့် ပြောလိုက်သည်။

'ဒီအထဲမှာ ကျုပ်တို့ကို အန္တရာယ် ပြုမယ့်လူတော့ ရှိနေပြီ၊ ကျုပ် အဲဒီလူကို ဆွဲထုတ်ပြီး မေးမြန်းရလိမ့်မယ်၊ ဒီလူဟာ အတောင်ပံ တပ်ပြီး ပျံပြေးဖို့ ကြံရင်တောင် ကျုပ်လက်က မလွတ်နိုင်ပါဘူး'

ပြောပြီး တဟားဟားဖြင့် ရယ်မောလိုက်လေ၏။

ပရိသတ်တို့မှာ သူတို့အထဲတွင် ရန်သူ သပ်လျှို ဝင်နေပြီဟု ကြားလျှင် ကြားခြင်း သူတို့သည် တစ်ယောက်မျက်နှာ တစ်ယောက် စူးစမ်း၍ အကဲခတ်နေကြလေ၏။

ယက္ခထူးဆန်းကြီးသည် ခေါင်းငုံ့နေသော လုံးကို စူးစိုက်၍ ကြည့်လိုက်သည်။

ပရိသတ်များမှာ ယက္ခထူးဆန်းကြီး ဘာလုပ်မည်ကို စိတ်ဝင်စားစွာဖြင့် စောင့်ကြည့် နေကြလေသည်။

ယက္ခထူးဆန်းက လုံးကို လက်ညှိုးထိုး၍ မေးမြန်းလိုက်၏။

'အဲဒီလူက ဘယ်သူလဲ'

သံခမောက်ဆောင်းသခင်ကြီးက အံ့အားသင့်သွားပြီး ဝင်ဝင်ပြောသည်။

'စာပေသမား လူငယ်တစ်ယောက်ပါ၊ သူ့နာမည်က ဝမ်ကျိုးလို့ ခေါ်ပါတယ်၊ သူက ကျုပ်ရဲ့ ညှော်ခံပွဲကို သူ့ညီမလေးနဲ့ လာတက်တာပါ'

ထိုအချိန်တွင် ရှိနေကြသော လူတွေအားလုံး၏ မျက်လုံးများသည် လုံးနှင့် ထွားတို့ထံ ကျရောက်၍ သွားလေ၏။

လုံးကမူ ခေါင်းကို ငုံ့၍သာ ဟင်းလျာများကို နှိုက်၍ စားသောက် နေလေ၏။

ယက္ခထူးဆန်းကြီးက ခေါင်းငုံ့စားသောက်နေသော လုံးကို မသက်မသာဖြစ်ပြီး အော်ငေါက်မေးလိုက်ပေသည်။

'ဟေ့...ခေါင်းဖော့လိုက်စမ်း'

လုံး ချောင်လွဲ၍ မရတော့မှန်းသိသည်။

လုံးသည် ခေါင်းကိုပြန်မော့ခြင်း မပြုဘဲ ငုံ့လျက်သားကပင် ရယ်မောလိုက်လေသည်။

လုံးရယ်သံက တိုးတိုးညင်ညင် ဖြစ်သည်။ နောက် တဖြည်းဖြည်း ကျယ်၍ကျယ်၍ လာ၏။

နဂါးတွန်သံ ကျားဟိန်းသံအလားရှိ၏။ ကြားရသူတွေ နားတွေ အူအူသွားကုန်သည်။

ပြီးမှ ရယ်မောရင်းမှ လုံး ခေါင်းကို မော့လိုက်သည်။

ယက္ခထူးဆန်းကြီးသည် လုံးကို မြင်တွေ့လိုက်ရသောအခါ အလွန်အမင်း တုန်လှုပ်၍သွားလေ၏။



ယက္ခထူးဆန်းကြီးက အသံထွက်အောင် အော်ပြောလိုက်လေသည်။

'မင်း....မင်း၊ လေဟုန်စီး သိုင်းသမားကိုး'

လေဟုန်စီးသိုင်းသမားဟူသော အသံကိုကြားလိုက်သည်နှင့် ပရိသတ်များ တုန်လှုပ်ချောက်ချားသွားကြလေသည်။

လုံးသည် သိုင်းလောကထဲရောက်တာ သိပ်မကြာသေးသော်လည်း သူ့သတင်းက ရုတ်ချည်း ကျော်ကြားခဲ့ပြီ ဖြစ်၏။

အဘယ့်ကြောင့်ဆိုသော် သူရောက်ရှိခဲ့သော မြို့ရွာတိုင်းတွင် ပြဿနာပေါင်း များစွာနှင့် ကြုံတွေ့ခဲ့ရပြီး လေဟုန်စီး သိုင်းကွက်တို့ဖြင့် ဖြေရှင်းခဲ့ကြောင်းကို တစ်ဆင့်စကား တစ်ဆင့်နားဆိုသလို သတင်းကြီးခဲ့ခြင်းကြောင့် ဖြစ်သည်။

ပရိသတ်များသည် လုံးကို လှမ်းကြည့်လိုက်ကြသည်။

လုံးသည် ခပ်ပြုံးပြုံးပင် ရှိနေလေသည်။

ပြီးနောက် ယက္ခထူးဆန်းကို လှမ်း၍ ပြောလိုက်၏။

'တွေ့ရတာ ဝမ်းသာပါတယ်၊ ယက္ခထူးဆန်းကြီးခင်ဗျား၊ ကျုပ်သတင်းကို ခင်ဗျား ကြားခဲ့ဖူးပါလိမ့်မယ်၊ ဘာဖြစ်လို့လဲဆိုတော့ ခင်ဗျားဟာ အဆင့်မြင့်သိုင်းသမားတစ်ယောက်ဖြစ်လို့ပဲ၊ ဒါပေမဲ့ဗျာ၊ ပန်းသတင်း လေညင်းဆောင် လူသတင်း လူချင်းဆောင်ဆိုတာ တကယ်တော့ မဆန်းပါဘူး၊ လျှို့ဝှက်ချက်တွေ အားလုံးဟာ တစ်နေ့မှာ ပေါ်လာစမြဲပဲ မဟုတ်လား ဟင်း....ဟင်း....ဟင်း'

ယက္ခထူးဆန်းကြီးသည် လုံးကိုဖြုန်၍ နေလေသည်။

ပရိသတ်တွေကြားမှာမို့ ဣန္ဒြေဆည်ကာ အေးစက်စက်ဖြင့် ပြောလိုက်သည်။

'ကျုပ်က ဘယ်သူများလဲ မှတ်တယ်၊ လက်စသတ်တော့ လုံးကိုး၊ မင်းလဲပဲ ဟော့ဒီ အစ်ကိုကြီးဟန်ရဲ့ ညွှန်ခံပွဲကို လာတက်တာသား'

လေသံက သိသာတင်ရှားစွာ ပျော့ပြောင်း၍ နေလေ၏။ ထို့ကြောင့် သူက လေသံကိုမြှင့်၍ ဆက်ပြောလိုက်သည်။

'ကျုပ် မျှော်လင့်ပါတယ်၊ ညီလေး ဒီညွှန်ခံပွဲကို လာတက်တာ သွေးရိုးသားရိုး ဖြစ်ပါတယ်နော်'

လုံးက ရယ်မောလိုက်သည်။

ရယ်မောရင်းမှ....။

'ကျွန်တော် ဟိုကိစ္စနဲ့လာတာ'

ယက္ခထူးဆန်းကြီးသည် တုန်လှုပ်ချောက်ချားသွားလေ၏။ လုံးမှာ ဘာရယ်မဟုတ် လွှတ်ခနဲပြောလိုက်ခြင်းသာ ဖြစ်ပေသည်။

ယက္ခထူးဆန်းကြီးသိချင်သိမည်၊ မသိချင်လည်း မသိမည်ဟု လုံးထင်သည်။

လုံးကိုယ်တိုင်တော့ ဘာမှန်း မသိချေ။

ယက္ခထူးဆန်းကြီးက လုံးကို မျက်လုံးပြူး မျက်ဆန်ပြူးဖြင့် ကြည့်ပြီး....။

'မင်းဒီကိစ္စကို ဝင်စွက်ဖက်ဝံ့လို့လား'

လုံးက လက်ကာပြပြီး....။



'ဆရာကြီး ကျွန်တော့်ကို ဒီလိုပြူးတူးပြဲတဲနဲ့ စကားမပြောပါနဲ့၊ ခင်ဗျားတို့ နဂါးပျံဂိုဏ်းဟာ သိုင်းလောကသားတွေကို ဆွဲဆောင် စည်းရုံးပြီး အင်အားကြီးမားအောင် လုပ်ဆောင်ဖန်တီးနေတာ မဟုတ်လား၊ ခင်ဗျားတို့ နဂါးပျံဂိုဏ်းက သိုင်းလောကကို စိုးမိုးချင်နေတာ ရမလား၊ လွယ်ကူနိုင်မလား'

ပြောပြီး လုံးက ကျယ်လောင်စွာ ရယ်မောလိုက်လေ၏။

ယက္ခဆန်းကြီးက လုံးကို ဂရုမစိုက်လေဟန်ဖြင့် ဣန္ဒြေဆောင်၍ နေလေ၏။

အချို့သောပုဂ္ဂိုလ်တို့မှာ လုံးအကြောင်းကို မသိကြချေ။ ထို့ကြောင့် ၎င်းတို့သည် ဓားများကိုဆွဲထုတ်၍ လုံးကိုဆုံးမရန်ဟန်ပြင်နေကြလေသည်။

လုံးသည် အကင်းပါးသူ ဖြစ်သည်။

ဓားများ ဆွဲထုတ်လိုက်ကြသော လူအချို့ကိုကြည့်၍ ဟိန်းဟောက်ပြောဆိုလိုက်သည်။

'ခင်ဗျားတို့ ငြိမ်ငြိမ်နေကြရင် ကောင်းမယ်၊ အဘော်မရဲကြနဲ့နော်၊ သေရင်တော့ ရှေ့တိုးခဲ့ကြ'

လုံး၏လေသံမှာ မာ၍ အေးစက်စက်ရှိသည်။

ဓားကို ဆွဲထုတ်ကြသော လူတစ်ချို့မှာ လုံး၏ အေးစက်မာစကြောသော အမိန့်သံကြောင့် ရှေ့မတိုးဝံ့ဘဲ ငြိမ်နေကြလေသည်။

ထိုစဉ်....။

သံခမောက်ဆောင်းသခင်ကြီးက အေးစက်စက် လေသံဖြင့် လုံးကိုပြောလိုက်၏။

'ဟိတ်ကောင်လေး၊ မင်းစကားပြောတာကြည့်ပြော၊ ကျုပ်ဘယ်သူလဲဆိုတာ သိရဲ့လား၊ ဒီနယ်မှာ စုံစမ်း ကြည့် လိုက် သံခမောက်ဆောင်း သခင်ကြီးဆိုရင် ဘယ်သူမှ ခေါ်မကြည့်ဝံ့ဘူးကွ သိလား'

လုံးသည် ကျယ်လောင်စွာ ရယ်မောလိုက်လေ၏။

လုံး ရယ်မောလိုက်သည်ကို သံခမောက်ဆောင်း တန်ရှိုးဟိုင်တာ သူ့ကို မခန့်လေးစားပြုသည်ဟု ယူဆသွားလေ၏။

ထို့ကြောင့် တန်ရှိုးဟိုင်က မျက်လုံးပြူး၍ လုံးကို ပြောလိုက်သည်။

'ဟေ့ ကောင် မင်းက ငါ့ကို ပမာမခန့် လုပ် နေ တာလား'

ပြောပြောဆိုဆို လုံးကို ညာလက်ဝါးဖြင့် ရင်ပတ်ကို တွန်းလိုက်သည်။

လုံးက သံခမောက်ဆောင်း သခင်ကြီးကို ရန်မပြုလိုချေ။ ထို့ကြောင့် နောက်သို့ လှစ်ခနဲ တစ်လှမ်းဆုတ်၍ ရှောင်လိုက်သည်။

ထိုအချိန်တွင် လုံးစန်းထောင်အကာလဘွဲ့ခံ ပုဂ္ဂိုလ်ကြီးသည် ရုတ်တရက် ပြေးလာပြီး သံခမောက်ဆောင်း သခင်ကြီး၏ လက်ကို ဆွဲ၍ ပြောလိုက်သည်။

'အစ်ကိုကြီးတန်၊ ကြွက်ကို သတ်တာ နွားသတ်တို့ ဓားနဲ့ သတ်ဖို့ မလိုပါဘူး၊ ဒီကောင့်ကို ကျုပ် ဆုံးမလိုက်ပါ့မယ်'



သံခမောက်မဆောင်းသခင်မကြီးသည် သူ့အနားရောက်လာသူမှာ အကာလဘွဲ့ခံ လူကြီးဖြစ်နေသည်ကို တွေ့လိုက် ရလျှင် ဝမ်းသာ၍ သွားလေ၏။

အကာလတုကွမ်းဓေ့သည် အဆင့်မြင့် သိုင်းသမား တစ်ဦးဖြစ်ပေသည်။

သိုင်းလောကတွင် နာမည်ကြီးသည့် သိုင်းသမား တစ်ဦးဖြစ်၏။

လုံးသည်အကာလည၌လူကို တစ်ချက်လှည့်ကြည့်ပြီး မျက်စိကို မှိတ်ထားလိုက်လေသည်။

အကာလည၌လူသည် လုံး မျက်စိမှိတ်ထားခြင်းမှာ မိမိကို မျက်စိမှိတ်ပြီး တိုက်ဝံ့တယ်ဟူသော သဘောမျိုးဖြင့် စိန်ခေါ်လိုက်သည်ထင်၏။

ခံပြင်းစိတ်များ ထောင်းခနဲထွက်လာပြီး လုံးကို အော်ပြောလိုက်လေ၏။

'မင်းက ငါ့ကို မျက်စိ မှိတ်ပြီး ယှဉ်မယ်ဆိုတဲ့ သဘောလားကွ'

လုံးသည် နားကိုသာ စွင့်၍ ထား၏။ မျက်စိကိုမူ မှိတ်မြဲမှိတ်ထားလေသည်။

အကာလည၌လူသည် ဒေါသဖြင့် စိတ်ကို မထိန်းနိုင်တော့ပဲ လုံး၏ရင်ပတ်ကို တောင်ဖြိုလက်ဝါးသိုင်းဖြင့် တအား ရိုက်ချလိုက်လေသည်။

လုံးသည် မျက်စိကို မှိတ်ထားရင်း လေတိုးသံကိုကြားလိုက်ရသဖြင့် မျက်စိကို ဖွင့်ကြည့်လိုက်သည်။

အရိပ်သဏ္ဍာန်တစ်ခုသည် လုံး၏ကိုယ်ပေါ်သို့ အရှိန်အဟုန်ဖြင့် ပြင်းစွာ ကျရောက်လာသည်ကို မြင်တွေ့လိုက်ရ၏။

အကာလညဥ့်လူ၏ လက်ဝါးသိုင်းကွက်ဖြစ်သည်။ လုံးလည်း လေဟုန်စီး သိုင်းကွက်ဖြင့် အကာလညဥ့်လူ၏လက်ဝါးကို ဖြတ်ရိုက်ချလိုက်သည်။

'ဖျောင်း'

'အား'

အကာလညဥ့်လူသည် ရိပ်ခနဲ လွင့်ထွက်သွားသလို ကျယ်လောင်စူးရှစွာလည်း အော်ဟစ်လိုက်လေ၏။

အကာလညဥ့်လူ၏လက်မှာ ကျိုးထွက် သွားပြီး သွေးများ စီးယိုကျလာသည်။

'ဘယ်နှယ် ဖြစ်သွားတာလဲဗျာ့'

လုံးက ရီပြောပြောလိုက်သည်။

'အားရှီးဟား'

အကာလညဥ့်လူမှာ ကျိုးသွားသောလက်ကို အခြားလက်တစ်ဖက်ဖြင့် ဆုပ်ကိုင်ထားရင်း အော်ဟစ်ညည်းတွား နေလေ၏။

သံခမောက်ဆောင်း သခင်ကြီးသည် လုံးကိုကြည့်ပြီး ထိတ်လန့်ကြောက်ရွံ့သွားလေ၏။

'ဒီကောင်လေးက သိုင်းစွမ်းရည် တယ်ပြီး ထက်မြက်လှပါလား၊ အကာလညဥ့်လူတောင် သူ့ကို မနိုင်ရင် ငါသူ့ကို လွယ်မှာ မဟုတ်ဘူး'



ဤသို့ တွေးလိုက်ရင်းမှ မသိမသာ နောက်သို့ တစ်လှမ်း ဆုပ်၍သွားလေ၏။

လုံးသည် ပရိသတ်များကို တစ်ယောက်ချင်း အကဲခတ်၍ ကြည့်နေလေသည်။

ထိုစဥ့်မှာပင်....။

အရိပ်သဏ္ဍာန်တစ်ခုသည် လုံး၏ရှေ့သို့ ဝုန်းခနဲ ကျရောက်လာလေ၏။

သိုင်းသမားတစ်ယောက် ဖြစ်သည်။ ဝတ်စုံနက် ဝတ်ဆင်ထားပြီး၊ လက်ထဲတွင် အသွားနှစ်ဖက်ပါသော လှံရှည်ကို ကိုင်ထားသည်။

'ခင်ဗျား ဘယ်သူလဲ'

'နေ့လူ၊ လက်မရွံ့ ဓားသမားဆိုတာ ကျုပ်ပဲ'

လုံးသည် ထိုပုဂ္ဂိုလ်အား တစ်ချက်အကဲခတ်၍ ကြည့်လိုက်သည်။

'ဘယ်ကနေ့လူလဲ၊ ဘယ်အဖွဲ့ကလဲ'

လုံးကမေးလိုက်သည်။

'ကျုပ်က အကာလ ညဥ့်လူနဲ့ သိုင်းညီအစ်ကိုတော်တယ်၊ မင်းက ငါ့အစ်ကိုကို အနိုင်တိုက်လိုက်တော့ မင်းကိုလဲ ငါပြန်ပြီး အနိုင်တိုက်ခိုက်ရလိမ့်မယ်'

လုံး သရော်ကျစွာရယ်မောလိုက်၏။

ရယ်မောရင်းမှ....။

'ခင်ဗျားက တိုက်ခိုက်လို့ နိုင်မယ်လို့ထင်လား'

'စမ်းကြည့်ပြီးမှ အဖြေထုတ်ရင်ကောင်းပါလိမ့်မယ်'

နေ့လူဆိုသောသိုင်းသမားက အသွားနှစ်ဖက် ပါသော လှံခါးကို ဝှေ့ယမ်းလိုက်၏။

'ဝှိုး....ဝှိုး....ဝှိုး'

'ဒန်း....ဒလန်'

ဝှေ့ယမ်းနေသောလှံခါးသည် တစ်စုံတစ်ခုနှင့်ထိပြီး ရပ်တန့်သွားလေ၏။

'ဟေ့....ဘယ်ကောင်လဲကွ၊ ငါ့လှံခါးကိုပစ်ခတ်လိုက်တာ'

'ကျွန်မပဲ'

ထွားသည် ရှေ့သို့ လှမ်းခနဲ ခုန်တက်ပြီး လုံးနှင့်နေ့လူတို့ကြားသို့ ရောက်လာသည်။

'ဩော်....နင်က ငါနဲ့ယှဉ်ပြိုင်ချင်တယ်ပေါ့ ဟုတ်လား'

'ဟုတ်တယ်....မောင်လေးခကာ နားနေလိုက်ပါဦး၊ မမသူနဲ့ တစ်ပွဲတစ်လမ်း အကဲစမ်းလိုက်ဦးမယ်'

ပြောပြောဆိုဆို ထွားက ခါးကိုခါးအိမ်မှ ရှမ်းခနဲ လျှင်မြန်စွာ ဆွဲထုတ်လိုက်လေသည်။

နေ့လူဘွဲ့ခံသိုင်းသမားသည် သူ၏လှံခါးကို ဝှေ့ယမ်းလိုက်ပြီး ထွားတို့ ပတ်ရိုက်ထည့်လိုက်သည်။

'ဝှိုး....'

'ဒလန်....လန်....လန်'

လှံခါးနှင့်ခါးသွားထိခတ်သွားပြီး မီးပွင့်များ လင်းလက်ထွက်ပေါ်သွားလေ၏။



နေ့လူသည် နောက်သို့ တစ်လှမ်းခန့်ဆုတ်ခွာသွားလေ၏။

'အဟက်'

ထွားက ဟက်ခနဲရယ်မောလိုက်ပြီး....။

'ဘယ့်နှယ်လဲ ကျွန်မရဲ့ခါးသိုင်းကို ရှင် ယှဉ်နိုင်ပါ့မလား' ဟူ၍ မေးလိုက်သည်။

နေ့လူမှာ ထွားကို အထင်မသေးရဲတော့ပဲ သတိကြီးစွာထားလျက် တိုက်ခိုက်ရန် ဆုံးဖြတ်လိုက်သည်။

သံခမောက်ဆောင်းသခင်ကြီးက....။

'ညီလေးမှာ သတိထားနော်'

ဟု သတိလှမ်းပေး၏။

နေ့လူအမည်မှာ မလျှံရှင်ဖြစ်ပေသည်။

'ဟိတ်....သတိထား'

ထွားက အောဲဟစ်မာန်သွင်းပြီး ခါးချက်များကို အဆက်မပြတ် သွင်းလိုက်၏။

'ဝှစ်....ဝှစ်'

'ဝှိုး....ဝှိုး'

'ဒန်း....ဒလန်းလန်း'

'အု....'

သိုင်းကွက် ၈၀ါးကွက်အရောက်မှာ နေ့လူဘွဲ့ခံ သိုင်းသမားကြီး မလျှံရှင်သည် လက်ထဲမှ လှံခါးလွတ်ကျသွားပြီး ခါးချက် တစ်ချက်ထိသွားလေ၏။

'အဟက်....ဟက်....ဟက်'

ထွားအာ ဓားကို ဆုပ်ယမ်းပြီး ရယ်မောနေလိုက်သည်။
ဓားချက်မှာ ပြင်းထန်သောကြောင့် နေ့လူသည် ခြေမခိုင်မတော့ဘဲ လဲပြိုကျသွားတော့၏။

'ညီလေးမာ'

သံခမောက်ဆောင်းသခင်ကြီးက အော်လိုက်သည်။
မာလျှံရှင်သည် သံခမောက်ဆောင်းသခင်ကြီးကို တစ်ချက်လှမ်းကြည့်လိုက်ပြီး စကားလှမ်းပြောရန် ကြိုးစားသည်။

သို့သော် မာလျှံရှင်သည် စကား မပြောနိုင် တော့ပေ။ စကားအစား ပါးစပ်ထဲမှ သွေးများစီးကျလာကာ ဇက်ကျိုးကျသွားလေ၏၊

'ဟာ....မာလျှံရှင်သေပြီ'
ပရိသတ်များအော်လိုက်သံဖြစ်သည်။ သူတို့သည် ထွားကို ကြည့်ပြီး အလွန်ထိတ်လန့်အံ့ဩသွားလေ၏။
'ဒီကောင်မ[illegible]ရဲ့သိုင်းကွက်က အင်မတန် အဆင့်မြင့် ပါလာ[illegible]လိုက်သည်ကိုလဲမသိဘူး'

'ဝါသိတယ်ကွ၊ သူ့သိုင်းကွက်တွေက ရသေ့မကြီးကုအုန်းရဲ့ သိုင်းကွက်ပဲ၊ သူဟာ ကုအုန်းရဲ့တပည့်မပဲဖြစ်မယ်'

ပရိသတ်များ၏ဝေဖန်ပြောဆိုသံများဖြစ်သည်။
ထွားသည် ဓားကို ဓားအိမ်ထဲ ပြန်သွင်း လိုက်ပြီး သံခမောက်ဆောင်းသခင်ကြီးကို အော်၍ပြောလိုက်၏။



'ကျွန်မရဲ့ ဓားချက်ဟာ သာမင်မမျက်လုံး သိုင်းကွက် ဖြစ်တယ်၊ ကျွန်မ သူ့ကို အပျော့သိုင်းကွက်နဲ့ အနိုင်ယူလိုက်ပါပြီ၊ သူ ပြန်ရှင်လာဖို့ အကြောင်း မရှိတော့ပါဘူး၊ ရှင်'
ပရိသတ်များ 'ဟင်ခနဲ ဟာခနဲ' ဖြစ်၍ သွားကြလေ၏။

❖ ❖ ❖

**အောင်မြင်မှု များစွာဖြင့်**

ထွား စကားအဆုံးမှာ....။

လုံးက ပြောလိုက်၏။

'အစ်မလေး၊ ကျွန်တော်တို့ ပြန်ကြစို့'

'ကောင်းသားပဲ၊ ပြန်ကြတာပဲ ကောင်းပါတယ်'

နှစ်ယောက်သား ထွက်ခွာရန် ခြေလှမ်း ပြင်လိုက်စဉ်မှာပင်....

'ဟိတ်....မသွားနဲ့'

ဟူသော အမိန့်ပေးသံ တစ်သံကို ကြားလိုက်ရလေ၏။

ထိုအမိန့်ပေးသံကြောင့် လုံးနှင့် ထွားတို့သည် အသံကြားရာဆီသို့ ပြိုင်တူ ကြည့်လိုက်ကြလေ၏။

ယက္ခထူးဆန်းကြီးပါတကား....။

'မင်းတို့ ဒီအတိုင်းပြန်လို့ ဘယ်ဖြစ်မလဲကွ'

ယက္ခထူးဆန်းကြီးက မေးလိုက်သည်။

'ဒါဖြင့် ကျွန်တော်တို့က ဘယ်လို ပြန်ရမှာလဲ ခင်ဗျာ့'

'မင်းနဲ့ ငါ ယှဉ်ရဦးမယ်လေ'

'ဩော်....ခင်ဗျားက ကျုပ်နဲ့ ယှဉ်ခြင်လို့လား''

လုံးက မေးလိုက်သည်။

'ယှဉ်ရဦးမှာပေါ့ကွ၊ ဒါပေမယ့်....'



ယက္ခထူးဆန်းကြီးက စကားကို ဆက်မပြောပဲ ရပ်လိုက်သည်။

'ခင်ဗျား ဘာပြောချင်လို့လဲ ဆက်ပြောလေ၊ ဒါပေမယ့် ဘာဖြစ်သလဲဗျာ့'

'ဒါပေမယ့် မင်းနဲ့ငါ ယှဉ်ပြိုင်မှာက ဒီမှာ မဟုတ်ဘူး'

'ဘယ်မှာလဲ ဆိုင်ရဲ့ အပြင်ဘက်မှာ ယှဉ်ပြိုင်မှာလား'

ယက္ခဆန်းကြီးက စကား မပြောဘဲ ငြိမ်နေသည်။

'ဖျောင်း'

'ဝုန်း'

'အား'

ထိုစဉ် လက်တည့်စမ်းချင်သော သိုင်းသမားတစ်ယောက်က လုံး လစ်ပြီအထင်နှင့် ဝင်တိုက်သည်။

သတိ အစဉ်ရှိနေသော လုံးက လေဟုန်စီး သိုင်းကွက်ဆန်းထဲမှ ပန်းချွေသိုင်းကွက်ကို အသုံးပြုကာ ထိုလူအား ကန်ထည့်လိုက်လေ၏။

လက်တည့်စမ်းချင်သော သိုင်းသမားသည် လုံး၏ ပြင်းထန်သော ကန်ချက်ကြောင့်လွင့်စဉ်သွားပြီး မေ့မြောသွားလေ၏။ ပြီးမှ လုံးက ယက္ခထူးဆန်း သိုင်းသမားကြီးကို လှည့်ပြောလိုက်သည်။

'ခင်ဗျားနဲ့ ကျုပ်ယှဉ်ပြိုင်ချင်ပါတယ်၊ ဒါပေမယ့် ကျုပ်တို့မှာ အချိန်သိပ်မရှိတော့ဘူး၊ ခင်ဗျားတို့ကျင်းပမယ့် သိုင်းပြိုင်ပွဲကြီး ရောက်တော့မှပဲ ခင်ဗျားနဲ့ကျွန်တော် ပြန်ဆုံကြတာပေါ့ဗျာ၊ မကောင်းဘူးလား'

လုံးက မေးလိုက်သည်။

ယက္ခထူးဆန်း သိုင်းသမားကြီးက မျက်မှောင်ကြုတ်ပြီးစဉ်းစားလိုက်၏။

'မင်းကတော့ တည်နိုင်ပါ့မလား'

'ကျုပ်က မိန်းမမှမဟုတ်ဘဲ၊ ယောကျ်ားတွေရဲ့ ကတိစကားဟာ ထွက်ပြီး ဆင်စွယ်လိုပဲ ပြန်ဝင်ရိုးထုံးစံ မရှိပါဘူးဗျာ'

'ကောင်းပြီ မင်းစကားတည်ပါစေ'

'သိပ်ကောင်းတာပေါ့ဗျာ၊ ခေအာင်မြင်မှုများစွာနဲ့ ကျန်တော်တို့ကို ခွင့်ပြုပါဦး'

ပြောဆိုပြီးနောက် လုံးနှင့် ထွားတို့သည် စားသောက်ဆိုင်အောက်ထပ်သို့ ဆင်းလိုက်ကြ၏။ ပြီးနောက် ဆိုင်ပြင်သို့ထွက်ကာ မြင်းကိုယ်စီနှင့်၍ ထွက်ခွာသွားလေ၏။

❖❖ ❖❖ ❖❖

လုံးနှင့်ထွားတို့ မြင်းကိုယ်စီဖြင့် ထွက်လာကြပြီးနောက် များမကြာမီမှာပင် နောက်မှ မြင်းတစ်အုပ် လိုက်လာကြသည်ကို တွေ့လိုက်ရ၏။

'မောင်လေး၊ နောက်မှာ ရန်သူငါးယောက် လိုက်လာကြတယ်'

'လိုက်လာပစေ၊ သေချင်လို့ လိုက်လာတာဖြစ်မှာပေါ့'

'ဟိတ်…ရပ်လိုက်'

အော်ဟစ် အမိန့်ပေးသံနှင့်အတူ မြင်းစီးသမားငါးယောက်တို့က လုံးတို့ကို ဝိုင်းထားလိုက်ကြသည်။



'ခင်ဗျားတို့က ဘယ်သူတွေလဲ'

မြင်းစီးသိုင်းသမားငါးယောက်ကို လုံးက မေးလိုက်သည်။

'တာဝန်တစ်ရပ်အနေနဲ့ မင်းတို့နောက်ကို လိုက်လာတာပဲ'

တစ်ယောက်က လုံးကိုပြောလိုက်သည်။

ထိုပုဂ္ဂိုလ်မှာ တတိယတန်းစားသိုင်းသမား တစ်ယောက်မျှသာဖြစ်ကြောင်း လုံး ကောင်းစွာရိပ်မိလေ၏။

'ဘယ်သူက ခင်ဗျားတို့ကို တာဝန်ပေးလိုက်တာလဲ၊ ကျုပ်တို့ကို ဘာလုပ်မလို့လဲ'

လုံးက မေးလိုက်သည်။

'ဆရာကြီးဘန်က အမိန့်ပေးလိုက်လို့'

'ဩော်…ဒီလိုလား'

ဆရာကြီးဘန်ဆိုသည်မှာ သံခမောက်ဆောင်းသခင်ကြီးမှန်း လုံးသိသည်။

'ဟုတ်တယ်…ဒီလိုပဲ'

'ဆိုပါဦး၊ ဘာတာဝန်များပေးလိုက်လို့လဲ'

လုံးက ဆက်မေးလိုက်သည်။

'ခင်ဗျားတို့နှစ်ယောက်ကို မပြန်လမ်း ပို့ပေးဖို့ တာဝန်ပဲ'

'ဟား…ဟား…ဟား'

လုံးက အားပါးတရ ရယ်မောလိုက်လေ၏။

တတိယ တန်းစား သိုင်းသမားသည် ဓားကို ဝှေ့ယမ်း၍ လုံးကို စတင်တိုက်ခိုက်လိုက်လေ၏။

'ဝှစ်….'

'ဒလန်း….လန်း….လန်း'

'ဟိုင်း....'

ခေါင်းချက်များ၊ လုံး၏ ကိုယ်ပေါ်သို့ အဆက်မပြတ် ကျရောက်လာသည်။

လုံးသည် ခေါင်းကိုမထုတ်သုံးဘဲ ၎င်းတို့၏ ခေါင်းချက်များကို ရှောင်တိမ်းပုတ်ထုတ်လိုက်သည်။

ကျန်လေးယောက်တို့သည်း ထွားကို တိုက်ခိုက်ကြသည်။

ထွားမှာ လေးယောက်နှင့် တစ်ယောက်ဟု ဆိုသော်လည်း သိုင်းအဆစ် ၎င်းတို့လေးယောက်ထက် ထွားကမြင့်မားချ် နေလေ၏။

'ဒန်း....'

'ဒလန်း....'

'ဟိုင်း....'

'အား....'

'အီး....'

ထွား၏ခေါင်းချက်က ရန်သူ နှစ်ယောက်ကို ခြေမှုန်း လိုက်သည်။

ကျန်နှစ်ယောက်မှာ သူ့လူနှစ်ယောက် ကျသွား သည်ကို မြင်လိုက်သည်နှင့် ထွားကိုကြောက်ရွံ့၍သွားလေ၏။

'ဝင်ခဲ့လေ၊ မင်းတို့က နှစ်ယောက်ပဲ၊ ငါက တစ်ယောက်တည်းကို နင်တို့နှစ်ယောက် နိုင်အောင်မတိုက်နိုင်ဘူးလား'

သံခမောက်ဆောင်း သခင်ကြီး၏လူနှစ်ယောက်သည် ထွားကို ရုတ်တရက် ဝင်ရောက်မတိုက်ဝံ့ဘဲ တွန့်ဆုတ် တွန့်ဆုတ် ဖြစ်၍နေလေသည်။ ထိုစဉ်မှာပင်....။



'အား....'

ဟူသော အသံနက်ကြီး တစ်သံကို ကြားလိုက်ရ သဖြင့် ထွားသည် အသံကြားရာဘက်သို့ ဖျတ်ခနဲ လှည့်ကြည့်လိုက်သည်။

တတိယတန်းစားသိုင်းသမားကြီးသည် လုံး၏မိုးဖြိုလက်ဝါးသိုင်းကွက်တစ်ချက်မိပြီး သွေးအန်ကာ မြင်းပေါ်မှ ဦးစိုက်ကျသွားသည်ကို မြင်တွေ့လိုက်ရ၏။

'မမထွား ဟိုနှစ်ကောင်ကိုမသတ်နဲ့ သွေးကြောပိတ်ပြီး ပြန်လွှတ်လိုက်ပါ'

လုံးကအော်ပြောလိုက်သည်။

'အေး....အေး....မမ သူတို့နှစ်ယောက်ကို သွေးကြောပိတ်ပြီး ပြန်လွှတ်ပေးလိုက်မယ်၊ ဒါပေမယ့် ဒီသွေးကြောတွေက သေရှာပါပဲ မောင်လေး'

'မမထွားကလုပ်မှတော့မယ် သနားပါတယ် မမရယ်'

လုံးကပြောပြီး တဟားဟားဖြင့် ရယ်မောလိုက်ပေ၏။

ထိုလူနှစ်ယောက်မှာ တုန်လှုပ်ချောက်ချားလျက်ရှိနေကြ၏။

'မမထွား ဒီလူနှစ်ယောက်ကို ကျွန်တော်ပဲတာဝန်ယူလိုက်တော့မယ်'

လုံးသည် ပြောပြောဆိုဆို ထိုလူနှစ်ယောက်ထံသို့ လွှားခနဲ ခုန်ဝင်၍ ခေါင်းချက်နှစ်ချက်ဖြင့် ယမ်းကာ သုတ်သင် လိုက်လေတော့၏။

'အား....'

'အား....'

လုံး၏ လေဟုန်စီး ခေါ်ချက်နှစ်ချက်မှာ ရိပ်ခနဲ လှုပ်ရှားသွားပြီး ထိုလူ နှစ်ယောက်ကို အဆုံးသတ် ပေးလိုက် လေတော့၏။

'မမထွား'

'ဘာလဲ မောင်လေး'

'အောင်မြင်မှုများစွာနဲ့ ကျွန်တော်တို့ ခရီးဆက် ကြဦးစို့နော်'

'ကောင်းသားပဲ'

ထို့နောက်တော့ နှစ်ယောက်သား မြင်းကိုယ်စီဖြင့် ထိုနေရာမှ ထွက်ခွာသွားလေတော့သတည်း။

အောင်နှင်းဆွေ

ပထမပိုင်း ပြီးပါပြီ
ဒုတိယပိုင်းဇာတ်သိမ်း ဆက်ဖတ်ပါ